www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

# တိတ်တဆိတ်လေး



(အချစ်လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၇၊ မတ်လ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

မမသဒ္ဒါမောင်
တိတ်တဆိတ်လေး/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၃၀၄ – စာ ၊ ၁၂.၇ × ၁၈ စင်တီ။
(၁) တိတ်တဆိတ်လေး


BURMESE CLASSIC

# မမသဒ္ဒါမောင်

# တိတ်တဆိတ်လေး

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ အချစ်အတွက်နဲ့ အရာရာကို စွန့်လွှတ်ခဲ့သူတွေ အများကြီး ရှိခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ ကျွန်တော် အင်မတန်ရူးသွပ်မက်မောတဲ့ ဝါသနာအတွက် ဘယ်အရာကိုမဆို စွန့်လွှတ်ဖို့ အသင့်ပဲ။ ဒါပေမဲ့ ... အဲဒီအရာတွေထဲမှာ ကျွန်တော့်ရဲ့ နှလုံးသားတစ်ခုလုံး ပါနေလိမ့်မယ်လို့ ထင်မထားခဲ့မိတာ အမှန်ပါ။ အချစ်နဲ့အတ္တတိုက်ပွဲမှာ ကျွန်တော် အတ္တကိုပဲ အနိုင်ပေးခဲ့ပါတယ်။ ကျွန်တော် မြတ်နိုးခုံမင်တဲ့ အနုပညာအတွက် ကျွန်တော့်ချစ်သူကို စွန့်လွှတ်ရတဲ့အချိန်ဟာ ကျွန်တော့်အတွက် သွေးပျက်ချောက်ချားဖွယ်ရာ အိပ်မက်ဆိုးတစ်ခုပါ။ ဒါပေမဲ့ ... အဲဒီအိပ်မက်က ရုတ်တရက် လန့်နိုးလာတော့ ကျွန်တော့်နှလုံးသားက ထူးဆန်းစွာနဲ့ တစ်ကျော့ပြန် ခုန်နေပြန်ပါရော။ ကဲ ... ဘယ်လောက်မယုံကြည်နိုင်စရာ အဖြစ်အပျက်လဲ။

ညီလေးညို

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ အင်မတန်မှ ဆန်းကြယ်တဲ့အရာတစ်ခု ပါ။ အပြောင်းအလဲလည်း သိပ်ကိုမြန်ဆန်လွန်းပါတယ်။ သူ့ကြောင့် ကျွန်မနှလုံးသားလေး နိုးထရှင်သန်ခဲ့ရ သလို သူကပဲ ကျွန်မနှလုံးသားကို သေမိန့်ပေးခဲ့တယ် လေ။ ဘယ်လောက်ဆိုးဝါးလိုက်တဲ့အဖြစ်အပျက်လဲ။ ကျွန်မ တကယ့်ကို ထင်မှတ်မထားမိတာပါ။ ကျွန်မ ကို မြတ်နိုးတွယ်တာလှပါတယ်ဆိုတဲ့ ယောက်ျား တစ်ယောက်တာ တစ်နေ့နေ့မှာ ကျွန်မကို အလွယ် တကူ စွန့်ပစ်ချန်ထားရစ်ခဲ့မယ်လို့ ယောင်လို့တောင် အိပ်မက်မက်ခဲ့ဖူးတာမှ မဟုတ်ဘဲ။

နေခြည်နှင်းပွင့်

BURMESE CLASSIC

သူနဲ့ကျွန်မတာ ဆုံတွေ့နိုင်စရာ ဘာအကြောင်းမှမရှိ ပါဘူး။ တကယ့်ကို တစ်ကမ္ဘာစီပါ။ ကျွန်မ ဘယ်သူ လဲ။ သူ ဘယ်သူလဲဆိုတာကို တစ်ယောက်နဲ့တစ် ယောက် မသိနိုင်သေးခင်က ကျောခိုင်းထားတဲ့ ၃ နဲ့ ၄ လို မျက်နှာချင်းဆိုင်လို့မရအောင် ပဋိပက္ခတွေ အမြဲဖြစ်နေခဲ့တာပေါ့။ ဒါပေမဲ့ ... အဲဒီလူနှစ်ယောက်တာ ရည်ရွယ်ရာလမ်းကြောင်းတစ်ခုတည်းပေါ်မှာ လျှောက် နေတဲ့သူတွေ ဖြစ်နေပြန်တယ်။ လက်တွေ့မှာ ကျွတ် ဆတ်မာကြောတဲ့အကြည့်တွေ၊ အပြောတွေနဲ့ မပြေ လည်နိုင်ပေမယ့် ရင်တွင်း အဇ္ဈတ္တရဲ့နူးညံ့သိမ်မွေ့ခြင်း တွေကို 'အချစ်' ဆိုတဲ့ နံ့ရံပါးလေးက ဖြိုချရင်း ဖွင့် လှစ်ပြလိုက်တဲ့အခိုက်မှာ ကျွန်မ ရူးသွပ်မတတ်ခံစား ခဲ့ရတာ ... အမှန်ပါ။

တွယ်တာမောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## "ပန်းချယ်ရီရိပ်မြုံ"

အုတ်တိုင်အမြှုပ်မှာ ရေးထိုးထားသည့် ရွှေရောင်စာလုံးလေးများကို စိတ်ထဲမှ ရွတ်မိပြီး ခြံစောင့်ဦးလေးကြီး ဖွင့်ပေးလိုက်သည့် တံခါးမှ ခြံတွင်းသို့ ဝင်လိုက်ပါသည်။ ကွန်ကရစ်ခင်းထားသည့် လမ်းမကျယ်ကြီး၏ဘေးနှစ်ဖက်တွင် ကန္တာရနှင်းဆီပင်များကို ခပ်ကျဲကျဲစိုက်ထား၏။ မြက်ခင်းပတ်လည် ဝန်းရံထားသည့်အလယ်၌မူ တင်းနစ်ကစားကွင်းကို လှမ်းမြင်နေရသည်။

ထိုမှတစ်ဖန် ဆက်လျှောက်လာရာ လှပလွန်းသည့် ပြာလွင်လွင် ရေကူးကန်ကြီးကို တွေ့ရလေ၏။ ထင်းရှူးပင်ရိပ်များကို ဖြတ်လျှောက်လိုက်စဉ်၌ မီးခိုးရောင်ကြွေပြားများ ကပ်ထားသော ခေတ်မီခမ်းနားထည်ဝါလှသည့် တိုက်အိမ်ကြီးကို ဘွားခနဲမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

ခြေလှမ်းတို့က အလိုလို တုံ့ခနဲဖြစ်သွား၏။ သူနေရသည့် [illegible] သည့်အခြေအနေကို လက်တွေ့မြင်နေရချိန်မှာ လာခဲ့တာမှားပြီလား တူသည့် ဇဝေဇဝါအတွေးတို့က နောင်တတရားတို့ကို အစပျိုးပေးနေသည်။ လှည့်ပြန်ချင်သည့်စိတ်က အာရုံမှာ ပေါ်လာသည့် မြတ်နိုးရပါသော ချစ်သူ၏ပုံရိပ်လွှာကို မြင်ယောင်မိရင်း ပြန်တင်းထားရ၏။ လာဖြစ်အောင်လာခဲ့ပါရန် တဖွဖွမှာခဲ့သည့် သံယောဇဉ်တို့၏တွန်းအားကြောင့် ခြေလှမ်းတို့ကို ပုံမှန်ဆက်လှမ်းလာခဲ့လေသည်။

ကနုတ်ပန်းများဖြင့် အလှဖော်ထားသည့် တံခါးမကြီးနှစ်ဖက်က ဘေးတစ်ဖက်တစ်ချက်စီကို အသင့်ဖွင့်ထားပေး၏။ မျှော်လင့်ထားမိသည့်ချစ်သူ၏အရိပ်ကလေးသော်မျှ ယခုတိုင် မမြင်ရသေး။ ကတ္တီပါဖိနပ်ကိုချွတ်၍ အိမ်ထဲသို့လှမ်းအဝင် မပေါ်ဂနီရောင်မွေးပွကော်ဇောတို့၏ နူးညံ့သည့်အထိအတွေ့ကို ခံစားလိုက်ရသည်။ ကြီးမားကျယ်ပြန့်လှသော ဧည့်ခန်းမဆောင်ကြီးတွင် ခင်းကျင်းထားသည့် နောက်ဆုံးပေါ် ဆိုဖာဆက်တီကြီးများအနီးသို့ ရောက်စဉ်အထိ မည်သည့်သက်ရှိတစ်ဦးတစ်ယောက်ကိုသော်မျှ မတွေ့ရချေ။

"ထိုင်ပါ"

ဩဇာညောင်းလှသည့်အသံကြောင့် မော့ကြည့်မိတော့ မြင့်မားလှသည့် လှေကားထစ်များ၏ထိပ်မှ တစ်ထစ်ချင်း ဆင်းလာနေ





သော ဦးထွန်းခေါင်ကို တွေ့လိုက်ရလေသည်။ သူက ဦးထွန်းခေါင်ထိုင်ခုံမှာ ထိုင်ချလိုက်သည့်အထိ စောင့်ဆိုင်းပြီးမှ နီးစပ်ရာ ခုံတစ်*ခုံမှာ ဝင်ထိုင်လိုက်သည့် တစ်ခဏ၊ သိမ်ငယ်စိတ်က အလိုလို*ဖျတ်ခနဲ ဝင်လာတော့၏။

"မောင်ရင့်နာမည်က"

"ကျွန်တော် ညီလေးညိုပါ . . . အန်ကယ်"

"မောင်ရင့်မိဘတွေကရော . . . ဘယ်သူတွေလဲ၊ ပြီးတော့ဘာလုပ်ကိုင်ကြသလဲဆိုတာ ပြောပြပါဦး"

"ဖေဖေ့နာမည်က ဦးတင်မောင်ညိုပါ၊ ဖေဖေက သာမန်ဝန်ထမ်းဘဝနဲ့ အငြိမ်းစားယူလိုက်ပါပြီ၊ မေမေက ဒေါ်ခင်လေးမြတ်ပါ၊ မြတ်လေးညိုအမည်နဲ့ ဓာတ်ပြားရအဆိုတော်ဟောင်းတစ်ဦးပါ အန်ကယ်"

ဦးထွန်းခေါင်မျက်နှာကို တစ်ချက်ရှုလိုက်သဖြင့် သူ့စိတ်တွင်းမှာ ကျဉ်းကျပ်သွားရသည်။

"အခု မောင်ရင်တို့မိသားစု ဘာစီးပွားရေးနဲ့ ရပ်တည်နေကြသလဲ"

"ဖေဖေက ကျန်းမာရေးကြောင့် ပင်စင်စားဖြစ်သွားလို့ အိမ်မှာ မေမေက ဦးဆောင်ပါတယ်၊ မိုလ်ချုပ်ဈေးတို့ စကော့ဈေးတို့က အကျီတွေကို အပ်ထည်လက်ခံပြီး ပန်းတိုး ဘော်ကြယ်တို့ထိုးတဲ့ အလုပ်ကို လုပ်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်နဲ့ အိမ်ရဲ့စီးပွားရေးကို ထိန်းထားနိုင်လို့လား"

"ဟုတ်ကဲ့ . . . စက်ဆယ်လုံးအားနဲ့ ပုံမှန်လည်ပတ်နိုင်လို့ စားသောက်ရုံအပြင် နည်းနည်းပါးပါး စုဆောင်းနိုင်လို့ လောက်င ပါတယ် အန်ကယ်"

"ထားပါတော့လေ၊ မောင်ရင့်ကို အန်ကယ့်သမီးက . . . ကျွတ် . . . ဘယ်လိုပြောရမလဲ၊ နှစ်သက်နေတော့ အခုလိုတွေ့ဖို့ ဖြစ်လာတယ်ဆိုပါတော့၊ အမှန်တော့ . . . ဒီကိစ္စကို သမီးကျောင်းပြီးမှ အေးအေးဆေးဆေး စီစဉ်မလို့ပါ၊ ဒါပေမဲ့ . . . ဟိုတစ်လောက သမီးကို အန်ကယ့်လုပ်ငန်း ရှယ်ယာတူသားအဖက လာရောက် ကြောင်းလမ်းတယ်ကွယ်၊ အဲဒီမှာ သမီးက လူပုံအလယ်မှာ ခါးခါး သီးသီးငြင်းဆန်ပြီး မောင်ရင့်နာမည်ကို ဖွင့်ပြောလို့ အခုလို ဖြစ်လာ ရတာ"

အတွင်းခန်းမှ ကောင်မလေးတစ်ယောက် ထွက်လာ၍ သူ ရှေ့စားပွဲပေါ်၌ ကော်ဖီခွက်နှင့် မုန့်ပန်းကန်ကို လာတင်ပေးသွားပါ သည်။

"သမီးက မိတ်ဆိုးလေးမို့ အန်ကယ် အလိုလိုက်ထားတော့ နည်းနည်းဆိုးတယ်၊ ဒါကို . . . မောင်ရင် သိမှာပါ"

သူ ဘာမှပြန်မပြောမိဘဲ ငြိမ်သက်စွာဖြင့် နားစိုက်ထောင် နေမိသည်။ ဦးထွန်းခေါင်က သူ့ကို အကဲခတ်နေရင်း စကားကို ဆက်ပြောလိုက်သည်။





"Day တက်တဲ့ ကျောင်းသားဆိုတော့ မောင်ရင် လက်ရှိ အလုပ်မလုပ်တော့ ထားပါ၊ အခု Final တက်ပြီး ဘွဲ့ရရင် ဘာလုပ်မယ် စီစဉ်ထားသလဲ"

"ကျွန်တော် စီးရီးသွင်းဖို့ စီစဉ်ထားပါတယ် အန်ကယ်"

"ဘယ်လို"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော် အခု သီချင်းတွေ စုနေပါပြီ၊ ကိုယ်တိုင်ရေးသလို ဝယ်တဲ့ဟာလည်း ဝယ်ပြီးနေပါပြီ၊ Final ကို Distance ပြောင်းပြီးရင် စီးရီးစ,သွင်းတော့မှာပါ"

"ဒါဖြင့် . . . မောင်ရင်က အဆိုတော်လုပ်မယ်ပေါ့"

"ဟုတ်ပါတယ် အန်ကယ်"

ဦးထွန်းခေါင် ခေါင်းကို ခါယမ်းလိုက်ပါ၏။ ထို့နောက် ထိုင် ခုံမှာ ထိုင်နေရာမှ တဖြည်းဖြည်းချင်း ထရပ်ကာ ပန်းချီကားကြီးများ ချိတ်ထားရာဆီ လှမ်းလျှောက်သွားပါသည်။

"သီချင်းဆိုတဲ့အလုပ်ဟာ ခိုင်လုံတဲ့ စီးပွားရေးတစ်ခုမှ မဟုတ်ဘဲ မောင်ရင်၊ ဒါကိုတော့ . . . အန်ကယ် သဘောမကျဘူး။ မောင်ရင်နဲ့ တော်တော်လေး ညှိနှိုင်းစရာတွေ ရှိလာပြီ၊ အန်ကယ့် ဆန္ဒကို ပြောရရင် . . . မောင်ရင် ကျောင်းပြီးတဲ့ရပြီဆိုပါစို့၊ အန်ကယ့် ကုမ္ပဏီမှာ သင့်တော်တဲ့ရာထူးနဲ့ အလုပ်ဝင်လုပ်ပါ၊ ပြီးတော့ ဒီအိမ် မှာပဲ နေပါလို့ ပြောချင်တယ်၊ ဒါ အန်ကယ့်သမီးကို ချစ်လွန်းလို့ ခွဲနိုင်လွန်းလို့ မောင်ရင့်ကို စီစဉ်ပေးတာပါ၊ ဒီလိုအခွင့်အရေးမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမဆို မက်မောကြတာ အမှန်ပဲ''

''ခွင့်လွှတ်ပါ အန်ကယ်၊ သီချင်းဆိုတာလည်း အလုပ်တစ်ခု ပါပဲ၊ ဒီအလုပ်နဲ့ ဒီနေ့အထိ ရပ်တည်နေတဲ့ အဆိုတော်တွေ အများကြီးပါ။ ကျွန်တော် ကုမ္ပဏီအလုပ်ကို စိတ်မဝင်စားပါဘူး အန်ကယ်၊ ဒီအလုပ်နဲ့ အောင်မြင်အောင်လုပ်ဖို့၊ ဒီအလုပ်နဲ့ပဲ ကျွန်တော့်ဘဝကို ရှင်သန်ရပ်တည်ဖို့ ဆုံးဖြတ်ထားပါတယ်၊ အဲဒီတော့ အန်ကယ့်ကုမ္ပဏီမှာ မလုပ်နိုင်တာကို ခွင့်လွှတ်ပေးပါ ခင်ဗျား ကျွန်တော် ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်တည်ပါရစေ''

''သိပ်ကောင်းတဲ့ မာနလေးတစ်ခုပဲ၊ မောင်ရင် အန်ကယ့်နေရာမှာ ဖခင်တစ်ယောက်အနေနဲ့ ဝင်ကြည့်ပေးပါ၊ မရေရာတဲ့ဘဝထဲမှာ သမီးကို သောကတွေ မရစေချင်ဘူး''

''ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိပါတယ် အန်ကယ်၊ အကယ်၍ အန်ကယ့်စကားကို မနာခံလို့ ဒီအိမ်ပေါ် ကျွန်တော့်ကို ခေါ်မတင်ချင်နေပါ၊ ကျွန်တော် အန်ကယ့်သမီးကို ဝမ်းဝ၊ ခါးလှအောင် ထားနိုင်မှာပါ''

''ဟင်း … ဟင်း … စကားလုံးလေးတွေက သိပ်လှတယ် ညီလေးညို၊ အင်းပေါ့လေ … ဒါကြောင့်လည်း ငါ့သမီး ပစ်ကျသွားတာကို၊ မင်းတို့လို အနုပညာသမားတွေမှာ ဒီလို စကားလုံးလှလှလေးတွေ ထည့်လဲသုံးနိုင်တဲ့ အတတ်ပညာက ကျွမ်းကျင်လေတော့ …''





ဒေါ်သက ထောင်းခနဲထွက်သွား၏။ အောင့်သက်သည့် ခံစားမှုဖြင့် လှက အလိုလိုမတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။

''အနုပညာသမားတွေကို သိမ်းကျုံးမရှမ်းပါနဲ့ အန်ကယ်၊ အခုကိစ္စက ကျွန်တော့်ရဲ့ကိုယ်ပိုင်ခံစားမှုပါ၊ အန်ကယ် ဒီလိုတော့ မပြောသင့်ပါဘူး''

''ဒေါ်သကိုထိန်းပါ မောင်ရင်၊ မင်းသိထားဖို့က ငါ့သမီးကို ပေသုံးဆယ် ပေခြောက်ဆယ်သာကျယ်တဲ့ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ အသက်ရှုမဝတဝနဲ့ မပြည့်မစုံဘဝမျိုးထဲမှာ မထားနိုင်ဘူး၊ စိတ်အလိုလိုက်ပြီး သူပျော်လည်း သုံးရက်ထက်ပိုပြီး ဒီဒုက္ခကို မခံနိုင်ပါဘူးကွာ၊ ဒီတော့ … မင်း ငါ့သမီးကို လက်ထပ်ခွင့်ရချင်ရင် မင်းရဲ့မသေချာတဲ့အလုပ်ကို စွန့်လွှတ်ပါ၊ ဒီလိုမှမဟုတ်ရင်တော့ ငါ့သမီးကို မင်းလက်ထဲ ငါ ထည့်မပေးနိုင်ပါဘူး။ ဒါပါပဲ''

''ကောင်းပါပြီ အန်ကယ် … လောကမှာ ဘယ်အရာကိုမဆို ငွေကြေးနဲ့တိုင်းထွာပြီး ဝယ်လို့မရနိုင်တဲ့အရာတွေ အများကြီးပါ။ ဒီတော့ … အန်ကယ့်လို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ ကျွန်တော့်လို အနုပညာသမားတစ်ယောက်၊ အမြင်မတူတာ မဆန်းပါဘူး။ ကျွန်တော်ကလည်း ပြတ်ပြတ်သားသား လုပ်တတ်တဲ့သူပါ။ ကျွန်တော် မြတ်နိုးခုံမင်တဲ့အလုပ်ကို ကျွန်တော့်နှလုံးသားနဲ့ရင်းပြီး ရွေးချယ်ခဲ့ပါတယ်၊ ကျွန်တော် အန်ကယ့်သမီးကို မပတ်သက်တော့ပါဘူးလို့ ကတိပေးပါတယ်၊ အသည်းကွဲပြီး ဘဝပျက်သွားတဲ့ အနုပညာသမား



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ကျွန်တော် မပါစေရပါဘူး''

''ကောင်းပြီလေ ... မင်းကတိ မင်းတည်ပေါ့။ အပြောနဲ့ အလုပ် ညီ,မညီဆိုတာကို ငါ စောင့်ကြည့်နေရုံပဲ။ ငါ့သမီး တစ်လသုံးတဲ့ မုန့်ဖိုးကို မဆိုထားနဲ့၊ ငါ့သမီး တစ်ပတ်စီးတဲ့ ဖိနပ်မျိုးကိုတောင် မင်းအလုပ်က မဖြည့်ပေးနိုင်ဘူးဆိုတာ မင်းဦးနှောက်က သိထားရင် ဘနဖူးသိုက်တူးမယ့်လုပ်ရပ်ကို အလိုက်တသိနဲ့ နောက်ဆုတ်ပေးတဲ့ အတွက် ငါ ကျေးဇူးတင်လိုက်မှာအမှန်ပဲ''

အသားတွေ တဆတ်ဆတ်တုန်လာ၍ အမြင်တွေ ဝေဝါးသွားရ၏။ အစော်ကားခံရလေပြီဟူသည့်အသိက ရင်တစ်ခုလုံးကို မုန်တိုင်းထန် မွှေနှောက်သွားသည်။ သတိတရားဖြင့် ချုန်းအုပ်၍ အိမ်ထဲမှ လှမ်းထွက်ခဲ့စဉ် အပေါ်ထပ်ဆီမှ တိုးလျှလျှခေါ်သံကို သဲ့သဲ့မျှ ကြားလိုက်ရလေ၏။

''ညီ''

* * *



# အစ

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ …
အနိုင်မယူလိုသူ ကိုယ့်ထံမှာ
ပိုင်ဆိုင်တာ ချစ်ခြင်းတစ်ခု
ရင်တွင်းဖြစ်အစုစုကို
မင်းအတွက် သိမ်းဆည်းထားတယ် …
ဖွင့်မပြောဖြစ်တဲ့
အုံ့ပုန်းတစ်ယောက်ရဲ့အချစ်
၁၅၀၀ စစ်စစ်မို့
၅၂၈ ထက်တော့ ပိုတယ်။
ကွယ်ရာမှာ တမ်းတ
လွမ်းရတဲ့အရသာ
တစ်ကိုယ်တည်းခံစား
အဆွေးသမားရဲ့ လွမ်းချင်း
မင်းတော့ သိနိုင်မယ်မထင်ဘူး။
မင်းလာမယ့်ခရီး
ကြိုပြီးစောင့်တဲ့ ဒေါင့်ဆိုင်
ခပ်ငိုင်ငိုင် ထိုင်ရင်း …

အလွမ်းသီချင်းတွေ ညည်းညူ
ဆူဝေနေတဲ့နှလုံး
သတိတရားနဲ့ ချွန်းအုပ်
မိုးချုပ်မှပဲ ထပြန်ဖြစ်တယ်
ဖွင့်ပြောမယ်ကြံတိုင်း
ကံလိုင်းက မကောင်းလေတော့
နောက်ကောက်ကျဆုတ်ခွာ
ငါ့ရင်နှစ်မြွာကိုခွဲ
ငါ့အသည်းကို ပေးလိုက်ချင်ပါရဲ့
ဒါပေမဲ့ …
ကံကြမ္မာက
ငါ့အပေါ်မှာ
မျက်နှာသာ မပေးလေတော့
အရှုံးသမားတစ်ယောက်ရဲ့မျက်နှာနဲ့
ခပ်ခွာခွာနေခဲ့ရပြန်တယ်။
လောကဓံကို
အာခံတန်ပြန်ရင်း
နှလုံးသားအနာရာကို ဆေးထည့်

www.burmeseclassic.com

www.burmeseclassic.com

သေားမဲ့လွှတ်မိတဲ့စိတ်
တိုးတိတ်ကျိတ်ခြေ
အတိတ်နေရောင်ခြည်က
မိုးလည်းမိုးမို့
ဆောင်းလည်းဆောင်းမို့
နွေဆိုရင်လည်း နွေမို့လို့
သုံးရာသီစက်ဝိုင်းထဲမှာ
သံသရာချာချာလည်ရင်း
ချစ်ခြင်းတွေ စုစည်း
သံစဉ်တွေ သီခဲ့မိတယ်။
ဒီလိုနဲ့
အသည်းကွဲ တေးပြာတစ်ချပ်
ခပ်အက်အက်ညည်းတွားရင်း
သံစဉ်တွေ ဝိပြင်ခဲ့တယ်လေ ...။

# အခန်း (၂)

## "မောင်မယ်သစ်လွင်ကြိုဆိုပွဲ"

စတိတ်ပေါ်ရှိ အပြာရင့်ရောင် ခန်းဆီးပေါ်၌ ရွှေရောင်စာလုံးများက ထင်းခနဲပေါ်လွင်နေ၏။ စင်ပေါ်တွင် ချထားသည့် တီးဝိုင်းပစ္စည်းများကလည်း အစုံအလင်။ ခုံများ ချထားသည့်ကွင်းပြင်ထဲသို့ ကျောင်းသား၊ ကျောင်းသူများ တဖွဲဖွဲဝင်လာနေကြသည်။

အခမ်းအနား စတင်ရန် (၁၀) မိနစ်သာ လိုတော့တာမို့ စားပွဲဝိုင်းတစ်ခုရှိခုံ၌ သူမတို့အုပ်စု ဝင်ထိုင်လိုက်၏။ ရှုပ်ထွေးနေသည့် လူတွေကိုကြည့်ရင်း စိတ်ထဲမှ တာတာ့ကို တမ်းတမိလိုက်သည်။ လူများရာနေရာကို အမြဲရှောင်ရှားတတ်သည့် သူငယ်ချင်းလေးနှင့် အကြိုက်တူနေတတ်သည့်အဖြစ်က အံ့ဩဖွယ်ရာ တိုက်ဆိုင်မှုပင်။

ကွင်းထဲသို့ အနီရဲရဲဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဝင်လာ၏။ ကောင်လေးတွေအုပ်စု လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။ ဘယ်မေဂျာ၊ နာမည်ဘယ်လိုဆိုတာတွေ သိအောင် အမြန်ခုံး လှုပ်ရှားနေကြ၏။ Physics ကပဲဟု တီးတိုးရေရွတ်သံအကြားမှာ သောမှာထိုင်နေသည့် အိဖွန့်ထံမှ အသံထွက်လာသည်။

"တွေ့လား နေခြည်၊ အဲဒီကောင်မလေး နင့်လောက်မလှပေမယ့် သူရွှေးဝတ်လာတဲ့အရောင်ကြောင့် ထင်းနေတာ၊ ဒီလိုမိုးမှုံမှ နင် ဘာအရောင်ကြီး ရွေးဝတ်လာခဲ့တာလဲ"

သူမက ကိုယ်မှာဝတ်ထားသည့် သခွားရောင်ဝတ်စုံလေးကို တစ်ချက်ငုံ့ကြည့်လိုက်ရင်း မပွင့်တပွင့်ပြုံးမိ၏။ လူပုံအလယ်မှာ ထင်ထင်ရှားရှားကြီး မဝတ်တတ်သည့်အကျင့်ကလည်း တာတာနှင့် ထပ်တူထပ်မျှ။

"ဟဲ့ . . . ဘာငိုင်နေတာလဲ၊ မျက်နှာကိုက သုန်မှုန်နေတာပဲ။ Physics မှာ နင့်လောက်လှတဲ့သူမရှိဘူး နေခြည်၊ နင် Queen ရကိုရရမှာ"

"ဟင့်အင်း . . . ငါ မလိုချင်ပါဘူး အိဖွန့်၊ တာတာက ပြောဖူးတယ်၊ မိန်းကလေးတစ်ယောက်ရဲ့အလှဟာ သူ့အတွက် အန္တရာယ်ပဲတဲ့"

"လာပြန်ပြီ . . . ဒီဘဲရုပ်ဆိုးလေးနာမည်က မပါရင် မဖြစ်ဘူး။ တို့တွေလည်း တစ်တန်းတည်းအတူနေလာခဲ့ကြတာပါပဲ နေခြည်ရယ်၊ နင်နဲ့မိတာလောက် ချစ်ကြတဲ့သူမျိုးတွေကို မတွေ့ဖူးသေးတာ၊ အဖြစ်





သည်းလိုက်ကြတာလည်း နှစ်ယောက်မရှိ၊ သူ့မှာ နင့်ထက်သာတာလည်း ဘာမှမရှိဘဲ နင့်အပေါ် အရမ်းလွှမ်းမိုးလွန်းတယ်"

"နင်မသိပါဘူး ပပရယ်၊ ငါ တာတာ့ကို သိပ်ချစ်တယ်၊ ငါ့အပေါ်မှာ တာတာ့လောက်ကောင်းတဲ့သူငယ်ချင်းမျိုး ခုချိန်ထိ မရှိခဲ့ဘူး။ ငါတို့နှစ်ယောက်က ဟိုး . . . မူကြိုမှာကတည်းက တွဲခဲ့ကြတာပါ။ အခု Day တက်မှ မခွဲချင်ပါဘဲ ခွဲခဲ့ရတာ၊ ပြောရင်းနဲ့ အခုတောင် ငါ သူ့ကို လွမ်းလိုက်တာဟယ်"

မျက်ဝန်းမှာ မျက်ရည်တို့ဝေ့ဝဲလာ၍ အိဖွန့်နှင့် ပပက စကားကို ရှေ့ဆက်မပြောဝံ့ကြတော့။ သူမတို့နှစ်ဦး၏သံယောဇဉ်ကို သူမတို့သာ သိ၏။ ငယ်စဉ်ကတည်းက ညီအစ်မတွေလို ချစ်ခင်လာခဲ့သည့် နှောင်တွယ်မှုက နှစ်ပေါင်းနည်းမှ မနည်းခဲ့ပဲ။

အတန်းထဲမှာ အင်မတန်ချောမောလှပသည့် ကလေးမလေးနှင့် အင်မတန်မှ ချစ်စရာကောင်းသည့် ကောင်မလေးတို့၏သံယောဇဉ်ကို ဆရာမများ အသိဆုံးပင်။ ဘယ်အရာကိုမဆို သူမကိုသာ အမြဲဦးစားပေးခဲ့သည့်တာတာ့ကို သူမချစ်တာ လွန်မည်မထင်ပါ။

သူငယ်တန်းတက်စကတည်းက အဆင့် (၁) နေရာကို နှစ်ယောက်မှုး ရခဲ့ချိန်မှစ၍ နှောင်အစဉ်အဆက် စာမေးပွဲတိုင်းမှာ အဆင့် (၂) နေရာကိုသာ ပုံမှန်ယူခဲ့သည့် တာတာ၏လျှို့ဝှက်ချက်ကို ဆရာမ ပြောပြမှပင် သူမ သိရှိခဲ့ရသည်။ မှန်နေပါသည့်အဖြေမှန်ကိုပြင်၍ အမှားပြင်ရေးခဲ့သည့် လွဲချော်မှုက တမင်တကာဆိုတာ ဆရာမတွေ



www.burmeseclassic.com

www.burmeseclassic.com



ချော်ချွန် ခုံမနေခဲ့ပါစေ တာတာ၏ခေါင်းမာမှုကို နောက်ဆုံး . . . ထတ်လျှော့ခဲ့ရသည်ချည်။

ဆယ်တန်းအောင်စာရင်းထွက်ချိန်၌ သူမထက် သာလွန်ပို တဲ့သည့် ဂုဏ်ထူးတွေ တစ်သီကြီးကို ဆွတ်ခူးသွားချိန်မှာ သူမ မျက်ရည်မြိုင်မြိုင် ကျခဲ့ရသည်က မနာလိုဝန်တိုမှုကြောင့်မဟုတ်ဘဲ သူမအတွက် အမြဲအလျှော့ပေးခဲ့ရသည့် နှစ်ပေါင်းများစွာက တာတာ၏ နစ်နာမှုတွေကို အမှတ်တရသတိရရင်း ဝမ်းနည်းဝမ်းသာဖြစ်ရခြင်းပင်။

ဟိုး လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ဘာပစ္စည်းမဲ ဝယ်ဝယ်၊ အမြဲတမ်း ဆင်တူနှစ်ခုမှာလေ့ရှိသည့်အကျင့်က ကျောင်း ရောက်စဉ် အချင်းချင်းထုတ်အပေး၊ ပစ္စည်းဆင်တူလေးခုဖြစ်နေခဲ့ သည့် တိုက်ဆိုင်မှုကြောင့် သူမတို့နှစ်ဦး သဘောတကျရယ်မောခဲ့ရ သည်က မျက်ရည်ကျခဲ့ရသည်အထိ။ အိမ်မှ ကားလာကြိုတိုင်း သူမ ကားနောက်ကျသည့်အခါများတွင် ကားအဆင်သင့်ရောက်နေပါလျက် သူမအနီးမှာ ထိုင်စောင့်ပေးခဲ့သည့် တာတာ၏အတိတ်မှပုံရိပ်တို့က ယခုတိုင် ကြည်လင်နေဆဲ။

ရန်ကုန်စဉ် ကျောင်းမှာတွေ့နေကြပေမယ့် ညရှစ်နာရီမှ နာရီဝက် တိတိအချိန်ကို သူမတို့နှစ်ဦး၏ပင်တိုင်ဖုန်းဆက်ချိန်အဖြစ် သတ်မှတ် ခဲ့တာ ယခုအရွယ်ထိ။ တစ်နေ့တစ်မျိုး မရိုးအောင် ပြောစရာတို့က ထပ်နေသည်မရှိ။ ပြော၍မကုန်နိုင်ခဲ့။ ဆယ်တန်းအောင်အပြီးမှ တက္ကသိုလ်ကို အတူတက်ခဲ့ရမည်ဟု မျှော်လင့်ထားမိသည့် မျှော်လင့်





ချက်တို့ ဖြစ်မလာခဲ့တော့။ သူမနှင့်တာတာ တစ်ယောက်ကို တစ် ယောက် တင်းကျပ်စွာ ဖက်ငိုခဲ့ရသည်က သိပ်မကြာသေး။

မခွဲကြဘူးနော်လို့ ထားခဲ့သည့်ကတိဟာ သူမကြောင့် ပျက် ခဲ့မှန်းကိုတော့ သူမ မသိစိတ်ဖြင့် အလိုလိုသိနေခဲ့ပါသည်။ ဆယ်တန်း စာမေးပွဲဖြေခါနီးအချိန် ဖြစ်ပွားခဲ့သည့်အဖြစ်ဆိုးကြီးက သူမနှင့်တာတာ ကို အတူတွဲခွင့်မရှိစေသည့် ကံကြမ္မာကို ပြုလုပ်ဖန်တီးပေးခဲ့၏။ ကြည့်ပါဦး . . . ရည်းစားစကား အတင်းလိုက်ပြောသည့် ကောင်လေး တစ်ယောက်၏အတင့်ရဲမှုက သူမလက်ကို လှမ်းဆွဲခြင်းပင်။ ရုတ် တရက် လျှင်မြန်သည့်အရှိန်ဖြင့် တာတာက ထိုကောင်လေး၏အကျီ ကော်လံစကို ဖျတ်ခနဲဆုပ်ကိုင်၍ ထိုးချလိုက်သည့်မြင်ကွင်းက ယခုတိုင် အသည်းတုန်စရာ။ ဘယ်သူကမှ ထင်မထားသည့်မို့ အော်ဖို့ပင် သတိမရဘဲ ငေးကြောင်ကြည့်နေတုန်း ကောင်လေးပိတ်တွန်းချလိုက် သဖြင့် လွင့်စဉ်ကျသွားသည့် အရိပ်ပါးပါးလေးကြောင့် သူမ အသံ ကုန်အော်ဟစ်ခဲ့ရသည်ဗ ရင်ကွဲလုမတတ်။

ဒါ . . . အိပ်မက်တစ်ခုမဟုတ်ခဲ့တူးဟူသည့်အသိက နောင်တ အဖြစ် သူမထံ အရောက်ပို့ပေးခဲ့လေပြီ။ ကတ္တရာလမ်းနှင့် ပွတ်တိုက် ၍ အနာတရဖြစ်ခဲ့ရသည့် တာတာ၏ညာလက်တံတောင်ဆစ်နေရာ လေးကို ယနေ့တိုင် သူမ ကိုင်မိရင်း မျက်ရည်ဝဲရဆဲ။ အခုဆိုရင် တာတာ ဝတ္ထုရေးနေရောပေါ့။ သူမကို သတိရနေမလား။ ဒါဆိုရင် တော့ စားပွဲပေါ်မှာ ထောင်ထားသည့် သူမဓာတ်ပုံလေးကို၍ ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မည်။ ဩော် . . . တာတာရယ်။

လက်ခုပ်သံ တဖြောင်းဖြောင်းအသံတို့ကြောင့် လွင့်စဉ်နေသည့်အတွေးတွေက ကစဉ့်ကလျားပျက်ပြယ်သွားရ၏။ စင်မြင့်ပေါ်သို့ အဖြူရောင်ဝတ်စုံနှင့် ကောင်လေးတစ်ဦး တက်လာစဉ် မိန်းကလေးများထံမှ ကျွတ်စီကျွတ်စီအသံတွေ ထွက်လာသည်။

"အဲဒါမှ ဒုက္ခ . . . နှစ်ယောက်ဖြစ်နေတော့ ဘယ်သူ့ကို ရေးရမလဲ"

"ငါက သူ့ကိုပဲထည့်မှာ"

"ဟယ် . . . ဒါဆို ဟိုတစ်ယောက်ကို ဘယ်လိုလုပ်မလဲ"

ဘေးကပ်လျက်ဝိုင်းမှအသံတို့ကြောင့် သူမ မသိမသာလှည့်ကြည့်လိုက်စဉ် အနီရဲရဲမိန်းကလေးက သူမကို ပြုံးပြလိုက်လေ၏။ သွားစွယ်ချွန်ချွန်လေးကြောင့် မျက်နှာချိုသည့်မိန်းကလေးဟု သတိထားမိရင်း အပြစ်ကင်းစင်လွန်းသည့် တာတာ့မျက်နှာလေးကို မြင်ယောင်လိုက်မိသည်။

"ရေးပြီးပြီလား"

"ဘာကိုလဲ"

"King လေ"

သူမ ခေါင်းကို ခါယမ်းပြလိုက်၏။ အိဗ္ဗန်က စားပွဲပေါ်ရှိ ခွက်ထဲမှ ကတ်သုံးခုကိုနှိုက်၍ ဝေပေးလိုက်သည်။ စင်ပေါ်မှကောင်လေးက သီချင်းအေးအေးလေးတစ်ပုဒ်ကို ခံစားမှုအပြည့်ဖြင့်





သီဆိုနေ၏။

"ရဲရဲက . . . အဲဒီတစ်ယောက်ကိုရေးမလို့"

"အေး . . . ဟုတ်တယ်၊ နင် ဘယ်သူ့ကို ရေးမှာလဲ နေခြည်၊ အဲဒီကောင်လေး မိုက်တယ်ဟဲ့"

"သူ့နာမည် သိလို့လား"

"ရဲရဲ သိတယ်၊ သူက ရဲရဲတို့ Physics ကပဲ၊ မြဝတီမှာ သူ့သီချင်းလွှင့်ကတည်းက သိနေတာ၊ ညီလေးညို့တဲ့"

"ဟင် . . . ဒီပိုးဟပ်ဖြူလေးနာမည်က ညီလေးညိုတဲ့လား"

သူမနှုတ်မှ လွှတ်ခနဲထွက်သွားသဖြင့် ရဲရဲက ကျိတ်ရယ်လိုက်သည်။ သီချင်းသံအဆုံးမှာ လက်ခုပ်သံများက ယခင်ဆိုသွားသူများထက် ပို၍ဆူညံနေသည်။ သူမ ကတ်ပြားပေါ်၌ ညီလေးညို ဟု ရေးလိုက်ပြီး ဘေးနားမှာ ကွင်းစ,ကွင်းပိတ်ဖြင့် ပိုးဟပ်ဖြူလေးဟု ထည့်ပေးလိုက်သည်။ ရဲရဲက မေးဆတ်ပြသဖြင့် သူမက ကတ်ပြားလေးကို လှမ်းပြစဉ် ရဲရဲကလည်း သူရေးထားသည့် ကတ်လေးကို ပြန်ပြလိုက်သည်။ နှစ်ယောက်စလုံး တစ်ပုံစံတည်းရေးထားသဖြင့် သူမပါ ရဲရဲနှင့်အတူ ရယ်လိုက်မိ၏။ ဩော် . . . ရဲရဲသည်လည်း သူမ,ပေးသည့် နာမည်ပြောင်လေးကို နှစ်သက်နေသည်ကို။

ငွေဖလားဖြင့် ကတ်ပြားလေးတွေ လိုက်လံသိမ်းဆည်းကာ King နှင့် Queen ကို မဲခွဲကြသည်။ ရရှိသွားသူနှစ်ဦးကို ကြေငြာစဉ် သူမရင်ခုန်မြန်လာ၏။ သူ့ကို ရစေချင်သည့်စိတ်က အလိုလိုဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့် သူမကိုယ်သူမ အံ့ဩမိသည်။

"King နှင့် Queen ဘွဲ့ကို ရှုပဗေဒမေဂျာမှပဲ နှစ်ဦးစလုံး ရရှိသွားပါတယ်ခင်ဗျာ၊ သူတို့ကတော့"

ကြေငြာနေသည့်ကောင်လေးက စကားကို ရုတ်တရက် ရပ်လိုက်သဖြင့် အသံတို့ တိတ်ဆိတ်သွား၏။ ကောင်လေးက ပြုံးစိစိမျက်နှာဖြင့် အားလုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်ပါသည်။

"ညီလေးညိုနဲ့ ရဲရဲနီတို့ဖြစ်ပါတယ် ခင်ဗျာ"

"ဟယ်"

အာမေဋိတ်သံပြိုင်တူဖြင့် လက်ခုပ်သံတဖြောင်းဖြောင်း ထွက်ပေါ်လာချိန်မှာ သူမက ရဲရဲကို လက်တစ်ဖက်ကမ်းလိုက်ပါ၏။

"ကျေးဇူးနော်"

မပွင့်တပွင့်ပြောလိုက်သည့် ရဲရဲမျက်နှာလေးက ရှက်သွေးဖြာ၍ လက်ဖျားတို့က အေးစက်နေ၏။ သရုပ်ကို King နှင့် Queen အပြန်အလှန် ဆောင်းပေး၍ အမှတ်တရဓာတ်ပုံရိုက်နေကြသည်။ လူတိုင်း၏အာရုံက စင်မြင့်ထက်ရှိနေစဉ် သူမရှေ့ရှိ စားပွဲပေါ် တစ်စုံတစ်ခုလာတင်သွားသဖြင့် ငုံ့ကြည့်လိုက်တော့ အဖြူရောင်နှင်းဆီပွင့်လေးနှင့်အတူ ကတ်ပြား အဖြူရောင်တစ်ခု ဆော့ပင်ဖြင့် ရေးထားသည့် စာလုံးတို့ကို သူမ ဖတ်လိုက်သည်။

"Queen of my heart"





ကိုယ့်နှလုံးသားခေါ်ဘုရင်မတဲ့။ ဘုရားရေ . . . ဒါ ဘယ်သူပေးလိုက်တာပါလိမ့်။ သူမ လျှင်မြန်စွာဖြင့် နှင်းဆီဖြူနှင့် ကတ်ပြားလေးကို လွယ်အိတ်ထဲသို့ ထုတ်သိမ်းလိုက်ပါ၏။ ရင်တွေတုန်လိုက်တာနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခလုတ်တို့ကို အကြိမ်ကြိမ်နှိပ်၍ ခေါ်နေပါသော်လည်း မရသဖြင့် စိတ်က အလိုလိုတိုလာရ၏။ ဘယ်သူတွေနဲ့များ ဒီလောက်လေရှည်နေသည်မသိ။ ဝန့်တိုစိတ်က ရင်မှာဖြစ်တည်သည်။ တာတာ့မှာ သူမထက် ခင်တွယ်စရာသူငယ်ချင်းမျိုး မရှိမှန်း သိထားသော်လည်း အခုလို ချက်ချင်းဖုန်းခေါ်၍မရလျှင်ဖြင့် သူမစိတ်က ကောက်ချင်လာပြီ။

"ကျွတ်"

ဖုန်းကို ခပ်ဆောင့်ဆောင့်ချမိစဉ် ရုတ်တရက် ထွက်ပေါ်လာသည့် ဖုန်းအော်သံကြောင့် သူမ အထိတ်တလန့်ဖြစ်သွားရင်း ပြန်ကောက်လိုက်ရ၏။





"ပူစီလေး . . . ဘယ်တွေဆက်နေလဲ၊ ပြောစမ်း"

"အမယ် . . . ရွှေခဲမ . . . ငါ နင့်ဆီခေါ်နေတာ ကြာလှပြီ ဒီမှာ ခေါ်မရလို့ စိတ်တိုနေတာနော်"

"ဟောတော့ . . . ငါလည်း နင့်ဆီကို လှမ်းခေါ်နေတာ ဟဲ့"

"ဟင် . . . ဟုတ်လား၊ ကြုံကြဲဖန်ဖန်ဖြစ်နေပြန်ပြီ"

နှစ်ဦးသား ရယ်လိုက်မိကြ၏။ ညရှစ်နာရီဆိုတဲ့အချိန်ကို သူမမှာ ဖုန်းဘေးနား ထိုင်စောင့်နေခဲ့တာ တော်တော်ကြာလှပြီ။ အိမ်မှလူတွေကလည်း ဒီအချိန်ဆို အလိုက်တသိဖြင့် ဘယ်သူမှ ဖုန်းမကိုင်၊ မဆက်ကြသဖြင့် သူမတို့နှစ်ဦး အမြဲလွတ်လပ်စွာ ပြောခွင့်ရခဲ့တာ ဒီနေ့ဒီအချိန်ထိ။

"ဘယ်လိုလဲ . . . ဒီနေ့ ကျောင်းမှာ တော်တော်ပျော်ခဲ့ရဲ့လား"

"အင်း . . . ပျော်တော့ပျော်ပါတယ်၊ ဒါပေမဲ့ . . . ပျော်သင့်သလောက် မပျော်ဘူး တာတာရယ်"

"ဟင် . . . နင့်ဟာက ဘယ်လိုကြီးလဲ နေခြည်ရယ်"

"ငါ့ဘေးမှာ နင်မှမရှိတာဟ"

စကားကို တုံးတိပြတ်လိုက်ရင်း မျက်ရည်တို့ကို ပုတ်ချေ လိုက်မိ၏။ တုန်ရီသွားသည့်အသံကို တာတာ မရိပ်မိစေလို၍ သက်ပြင်းချသံသဲ့သဲ့ကို တစ်ဖက်မှ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေခြည် ... မငိုရဘူးလေ၊ ငါတို့ အတူမတွဲရပေမယ့် [illegible] တနင်္ဂနွေတစ်ပတ်ခြား တစ်ယောက်အိမ် တစ်လှည့်စီ လည်ခွင့်ရနေတာပဲ၊ ဘာကိုဝမ်းနည်းနေတာလဲ၊ အဲဒါတွေကြောင့် နင့်ကို ငါ စိတ်ချေတာ၊ လူက ပျော့စိစိနဲ့ ကိုယ့်ကိုယ်ကိုယ် ဘာမှ မကာကွယ်တတ်ဘူး၊ နင့်ကြောင့်လည်း ခက်ပါတယ်ဟယ်၊ ထမင်းစားနေကျ ငိုမဲ့မဲ့အကျင့်ကို နင်ဖျောက်တော့၊ ကလေးမဟုတ်တော့ဘူး၊ တော်ကြာ ... ကျောင်းထဲမှာ ရည်းစားစာပေးလို့ ရက်ပြီး အော်ငိုတဲ့ကောင်မလေး ဆိုပြီး နာမည်ကြီးနေဦးမယ်"

သူမ ပြုံးလိုက်မိ၏။ အဲဒီလိုစကားလေးတွေ တီတီတာတာ ပြောတတ်လွန်းလို့ ရွှေခဲမကို သူမ သိပ်ချစ်ရတာလေ။ လူတစ်ဖက်သားရဲ့စိတ်ကို အမြဲဖတ်တတ်ပြီး စာနာတတ်တဲ့အကျင့်လေးကိုက ချစ်စရာကောင်းလွန်းနေတာ သူမအသိ။

"ပူစီမ ... ဘဲချောချောလေးတွေ တွေ့လား"

"သရဲမ ... ဘာစကားပြောတာလဲ"

"ဟင်း ဟင်း ... ငါ့ကိုယ်စား နင့်ကို စောင့်ရှောက်ပေးမယ့် Body guard လေး၊ ခပ်ချောချောနဲ့ထောထောကို ရှာရွေးနော်"

"ခွေးစုတ်မ ... နင့်ဟာနင် ရှာပါလား"

"ဟိ ဟိ"

တာတာက တခိခိနှင့်ကျိတ်ရယ်နေ၍ သူမ၏ကောက်ချင်စိတ်တို့ ပြေပျောက်သွားရသည်။ ဗိုးဟပ်ဖြူလေးအကြောင်း သူမ





ပြောပြလိုက်ရင် ကောင်းမလား။ တော်ကြာ ... သင်း ... အူတွေ တိုနေရင် ဒုက္ခ။

"တကယ်မတွေ့တာလားဟယ်၊ ငါ့မှာ ဝတ္ထုထဲက ဇာတ်လိုက်ချောချောလေးကို ပုံဖော်မရလို့ နင့်ဆီက အကြံတောင်းနေတာပါ၊ တစ်မျိုးမတွေးပါနဲ့ နေခြည်ရယ်"

"ဟင်း ဟင်း ... အလကားပြောတာပါ၊ တစ်ယောက်တွေ့တယ်ဟဲ့"

"ဟော ... ကြည့်စမ်း၊ ပေါ်လာပြီ၊ ရိုက်စစ်စရာတောင် မလိုဘူး"

"တာတာနော် ... ငါ ဆက်မပြောပြတော့ဘူး"

"ဘွာတေး ... ဘွာတေး ... စိတ်မဆိုးပါနဲ့ဟယ်၊ ပြောပြပါဦး"

"သူကလေ ...ငါတို့ Physics ကပဲဟဲ့၊ King ရသွားတယ်၊ ငါ သူ့ကို ဗိုးဟပ်ဖြူလေးလို့ နာမည်ပေးထားတယ်"

"ဗိုးဟပ်ဖြူ ... ဟွန်း ... နာမည်ကြီးကလည်း မနိမ့်လိုက်တာ"

"ဟဲ့ ... ငါက နင့်လို စာရေးဆရာမမှ မဟုတ်တာ၊ နာမည်လှလှလေး ဘယ်ပေးတတ်မှာလဲ၊ အသားလေးဖြူလို့ အဲဒီလို ပေးလိုက်တာ"

"ဟုတ်ပါပြီ ... ဆက်ပြော ... ဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အသားရောင်ကလေ အဖြူဆွတ်ဆွတ်ကြီး မဟုတ်ဘူး တာတာရဲ့၊ သူ့အလိုလို ရှင်းသန့်ပြီး ဝင်းနေတာ၊ အရပ်အမောင်းက လည်း လှတယ်၊ Style လည်း မိတယ်၊ မျက်ခုံးကလည်း ဆွဲထား လား မှတ်ရတယ် . . . ထင်းနေတာပဲ၊ နှာတံက သိပ်မချွန့်၊သိပ်မလုံး စင်းစင်းလေးပဲ၊ နှုတ်ခမ်းကလည်း အပေါ်အောက်အညီ အနေတော် ပဲ၊ မျက်လုံးက အရည်လေးလဲ့ပြီး စွဲဆောင်မှုရှိတယ်ဟဲ့၊ သူ့ပုံစံက ဟယ် ဟို . . . ငါတို့သိပ်ကြိုက်တဲ့ Perfect Weapon ကားက မင်းသားပုံစံမျိုးနဲ့တူတာ၊ မြင်ကြည့်လိုက် . . . သူ့မျက်နှာမှာ ငါ အကြိုက်ဆုံးက သူ့ရဲ့ခပ်စိမ်းစိမ်းလေး ရိတ်ထားတဲ့ ပါးမြိုင်းမွေးရေး ရေးလေးတွေပဲ၊ အရမ်းခန့်တယ်"

တာတာ့ဘက်မှ အသံတိတ်နေ၏။ ဖုန်းချလိုက်ပြီလား အတွေးဖြင့် နာရီကိုကြည့်လိုက်တော့ (၁၀) မိနစ်သာသာလေးပဲ ရှိ သေးသည်။

"ဟဲလို . . . တာတာ . . . ငါပြောနေတာ ကြားရဲ့လား"

"အင်း"

"နင် . . . ဘာဖြစ်သွားတာလဲဟင်၊ ငါ့ကို ဘာမှလည်း ပြန် မပြောဘူး၊ ငါက နင် ဖုန်းချသွားပြီထင်လို့ လန့်သွားတာ"

"နေခြည် . . . ပူစီလေး"

"ပြောလေ . . . တာတာ"

"နင် . . . သူ့ကိုတွေ့တော့ ရင်တွေခုန်နေလားဟင်"





"ဟယ် . . . အရှူးမ၊ ခုန်စရာလားဟဲ့"

"သိဘူးလေ . . . ဒီလောက် . . . အသေးစိတ်ဂယနဏာ ဖြေနေလို့"

"ခွစာမ"

"ဆောရီး . . . ဆောရီး . . . ဟင်း . . . ဟင်း"

"နောက်တစ်ခုမှ ထူးတာဟဲ့၊ လျှို့ဝှက်သည်းဖို့ပဲ၊ ဒီကိစ္စကို ဘယ်သူမှမသိသေးဘူး၊ အိဖွန်တို့လည်း မသိဘူး၊ ငါ ဝှက်ထားတယ်"

"ဟယ် နေခြည် . . . နင် ငါစိတ်ပူအောင် မလုပ်နဲ့နော်၊ ဘာတွေတုန်း"

"လန့်မသွားပါနဲ့ တာတာရယ်၊ အဲဒါကမှ ရင်ခုန်စရာ ကောင်းတာဟဲ့ . . . ဟင်း ဟင်း"

"အောင်မာ . . . မိန်းမ သိပ်အူမြူးနေတယ်ပေါ့၊ ကောင်း . . . နင့်ကို တစ်ယောက်ယောက်က ထူးဆန်းတဲ့အရာတစ်ခုခု တိတ် တဆိတ်ပေးသွားတာပဲဖြစ်မယ်"

သူမ အလန့်တကြား အာမေဋိတ်သံတစ်ခု ထွက်သွားရ၏။ အဲဒီတာတာဟာ သူမရင်ထဲကို ထွင်းဖောက်ပြီး မြင်တတ်တာ လွန် လွန်းနေပါရော့။ ပြောဖြင့် မပြောရသေးဘူး။ သူ့ဘက်က သေချာနေ ပြီ။

"နင် . . . ဗေဒင်ဟောစားပါလား"

"သေချာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဖြင့် . . . ဘာလဲ"

"နှင်းဆီဖြူတစ်ပွင့်နဲ့ ကတ်ပြားတစ်ခု"

"ဒါ . . . ချစ်ခြင်းသင်္ကေတရဲ့ ရှေ့ပြေးနိမိတ်ပဲ၊ ကတ်ပြားထဲမှာ ဘာတွေရေးထားလဲ၊ ဥပမာ . . . နှလုံးသားရဲ့ဘုရင်မတို့၊ အချစ်သခင်မလေးတို့၊ ဘာညာကွိကွ"

"ဟွန်း . . . သိသိနိုင်လွန်း၊ နှင်ကိုယ်တိုင် ပို့ပေးလိုက်သလားမှတ်ရတယ်"

"ဟင်း . . . ဟင်း . . . မှန်သွားပြန်ပြီလား"

"အေးပေါ့ဟဲ့"

"ဒီလိုပဲဖြစ်ရမယ်လေ၊ သိတယ်မဟုတ်လား၊ တာတာတဲ့"

"ပေါ့မ"

"ငါ့ကို ဒေါပွမနေနဲ့၊ ဒီမှာ နေခြည် . . . ငါ အတည်ပြောတော့မယ်၊ နှင် သေချာနားထောင်နေဦး၊ ငါက နှင့်ဘေးမှာ အရင်လိုအချိန်ပြည့်ရှိမနေတော့၊ နှင် ငါ့ကို အားကိုးလို့မရတော့ဘူး၊ အစစအရာရာ နှင့်ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ ဆုံးဖြတ်ရမှာ၊ ဒီတော့ နှင့်ကိုအသည်းအသန်ကြွေပြတိုင်း ပြန်မကြွေပြလိုက်နဲ့နော် မိန်းမ၊ နှင့်ပုံစံက အီညောင့်အီညောင့်နဲ့ . . . သူများအပျော့ဆွဲဆွဲတာနဲ့ တစ်ခါတည်းပါသွားမှာ"

"ဟဲ့ . . . ငါ ပေါ့မဟုတ်ဘူး တာတာရဲ့"





"အေးပါ . . . နှင့်စိတ်ထဲ ဘာဖြစ်ဖြစ် ငါ့ကို ပြန်ပြောပြဦး၊ နှင် ကြွေပြီဆိုရင်လည်း အဲဒီလူကို အရင်အဖြေမပေးလိုက်နဲ့၊ ငါ့ကို တိုင်ပင်ဖို့မမေ့နဲ့နော် . . . သိလား"

"အင်းပါ . . . စိတ်ချ"

"ဒါဆို . . . ဒါပဲနော် . . . ငါ ဖုန်းချလိုက်တော့မယ်၊ ဘိုင့်ဘိုင့်"

သူမ ဖုန်းကို ခပ်ဖွဖွချလိုက်ရင်း ပြုံးနေမိသည်။ ဩော် . . . ခုချိန်ထိ တာတာ့ရင်ထဲမှာ သူမကို စိုးရိမ်စိတ်တွေ ရှိနေတုန်းပါပဲလား။

❀

နောက်တစ်နေ့ ကျောင်းစတက်တော့ ရဲရဲနှင့်မာလာပါ သူမတို့အုပ်စုထဲ ပါဝင်နေခဲ့ကြသည်။ ဘယ်သွားသွား ငါးယောက်တစ်ပြုံကြီး တွဲသွားကြ၍ ရဲရဲကို စကားပြောချင်သူ၊ စာလိုက်ပေးချင်သူတွေ အလုပ်မဖြစ်ကြသဖြင့် သူမတို့ ကျိတ်ရယ်နေရ၏။ အိဇွန်နှင့်ပပက လာချဉ်းကပ်ကြသည့်ကောင်လေးများကို ပြန်လှောင်ကြသဖြင့် အခွင့်မသာဘဲ အလစ်ချောင်းနေကြလေသည်။ ပျော်ပျော်နေတတ်သည့် ရဲရဲကလည်း သူမတို့ကို ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းဆက်ဆံပါ၏။

ကော်ရစ်တာကို ပတ်လျှောက်၍ အတန်းထဲဝင်လိုက်စဉ် ယောက်ျားလေးအုပ်စုနှင့် ပက်ပင်းတိုးပြီး ပြုံဝင်သလိုဖြစ်သွား၏။ ရဲရဲက အလယ်တန်းရှေ့ဆုံးခုံမှာ ဝင်ထိုင်လိုက်သဖြင့် သူမကပါ လှမ်းဝင်လိုက်စဉ် မွေးပွလွယ်အိတ်မှ သိုးမွေးတို့က လူတစ်ယောက်လက်ထဲ ငြိပါသွားသည်။

"ဟယ်"

"ဟာ . . . ကျွတ်"

သူက နာရီနှင့်ငြိနေသည့် ချည်စတို့ကို ရှင်းလင်းနေစဉ် နောက်ဆုံးခုံမှ ကောင်လေးတစ်သိုက်၏အသံတွေ ထွက်လာတော့သည်။

"ငြိတွယ်ခြင်း၏အစဆိုတာ အဲဒါကို ပြောတာပေါ့"

"ညီလေးညီ့ရေ . . . တမင်တကာ ငြိတာမဟုတ်လား"

သူ့မျက်နှာ ဖျန်းခနဲ ရဲတက်သွား၏။ သူမက အားနာတာရော၊ မျက်နှာပူတာပါရော၍ လွယ်အိတ်ကို ဆောင့်ဆွဲလိုက်မိပါသည်။

"ဟာ"

သူ့နာရီ ကြိုးပြုတ်၍ ဒေါက်ခနဲ သူမခြေထောက်နား ကျကွဲသွားတော့သည်။ သူက နာရီကို မကောက်တော့ဘဲ နောက်ဆုံးခုံဆီ ခပ်သွက်သွက်လျှောက်သွား၏။ သူမက နာရီအကွဲလေးကို ကောက်ယူလိုက်ပါသည်။





ရဲရဲက ပြုံးစိစိမျက်နှာဖြင့် ကြည့်နေ၍ သူမမျက်စောင်းတစ်ချက်ထိုးလိုက်မိသည်။

နာရီအကွဲလေးကို လက်ကိုင်ပဝါဖြင့်ထုပ်၍ လွယ်အိတ်ထဲ ထည့်သိမ်းလိုက်၏။

"ဟဲ့ . . . အဲဒါဘာလုပ်ဖို့လဲ"

"ငါ့ကြောင့် . . . သူ့နာရီ ပျက်သွားပြီလေ၊ ပြန်လျော်ပေးရမှာပေါ့"

"ဘာလို့လျော်ရမှာလဲ၊ သူ့ဟာသူ လာငြိတဲ့ဟာပဲ လျော်စရာမလိုဘူး . . . မလျော်ပေးနဲ့"

"အဲဒီလို . . . မပြောပါနဲ့ အိဖွန်ရဲ၊ သူ့နာရီက အကောင်းစားကြီးဟဲ့"

"လျော်ပေးရမှာပေါ့ အိဖွန်၊ ဒါမှ ဇာတ်လမ်းလှလှလေး တစ်ပုဒ်ရမှာ၊ ကောင်မလေးက နာရီအကွဲလေးကို အမှတ်တရ သိမ်းထားပြီး ကောင်လေးက နာရီအသစ်လေးကို ခဏခဏကြည့်ပြီး ဝီတိတွေဖြာလို့"

"ရဲရဲနော် . . . ငါလုပ်မိတော့မယ်"

"အကောင်းပြောတာ၊ ဒီကောင်လေး တော်တော်ညံ့သေးတာပဲ၊ ဒီလောက် . . . အနီးကပ်နေတာတောင် နေခြည့်မျက်နှာကို တစ်ချက်မော့မကြည့်ဘူး၊ အ,ပဲ့"

"ရဲရဲနော် . . . ငါပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျိတ်မာန်လိုက်သဖြင့် ရဲရဲက တိုးတိုးလေး ရယ်နေပါသည်။

သူမက လက်ချာစာအုပ်ကို ထုတ်ယူလိုက်စဉ် စာအုပ်နှင့် ညပ်ပါလာသည့် ကတ်ကလေးတစ်ခု ထွက်ကျလာ၏။

"ဟဲ့ ... ဒါက ဘာတုန်း"

အိဖွန်က ခပ်မြန်မြန်ကောက်လိုက်ကာ ခေါင်းလေးလုံး ပြုံးချိဖတ်နေကြသည်။ သူမက ဘာမှန်းမသိဘဲ ကတ်ကို ပြန်မလုရဲသေး။

"You are my Venus (မင်းဟာ ကိုယ့်ရဲ့အချစ်နတ်သမီး) တဲ့၊ ကြည့်စမ်း ... နေခြည် မရိုးသားတော့ဘူး။ ငါ တာတာ့ကို ပြန်တိုင်ပြောမယ်"

"ဟင် ... ငါမှမသိတဲ့ဟာကို"

"မညာနဲ့ ... မရဘူး၊ ပြီးတော့လည်း အရင်ထက်ပိုပြီး လှချင်လာတယ်ဆိုတာပါ ထည့်တိုင်ရမယ်"

"ငါ ... ဘယ်မှာလှချင်လို့တုန်း"

"ခေါင်းမှာ ပန်းပါ ပန်လာတယ်လေ"

"ဟင် ... မပန်ပါဘူး"

"ပြောင်မလိမ်နဲ့ ... ဟောဒီမှာကြည့်"

"ဟယ်"

သူမက ဖွန်ပွင့်လက်ထဲမှာ ပါလာသည့် နှင်းဆီဝါလေးကို





တအံ့တသြဖြင့် ကြည့်လိုက်ပြီး ... ခေါင်းကို ခပ်သွက်သွက် ခါပြလိုက်ပါသည်။

"ငါ တကယ်မပန်ဘူးနော် အိဖွန်း တော်ကြာ ... တာတာ စိတ်ပူနေဦးမယ်"

"အေး ... ဒါတော့ဟုတ်တယ်၊ ရဲရဲနဲ့နေခြည် ကားရှေ့ဆင့် နောက်ဆင့်ရပ်တာပဲ၊ နေခြည့်ခေါင်းမှာ ပန်းပန်လာတာ မတွေ့မိပါဘူး။ ဒါ ... အခန်းထဲဝင်မှ ခွင်ဆင်တာနေမှာပဲ"

"ဟုတ်တယ်ဟဲ့ ... ပန်းက ကျစ်ဆံမြီးမှာ အသာလေး ထိုးစိုက်ထားတာ၊ သေချာပြီ ... နေခြည်တော့ စွန့်ပြီဟေ့"

"ဟဲ့ ... တိုးတိုးပြော၊ ဘာတွေ လျှောက်အော်နေတာလဲ"

"ဒါဆို ... ရဲရဲထင်တာ မှန်လိမ့်မယ်၊ ကြည့်စမ်း ... ပိုးဟပ်ဖြူလေးက ဒါကျ သွက်သား"

"ဟင် ... သူဟုတ်လို့လား"

"သူအကြံဖန်လုပ်လို့ နောက်ဆုံးမှာ ကျန်နေခဲ့တာပေါ့ နေခြည်ရဲ့၊ ဒီလောက်မတုံးနဲ့ ... ဟင်း"

သူမ အသာလေးငြိမ်နေလိုက်ရ၏။ ကိုယ့်ခေါင်းမှာ ပန်းစိုက်လိုက်တာ၊ လွယ်အိတ်ထဲ ကတ်ထည့်ပေးလိုက်တာကိုတောင် မသိရကောင်းလားဟုတွေးရင်း တာတာသာသိရင်တော့ ဘယ်လောက်တောင် အပြစ်ဖို့လိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



စာသင်ချိန်တစ်ချိန်လုံး သူမကို ဝိုင်းစနေကြသလို သူ့ကိုလည်း နောက်ဆုံးတန်းမှာ နောက်နေကြ၏။ Pratical အချိန် Lab အခန်းဆီသို့ သွားကြစဉ် သူမတို့နောက်မှ သူတို့အုပ်စု ကပ်ပါလာသည်။

"ရဲရဲ"

"ဘာတုန်း"

"သူ့ဆီက တောင်းပေးပါ"

"ဟယ် . . . ဘာကိုတောင်းပေးရမှာလဲ"

ရဲရဲ ပြန်နောက်လိုက်သဖြင့် သူ ခေါင်းကုတ်၍ အကျပ်ရိုက်နေသည်ကို ဝိုင်းလှောင်နေကြသည်။ သူမက မသိချင်ယောင်ဆောင်လျက် ခြေလှမ်းကို ဆက်လှမ်းနေ၏။

"နေ . . . နေခြည်"

"ညီလေးညို . . . ရှင် ဘယ်လိုဖြစ်နေလဲ၊ ရဲရဲသူငယ်ချင်းကို မနှောင့်ယှက်နဲ့နော်"

"အာ . . . မဟုတ်ဘူး"

"မဟုတ်ဘူးဆိုရင်လည်း တိတ်တိတ်နေပေါ့"

"ဟာဗျာ"

တခိခိနှင့် ကျိတ်ရယ်သံတွေ ထွက်လာသည်။ Lab အခန်းထဲရောက်တော့ Table တစ်ခုတည်းကျသဖြင့် သူက သူမအနီး၌ နေရာယူလိုက်၏။





ရဲရဲက သူနှင့်သူမကြားသို့ အတင်းတိုးဝင်လာသဖြင့် ကျန်သူငယ်ချင်းတွေ ပြုံးနေကြတော့သည်။ သူ မျက်နှာကို ရှုံ့တွလိုက်တော့ ရဲရဲက ဘယ်သူမှမမြင်အောင် သူမကို မျက်စိတစ်ဖက် မှိတ်ပြလိုက်လေ၏။ သူမ လှစ်ခနဲပြုံးလိုက်မိတော့သည်။

Practal ပြီးတော့ အိမ်ပြန်ရန် ကားဂိတ်အနီး ရပ်စောင့်နေစဉ် သူက သူမတို့နောက် ခပ်လှမ်းလှမ်း၌ ရှိနေ၏။ အနီးနားတစ်ဝိုက်မှ ကောင်မလေးများက သူ့ကို ကျောင်းက king မှန်း သိထား၍ အကဲခတ်နေကြသည်။

သူမက သူ့အနီးမှာ တခြားသူငယ်ချင်းကောင်လေးများကို မမြင်သဖြင့် လက်ယပ်၍ခေါ်လိုက်ပြီး ခပ်တိုးတိုးလေး ပြောလိုက်ပါ၏။

"နောက်နေ့မှ ယူတော့နော်"

"ဟာ . . . ညီလေးညိုကို နေခြည်နှင်းပွင့်က မနက်ဖြန်အဖြေပေးမယ်တဲ့ဟေ့"

"ဟေ . . . တကယ်လား"

"ဟယ် . . . ဘာတွေလျှောက်ပြောနေတာလဲ"

"ဟော့ကောင်တွေ ဘယ်အချိန်က အနောက်မှာ ရောက်နေတာလဲ"

အုန်းခနဲ ရယ်မောသံအကျယ်ကြီးဖြင့် ယောက်ျားလေးအုပ်စုက သူမတို့နောက်မှ တစ်ပြုံကြီးထွက်လာတော့သည်။ အိဖွေးနှင့်ပယ်က



www.burmeseclassic.com

www.burmeseclassic.com



နီစပ်ရောင်လေးတွေကို လွယ်အိတ်ဖြင့် လိုက်ထုနေ၍ အကုန်လုံး ဝရုန်းသုန်းကားဖြစ်နေကြ၏။ သူက သူမအနီးမှ နီရဲသော မျက်နှာဖြင့် အမြန်လစ်သွားတော့သည်။

ဩော် . . . ညီလေးညီုရယ်။ ယောက်ျားလေးတန်မယ့် အရှက်အကြောက်ကြီးလှချည်လား။

❀ ❀ ❀



## အခန်း (၄)

ချယ်ရီဦးနာရီဆိုင်တစ်ဆိုင်လုံး၌ စိတ်ကြိုက်ရှာဖွေနေ၏။ သူ့နာရီမျိုးနှင့် အနီးစပ်ဆုံးတူသည့်နာရီကို ရှာတွေ့တော့မှသာ သူမ သက်ပြင်းချလိုက်ရသည်။ အရောင်းစာရေးမလေးကို ငွေချေလျက် ပတ်ကင်ထုပ်ခိုင်းလိုက်ပါ၏။

"အဲဒီတံဆိပ်မျိုးနဲ့ မိန်းမပတ်ရော . . . ရှိလားဟင်"

"ရှိတယ် အစ်မ၊ ဒါပေမဲ့ . . . မနေ့ကပဲ နောက်ဆုံးလက်ကျန်နှစ်လုံးကို လာဝယ်သွားလို့ ကုန်နေပြီ၊ နောက်လဆန်းမှပဲ ရပါမယ်"

"ဩော် . . . ဒါဖြင့် အဲဒီတော့မှပဲ လာထပ်ဝယ်တော့မယ်နော်"

မြို



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျောင်းကိုရောက်တော့ ရဲရဲတို့အုပ်စုက ကြိုရောက်နှင့်နေကြလေပြီ။ သူမတို့အုပ်စု အတန်းထဲဝင်လိုက်တော့ သူတို့အုပ်စုက နောက်ပေါက်မှ ဝင်ထိုင်လိုက်ကြ၏။ ကျော်စွာက ထိုင်နေရာမှ ထလာကာ စတိတ်ပေါ်တက်၍ ဘုတ်ပေါ်၌ ဝိုင်းစက်လှပသည့်စာလုံးတို့ကို ချရေးလိုက်ပါသည်။

"ယနေ့ ... နေခြည်နှင်းပွင့်မှ ညီလေးညိုကို အဖြေပေးလိမ့်မည်"

"ဟယ်"

"ဟာ"

သူက နောက်ဆုံးခုံမှ အမြန်ထလာပြီး ဘုတ်ထက်မှ စာကိုဖျက်လိုက်၏။ သူ ဒီဘက်ဖျက်နေစဉ် ကျော်စွာက ဟိုဘက်ခြမ်းမှာ ရေး၏။ သူ စိတ်မရှည်တော့ဘဲ ကျော်စွာ့လက်မောင်းကို လိုက်ထိုးနေစဉ် နေထူးက ရေမွှေးနှင်းဆီတစ်ပွင့်ကို သူမရှေ့၌ ချပေးကာ သူ့ကို လက်ညှိုးထိုးပြလိုက်ပါသည်။ သူမ ရယ်ချင်စိတ်ကို ထိန်းထားရင်း အောက်နှုတ်ခမ်းကို အသာလေး ကိုက်ထား၏။ ရဲရဲက နှင်းဆီပွင့်လေးကို ကောက်ကိုင်ထားလိုက်ပါသည်။ ကျော်စွာ့ကို မောင်းထုတ်ပြီး စတိတ်ပေါ်မှဆင်းတော့ ရဲရဲလက်ထဲမှ နှင်းဆီပွင့်ကိုမြင်၍ သူ ကွက်ခနဲမျက်နှာပျက်သွားတော့သည်။

မျက်နှာညိုညိုဖြင့် နောက်ဆုံးတန်းသို့ သွားပြန်ထိုင်ရင်း နေ(ထူ)းကို လည်ပင်းညှစ်တော့၏။ ရဲရဲက နောက်တန်းဘက်





လှည့်ကြည့်ရင်း ပန်းကို နားရွက်ကြားမှာ ပန့်မည့်ဟန်ပြင်တော့ သူက မန်းကတန်း ခေါင်းခါပြလိုက်ပါသည်။ တစ်တန်းလုံး သူတို့နှစ်အုပ်စုကို ကြည့်ရင်း ရယ်နေကြ၏။

"ရဲရဲရေ မစနဲ့တော့ဟေ့ ... ဒီမှာ ငါသေတော့မယ်၊ အား ... ဟေ့ကောင် ... ငါ အသက်ရှူကျပ်နေပြီကွ"

ဆရာမ အတန်းထဲဝင်လာတော့မှပဲ ရယ်သံတွေ ငြိမ်ကျသွားသည်။ သူမစိတ်ထဲမှ တာတာ့ကို သတိရနေမိ၏။ ဘာဖစ္စည်းပဲဝယ်ဝယ် အမြဲဆင်တူနှစ်ခု ဝယ်စမြဲမှာ ... အခုတော့ သူ့အတွက် တစ်ခုတည်း သီးသန့်ဝယ်ပေးသည်ကို တာတာသိရင် သူမကို ဘာပြောမလဲ။ ငယ်စဉ်ကတည်းက အဖြူစင်ဆုံး ချစ်လာခဲ့ကြသည့် သူငယ်ချင်းနှစ်ယောက်ကြားကို ယခုတော့ သူစိမ်းတစ်ဦး အမှတ်မထင် ဝင်လာပါရောလား။

တာတာရေ ... အကယ်၍များ ငါနဲ့သူ ချစ်သူတွေဖြစ်သွားခဲ့ရင် နင် စိတ်ဆိုးမှာလား၊ ဒါမှမဟုတ် ဝမ်းနည်းနေမလား သူမ မဝေခွဲတတ်။ သေချာတာတစ်ခုကတော့ သူဟာ သူမနှင့်အနီးဆုံးကို တဖြည်းဖြည်း နီးကပ်လာနေပြီဆိုတာပါပဲ။

မုန့်စားဆင်း ကင်တင်းချိန်မှာ ဘေးချင်းယှဉ်လျက်ခုံမှာ ထိုင်ဖြစ်ကြ၏။ သူမက ပတ်ကင်ထုပ်ထားသည့်ဘူးလေးကို သူငယ်ချင်းများမှတစ်ဆင့် ပို့ခိုင်းပါသော်လည်း ဘယ်သူမှ မပို့ပေးချင်ကြ။ ရဲရဲထံသို့အရောက်တွင် ... ရဲရဲက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

www.burmeseclassic.com



ငြင်းဆန်လေ၏။

"အမယ်လေး . . . ရဲရဲကိုတော့ မနိုင်းလိုက်ပါနဲ့ နေခြည်ရယ်၊ နဂိုကမှ King နဲ့ Queen ဆိုပြီး လူတိုင်းစိတ်ဝင်စားနေတာ၊ တော်ကြာ . . . မြားနတ်မောင်က ပစ်ရာတလွဲဖြစ်နေလို့ ဒုက္ခရောက်သွားပါ့မယ်"

"ဟင် . . . ဒီလောက်လေး အကူအညီတောင်းတာတောင်မှ မကူညီချင်ကြဘူး၊ တော်တော်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းတွေပါပဲလား။ ရိုးရိုးသားသားပေးတဲ့ပစ္စည်းကို ဆန်းဆန်းပြားပြားတွေးပြီး ငြင်းနေလိုက်ကြတာ၊ ငါ မပြောလိုက်ချင်ဘူး"

"အဲဒါဆိုလည်း နင့်ဟာနင်ပေးပေါ့ နေခြည်ရယ်၊ ရှိတာမှ ခြေလှမ်းသုံးလှမ်းစာလေးကို"

"ပြီးရော . . . နောက်တော့မှ မဟုတ်တာတွေ လျှောက်မအော်ကြနဲ့"

သူမက တစ်ပိုင်းလုံးကို မျက်စောင်းထိုးလိုက်ပြီး နာရီဘူးလေးကို သူ့ထံသို့ သွားပေးလိုက်ပါ၏။ သူက သူမလာပေးသည့်ဘူးကို တစ်ချက်ကြည့်လိုက်ပြီး အလန့်တကြား ငြင်းဆန်လိုက်ပါသည်။

"ဟင့်အင်း . . . ကျွန်တော် မယူပါရစေနဲ့ နေခြည်၊ ကျွန်တော့်နာရီအကွဲလေးကိုပဲ ပြန်ပေးပါ၊ ကျွန်တော် ပြန်ပြင်ပြီး သုံးပါ့မယ်"





"ပြင်လို့မရတော့ဘူးရှင့်၊ အကုန်လုံး တစ်စစီဖြစ်ကုန်လို့ ကျွန်မ အစားပြန်ဝယ်ပေးတာပါ၊ ယူနော်"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်နာရီက နဂိုကတည်းက အဟောင်းအစုတ်ပါပဲ"

"ညီလေးညို့ . . . ရှင် ယူမလား၊ မယူဘူးလား တစ်ခွန်းပဲပြော၊ ကျွန်မက သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

"ကျွန်တော်"

"ကဲ"

သူမက ဘူးကိုပစ်ပေါက်ရန် ရွယ်လိုက်စဉ် သူက ကမန်းကတန်း ထရပ်၍ ဘူးကိုင်ထားသည့် သူမလက်ကို လှမ်းဆွဲလိုက်ပါ၏။

"ဟာ . . . မလုပ်နဲ့လေ"

"ဟော . . . အခုဆိုရင် လက်ကိုင်တဲ့အဆင့်နဲ့ ညီလေးညို့ ဝန်းဝင်သွားပါပြီခင်ဗျာ"

သူမက သူ့လက်ထဲမှလက်ကို ရုန်းဖယ်လိုက်ရင်း ကင်တင်းထဲမှ ထွက်လာခဲ့တော့သည်။

"ဟယ် . . . နင်တို့ကလည်း အရမ်းမနောက်နဲ့လေ၊ ဟိုမှာ နေခြည် ငိုသွားပြီဟဲ့"

ရဲရဲက သူတို့ကိုပြောလိုက်ရင်း သူမနောက်မှ ပြေးလိုက်လာတော့သည်။ အတန်းထဲပြန်ရောက်တော့ ဘယ်သူ့ကိုမှ စကားမပြော



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ ခေါင်းကို ခုံပေါ်မှောက်ချလျက် ငိုနေမိ၏။ ရှက်တာလား။ ဘာလား မဝေခွဲနိုင်တဲ့ အလိုလိုဝမ်းနည်းလာကာ လူက ကတုန်ကယင်ကြီးဖြစ်လျက် မျက်ရည်တို့က တပေါက်ပေါက်ကျလာသည်။ တာတာသာသိသွားရင် သူမကို ဘယ်လောက်တောင် ဒေါသထွက်မလဲမသိဘူး။ အခုလို စိတ်အားငယ်နေချိန်တွေမှာ သူမနံဘေးနားအမြဲရှိရတစိုက်ဖြင့် အားပေးလေ့ရှိသည့် အချစ်ဆုံးသူငယ်ချင်းလေးကို တောင့်တမှုက ယခုအချိန်မှာ . . . ဒီဂရီအမြင့်ဆုံး ဖြစ်နေတော့သည်။

သူက သူမဘေးရှိ တစ်ဖက်ခုံ၌ ဝင်ထိုင်ရင်း ခေါင်းကို ကုတ်နေမိတော့သည်။ ရဲရဲတို့ အိဖွန့်တို့ကလည်း တတ်သလောက်ပြောပြ၍ ချော့နေပါသော်လည်း ကလေးတစ်ယောက်လို ဝမ်းပန်းတနည်း ငိုနေသည့် သူမက အရှိန်မပြတ်ငိုကျွေးနေဆဲ။

"နေခြည် . . . ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့် အပြစ်ပါ"

"ဘာမှလာမပြောနဲ့ . . . မကြားချင်ဘူး"

သူမက ဗလုံးဗထွေးရေရွတ်လိုက်ပြီး ဘယ်လိုမှ စာဆက်သင်၍မရမှန်း သိနေသည်မို့ နေရာမှ မြုန်းခနဲထရပ်ကာ ကျောင်းပြင်သို့ ထွက်လာခဲ့၏။ အိဖွန့်နှင့်ပပက Taxi တစ်စီးကို လှမ်းတားလိုက်ပြီး သူမကို တင်ပေးလိုက်ပါသည်။

တာတာရေ . . . ယောက်ျားလေးတစ်ယောက်ကြောင့် ငါ





မျက်ရည်ကျတာကိုသိရင် နင် ငြိုငြင်မှာလားဟယ်။

*

အဲဒီရက်နောက်ပိုင်းမှာတော့ သူနှင့်သူမကို မည်သူမှ မစနောက်ရဲကြတော့။ သူမ မကြိုက်မှန်းသိသွား၍ အချင်းချင်း တီးတိုးပြော၍သာ ငြိမ်နေကြတော့သည်။ သူမမှာတော့ ဘာအကြောင်းပြချက်မှ မနိုင်လုံပါပဲ ငိုကျွေးခဲ့သည့်အဖြစ်ကို ပြန်ရှက်နေပြီး မသိချင်ယောင်ဆောင်နေလိုက်ပါတော့၏။

သူမတို့အုပ်စု သွားလေရာမှာ သူတို့အုပ်စုက မလှမ်းမကမ်းအကွာမှ လိုက်ပါလာသော်လည်း အရင်လို အော်ကြီးဟစ်ကျယ်ဖြင့် မစရဲကြတော့။ သူနှင့် ခဏတစ်ဖြုတ် အကြည့်ချင်းဆုံလိုက်တိုင်း သူမမျက်ဝန်းမှ တောင်းပန်သည့်အရိပ်အယောင်ကို မြင်နေရ၏။ သူမကတော့ ကိုယ့်ဟာကိုယ် အရှက်သည်းစွာဖြင့် ဖျတ်ခနဲ အကြည့်ကို လွှဲစမြဲ။

ဤသို့ဖြင့် First Year ဖြေခါနီးအချိန်မှာတော့ ရဲရဲမှတစ်ဆင့် သူမထံသို့ ဘူးတစ်ဘူးနှင့်အတူ အနက်ရောင်နှင်းဆီတစ်ပွင့် ရောက်လာပါတော့သည်။ သူငယ်ချင်းများ သိချင်နေကြမှန်း သိသော်လည်း အိမ်ရောက်မှသာ သူမ ဖွင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စက္ကူဘူးကလေးထဲမှ ကတ်ပြားလေးတစ်ခုနှင့်အတူ ထံတောင်အရွယ်ပမာဏရှိ ဝက်ဝံရုပ်ကလေး ထွက်လာ၏။ ဝက်ဝံရုပ်ကလေးကို ဖိမိတော့ I Love You ဟူသည့် အသံသေးသေးလေး အကြိမ်ကြိမ် ပေါ်ထွက်လာသည်။ သူမ ကျေနပ်စွာ ပြုံးလိုက်ပြီး ကတ်ကလေးကို ယူဖတ်လိုက်ပါ၏။ ကွန်ပျူတာစာလုံးများဖြင့် ရိုက်နှိပ်ထားသည့် စာလုံးစောင်းလေးများကို တွေ့လိုက်ရလေသည်။

*My Beloved Nay Chi,*

*Please don't be upset with me. I beg you to forgive me.*

*I Love you so much. It comes from the deepest place of my heart. So, you trust my love. My life without you is quite meaningless.*

*Your ...*

*Nyi Lay Nyo*

*[ကိုယ် ချစ်မြတ်နိုးရတဲ့ နေခြည် ...*

*ကျေးဇူးပြု၍ ကိုယ့်ကို စိတ်မဆိုးပါနဲ့လို့ မင်းကို ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်။*

*ကိုယ် မင်းကို သိပ်ချစ်တယ်။ ဒါဟာ ကိုယ့်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက လာတဲ့စကားပါ။ ဒါကြောင့် ကိုယ့်ချစ်ခြင်းကို မင်း ယုံကြည်ပါတွယ်။ မင်းနဲ့သာ ဝေးရရင် ကိုယ့်ဘဝက အဓိပ္ပာယ်မရှိတော့ပါဘူး။]*

*မင်းရဲ့*

*ညီလေးညို*

သူမရင်တွေ တဒိတ်ဒိတ်ခုန်ရင်း ဝက်ဝံရုပ်လေးကို ရင်ခွင်ထဲ မွေ့ပိုက်ထားလိုက်ပါ၏။ ညီလေးညို ... ရှင့်အကြည့်၊ ရှင့်မျက်လုံး၊ ရှင့်အပြုံးတွေကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေစဉ်ကတည်းက ကျွန်မ ရင်ခုန်သံတွေ မြန်နေခဲ့တာကို ရှင် သိနေမလား။ ရှင့်ကို ကျွန်မ စိတ်ဆိုးနေတာ မဟုတ်ပါဘူး။ ကျွန်မဘာသာ ရှက်စိတ်တွေ မွှန်ပြီး ငိုခဲ့မိတာကို ပြန်တွေးမိရင်း ရှက်နေမိခဲ့တာပါ။ ကျောင်းတွေ ပိတ်တော့မယ် ညီလေးညို။ ရှင့်ကို အဖြေပေးလိုက်ရင် စာမေးပွဲအတွက် အနှောင့်အယှက်မဖြစ်စေချင်လို့ ... ဒီလိုပဲနေလိုက်တာ ကောင်းမယ် ထင်ပါတယ်။ ဒီကိစ္စကို ကျောင်းပြန်ဖွင့်မှပဲ ဆက်ဆွေးနွေးကြတာပေါ့ နော်။ အခုတော့ ခဏမေ့ထားကြစို့။

သူမ ဝက်ဝံရုပ်လေးကို ခပ်ဖွဖွနမ်းရှိုက်လိုက်စဉ် ဖုန်းသံ မြည်လာ၏။ ထိတ်လန့်သွား၍ ရင်ကို အသာဖိလိုက်ရင်း နာရီကို ကြည့်လိုက်တော့ ... ဘုရားရေ (၈) နာရီတောင် ထိုးနေပါပေါ့လား။ သူမ ဖုန်းကောက်ကိုင်လိုက်ပါ၏။

"ပုစိလေး ... စာကျက်နေလား"







www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း စကားမပြန်နိုင်ဘဲ ရင်ခုန်သံကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားယူနေရ၏။ တာတာရေ . . . စာမေးပွဲဖြေဖို့ စာကျက်ရမယ့်အချိန်မှာ ငါက ရည်းစားစာဖတ်ပြီး ဗီတီတွေဖြစ်နေတာကို နင်သာ တွေ့သွားရင် ငါ့ကို ဘယ်လောက်တောင် အပြစ်တင်လိုက်မလဲနော်။

"နေခြည် . . . နင် နေကောင်းရဲ့လား။ အသံလည်း ပြန်မပေးဘူး"

"ကောင်း . . . ကောင်းပါတယ် တာတာ"

"နင် . . . စာမေးပွဲအတွက် စာကျက်ရမှာမို့ ငါ ဒီလေးငါး ဆယ်ရက် ဖုန်းမဆက်တော့ဘူးနော် . . . သိလား၊ နင့်အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ နင်တို့ စာမေးပွဲဖြေပြီး နောက်တစ်ရက်မှ ငါ ကိုကို့ကို နင့်အိမ်ပို့ခိုင်းမယ်နော်၊ နင့်ကို ငါ လက်ဆောင်ပေးစရာရှိတယ် နေခြည်ရဲ့၊ အိဖွန်နဲ့ပပကိုလည်း ငါ သတိရတယ်လို့ ပြောလိုက်ပါ။ ငါလည်း ဒီရက်ပိုင်းအတွင်းမှာ ငါ့ရဲ့ကိုးအုပ်မြောက် စာအုပ်ကို အပြီးရေးမှာ၊ ဒီတော့ . . . လူချင်းတွေ့မှပဲ ဆယ်ရက်စာ စကားတွေစုပြီး ပြောကြတာပေါ့နော်၊ နင် ဘာပြောချင်သေးလဲ"

"ဟင့်အင်း"

"ပြောစရာမရှိရင်လည်း ရပါတယ်၊ ကျန်းမာရေးကို ဂရုစိုက်နော်၊ အအေးမခံနဲ့ အစားလည်း ကြည့်ရှောင်ဦး။ စာမေးပွဲကို ကောင်းကောင်းဖြေနိုင်ဖို့ ဦးနှောက်ရှင်ပါစေလို့ ငါ ဆုတောင်းပေးမယ်နော်"





"ကျေးဇူးပါ တာတာ"

"ဒါဆို ဒါပဲနော် . . . ငါ ထမင်းမစားရသေးဘူးဟဲ့၊ နင့်ကို အရမ်းသတိရနေလို့ ဖုန်းအရင်ဆက်လိုက်တာ၊ ကဲ . . . စာကျက်တော့နော်၊ ဘိုင့်ဘိုင်"

သူမ ဖုန်းကိုကိုင်လျက် ငိုင်နေမိ၏။ ကြည့်ပါဦး . . . သူငယ်ချင်းဖြစ်သူက သူမကို သတိတရဖုန်းဆက်နေချိန်မှာ သူမက တာတာမဟုတ်တဲ့ သူစိမ်းတစ်ယောက်အကြောင်းကို တွေးနေမိချိန်၊ သူမအတွက် လက်ဆောင်ပစ္စည်းဝယ်ထားချိန်မှာ သူမက တာတာမဟုတ်တဲ့ သူစိမ်းတစ်ယောက်ကိုသာ လက်ဆောင်ပေးပြီးချိန် ဖြစ်နေပါရောလား။ ခွင့်လွှတ်ပေးပါ တာတာရယ်။ အချစ်ရဲ့ဖြားယောင်းခြင်းကို ငါ အငိုက်မိခံလိုက်ရပြီ။ ငါ သူ့ကို မေ့လို့မရတော့ဘူး တာတာ။ သူ့ရဲ့တောင်းပန်တဲ့အကြည့်တွေက ငါ့နှလုံးသားကို သိမ်းပိုက်သွားခဲ့ပြီးတာကို နင်သိရင် ငါ့ကို ဘယ်လိုစကားလုံးတွေနဲ့ နင် နှိပ်ကွပ်မှာလဲ။ အချစ်ဟာ လူတွေရဲ့စိတ်ကို ရူးသွပ်မိုက်မဲစေတယ်လို့ဆိုရင် ငါ . . . မိုက်မဲခွင့်ကိုပဲ ကျေကျေနပ်နပ်ကြီး လက်ခံရယူလိုက်ချင်ပါတယ်။

မျက်ရည်တွေ တပေါက်ပေါက်ကျလာရင်း ဖုန်းကို ပြန်တင်လိုက်ပါသည်။ ညီ . . . ရှင့်အချစ်ကို လက်ခံလိုက်ပြီလို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ကျွန်မဆီမှာ မျက်ရည်တွေ ရှိနေလိမ့်မယ်လို့ ကျွန်မ ထင်မထားခဲ့ဘူး။ ပြုံးပျော် ကြည်နူးရမှာကို မျက်ရည်တွေက အဖော်ပြုဖြစ်ရောက်လာတော့ ကျွန်မ ဘာဆက်လုပ်ရမလဲ။ ကျွန်မ သိထားတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ကျွန်မ ညီကို ချစ်နေမိပြီဆိုတာပါပဲ။

*

နောက်ရက်မှစ၍ သူမတို့စာမေးပွဲတွေ စတင်ဖြေဆိုရပါတော့သည်။ သူနှင့် တစ်ခန်းတည်း ဖြေဆိုရခြင်းမို့ သူမမျက်နှာ အနည်းငယ်ရှက်သွေးဖြာနေရ၏။ သူက စာမေးပွဲတွင်းမို့ သူမကို တကူးတကန့်ဆာ၍ အဖြေတောင်းခြင်းမျိုး မရှိချေ။ နေ့စဉ် စာမေးပွဲဖြေရာ၌လည်း သူမ ဖြေပြီးသည့်အချိန်ထိ စောင့်ဆိုင်းတတ်၍ သူမ ကားပေါ်တက်၊ အိမ်ပြန်သွားသည်အထိ စောင့်ကြည့်နေတတ်လေသည်။

နောက်ဆုံးဘာသာကို ဖြေဆိုအပြီးတွင် သူနှင့် လေးငါးလကွဲကွာနေရမည်ကိုတွေးပြီး သူမရင်ထဲမှာ လွမ်းနေသလိုလို ဟာတာတာခံစားမှုဖြင့် တစ်ညနေလုံး ဂနာမငြိမ်ဖြစ်နေရသည်။ လာကြိုသည့်ကားပေါ်ကိုတက်လိုက်စဉ် သစ်ပင်အောက်၌ သက်ပိုက်ရပ်နေရင်း သူမကို တစိုက်မတ်မတ်ကြည့်နေခဲ့သည့် အကြင်နာမျက်ဝန်းတို့ကို တစိမ့်စိမ့်မြင်ယောင်နေမိရင်းက သူမရင်တွေ တသိမ့်သိမ့်ခုန်လျက် တအုံနွေးနွေး။ အို . . . ညီရယ်။

ည ရှစ်နာရီထိုးသွားချိန်တွင် ဖုန်းသံမြည်လာသဖြင့် တာတာ





တော့ မအောင့်နိုင်ဘဲ သူမထံ ဆက်လေပြီဟူသည့်အတွေးဖြင့် ဖုန်းကို ကောက်ကိုင်လိုက်ပါ၏။

"တာတာလား . . . ငါ နင့်ကို အရမ်းလွမ်းနေတာသိလားပြီးတော့ နင့်ကို ငါ ပြောစရာတွေ အများကြီးရှိနေတယ်၊ ငါ့ရင်ထဲမှာ ခံစားနေရတဲ့အကြောင်းတွေကို နင့်ကို ဖွင့်ပြောပြချင်တယ် တာတာ၊ မနက်ဖြန် ငါတို့တွေ့မှ ပြောကြတာပေါ့နော်၊ ငါတော့ ဒီညတစ်ညလုံး အိပ်လို့ပျော်မယ်မထင်ဘူး တာတာရယ်၊ ငါ့ရင်ထဲကို နင် အရင်လို မြင်တတ်ရင် မြင်ကြည့်လိုက်စမ်းပါ၊ ငါလေ . . ."

"နေနေ . . . ကျွန်တော် ညီလေးညိုပါ"

"ဟင်"

သူမ အလန့်တကြားရေရွတ်လျက် ရင်ထဲမှာ ဒိန်းခနဲ ပြင်းထန်စွာ ခုန်သွားရတော့သည်။ ဘုရားရေ . . . ညီတဲ့။ ညီဆိုပါလား။

"နေနေ . . . ကျွန်တော့်ကို နေနေလို့ပဲ ခေါ်ခွင့်ပြုပါနော်၊ နေနေလိုပဲ ကျွန်တော်လည်း ဒီည အိပ်မပျော်နိုင်လို့ အရဲစွန့်ပြီး ဖုန်းဆက်လိုက်တာပါ၊ နေနေကတော့ ကျွန်တော့်ကို မေ့နေမှာပေါ့နော်၊ ကျွန်တော့်မှာသာ မိုးပေါ်က လမင်းကြီးကို မော့ကြည့်ပြီး ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ချပေးပါလို့ ငယ်ငယ်တုန်းကလို မဖြစ်နိုင်တဲ့အရာကို အရူးအမူး တမ်းတနေမိခဲ့တာပါ။ ပုံပြင်ထဲက နတ်သမီးလေးကို တောင့်တမိတဲ့ နွားကျောင်းသားလေးရဲ့ နှီးတစ်ဝက်အိပ်မက်ထဲမှာ ကျွန်တော် နစ်မွှေ့ပျော်ပါနေခဲ့မိတာဟာ တကယ်တော့ အလွန်



www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲတဲ့အလုပ်တစ်ခုကို လုပ်လိုက်မိတာပါပဲ။ ကွယ်ရာမှာ နေနေ ကျွန်တော့်ကို လှောင်နေမလား။ ဟင် … အနူလက်နဲ့ ရွှေခွက်ကိုမှ နှိုက်ချင်တဲ့ သူဖုန်းစားလို့ အပြစ်တင်နေမလား။ ကျွန်တော် နေနေ့ ကိုချစ်တာ ဘာဂုဏ်ပကာသနမှမပါတဲ့ ချစ်ခြင်းတွေနဲ့ပါ၊ နေနေ့ကို နေနေဆိုတဲ့အမြင်တစ်ခုနဲ့ပဲ ကျွန်တော်ချစ်တာပါဆိုရင် နေနေ ယုံကြည်နိုင်ပါ့မလား။ အခုဆို ကျွန်တော် တစ်ယောက်တည်း မနေ တတ်တော့ဘူး နေနေ၊ ကျွန်တော်တော့ ဒုက္ခတွေတွေ့နေပြီ၊ စားလည်း နေနေ၊ သွားလည်းနေနေ၊ အိပ်မက်ထဲမှာလည်း နေနေ့ ကိုပဲ အမြဲတွေ့နေမိတယ်၊ စာမေးပွဲတောင် အောင်ပါတော့မလား မသိပါဘူး နေနေရယ်၊ သီချင်းတွေလည်း ရေးလို့မရ၊ ဆိုလို့လည်း မရနဲ့၊ ကျွန်တော်တော့ ရူးတော့မယ်ထင်ပါရဲ့''

သူမ ဘာမှပြန်မပြောမိဘဲ သူပြောနေသည့် စကားလုံးတွေ ထဲ အလိုက်သင့်စီးမျောနေလေတော့သည်။

''နေနေ … အခုဆို ကျောင်းတွေပိတ်ပြီ၊ နေနေ့ဆီက အဖြူအမည်း သဲသဲကွဲကွဲမသိရဘဲ ကျွန်တော် မနေတတ်ဘူး၊ ကျွန် တော်မျှော်လင့်ထားတာတွေ ဖြည့်ပေးနိုင်မလား နေနေ၊ နေနေ့ပတ် ဝန်းကျင်မှာ ကျွန်တော့်ထက် အစစအရာရာ သာတဲ့သူတွေ ရှိနေမှာ ကို ကျွန်တော် သိနေပေမယ့် အချစ်အယူခံဝင်ခွင့်ကို နောက်ဆုံးနေရာ ကပဲ တန်းစီစောင့်ပါရစေ၊ လူက နောက်ဆုံးမှာ ရှိနေပေမယ့် နေနေ့ ကိုချစ်တဲ့ ချစ်ခြင်းတွေက ဘာနဲ့မှ နှိုင်းဆမရအောင် ရှိနေတာကိုတော့





နေနေ ယုံပေးပါနော်၊ နေနေ … ဟယ်လို … နေနေ ကျွန်တော် ပြောနေတာတွေ ကြားရဲ့လားဟင်''

သူမ ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိ၏။ သူမ၏နှလုံး သားတစ်ခုလုံးကို အရည်ပျော်နိုင်စွမ်းရှိသူဟာ 'ညီ' ဆိုတဲ့ ဘန်ဒိုးရှင် လေးပါပဲ။

''ညီ''

''ဟင်''

''ကျောင်းပြန်ဖွင့်မှပဲ တွေ့ကြတာပေါ့နော်၊ ညီကြားချင်တဲ့ အဖြေကို အဲဒီတော့မှပဲ ယူပါလား ညီရယ်''

''ကျွန်တော့်ကို အခုပေးလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ နေနေ ရယ်၊ ကျွန်တော့်ကို အိပ်ရေးပျက်အောင်တော့ မနှိပ်စက်ပါနဲ့၊ ကျွန် တော် ပျော်ပါရစေလား နေနေ''

သူမ ခပ်တိုးတိုးလေး ရယ်လိုက်မိသည်။ လူနာ အမဲခြောက် တောင်းသလို မရမကတောင်းနေသည့် သူ့ကို သူမ ပျော်စေချင်ပါ သည်။ ကျွန်မ မလိမ်ချင်ဘူး ညီ … တကယ်ပါ။

''ညီ … ကျွန်မ … ညီ့ကို သိပ်ချစ်ပါတယ်''

သူမ ဖုန်းကို လျှင်မြန်စွာ ချလိုက်ရင်း ရင်ခုန်သံစည်းချက် မမှန် ခုန်နေသည်ကို တငြိမ့်ငြိမ့် ခံစားနေမိတော့သည်။ အချစ်ဟာ ပျော်စရာတွေကို ယူဆောင်လာပေးတာ မဟုတ်လား ညီ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ခြံထဲသို့ ပါဂျဲရိုးကားတစ်စီး ဝင်လာ၏။ ရေကူးကန်ဘေးနံဘေးရှိ ထိုင်ခုံပေါ်၌ ထိုင်နေသည့် သူမအနီး၊ လမ်းဘေး၌ ကားရပ်ကာ တာတာ ဆင်းလိုက်ပါသည်။ ကိုကိုကြည်သာက တစ်စုံတစ်ရာကို လှမ်းပြောလိုက်သဖြင့် တာတာက ခေါင်းညိတ်ပြလိုက်ပြီး လက်ပြ နှုတ်ဆက်စဉ် ကားက ခြံပြင်သို့ ထွက်သွားတော့၏။ သူမအနီးသို့ တာတာ ခပ်ဖြည်းဖြည်းလျှောက်လာပါတော့သည်။

"နေခြည် ... နင်နဲ့ငါဟာ ဟိုး ... မူကြိုမှာကတည်းက အတူတူတွဲခဲ့ကြတဲ့သူတွေပါနော်၊ တစ်ယောက်အကြောင်းကို တစ်ယောက် ကကြီး၊ကနေ အ,အထိ သိခဲ့ကြတာပါ၊ ငါတို့နှစ်ဦးကြားမှာ ဘယ်လိုကိစ္စမျိုးကိုမှ ဖုံးကွယ်စရာမရှိသလို ... ဘာကိုမှ လျှို့ဝှက်





ထားစရာမလိုဘူးလို့ ငါယုံထားတယ်"

"ဘာကိုဆိုလိုတာလဲ တာတာ၊ ငါ နားမလည်ဘူး"

"အိပ်ချင်ယောင်ဆောင်နေတော့လည်း နိုးအောင် နှိုးဖို့က ငါ့တာဝန်ပဲပေါ့ နေခြည်၊ ငါလေ ... ညက တစ်ညလုံး အိပ်လို့ မပျော်ခဲ့ဘူး။ ငါ့သူငယ်ချင်းလေး တာမေးပွဲနောက်ဆုံးရက်မှာ အိပ်ရေး ဝဝအိပ်ပါစေတော့ဆိုပြီး ဖုန်းနားမှာ ငါ ငုတ်တုတ်ထိုင်နေခဲ့တာပါ၊ ဒါကို ကိုကိုသိတယ် နေခြည်"

"တာတာ"

"ငါ ... တကယ်စိတ်မကောင်းဖြစ်သွားရတာ အမှန်ပါ၊ ညက ၈ နာရီကနေ နာရီဝက်လုံးလုံး နင့်ကိုငါ အဆက်မပြတ် ဖုန်းခေါ်နေခဲ့ပါတယ် နေခြည်၊ ငါ့မှာတော့ နင်နဲ့ ပြောစရာတွေ တစ်ပုံကြီး ပြောခွင့်ရမလား၊ မျှော်လင့်ချက်ကြီးနဲ့ တဖွဖွ ခေါ်နေခဲ့တာ၊ နောက်ဆုံးတော့ အမေဆီ လက်လျှော့ခဲ့ရတာပဲ၊ ငါနဲ့ ဆက်သွယ်နေကျအချိန်ကို ဖွဲ့ပေးလိုက်ရတယ်ဆိုကတည်းက နင် ဖုန်းပြောခဲ့သူဟာ သာမန်လူတစ်ယောက်တော့ မဟုတ်နိုင်ဘူးလို့ ငါထင်တယ် ... ဟုတ်ရဲ့လား"

သူမ ကွက်ခနဲမျက်နှာပျက်သွားပြီး ခေါင်းကို ငုံ့ထားလိုက်တော့သည်။ ကြည့်စမ်း ... သူမရဲ့ ထဒင်ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ နာရီဝက်အချိန်ဟာ သူမရဲ့အချစ်ဆုံးသူငယ်ချင်းလေးကို ဝေဒနာဖြစ်စေနိုင်တီးပေးခဲ့သလိုဖြစ်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူလဲ နေခြည်"

"သူငယ်ချင်းပါ တာတာ"

"မိန်းကလေးတော့ မဟုတ်ဘူးမှတ်လား"

သူမ ခေါင်းကို မညိတ်ချင်ပါဘဲ ညိတ်ပြလိုက်၏။ တာတာက သူမကို မျက်ရည်တို့ ဝေနေသည့်မျက်ဝန်းတို့ဖြင့် ငေးစိုက်ကြည့်နေလေသည်။

"နင်နဲ့သူ ... တော်တော်ကြီး ရင်းနှီးနေပြီပေါ့"

"တာတာ ... ငါ ... ငါ သူ့ကို ညကမဲ အဖြေပေးလိုက်မိတယ်၊ ငါ နင့်ကိုမတိုင်ပင်ဘဲ လုပ်ခဲ့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါဟယ်၊ ငါလေ သူ့ကို ... သူ့ကို သိပ်ချစ်တယ် တာတာ"

စကားသံတို့က တိတ်ဆိတ်သွား၏။ တာတာက သူမကို တစ်ခါမှမမြင်ဖူးသလို ငေးကြောင်ကြည့်နေလေသည်။ မိနစ်တော်တော်အကြာမှာ ... သတိဝင်သွားဟန်ဖြင့် တာတာ ကျိတ်ပြုံးလိုက်၏။

"အင်းပေါ့လေ ... အချစ်ဟာ ဖမ်းစားတတ်တယ်ဆိုတဲ့ စကားကို ငါ အတည်ပြုရတော့မှာပေါ့၊ နင့်ကို ငါ အပြစ်တင်တာ မဟုတ်ပါဘူး နေခြည်၊ ငါခံစားရတဲ့ ခံစားချက်ကို ဖွင့်ပြောလိုက်မိတာပါ၊ ၅၂၈ ဆိုတာ ၁၅၀၀ နဲ့ ယှဉ်လိုက်တော့ သေးသေးမွှားမွှားလေးဖြစ်သွားရတာပါပဲ၊ ငါ ရင်ထဲမကောင်းတာတော့ အမှန်ပါ နေခြည်၊ ရင်ဖွင့်ဖော်ရယ်လို့ ငါ သတ်မှတ်ခဲ့တဲ့အချက်က ငါ့ကို





အနုတ်ပြသွားတာပါလား"

"ဘာပဲဖြစ်ဖြစ် ... နင်ဟာ ငါ့အချစ်ဆုံးသူငယ်ချင်းပါပဲ တာတာ"

"သေချာလို့လား နေခြည်၊ အစစအရာရာ တိုင်ပင်ရမယ့် ကိစ္စကိုတောင် နင်မေ့ထားနိုင်ခဲ့ပြီပဲ၊ နင်ပျော်တယ်ဆိုရင် ငါ ကျေနပ်ပါတယ် နေခြည်၊ နှင်းဆီပွင့်လေးကို သူများခူးမှာစိုးပြီး ဆူးခက်လေးလို အနိုင်တကြည့်ကြည့်နဲ့ ငါ ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ... ကံကြမ္မာက ငါ့ကို အခွင့်အရေးကို ခဏတာပဲ ပေးခဲ့တယ် နေခြည်၊ ငါ့ကိုယ်စား နင့်ကို စောင့်ရှောက်ပေးမယ့်သူ ရှိနေခဲ့တာကို ငါ မုဒိတာပွားနိုင်ရမှာပေါ့၊ နင့်ကိုယ်စား ငါ ဝမ်းသာပါတယ် နေခြည်၊ တကယ်ပါ"

"တာတာ ... ငါ စိတ်မကောင်းအောင် မပြောပါနဲ့ဟယ်၊ ငါ သူ့ကို ရွေးချယ်လိုက်တဲ့အချိန်ဟာ သိပ်ကို တိုတောင်းလွန်းနေမှန်း ငါ သိပါတယ်၊ ဒါပေမဲ့ ... ငါ့နှလုံးသားကို ငါ ညာလို့မရနိုင်လို့ပါ"

"အဓိက,က နင် လူရွေးမမှားရင် ပြီးတာပါပဲ"

"ဒီကိစ္စကို ဖေဖေ့ကို ငါ အသိမပေးရဲဘူး တာတာ၊ ငါတို့ ခုန်ဆက်နေကျအချိန်ကို ငါ သူ့ကိုပေးချင်တယ်၊ ဒါမှ ... ဖေဖေ ရိပ်မိမှာလေ၊ နင် ငါ့ကို နားလည်ပေးပါနော်"

"တစ်ပတ်ခြား တွေ့နေကျရက်ကိုရော ဖျက်ပေးရမှာလား နေခြည်"



www.burmeseclassic.com

www.burmeseclassic.com



"တာတာ . . . နင် ငါ့ကိုမရွဲ့ပါနဲ့"

တာတာက သူမထံမှ အကြည့်ကိုလွှဲရင်းက ခြောက်ကပ်ကပ် ရယ်နေ၏။ ချစ်သူနှင့်သူငယ်ချင်းကြားရှိ သံယောဇဉ်လွန်ဆွဲပွဲက ဤမျှပြင်းထန်နေလိမ့်မည်ဟု သူမ မထင်ခဲ့မိခဲ့။

"ငါ ကိုယ်ချင်းစာပေးနိုင်ပါတယ် နေခြည်၊ နင် သိထားဖို့က နင့်ဘဝမှာ တွယ်တာမောင်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကို အမြတ်နိုးမဟုတ်တောင်မှ တိုက်ဆိုင်မှုတစ်ခုခုကြောင့် နင် သတိတရ ရှိခဲ့ရင် ငါ ကျေနပ်ပြီ၊ နင်စိတ်ချမ်းသာနေချိန်၊ နင် ကြည်နူးပျော်ရွှင်နေချိန်မှာ ငါ့ကို မေ့ချင်မေ့ထားလိုက်ပါ။ ဒါပေမဲ့ . . . နင် ဝမ်းနည်းအားငယ်နေချိန်မှာ ငါဟာ နင့်အနားမှာ အားပေးဖော်အဖြစ်နဲ့ ရှိနေခွင့်ကိုတော့ ငါ ပိုင်ဆိုင်ချင်တယ်၊ အဲဒီအခွင့်အရေးတစ်ခုကိုတော့ ငါ့ကိုပေးပါ နေခြည်"

တာတာက လက်ထဲမှာ ကိုင်ထားသည့်ဘူးလေးကို ဖွင့်၍ သူမ၏ဘယ်လက်၌ နာရီလေးကို ပတ်ပေးလိုက်ပါသည်။

"၅၂၈ ဆိုတာ ပူလောင်ခြင်းမရှိတဲ့ အေးမြတဲ့မေတ္တာတစ်ခုပါ၊ ငါ့ဘက်က နင့်အပေါ်မှာ ဘယ်တော့မှမပြောင်းလဲသလို နင့်ကိုချစ်တဲ့ ချစ်ခြင်းတွေကလည်း တစ်ရွေးသားမှ မလျော့သွားပါဘူး နေခြည်၊ ငယ်စဉ်ကတည်းက ရှိခဲ့ဖူးတဲ့ ထုံးစံကို ငါ ဘယ်တော့မှ မဖျက်ပါဘူး ငါ ဆိုတာကို နင်သိရင် နင့်အပေါ်မှာ ငါ ချစ်ရကျိုးနပ်ပါတယ်၊ ငါ့ဆီ သွားတော့မယ် နေခြည်၊ ငါ့အိပ်ခန်းထဲက ဖုန်းကို ညစဉ်ညတိုင်း





ပလပ်ဖြုတ်ဖို့တာဝန်ကို မပျက်မကွက်ဆောင်ရွက်ဖို့ ငါ ဘယ်တော့မှ မမေ့စေရပါဘူး"

တာတာက သူမကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး ခြံထဲမှ ခပ်သွက်သွက် ထွက်ခွာသွားပါတော့သည်။ သူမ တာတာ့ကျောပြင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေခဲ့မိလေ၏။

❀

ကျောင်းပိတ်နေစဉ်ကာလတွေမှာ ညစဉ် ဖုန်းဆက်သွယ်သည့်အလုပ်ကို သူမ ညီကိုပဲ ပေးခဲ့ပါလေ၏။ ချစ်သူ၏စကားသံ၊ ချစ်သူ၏အကြင်နာတို့သည် သူမ၏နှလုံးသားကို ပိုမိုအေးမြစေသလို လှပစွဲမက်ဖွယ်ကောင်းသည့် အိပ်မက်ပေါင်းများစွာကို ဖန်ဆင်းပေးခဲ့လေသည်။ နှလုံးသားကို ပိုင်စိုးမင်းမူနေသည့် အချစ်နတ်မင်း၏ ခမ်းနားတုပ်နှောင်မှု၌ ရုန်းမထွက်နိုင်ဘဲ သူမ အကျဉ်းကျခံနေရသည့် ခံစားမှုသည် ဘာနဲ့မျှ နှိုင်းဆမရနိုင်သည့်အရာများပင် ဖြစ်၏။

တာတာပြောခဲ့သလိုမျိုး ၁၅၀၀ နှင့် ၅၂၈ တို့၏မေတ္တာ အတိမ်အနက်ကွာခြင်းပေလား။ သူမ သေသေချာချာ မဝေခွဲတတ်ခဲ့။ သူမ၏ပစ္စုပ္ပန်ကာလတို့သည် အနာဂတ်ကိုကြို၍ မျှော်လင့်သွေးကြွခြင်း အမျိုးမျိုးစိတ်ကူးပုံဖော်ရင်း အဓိပ္ပာယ်ကို ပြည့်ဝနေသည့်



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်ပေါင်းများစွာကို ရရှိပိုင်ဆိုင်နေခဲ့ပါ၏။ အချစ်တို့ဖြင့် သူမနှင့် ညီ ပျော်ဝင်နေချိန်၌ အခိုက်အတန့်ကာလလေးမှာ တာတာ့ကို သူမ မေ့ထားခဲ့ပါသည်။

လူချင်း မတွေ့ကြတော့သည့်နောက်ပိုင်း၌ တာတာ သူမအပေါ် စိတ်ခုနေပြီလားဟူသည့်အတွေးမျိုးကို သူမ မတွေးမိခဲ့။ ငယ်စဉ်ကတည်းက မကြာခဏစိတ်ကောက်လေ့ရှိသူသည် သူမသာလျှင်ဖြစ်၍ အစဉ်အမြဲလိုက်လျော အလျှော့ပေးခဲ့ရသူက တာတာသာ ဖြစ်နေခဲ့သည်မို့ သူငယ်ချင်းဟူသည့် အဖြူရောင်ကြိုးမျှင်လေးသည် သူမဘဝတစ်စိတ်တစ်ဒေသ၌ မှုန်ဝါးဝါးဖြင့် အရာမထင်ခဲ့။

ကျောင်းတွေပြန်ဖွင့်တော့ ညီနှင့် သူမတို့၏အပြုံးချင်း ဖလှယ်၍ ရင်ခုန်သံစဉ် ညီကြသည့် ရက်ပေါင်းများစွာအဖြစ် အဓိပ္ပာယ်ရှိရှိဖြတ်သန်းခဲ့ကြပါ၏။ ဟိုအရင်အချိန်တွေတုန်းကလို သူငယ်ချင်းဖြစ်သူကို တသသနှင့် တမ်းတစိတ်တို့ သူမထံ၌ ပျက်သုဉ်းနေတာအမှန်ဟု သူမ ဝန်ခံချင်ပါသည်။ တစ်ဦးတည်းသော သမီးဘဝဖြင့် ရှင်သန်ခဲ့ရသည့် သက်တမ်းတစ်လျှောက်မှာ အလိုလိုက် အကြိုက်ဆောင်ခဲ့ရသည့် ဥဩအတိုင်း သူမ၏အပျော်ကာလတို့က အဆုံးမဲ့။

အတန်းလစ်၍ ကျောင်းချိန်တစ်ချိန်လုံး ဆိတ်ငြိမ်အေးချမ်းသည့် တစ်နေရာ၌ ချစ်သူ၏ရင်ခွင်ထဲမှာ မှီနွဲ့၍ ယုယကြင်နာသည့် ခံစားမှုတို့က ထူးခြားဆန်းကြယ်သည့် ရင်ခုန်သံကို ဖန်ဆင်းပေးသည့်အလား။ အချစ်မှာ မျက်စိမရှိဟူသည့် ကြားဖူးနားဝ စကားစုတို့သည်





သူမ၏မျက်ကန်းချစ်ခြင်းတို့၌ ညီ့အပေါ် ဘယ်လိုအကြောင်းပြချက်များမှမရှိဘဲ မျက်စိစုံမှိတ်၍ ချစ်မိခဲ့သည့်ကာလများစွာ၏ ပြယုဂ်တစ်ခုသာ ဖြစ်နေခဲ့လေသည်။

ကျောင်းဆင်းချိန်အမီ အတန်းနားသို့ အရောက်ပြန်ရန် အလန်းမ်ပေးထားသည့်နာရီမှ အချက်ပေးသံကြားမှပင် ညီနှင့်သူမတို့၏ ချစ်ခြင်းသံစဉ်တို့ကို ရပ်တန့်စေခဲ့ပါသည်။ နာရီလေးကိုကြည့်ရင်း ညီ့ကို ဝယ်ပေးခဲ့သည့် ဒီဇိုင်းအမျိုးအစားနှင့် တူညီနေသည့် တံဆိပ်မျိုးဖြစ်သည်ကိုတောင် သတိထားမိခြင်းမရှိဘဲ တာတာ့ကို အမှန်တကယ်ပင် သူမ မေ့ထားခဲ့လေ၏။

ဘဝဆိုတာ အချိန်တန်တော့လည်း ကိုယ့်လမ်းကိုယ်လျှောက်ရမှာပါလေဟူသည့် ဖြေတွေးတစ်ခုဖြင့်သာ သူမ နစ်မျောနေခဲ့၏။

တစ်ဦးတည်းသော သမီးလေးကို ချစ်မဝနိုင်သည့် ဖေဖေ့ထံ၌ သူမကို မစွန့်ပစ်နိုင်၊ မခွဲခွာနိုင်သည့်အချက်ကို ကြိုသိထားခဲ့၍ ညီနှင့် သူမ၏အနာဂတ်ကို တွေးမပူမိခဲ့။ ရှေ့ရေးကို တင်ကြိုရေးဆွဲခဲ့သည့် အစီအစဉ်တို့၌ သူမ၏ဆန္ဒကိုသာလျှင် ညီလည်း လိုက်လျောပေးလိမ့်မည်ဟူ၍ တထစ်ချယုံကြည်မိခဲ့ပါသည်။

သူမ မျှော်လင့်ထားမိသည့်အိပ်မက်တို့သည် ပြီးပြည့်စုံသည့်အလှအပ၊ အရာရာလိုလေသေးမရှိသည့် နားလည်မှုတို့ဖြင့်သာ ခိုင်မာနေခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ညစဉ် ဖုန်းဆက်၍ ချစ်သူ၏စကားသံချိုချိုတို့ကို နားဆင်ရချိန်၌ ဒီအချိန်ဆို တာတာလည်း သူမထံ ဖုန်းခေါ်ချင်မှာ၊ စကားပြောချင်မှာပဲလေ ဟူသည့် အတွေးမျိုးကို မတွေးမိခဲ့လေသည်အထိ ချစ်ခြင်း၏အငွေ့များစွာက တစ်ကိုယ်လုံးကို အပြည့်အဝဖုံးလွှမ်းနေခဲ့လေသည်။ ဪ . . . အချစ်ဟာ အရာရာကို မေ့လျော့စေတတ်သည်လေ။

* * *



## အခန်း (၆)

"မမလေး . . . ဘာဘကြီးက အိမ်အောက်ကို ဆင်းလာပါဦးတဲ့"

"ဟာ . . . ဒါ ဒီမှာ သီချင်းနားထောင်နေတဲ့ဟာကို၊ ဖေဖေကလည်း ဘာကိစ္စရှိနေပြန်လဲမသိ"

"ဧည့်သည်တွေနဲ့ စကားပြောဖို့ ခေါ်တာထင်တယ် မမလေးရဲ့"

"ကျွတ် . . . သိပ်ရှုပ်တာပဲ"

ခုတင်ပေါ်မှထရပ်၍ မှန်ရှေ့မှာ တစ်ချက်ကြည့်လိုက်ရင်း အဝတ်အစားတို့ကို ပြန့်အောင် ဆွဲဆန့်လိုက်၏။ တင်ပါးအထိ ဖုံးလွှမ်းနေပါသည့် ဆံနွယ်တို့ကို ဘီးဖြင့် နှစ်ချက်သုံးချက်ခန့် ဖြီးသင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်လာခဲ့၏။ လှေကားထစ်များကို ခပ်ဖြည်းဖြည်း နင်း၍ အောက်ထပ်ကို လှမ်းအကြည့်၊ ဖေဖေ့မိတ်ဆွေ ဦးအောင်ခင် ကို တွေ့ရလေသည်။

"ဖေဖေကလည်း အထူးအဆန်း ဧည့်သည်လည်း မဟုတ်ဘဲနဲ့ သမီးကို ခေါ်ရတယ်လို့၊ ဒီမှာ . . . သီချင်းနားထောင်နေတာ feeling ပျက်သွားပြီ"

"ဪ . . . သမီးရယ် ကိစ္စရှိလို့ ဖေဖေ ခေါ်ခိုင်းလိုက်တာပါ"

"ဘာကိစ္စရှိလို့လဲ ဖေဖေ၊ လေးလေးအောင်က သမီးနဲ့ အထူးတလည်မိတ်ဆက်ပေးရမယ့် ဧည့်သည်မျိုးမှ မဟုတ်ဘဲဟာ"

လူကြီးတွေ သဘောတကျဖြင့် ခပ်တိုးတိုးရယ်လိုက်ကြပါ၏။ လေးလေးအောင်နံဘေး၌ ထိုင်နေသည့် သူမထက် အတော်ကြီးပုံရသည့် လူတစ်ယောက်က သူမကို မိန့်မိန့်ကြီးဖြင့် ပြုံးကြည့်နေပါသည်။

"ကိုအောင်ခင်နဲ့ မိတ်ဆက်ဖို့ မလိုပေမယ့် ကိုအောင်ခင့်သားကိုတော့ လိုတာပေါ့ သမီးရယ်"

"ရှင်"

"ဒါ . . . ကိုအောင်ခင့်သား မောင်ဝေယံအောင်ပဲ သမီး၊ သူက နိုင်ငံခြားသင်္ဘောတစ်ခုမှာ Chief Engineer ပေါ့"

သူမက ခုချိန်ထိ ဘာမှနားမလည်သေးသည့် မျက်ဝန်းတို့





ဖြင့်သာ ထိုလူကို တစ်ချက်ကြည့်လိုက်ပါသည်။

"ကိုယ် နေခြည့်ကို သိနေတာ ကြာပါပြီ"

"ဟင်"

"ဟုတ်တယ် . . . လွန်ခဲ့တဲ့နှစ်နှစ်လောက်က နေခြည်နဲ့ အတူ မိန်းကလေးတစ်ယောက်ကို Dagon Center မှာ တွေ့ခဲ့ဖူးတာ၊ အဲဒီတုန်းက နေခြည်တို့နှစ်ယောက်စလုံး အပြာနုရောင်ဂါဝန်လေး ဆင်တူဝတ်ထားတယ်၊ ပြီးတော့ . . . ဘီးကုပ်အပြာရောင်လေးတွေကိုလည်း တပ်ထားကြတယ်၊ မှတ်မှတ်ရရဖြစ်နေစေတာက အရုပ်ကောင်တာမှာ တစ်ရုပ်တည်းရှိတဲ့ အရုပ်ကလေးကိုမဝယ်ဘဲ ငေးကြည့်နေတဲ့ အင်မတန်လှပရွှန်းလဲ့နေတဲ့ မျက်ဝန်းကလေးတွေပဲ"

သူမ တအံ့တဩဖြင့် သူ့ကို ကြည့်နေမိ၏။ စိတ်က တစ်မဟုတ်ချင်းပင် အတိတ်ဆီသို့ အပြေးအလွှား ရောက်ရှိသွားသည်။ အို . . . လွန်ခဲ့တဲ့နှစ်နှစ်။ သူမတို့ ဆယ်တန်းအောင်စာရင်းထွက်တဲ့ နေ့ကပေါ့။ Dagon Center မှာ တကယ့်ကလေးလေးအရွယ်ခန့်ရှိသည့် ချိုလိမ်လေးစုတ်ထားသည့် သားရေရုပ်လေးကို လိုချင်စိတ်ဖြင့် သူမနှင့်တာတာတို့ ငေးကြည့်နေခဲ့ဖူးတာပဲ။ အမြဲတမ်း ဆင်တူဝတ်တတ်စမြဲမို့ တစ်ရုပ်တည်းသာရှိသည့် အရုပ်ကလေးကို မဝယ်ဖြစ်တော့ဘဲ သူမတို့ ပြန်ခဲ့ကြရလေသည်။

"သမီး"

"ရှင် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ဒီစကားကို မိခင်တွေကသာ ပြောရမှာ သမီးရဲ့၊ အခုတော့ သမီးက မေမေမရှိလေတော့ ဖေဖေကပဲ သမီးကို ပြောရမှာပဲ၊ အခုဆို . . . သမီး Second Year ပြီးတော့မယ်၊ နောက်တစ်နှစ်ပြီးတာနဲ့ သမီး ဘွဲ့ရပြီ၊ ဒီတော့ မိဘတို့ဝတ္တရားအတိုင်း တစ်ပါးတည်းသောတာဝန်ကို ဖေဖေ သမီးကို ဖြည့်ပေးဖို့ပဲ ကျန်တော့တယ်"

"ဘာကိုလဲ ဖေဖေ"

"ထိမ်းမြားခြင်းလျှင် . . . ဆိုတာလေ သမီးရဲ့"

"ရှင်"

"ဟုတ်တယ် သမီးရဲ့ . . . လေးလေးသားက အဲဒီကတည်းက သမီးကို စိတ်ဝင်တစားရှိခဲ့တာပါ၊ ဟိုတလောက သမီးရဲ့မွေးနေ့ပွဲအခွေလေးကို အိမ်မှာဖွင့်ကြည့်ကြရင်း သမီးကို သားက ပြန်တွေ့ခဲ့တာလေ၊ အခု . . . သားမူဆာလို့ သမီးကို လေးလေး လာရောက်နားဖောက်ရတာပဲ"

"ဟင် . . . ဟင့်အင်း . . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ပါဘူး ဖေဖေ၊ သမီးမှာ , . . သမီးမှာ ချစ်သူရှိပါတယ်"

"ဒီအရွယ် ချစ်သူရှိတာ မဆန်းပါဘူး သမီးရယ်၊ အချစ်နဲ့ အိမ်ထောင်ရေးရဲ့ ခြားနားချက်တွေကို သမီး နားလည်မှာပါ၊ ဖေဖေက သမီးကို အခုချက်ချင်း စီစဉ်ပေးမှာမဟုတ်ပါဘူး၊ သမီး အချိန်ယူပြီး စဉ်းစားခွင့်ကို ဖေဖေ ပေးမှာပါ"





သူမ ထူပူပြီး နားထဲမှလေတွေ ထွက်လာသည်အထိ ကယောင်ချောက်ချားဖြစ်သွားရ၏။ ဘုရားရေ . . . ညီနဲ့အတူ အိပ်မက်လှလှလေးတွေ မက်နေတုန်း ဘယ်ကနတ်ဆိုးက ဝင်လာတာတဲ့လဲ။ စိတ်ညစ်ဖို့ကောင်းလိုက်တာနော်။

"ကဲ . . . ဒါဖြင့်ရင် သမီးကို စဉ်းစားချိန် ပေးလိုက်ပါဦး ကိုထွန်းခေါင်၊ သားလည်း ဒီတစ်နှစ် သဘော်လိုက်ပြီးရင် ဒီမှာပဲ အခြေချပြီး ကုမ္ပဏီထောင်မှာပါ၊ အဲဒီတော့မှပဲ အေးအေးဆေးဆေး စီစဉ်ကြတာပေါ့၊ လောလောဆယ် . . . သမီးလေး စိတ်ဖြောင့်ဖြောင့်နဲ့ ပညာကို ဆုံးခန်းတိုင် သင်ပါစေဦး . . . ကျွန်တော်တို့ ပြန်ဦးမယ်၊ အခုလို တရင်းတနှီး ဆွေးနွေးတိုင်ပင်ခွင့်ရတာပဲ ကျေးဇူးတင်လှပါပြီဗျာ"

"ကောင်းပါပြီ ကိုအောင်ခင်၊ သမီးအတွက်ကို စိတ်ချပါ၊ ထွန်းခေါင်ရဲ့သမီးဟာ ထွန်းခေါင်စိတ်တိုင်းကျပုံစံပဲ ရှိရမယ်ဆိုတာကို ခင်ဗျားသိထားရင် စိတ်ကို အေးအေးသာထားလိုက်ဗျို့"

ရယ်မောသံတွေ ထွက်လာကြပြန်၏။ ဝေယံအောင်က သူမကို စိုက်ကြည့်လိုက်ပြီး ပြန်ခါနီးမှ စကားတစ်ခွန်း ပြောခဲ့ပါလေသည်။

"နေခြည် . . . မင်းလေးရဲ့အိပ်မက်တွေကို အပိုင်ဘိမ်းယူခွင့် ကိုယ် ရပါရစေ၊ ကိုယ် သွားတော့မယ်"

'သေလိုက် . . . သေလိုက်ပါလား' ဟု သူမစိတ်ထဲမှ ကျိန်းဆော်လိုက်မိ၏။ ညီရေ နေနေတော့ စိတ်တွေအရမ်းညစ်နေပြီကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ညီသိပါရဲ့လား။

❀

ည (၇) နာရီ ရှိနေပြီ။ ညီ ဖုန်းဆက်ခါနီးပြီဟု သူမ တွေးရင်း စိတ်ကသိကအောက် ဖြစ်နေရ၏။ ညစာစားအပြီး ဧည့်ခန်းမှာ ထိုင်စောင့်နေရန် မှာထားသဖြင့် ဖေဖေ့ကို သူမ စောင့်နေရသည်။ သားအဖတွေ ဘာတွေများ ဆွေးနွေးဦးမှာလဲ။ အတွေးကို ရှပ်တွေး နောက်ကျိနေတော့၏။

တအောင့်အကြာမှာ စာကြည့်ခန်းထဲမှ ဖေဖေ ထွက်လာ၏။ သူမရှေ့ရှိထိုင်ခုံ၌ အေးအေးလူလူဖြင့် ဝင်ထိုင်လိုက်ပါသည်။

"ကဲ . . . ဖေဖေတို့ရဲ့ဆွေးနွေးပွဲလေး စလိုက်ကြရအောင်၊ ဖေဖေ အရင်ဆုံးပြောချင်တာက အခုစကားဝိုင်းမှာ ဖေဖေ့ကို သူငယ်ချင်းတစ်ယောက်လိုသဘောထားပြီး တိုင်ပင်တယ်လို့ သမီးစိတ်ထဲမှာ မှတ်ထားပါ၊ အဖေဆိုပြီး ရှက်နေ့ကြောက်နေတာမျိုးကို ဖေဖေ မလိုလားဘူး သမီး၊ ဒီတော့ ဖေဖေတို့ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အင်း . . . အခုချိန်ကျမှ သမီးကို ဖေဖေ မသိအောင်





ရည်းစားထားလေခြင်းလို့ ဖေဖေ အပြစ်မတင်ပါဘူး။ သမီးအရွယ်ဟာ ကိုယ့်ဦးနှောက်နဲ့ကိုယ် စဉ်းစားချင့်ချိန်နိုင်တဲ့အရွယ်ပါ၊ ဖေဖေ့ အုပ်ထိန်းမှုညံ့လို့ ဒီကိစ္စဖြစ်သွားရတယ်ပဲ ထားလိုက်ပါတော့၊ အကယ်၍ အခုလိုအချိန်မျိုးမှာ သမီးဘေးမှာ တာတာလေးသာ ရှိနေခဲ့ရင် ဒီလိုစိတ်အလိုလိုက်တဲ့လုပ်ရပ်မျိုး သမီးလုပ်ဖြစ်မှာ မဟုတ်ဘူးဆိုတာကို ဖေဖေ ယုံတယ်၊ သမီးဘဝမှာ တာတာ့လောက် သူငယ်ချင်းကောင်းပီသတဲ့ကလေးမျိုး မရှိခဲ့ဘူး၊ ပြီးတော့ သူ သမီးအပေါ်မှာ ဘယ်လောက်အထိ သံယောဇဉ်ထားခဲ့သလဲ၊ ဘယ်လောက်ထိ ချစ်ခဲ့သလဲဆိုတာကို ဖေဖေ့ထက် သမီး ပိုသိနေမှာပါ"

သူမမျက်ရည်တွေ ဝိုင်းသွားရ၏။ ဟုတ်တာပေါ့၊ အရွယ်မတိုင်မီ သူမ စိတ်လေမှာကို သူ့အန္တရာယ်ကိုတောင် မငဲ့ဘဲ ကာကွယ်ပေးခဲ့သည့် တာတာ၏ချစ်ခြင်းတွေက သူမဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်တာပဲ။

"ထားလိုက်ပါ၊ အခု သမီးရဲ့ကောင်လေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်လိုမျိုးရိုးက ဆင်းသက်လာလဲဆိုတဲ့ မေးခွန်းကကြတာပေါ့"

"အဲဒါတွေအကုန်လုံး သမီး မသိသေးပါဘူး ဖေဖေ၊ သမီး သိတာက ညီဟာ သမီးနဲ့မေဂျာတူ သူငယ်ချင်းပါ၊ အတွင်းရေးတွေ ဆွေးနွေးတိုင်ပင်တဲ့အထိ သမီးတို့ အခြေအနေမပေးသေးဘူး ဖေဖေ၊ ပြီးတော့ . . . သမီး သူ့ကို အဖြေပေးခဲ့တာ သိပ်မကြာသေးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ... အမှန်ပါ"

ဖေဖေ့ထံမှ သက်ပြင်းချသံကို ကြားလိုက်ရ၏။ သမီးအတွက်နဲ့ စိတ်လေးနေရပြီလား ဖေဖေ။ သမီးကို ခွင့်လွှတ်ပါ။ ကျေးငှက်ကလေးတွေတောင်မှ အတောင်အလက်စုံရင် အပျံသင်ကြသလို သမီးအရွယ်လေး ရူးမိုက်ခဲ့မိတာကို ကျေးဇူးပြု၍ ဖေဖေ အပြစ်မတင်ပါနဲ့နော်။

"ဒါဖြင့်ရင် ... ဒီလာမယ့် Sunday ကို ဖေဖေ သူနဲ့ဆုံချင်တယ်၊ သမီး သူ့ကို ပြောပြလိုက်ပါ၊ တစ်ခုတော့ရှိတယ်နော် ... ဖေဖေဟာ သမီးကို သိပ်ချစ်လွန်းလို့ သမီးစိတ်တိုင်းကျ လိုက်လျောပေးနိုင်ပေမယ့် အတိုင်းအတာတစ်ခုထိပဲရမယ် သမီး၊ ဖေဖေ့ဆန္ဒနဲ့ မကိုက်ညီရင်တော့ သမီးကိစ္စကို ဖေဖေ ကန့်ကွက်ရလိမ့်မယ်၊ ဒါပေမဲ့ ... သမီးနားလည်ထားဖို့က ဖေဖေ့ဘက်က တစ်ဖက်သတ် ဆုံးဖြတ်ချက်မျိုး မရှိစေရဘူး။ ဒါကိုယုံပါ၊ သူနဲ့ အတတ်နိုင်ဆုံး ဖေဖေ ဆွေးနွေးပေးပါ့မယ်၊ အဓိက,က သမီးအတွက်ပါ၊ အကယ်၍များ အစီအစဉ်တွေ ပျက်သွားခဲ့ရင်တော့ ဖေဖေ့အမှားမဟုတ်တာကို သမီး လက်ခံရမယ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ရပြီ သမီး ... သွားနားပါတော့"

သူမ အပေါ်ထပ်အိပ်ခန်းဆီသို့ ခပ်မြန်မြန်လေး တက်လာခဲ့ပါ၏။ ညီရေ ... နေနေတို့အိပ်မက်တွေကို အမှန်တကယ် အကောင်



အထည်ဖော်ခွင့်ရတော့မယ် သိလား။ ညီ ပျော်နိုင်မလားဟင်။ (၈) နာရီထိုးသံနှင့်အတူ ဖုန်းသံမြည်လာသဖြင့် လွှတ်လပ်ပေါ့ပါးသည့် စိတ်အလျဉ်ဖြင့် ဖုန်းကို ကိုင်လိုက်ပါ၏။

"နေနေ"

"ညီ ... ဒီနေ့ မျက်ခုံးတွေ မလှုပ်ဘူးလားဟင်"

"ဘာကိုပြောနေတာလဲ နေနေ ... ကိုယ် နားမရှင်းဘူး"

"နေနေတို့ကိစ္စကို ဖေဖေ သိသွားပြီ ... ညီ"

"ဟာ ... ဒုက္ခပါပဲ၊ နေနေ့ကို ဆူနေပြီလားဟင်၊ နေနေ စိတ်တွေညစ်နေပြီလား။ ကိုယ် ဘာလုပ်ပေးရမလဲ နေနေ"

သူမ သဘောတကျ ရယ်မောလိုက်မိ၏။

ဪ ... ချစ်သူတွေဆိုတာ အေးအတူပူအမျှ ဝေမျှခံစားခွင့် ရှိကြသူတွေ မဟုတ်ပါလော။

"နေနေ ... ဘာတွေသဘောကျနေတာလဲ၊ ကိုယ့်ကို ပြောပါဦး"

"ဟင်း ဟင်း ... နေနေပြောမယ် ညီ၊ ဒီနေ့ နေနေ့ကို သာနားဖောက်တဲ့လူတွေ ရောက်လာတယ်"

"ဟော ... အဲဒါကြောင့်ထင်တယ်၊ ကိုယ် ဒီနေ့ အုတ်လှေ သားမှာ ခလုတ်တိုက်မိတာ ခြေမ,ကွဲသွားတာကိုး"

"တော်တော်များသွားလား ... ညီ"

"သေးသေးသည့်ထားပါတယ် နေနေရဲ့ ... မစိုးရိမ်ရပါဘူး ကဲ

www.burmeseclassic.com

www.burmeseclassic.com



. . . နေနေပြောနေတဲ့ကိစ္စ စိတ်ဝင်စားပါတယ်၊ ဆက်ပြောပါဦး"

"အဲဒီမှာ . . . နေနေက အတင်းကန့်ကွက်ရင်းနဲ့ ညီ့ အကြောင်းကို ပြောလိုက်မိတယ်၊ အခု . . . ဖေဖေနဲ့နေနေ ဆွေးနွေးပွဲ ပြီးသွားတယ် ညီ၊ လာမယ့် Sunday မှာ ညီ အိမ်ကိုလာခဲ့ပါ၊ ဖေဖေက ညီ့ကို တွေ့ချင်တယ်တဲ့"

"ဟာ . . . ဒါ စိုးရိမ်စရာကိစ္စပဲ၊ ကိုယ် ဘာတွေပြင်ဆင်လာရမလဲ နေနေ၊ ကိုယ့်မှာ ပိုင်ဆိုင်တာပြပါဆိုရင် နေနေ့ကို အပိုင်ပေးထားတဲ့ နှလုံးသားတစ်ခုပဲ ရှိတာပါ"

"ဟိုး . . . ဆရာကြီး သိပ်မကြွားပါနဲ့ရှင်၊ ရှင် ဘယ်လောက်ချမ်းသာသလဲဆိုတာကို ကျွန်မ သိပါတယ်၊ ကဲ . . . ညီလာရင် မနက်ဆယ်နာရီ အရောက်လာခဲ့နော်၊ ခါတိုင်းလို သီချင်းဆိုနေကျ ပုံစံမျိုး မဝတ်လာနဲ့၊ ရှပ်အဖြူရယ် ပုဆိုးရယ်၊ ကတ္တီပါဖိနပ်ရယ် ဝတ်ခဲ့ပါ၊ အချိန်တိကျပါစေနော်"

"ဟူး . . . ရင်မောရပါလား နေနေရယ်၊ ကိုယ့်ရင်တွေ တဒိန်းဒိန်းနဲ့ဖြစ်နေပြီကွ"

"မကြောက်ပါနဲ့ ညီရယ်၊ ညီ့ရှေ့မှာ နေနေတစ်ယောက်လုံး ရှိပါတယ်၊ ဖေဖေက နေနေ့ဆန္ဒမှန်သမျှ လိုက်လျောဖို့အသင့်ပါ၊ Don't worry Nyi , Ok ..."

"ကောင်းပြီလေ . . . ကိုယ် ပြင်ဆင်ပြီး လာခဲ့ပါ့မယ်၊ ဘိုင့် . . . နေနေ"





"ဘိုင့် . . . ညီ"

သူမ ဖုန်းကို ညင်သာစွာချလိုက်ရင်း ကျေနပ်နေမိတော့သည်။ နေနေတို့အနာဂတ်ခရီးလမ်းဟာ လှလှပပနဲ့ ဖြောင့်ဖြူးသာယာမှာပါ ညီရယ်။ အထူးသဖြင့် . . . နေနေ့ဘေးမှာ ညီ အမြဲရှိနေမယ်ဆိုရင်ပေါ့နော် . . .။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ့ရေ ...
ဖူးစာကံမပါလို့
ကံကြမ္မာက ခွဲလေတော့
တို့တွေ ဝေးရာကို လွင့်ရပြီ။
နောင်ဘဝဆိုတာကို
မတောင့်တာနိုင်ပါဘူး။
ငါ့အသည်းလေး
နှစ်ခါ အကွဲမခံနိုင်လို့ပါ။
တွေ့ဆုံခြင်းအဆုံး
ခွဲခွာခြင်းအစရဲ့
တို့ လက်တွဲဖြုတ်စဉ်က
မင်းရဲ့ ...
နောက်ဆုံးအနမ်းက
ငါ့ရင်မှာ
ကြေကွဲစရာကွယ် ...။



## အခန်း (၇)

"ညီ"

လှေကားထစ်တို့ကို အရှိန်ဖြင့် ပြေးဆင်းခဲ့မိ၏။ ခြေလှမ်း မှန်မှန်ဖြင့် ကျောခိုင်းထွက်ခွာသွားသည့် ညီ့ကျောပြင်က အမြင်မှာ ရှုန်ဝါးနေတော့သည်။ ဆို့နင့်စွာ ထွက်လာသည့်အသံတို့က လည်ချောင်းဝမှာ တစ်ဆို့ရင်း အပြင်ကိုမရောက်နိုင်ခဲ့။ အပြေးဆင်း လာသည့် ခြေလှမ်းတို့က မသယ်နိုင်လောက်အောင် ယိုင်နဲ့ပျော့ခွေ ခြင်းနှင့်အတူ ကနုတ်ပန်းခြယ်ထားပါသည့် တံခါးကို အားပြု၍ မှီ ထားလိုက်ရသည်။

ဖေဖေက သူ့မအနီးသို့ လျှောက်လာရင်း လက်မောင်း ထလေးကို ဆုပ်ကိုင်ထားလိုက်ပါ၏။ ထိန်းထားသည့်ကြားကပင်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များက ခုန်ပေါက်စီးဆင်းလာတော့သည်။ ရက်စက်လိုက်တာ ညီရယ်။ ပြောတော့ဖြင့် နေနေ့ကို ဘဝတစ်သက်တာအတွက် မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့ရတာပါတဲ့။ အပျော်အဖြစ်နဲ့တောင်မှ ညည်းစားထားခဲ့ခြင်းမျိုး မရှိခဲ့ဘူးဆို။ နေနေ့ကိုတွေ့မှ ညီ့ရင်ခုန်သံတွေ အစပျိုးရှင်သန်လာခဲ့တာပါဆိုတဲ့ စကားတွေက ရေပေါ်မှာ အရုပ်ရေးသလို အရာမထင်တော့ပြီလား။ ခုတော့ဖြင့် စိမ်းကားရက်လေပြီ။

"သမီး"

"ဖေဖေ"

"ငိုချင်ရင် ဝအောင်သာ တစ်ဝကြီး ငိုချလိုက်ပါ သမီးရယ်၊ ဖေဖေ သမီးကို မတားမြစ်ပါဘူး။ သမီးသိထားဖို့က သူနဲ့ပတ်သက်ပြီး ကျရတဲ့ သမီးရဲ့မျက်ရည်ဟာ ဒီနေ့ ဒီရက်၊ ဒီအချိန်၊ ဒီနေရာမှာ နောက်ဆုံးဖြစ်ပါစေဆိုတာပဲ၊ ဒီလိုမိုက်မဲတဲ့၊ တလွဲမာနထားတတ်တဲ့ လူမျိုးကိုမှ သမီးက ချစ်သူရွေးခဲ့မိတာကို။ ဖေဖေဆုံးဖြတ်တာ မမှားပါဘူး သမီးရယ်၊ ဖေဖေချပေးတဲ့ လမ်းဟာ လူတိုင်း အလွယ်တကူ လျှောက်နိုင်တဲ့လမ်းမျိုးဆိုတာ သမီး နားလည်မှာပါ၊ ဒီလိုအခွင့်အရေးမျိုးကိုတောင် မယူတတ်တဲ့ သမီးကောင်လေးကို ဖေဖေ အံ့ဩတာအမှန်ပဲ၊ ဒါ . . . သမီးဘဝအတွက် သင်ခန်းစာပေါ့ သမီးရယ်၊ ကိုယ်ကချစ်တော့ များများပေးဆပ်ရတယ်၊ များများချစ်မိတဲ့လူက အရှုံးကြီး ရှုံးရတာပဲ၊ သမီးစိတ်ကို သမီး အချိန်ယူပြီးဖြေပါ၊ ဖေဖေ့ဘဝမှာ သမီးစိတ်ချမ်းသာဖို့က နံပါတ် (၁) ပဲ၊ ကျန်တာတွေ ဘာမှအရေးမကြီးပါဘူး။ သမီး Final ပြီးမှပဲ ရှေ့ရေးကို ဖေဖေတို့ ဆက်ဆွေးနွေးကြတာပေါ့၊ ဝမ်းနည်းမနေပါနဲ့ သမီးရယ်၊ လွမ်းစရာကို နာစရာနဲ့ ဖြေနိုင်ရင် သမီးစိတ်တွေ အေးချမ်းမှုရလာမှာပါ၊ ကဲ . . . သမီး ပင်ပန်းလှပြီ၊ သွားအနားယူချေတော့"



၈



အရုပ်တစ်ရုပ်လို သတိမဲ့ခြေလှမ်းတို့ဖြင့် အိပ်ခန်းဆီသို့ ပြန်တက်လာခဲ့ရ၏။ အနာဂတ်ပျောက်သွားတဲ့လူဆိုတာကို တစ်ခါမှ မတွေ့ခဲ့ဖူးလေသမျှ အခုတော့ သူမ ဖြစ်နေခဲ့ပါရောလား။ ဝေဒနာဆိုတာကို ဘယ်လိုအရာလဲဆိုပြီး သူမဘဝမှာ မကြုံဘူးလေခဲ့။ အခုတော့ . . . နှလုံးသားတစ်ခုလုံးကို တစ်စစီကွဲကြေစေတဲ့အရာ ဖြစ်နေပြီပေါ့။

မျက်ရည်ဆိုတာ . . . သူမရဲ့သက်တမ်းတစ်လျှောက်မှာ ရှိခဲ့ဖူးတာမျိုးမှမဟုတ်တဲ့။ အစစအရာရာ ပြီးပြည့်စုံတဲ့ဘဝမှာ လိုတရခြင်းတွေနဲ့ ဆန့်ကျင်ဘက် ကွက်လပ်တစ်နေရာအဖြစ် သူမနှလုံးသားမှာ ဒဏ်ရာရရှိခဲ့လေပြီ။

တွေ့ဆုံခြင်းဆိုတာ ခွဲခွာခြင်းရဲ့အစတဲ့။ ဘယ်လောက် ရင်နာစရာကောင်းလိုက်သလဲနော်။ မွေးဖွားခြင်းနဲ့ စတင်တဲ့ လောကကြီးရဲ့အဆုံးသတ်က သေဆုံးခြင်းလို့ ဆိုပေမယ့် အခုလိုမျိုး ရှင်ကွဲခွဲနေရတာက ပိုပြီးကြေကွဲစရာကောင်းလွန်းပါတယ်။ ဒါတွေကို နားလည်မပေးနိုင်တော့ဘူးလား ညီရယ်။

အရာရာ ဖန်ဆင်းလှပထားတဲ့ သဘ္ဘာလောကမှာ ဆိုယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေနဲ့ မေတ္တာပန်းပုရစ်လုံးတွေ ထုဆစ်ထားတဲ့ လက်ရာဟာ တုနှိုင်းမမီနိုင်ဘူးဆို။ ဘယ်လိုအာစရိယမျိုးမှ သင်ကြားပေးခဲ့ရိုးမရှိဘဲ ရင်ထဲက ပေါက်ဖွားလာတဲ့ချစ်ခြင်းတွေဟာ အိပ်မက်တစ်ခုလို မေ့လို့ရနိုင်တာမှ မဟုတ်ဘဲ။

နှစ်ကိုယ်တူ ချစ်ခဲ့ကြတဲ့ကာလတစ်လျှောက်မှာ အခုလို အလိုရှိချိန်မှာ ဆွဲယူသုံးစွဲပြီး အသုံးမလိုတော့မှ ချောင်ထဲထိုးထားလိုက်တဲ့ သက်မဲ့ပစ္စည်းတစ်ခုလိုဘဝမျိုး ရောက်ရလိမ့်မယ်လို့ သူမ တစ်ခါမှ တွေးမကြည့်မိခဲ့။ အားငယ်တတ်သူကို တွဲခေါ်မယ့် ကယ်တင်ရှင်က ခုတော့ဖြင့် သူမအနားမှာ မရှိတော့ပြီ။

ဘဝတစ်ဆစ်ချိုးမှာ နေနေ့ကို ညီပေးခဲ့တဲ့ အမုန်းဆိုတာ အပြင်းထန်ဆုံးနဲ့ အရက်စက်ဆုံး သက်ညှာမှုမဲ့ သေမိန့်တစ်ခုပါ။ ချစ်ခြင်းတရားရဲ့အစီအမံမျိုးထက်စာလျှင် အသည်းကင်ဆာရောဂါနဲ့ သေပွဲဝင်လိုက်ရတာက ပိုပြီးများ မြတ်နိုင်မလား။ အကြွင်းမဲ့ယုံကြည်မိခဲ့တဲ့ ချစ်ခြင်းရဲ့တန်ခိုးတွေဟာ ... ခုတော့ဖြင့် အရည်ပျော်ခဲ့ရပြီ။

အတိတ်ဟောင်းဆိုတာ မေ့ကောင်းတဲ့အရာတစ်ခု မဟုတ်သလို ဘဝတစ်သက်တာမှာ အမှတ်တရအနေနဲ့ ကျန်ရှိနေဦးမှာပါ။ ရည်းစားဦး ဖာတ်လမ်းရဲ့အဆုံးသတ်ဟာ ဘယ်တော့မှ လှလှပပနဲ့ ဆုံးခန်းမတိုင် နိုင်ပေမယ့် ညီ့အပေါ်မှာ ချစ်ခဲ့တဲ့နေနေ့ချစ်ခြင်းတွေဟာ အဆုံးမဲ့ဆို တာကို တစ်နေ့နေ့မှာ ညီ့ကို သိခွင့်ရစေချင်ပါတယ်။





အဆိပ်သင့်ခံရမှသာ အသက်သေတာ မဟုတ်ပါဘူး ညီ။ နှလုံးသားကို အပြင်းထန်ဆုံး အချစ်သင့်စေတာက ဘဝကိုပါ သေစေနိုင်တာပါ။

ဖေဖေပြောသလိုပဲ လွမ်းစရာကို နာစရာနဲ့ ဖြေနိုင်အောင် ကြိုးစားရမည်။ ဒဏ်ရာကျွမ်းနေတဲ့ အသည်းကိုလည်း အတတ်နိုင်ဆုံး ကုစားရဦးမည်။ နွမ်းညှိုးခဲ့တဲ့ နှလုံးသားတစ်ခုလုံးကိုလည်း မာထန်နေအောင် ပြုပြင်ရဦးမည်။

ဩော် ... အသည်းကွဲတယ်ဆိုတာ အများတကာတွေ ရယ်စရာအဖြစ် တင်စားခေါ်ဝေါ်ကြတာပဲဟု ယူဆထားခဲ့မိသည့်တို့က သူမကို လက်တွေ့ပြသလိုက်ချေပြီ။

တာတာရေ ... ငါတော့ ပျော်နေစဉ်အချိန်တွေမှာ နင့်ကို မေ့ထားခဲ့မိပြီ။ အခုလို နာကျင်ချိန်ရောက်မှ နင့်ကို သတိတရ ရှိနေခဲ့တာကိုများ နင်သိသွားရင် ငါ မတရားဘူးလို့ နင် စွပ်စွဲမှာပေါ့ နော်။

အချစ်ဆုံး စိုးတတ်တဲ့အရွယ် မဟုတ်ခဲ့ပေမယ့် ... ငါ တကယ် အချစ်ရူး ရူးခဲ့မိတာကို နင် အသိဆုံးဖြစ်နေမယ်လို့ ... ငါ ယုံကြည်တယ်။

လူဆိုတာ သူ့ဘက်,ကိုယ့်ဘက်မျှတတဲ့ အတွေးအခေါ်တွေနဲ့ ရှင်သန်နေချိန်မှာ ငါကတော့ ငါ့ဖို့ ငါ့အတွက်ကိုပဲ ဦးစားပေးရွေးချယ်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ငါ့နံဘေးမှာ ငါ့ကို ကူညီစောင့်ရှောက်ပေးခဲ့တဲ့ ဝေမျှခံစားပေးခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်းလေးကို မှတ်သိင်ထဲမ်းတဲ့တဲ့အလွမ်းတွေနဲ့ ငါ တသသဖြစ်နေတာကို တယ်လီဖုန်းလေးသာ စကားတတ်ခဲ့ရင် နင်သိအောင် သူပြောပေးမှာပါ တာတာရယ်။

✻ ✻ ✻



# အလယ်

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း
ဆောင်းနှင်းတွေ ဝေတဲ့
ရာသီတောင် ရောက်ပြန်ပြီ။
ဒီလိုဆောင်းမျိုးမှာ
နှစ်ကိုယ်တူ လျှောက်လှမ်းခဲ့
ငါတို့လမ်းကလေးလည်း
ပကတိအတိုင်း ရှိနေမြဲ။
ငါရေးတဲ့စာ
ငါပေးတဲ့ ကဗျာတွေ
မင်းထံမှာ ရှိသေးရဲ့လား။
ဒါမှမဟုတ်
ဖြုတ်လို့
ရေစုန်မျှောလိုက်ပြီလားကွယ်။
ကျန်ရစ်ခဲ့ အတိတ်ခန်း
လွမ်းတသနဲ့ ချန်ရစ်
'အချစ်'ကမ်းတဲ့ မင်းရဲ့လက်
ရက်ရက်စက်စက်နဲ့
ငါ့ကို ထားရစ်လေခဲ့။

သူငယ်ချင်းရေ
၁၅၀၀ ချစ်ခြင်း
ပူလောင်ခြင်းအဓိပ္ပာယ် သက်ရောက်
ငါ နောက်ခဲ့တာ မဟုတ်ပါဘူး
တကယ့်ကို မချစ်စေချင်ခဲ့တာပါ။
တစ်နေ့ကုန် တစ်မိုးနှောင်း
တစ်ဆောင်းသာ သစ်ပြန်တယ်။
မင်းအပေါ်မှာ ထားရစ်
ငါ့ရဲ့ချစ်ခြင်း သံယောဇဉ်တာ
မလျော့ပါ။ မပျက်ပြယ်ဘဲ
အမြဲတည်တံ့ခိုင်မာနေရဲ့။
စိတ်ဆိုးရင်းငြင်းခုန်
စိတ်ပြေတော့ ပြန်ချော့
နောက်တော့လည်း ပြန်ချစ်
၅၂၈ ချစ်ခြင်းတွေ
မင်း မှတ်မိသေးရဲ့လား။
သဒ္ဒါတွေပြည့်ဝ
မေတ္တာဘာသာဗေဒဟာ

www.burmeseclassic.com

www.burmeseclassic.com

အမိပ္ပာယ် နက်ရှိုင်းလွန်းပါတယ်။
ဒါကြောင့် ...
စမ်းတဝါးဝါးနဲ့ မင်း
လမ်းရှေးမများစေချင်တာ
ငါ့ရဲ့စေတနာ အရင်းခံပါ။
သူငယ်ချင်းရယ် ...
အတိတ်ဟောင်းဆိုတာ
မေ့ကောင်းတဲ့အရာမဟုတ်တာမို့
မင်းသတိမရရင်လည်း ရှိပါစေ
ငါတစ်ယောက်တည်းသာ
အတူလျှောက်ဖူးတဲ့ လမ်းလေးထဲ
အထီးကျန်လျှောက်လှမ်းရင်း
အမှတ်တရရက်စွဲတွေအတွက်
ရောင်စဉ်တွေမရောယှက်
မေတ္တာကွက်လပ်တစ်နေရာမှာ
အမြဲထည်သက်သက်နဲ့
မင်းကို လွမ်းနေမြဲပါကွယ် ...။



# အခန်း (၈)

ညနေစောင်းဝေါ်ချမ်းစိမ့်စိမ့်ရာသီဥတုအရသာလေးကို ခံစားရင်း ခြံထဲရှိ မြက်ခင်းစိမ်းစိမ်းလေးပေါ်မှာ အပျင်းပြေ လမ်းလျှောက်နေခဲ့၏။ ခေါင်းထဲမှာ နောက်ရေးရမည့်ဝတ္ထုဇာတ်အိမ်ကို တည်ဆောက်နေမိရင်း အတွေးတို့က အတိတ်ဆီသို့ မကြာခဏ ရောက်သွားရသည်။ ဩော် ... နေခြည်။ သူမဘက်က ဘာမဆို အနစ်နာခံပြီး ချစ်ခဲ့ရသလောက် အချစ်နဲ့တွေ့သွားခိုက်မှာ သူမကို ချောင်ထိုးပစ်ထားခဲ့လေပြီ။

သူမဘဝမှာ ချစ်သောကိုကိုနှင့်အတူ မိဘနှစ်ပါးစလုံး ကင်းမဲ့လျက် ဘိုးဘိုးလက်ထဲမှာသာ ကြီးပြင်းခဲ့ရ၏။ နွေးထွေးလုံခြုံလှသည့် မိဘရင်ခွင်ကို တမ်းတမိရင်း မောင်နှမနှစ်ယောက် တစ်ဦးနှင့်

www.burmeseclassic.com



တစ်ဦး မိဘရင်ခွင်ကို တမ်းတမိရင်း မောင်နှမနှစ်ယောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သံယောဇဉ်ဖြင့် သာ ထားရှိခဲ့ရလေသည်။

လေးနှစ်အရွယ် မူကြိုစတက်စဉ်ကာလမှာ ကိုကိုက လေးတန်းကျောင်းသားကြီးမို့ အဖြူအစိမ်းနှင့်ပင်ဖြစ်နေပြီ။ သူမကို ကျောင်းထဲအထိ လိုက်ပို့ပေးကာ လူကြီးတစ်ယောက်လို ဆရာမထံ ညီမလေးကို ဂရုတစိုက် အရင်အပ်ခဲ့ပြီးမှ ဘိုးဘိုးလိုက်ပါလာသည့် ကားပေါ်တက်ကာ ကျောင်းကို သွားတော့၏။

သူများတကာတွေ မိစုံဖစုံနှင့် လိုက်လံပို့ဆောင်ပေးကြသည်ကို မျက်လုံးဝိုင်းလေးဖြင့် အငေးသားကြည့်နေမိရင်း အဖေဖြစ်သူ၏ ပုခုံးကိုဆွဲလျက် ကောက်ချိတ်နေသည့် ဆံပင်ရှည်ရှည်ကောင်မလေးကို သူမ တွေ့လိုက်ရလေ၏။

"ကျောင်းတက်ချင်ဘူး ... ကျောင်းတက်ချင်ဘူး။ ဖေဖေနဲ့ပဲ ပြန်လိုက်မယ်၊ အိမ်ပြန်ခေါ် ... အီး ... ဟီး ... ဟီး ... ဟီး"

"သမီးရယ် ... ဒီလိုမဆိုးရဘူးလေ၊ သမီးပဲ ဆရာဝန်မကြီးဖြစ်ချင်တယ်ဆို၊ ပညာတွေအများကြီးတတ်မှ သမီးဖြစ်ချင်တာ ဖြစ်မှာပေါ့၊ လိမ္မာတယ်နော်၊ အိမ်မှာဆို သမီးတစ်ယောက်တည်း ပျင်းတယ်ဆို၊ ဒီမှာသမီးအတွက် သူငယ်ချင်းတွေ အများကြီးရှိတယ်၊ ပျော်စရာကြီး ... သမီးရဲ့ ... နော်"

"ဟင့်အင်း ... ဟင့်အင်း ... ပြန်လိုက်မယ်၊ ဟင့်အင်း"

မျက်ရည်လည်ရွဲနှင့် ကောင်မလေးကိုကြည့်ရင်းက သူမ





သနားသွားရသည်။ စကတ်ဖားဖားလေးကိုမချဲ့ လှေကားထစ်များကို ပြေးဆင်းကာ ထိုသားအဖအနီးသို့ လျှောက်သွားလိုက်ပါ၏။

"ဟော ... ဟိုမှာကြည့်စမ်းသမီး။ ပါးဖောင်းဖောင်းလေးနဲ့ ချစ်စရာသူငယ်ချင်းလေး။ သမီးလိုလည်း မငိုဘူး။ တွေ့လား ဘယ်လောက်လိမ္မာလိုက်သလဲ"

ကောင်မလေးက ငိုနေရာမှ တိတ်သွားပြီး သူမထံလှည့်ကြည့်လာ၏။ သူမက ရင်းနှီးခင်မင်စွာဖြင့် ပြုံးပြလိုက်ပါသည်။

"သမီးနာမည်က တာတာပါ ဦးဦး"

"ဟော ... တွေ့ရတာ ဝမ်းသာပါတယ် သမီးရယ်၊ ဦးဦးနာမည်က ဦးထွန်းခေါင်ပါ၊ ဟောဒါက ဦးဦးရဲ့သမီးလေး နေခြည်နှင်းပွင့်လေ၊ သမီးက မေမေမရှိတော့ အရမ်းဆိုးတယ် တာတာလေးရဲ့"

"ဟင် ... ဟုတ်လား။ တာတာ့ကို ဘိုးဘိုးက ပြောတယ်၊ ဆိုးတဲ့ကလေးတွေဆိုရင် ဘယ်သူမှမချစ်ကြဘူးတဲ့၊ မေမေမရှိတာနဲ့ ဆိုးစရာမှမဟုတ်ဘဲနော် ဦးဦးရယ်၊ တာတာ့မှာဆို ဘိုးဘိုးနဲ့ကိုကိုပဲရှိတာ၊ ဖေဖေနဲ့မေမေက တာတာငယ်ငယ်လေးကတည်းက ကားချင်းတိုက်မိပြီး ဟိုး ... နတ်ပြည်ကို တက်သွားပြီတဲ့ ဦးဦးရဲ့"

"ဪ ... ဖြစ်မှဖြစ်ရလေ တာတာလေးရယ်၊ ကြည့်စမ်း ... သမီးနေခြည် တာတာလေးက ဘယ်လောက်လိမ္မာယဉ်ကျေးလိုက်သလဲ၊ အဲဒီလိုကလေးမျိုးမှ ဆရာတွေလည်း ချစ်မှာပေါ့၊ သမီးအခုလိုဆိုးနေရင် ဆရာမတွေ သမီးကိုရိုက်လိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သမီးကို ဆရာမတွေ့ရိုက်ရင် ဖေဖေက ပြန်ရိုက်ပေးပေါ့လို့"

ဦးထွန်းခေါင် အားပါးတရ ရယ်မောလိုက်ပါ၏။ တာတာလေးက သဘောတကျဖြင့် လိုက်ရယ်ရင်း နေခြည်နှင်းမွှင့်၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။

"ဆရာမဆိုတာ ကျောင်းသူကျောင်းသားတွေအတွက် ကျောင်းကမိခင်လို့ တာတာ့တိုးဘိုး ပြောဖူးတယ် နေခြည်ရဲ့၊ အဲဒီလို မပြောရဘူး"

"ကောင်းပြီဟေ့ ... ဦးဦးရဲ့သမီးကို ဆုံးမပေးမယ့်သူငယ်ချင်းလေးတော့ တွေ့ပြီ၊ ကဲ ... သမီးတာတာ ဦးဦးက အလုပ်သွားတော့မှာ၊ ဒီတော့ နေခြည်လေးကို သမီးလက်ထဲ ဦးဦး အပ်ခဲ့မယ်၊ သူဆိုးရင် ဦးဦးကို သမီးပြန်တိုင်ပြောနော်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဦးဦး"

"ကဲ သမီး ... ဖေဖေသွားမယ်"

"အင်း"

ဦးထွန်းခေါင် လှည့်ထွက်ခဲ့ပြီး ကားပေါ်တက်၍ လှည့်ကြည့်မိတော့ အင်္ကျီရင်ဘတ်မှာ ချိတ်ထားသည့် လက်ကိုင်ပဝါလေးဖြင့် သမီးဖြစ်သူ၏မျက်ရည်တို့ကို သုတ်ပေးနေရှာသည့် တာတာ့ကို မြင်လိုက်ရလေသည်။ မူကြိုကျောင်းခန်းထဲသို့ တစ်ယောက်လက်ကိုတစ်ယောက်က ကိုင်ရင်း ဝင်ခဲ့သည့် ကလေးမလေးနှစ်ဦးတို့သည်





နောင်လာမည့် နှစ်ကာလများစွာအထိ ထိုလက်တို့ကို မြဲမြဲစွာဆုပ်ကိုင်သွားလိမ့်မည်ဟု မည်သူက ထင်ပါလိမ့်မည်နည်း။

သူငယ်တန်းရောက်တော့ အတန်းထဲမှာ ရောင်စုံကားချပ်ကို ထောက်၍ စာဆိုပြရစဉ် နေခြည့်အလှည့်အရောက် ... အိုမှာ အဆံနှင့်အမြီးလေးပါသည့်အက္ခရာကို အသံမထွက်တတ်သဖြင့် သူမက အနောက်မှ တီးတိုးပြောပြလိုက်ပါ၏။

"ခယူလေ ... နေခြည်ရဲ့"

သူမအသံကို ဆရာမ,ကြားသွား၍ အဆူခံရပါလေတော့၏။ ထိုစဉ်ကတော့ ဆရာမ ဆိုဆုံးမမှုကို မနာခံတာ မဟုတ်ပါဘဲ သူငယ်ချင်းဖြစ်သူ၏အခက်အခဲကို ဖြေရှင်းပေးချင်သည့်ဆန္ဒတစ်ခုသာ ရှိခဲ့ပါသည်။

"သမီးတွယ်တာ ... သူငယ်ချင်းကိုချစ်ရင် အဲဒီလို စာမပြောပေးရဘူးလေ၊ ဒါ ... သမီးတို့ကို သင်ထားပြီးသား၊ နားလည့်မလည်ဆရာမ ပြန်စစ်နေတာ၊ နောက်ကို မပြောရဘူးနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

စာမေးပွဲဖြေတော့ ကွက်လပ်ဖြည့်စဉ် နေခြည့်အဖြေကို သူမက အမှားထောက်ပြပေးခဲ့ပါသည်။

"နေခြည် ... ဂငယ်ကို အဆံမထည့်နဲ့လေ၊ အဲဒါ ရှုံးပြစ်သွားမယ်၊ ရော့ ... ခဲဖျက်နဲ့ ဖျက်လိုက်"

"တွယ်တာမောင် ... ဘာတွေပြောပြနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . နေခြည် ခဲဖျက်ငှားလို့ပါ ဆရာမ"

သူမက မျက်နှာသေလေးဖြင့် ပြန်ဖြေခဲ့ပါ၏။ အမှတ်စာရင်းတွေ ထွက်လာတော့ နေခြည်ရော၊ သူမပါ နှစ်ယောက်စလုံး အဆင့် (၁) နေရာမှာ ရှိနေခဲ့လေသည်။ ဆရာမများက သူမနှင့် နေခြည်ကို နေရာခွဲ၍ ဖြေခိုင်းသော်လည်း အတန်းထဲမှာပင် နေခြည်က ပြခနဲ အော်ငိုချတတ်သဖြင့် နေခြည်နှင့် တစ်ခုံတည်း၌သာ သူမ ဖြေခွင့်ရခဲ့ပါ၏။

နှစ်စဉ်နှစ်တိုင်း ဖြေလာခဲ့တဲ့ စာမေးပွဲတွေမှာ အဆင့် (၂) နေရာကိုသာ သူမ ရယူခဲ့ခြင်းဟာ အချစ်ဆုံးသူငယ်ချင်းလေးရဲ့ မျက်ရည်တွေကို မမြင်ရက်လို့ဆိုတာကို သူမကိုယ်တိုင်သာလျှင် သိခဲ့ပါ၏။ ဘာမုန့်ပဲစားစား၊ ဘာပစ္စည်းပဲဝယ်ဝယ်၊ ဘယ်အရာတွေကိုပဲ ရခဲ့ပါစေ အမြွှာညီအစ်မတွေလို အမြဲနှစ်ခုပူး ရယူဝေမျှခဲ့တာဟာ အင်မတန်မြူးစင်လှတဲ့ချစ်ခြင်းတွေကြောင့်ပါ။ ထားရှိခဲ့တဲ့ သံယောဇဉ်ရဲ့အတိမ်အနက်ကို ဘယ်သူမှ မနှိုင်းဆနိုင်ကြပေမယ့် သူမ၏ကိုကိုနှင့် နေခြည့်ဖေဖေသာ သိနေပေလိမ့်မည်။

အရွယ်ရောက်လာတာနဲ့အမျှ အလှသွေးကြွယ်နေသည့်ထက် ပို၍ပြင်ဆင်ခြယ်သလာသည့် နေခြည့်ဝန်းကျင်က အန္တရာယ်မှန်သမျှကို ကာကွယ်နိုင်ခွင့် သူမ ရယူပိုင်ဆိုင်ခဲ့ပါ၏။ ကိုယ့်အတွက် ကိုယ့်အန္တရာယ်ကိုတောင် မငဲ့ကွက်နိုင်ဘဲ နေခြည်ဆိုသည့်အတွယ်တာရဆုံးသော သူငယ်ချင်းလေးကိုသာ ပထမနေရာမှာ ထားပေးခဲ့တာဟာ





နည်းနည်းနောနောချစ်ခြင်းတွေတဲ့လား။

ဘဝရဲ့အရေးအကြီးဆုံး လှေကားထစ်ကို လှမ်းတက်နေစဉ် တစ်ရက် . . . အိမ်မှာလာကြိုမည့်ကားတွေကို ကျောင်းပြင်မှာ ထိုင်စောင့်နေခိုက် နေခြည့်ကို စောင့်ကြည့်နေသည့် ခပ်တေတေကောင်လေးတစ်ယောက်၏နှောင့်ယှက်ခြင်းကို ရင်ဆိုင်ခဲ့ရလေ၏။ မိုက်တိမိုက်ကန်းအပြောတို့နှင့်ပင် အဆုံးမသတ်ဘဲ နေခြည့်လက်ကို ဆွဲကိုင်လိုက်တော့ ရင်တွင်းမွှေနှောက်သွားသည့် အတ္တမဲ့ သံယောဇဉ်က ထိုကောင်လေး၏မျက်နှာကို မရည်ရွယ်ပါပဲ ထိုးလိုက်သည့်လက်သီးချက်ဖြစ်နေခဲ့သည်။

မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် သူမကို စူးရဲစွာ ကြည့်လိုက်ပြီး အားအပြည့်ပါသည့်လက်အစုံဖြင့် တွန်းချပစ်လိုက်စဉ် နေခြည့်အော်သံကြောင့် အနီးအနားမှ လူကြီးများရောက်လာ၍ ပြဿနာကို ပြေလည်စေခဲ့ပါသည်။ ကတ္တရာလမ်းမကြီးထက် ပစ်ကျစဉ် ထောက်လိုက်မိသည့် လက်တံတောင်ဆစ်နေရာမှ နာကျင်မှုနှင့်အတူ ဖြာခနဲထွက်လာသည့် သွေးတို့က သူမအတွက် အိပ်မက်တစ်ခု ယုတ်ပါလေခဲ့။

အဲဒီနောက်ပိုင်းမှာ စာမေးပွဲဖြေဆိုရန် ကျောင်းတွေပိတ်ထားဆဲတော့ နှစ်ယောက်သား ဖုန်းဖြင့်သာ စကားတွေပြောကြရင်း အနေဝေးခဲ့သည်က ထာဝရအတွက် အစပျိုးနိဒါန်း ဖြစ်နေလိမ့်မည်ဟု သူမ အမှန်တကယ်ကို မထင်မိခဲ့။ သူမ ရှစ်တန်းရောက်ခဲ့စဉ်က သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကို စိတ်ချလက်ချဖြင့် ဘိုးဘိုးက ထားရစ်ခဲ့ပြီး ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့လေပြီ။ မိဘနေရာ၊ အဘိုးနေရာ၊ အစ်ကိုရောအားလုံး ပေါင်းစု၍ သူမအပေါ် အချစ်တွေပို့ခဲ့သည့် ကိုကို၏စိုးရိမ်လွန်ကဲမှုက D သုံးလုံးဖြင့် အောင်ခဲ့သည့် သူမကို Distance ယူ၍ အိမ်ထဲမှာပင် နေခဲ့စေခြင်းတဲ့။

သူငယ်ချင်းနှစ်ဦး မခွဲချင်ပါဘဲ ခွဲခဲ့ရလို့ နှစ်ယောက်သား ဖက်ငိုကြစဉ်က အချိန်အားတိုင်း အမြဲသတိရနေမည်ဟု သူမ၏ယုံကြည်မှုတို့သည် ယခုတော့ သဲထဲရေသွန်မိသလို အရာမထင်တော့ပြီ။ ကိုကို၏ဆန္ဒကို သူမ လိုက်လျောပေးခဲ့ပေမယ့် သူမ၏ဝါသနာကို လည်း နားလည်မှုအပြည့်ဖြင့် ကိုကိုက ပြန်လည်ဖြည့်ဆည်းပေးခဲ့ပါ၏။

သူမတို့နှစ်ဦး၏ချစ်ခြင်းကို ခွဲရက်စေခြင်းရယ်ဟု ကိုကို့အပေါ် အပြစ်မတင်မိဘဲ နွေးထွေးသည့်အသိုက်အမြုံလေး၏အနှစ်သာရကို အပြည့်အဝခံစားခွင့် ရရှိခဲ့ရသည်မို့ သူမ ကိုကို့ကို ကျေးဇူးလည်း တင်၊ အချစ်လည်း ပိုခဲ့ရလေသည်။ ဩော် ... မောင်နှမဆိုတာ တစ်အူတုံဆင်း တစ်သွေးတည်း တစ်သားတည်း ထပ်တူထပ်မျှ ဖြစ်နေသည် မဟုတ်ပါလား။

လက်တံတောင်ဆစ်နေရာမှ အမာရွတ်ကလေးကို စမ်းလိုက်မိပြီး မျက်ရည်တို့ဝဲလျက် မချိပြုံးလေးကို ပြုံးလိုက်မိသည်။ နေခြည် ... ခုတော့ဖြင့် ငါ့ကို နင်မေ့ပြီ။ နင် သိပ်ချစ်တဲ့ချစ်သူရဲ့ရင်ခွင်မှာ





အပျော်တွေအပြည့်နဲ့ ကြည်နူးနေရောပေါ့။

အတိတ်ရောင်စဉ်တို့က မှုန်ဝါးဝါးရှိနေရာမှ ကွယ်ပျောက်သွားပြီး လက်ရှိပစ္စုပ္ပန်စူးစူးကို ပြန်ရောက်လာခဲ့ပြန်၏။ သူမ၏နောက် ရေးရမည့်စာအုပ်သည် (၁၀) အုပ်မြောက်အထူးဖြစ်သလို သူမဘဝ၏ အနုပညာမှတ်တိုင်တစ်ခုဖြစ်နေရမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ဝန်းကျင်အနှံ့ လျှောက်ကြည့်နေမိသည်။ သူမ အလွန်နှစ်သက်သည့် ကန္တာရနှင်းဆီပင်မှ မရမ်းစေ့ရောင်ပွင့်ဖတ်လေးကို လက်ညှိုးလေးဖြင့် အသာလေးထိတို့ကစားမိစဉ် ခါးလယ်ခန့်ရှိသည့် ပုဏ္ဏရိပ်ခြံစည်းရိုး၏ဟိုဘက်ခြမ်းမှ မည်းမည်းအရိပ်တစ်ခုကို ရုတ်တရက်တွေ့လိုက်ရလေ၏။ ဘုရားရေ ... ဘာကြီးလဲ။

သူခိုးလား ... ဘာလား။ ဇဝေဇဝါအတွေးဖြင့် စဉ်းစားမရဖြစ်နေတုန်း အိမ်မှ ဘိုနီက ကိုကို့ကားပေါ်ပါသွားသည်ကို မှတ်မိသွားသည်နှင့် ဦးမြိုင်ထားခဲ့သည့် ရေပိုက်ခွေကို ဆွဲဆန့်၍ ဘုံဘိုင်ကို လှည့်ဖွင့်လိုက်ပါ၏။ ဖျန်းခနဲ ရေတွေပန်းထွက်လာသည့်အခိုက် အာမေဋိတ်သံနှင့်အတူ ဖျတ်ခနဲမတ်တတ်ထရပ်လိုက်သော လူတစ်ယောက်ကို သူမ မြင်လိုက်ရလေသည်။

"ဟာ ... ဟေ့ ... ဟေ့ မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာ အကုန်စိုကုန်ပြီကွ"

"အမယ် ... ကျွန်မဟာကျွန်မ ခြံထဲကပန်းပင်တွေ ရေဖျန်းနေတာ၊ ရှင်က ခြံစည်းရိုးနားကပ်နေတော့ စိုမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရေလောင်းတာကလည်း သူများခြံထဲထိရောက်အောင် လောင်းရလားကွ၊ မင်းမှာ မျက်စိမပါဘူးလား"

"ပါသားပဲ … ဟောဒီမျက်စိကြီးနဲ့ ကြည့်ပြီး လောင်းနေတာ လူတိုင်းတွေ့တယ်၊ ရှင်သာ လူမသိသူမသိ ဘာတွေလုပ်နေလဲမှ မသိတာ"

"တောက် … မင်းနော် … မင်း … မိန်းကလေးဖြစ်နေလို့"

"အံမာ … မိန်းကလေးဖြစ်နေတော့ရော ဂရုစိုက်စရာလား။ လုံးဝမကြောက်ဘူး"

"ဟာ … မင်းဘက်ကလည်း လွန်သေးတယ်၊ လူကို မတောင်းပန်ဘဲ ကက်ကက်လန်စွာနေလိုက်တာ"

"ဟင် … ရှင်ကပဲ ပြောရတယ်ရှိသေး။ ယောကျ်ားကြီးတန်မဲ့ မိန်းကလေးနဲ့ ပြိုင်စွာနေပြီးတော့"

"ဟ … ငါက ငါ့ခြံထဲမှာ နေနေတာလေ၊ မင်းကပဲ ကျူးကျော်ပြီး ရေပက်ပြီးတော့ … ဘယ်လိုမိန်းကလေးမှန်းလည်း မသိပါဘူး။ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ တောင်းပန်မလားမှတ်တယ်၊ ခုတော့ မဆီမဆိုင်အော်ကြောလန်ပဲ"

"ရှင် … ရှင်နော်၊ ရေလေးစိုသွားတာပဲ၊ ရေချေးပုပ်နဲ့ ပက်တာမှ မဟုတ်တဲ့ဟာ၊ အထိမခံနိုင်ဖြစ်နေပြီးတော့ လူကို စွာတေးလန်အော်ကြောလန်နဲ့ နာမည်မဖျက်ပါနဲ့၊ ဟွန်း …"





"ဟာကွာ … ခြံထဲ ဒီနေ့ပဲ ပြောင်းလာတယ်၊ ဒီနေ့ပဲ ပြဿနာဝင်ရတယ်လို့ … ကျွတ်"

"ဘာပြဿနာ ဝင်ရမှာလဲ၊ ကျွန်မဟာကျွန်မ ရေလောင်းနေတာများ … ရှင်နဲ့ အနေသာကြီး"

"တော်ပြီ … တော်ပြီ … ငါ စကားဆက်မများချင်တော့ဘူး"

သူက ပြောပြောဆိုဆို အနားမှ လှည့်ထွက်သွားပြီး သစ်သားအိမ်လေးပေါ် တက်သွားတော့၏။ သူမလည်း ဘုံပိုင်ကို ပြန်ပိတ်လိုက်ပြီး အိမ်ပေါ်ပြေးတက်လာခဲ့သည်။ အဲဒီခြံထဲမှာ လူမနေတာ ကြာပြီမို့ စပ်စပ်စုစုနှင့် ခြေဖြင့် ပက်လိုက်မိကာမှ အိမ်ရှင်လက်သစ်နှင့် တန်းတိုးရတော့၏။ သူမစိတ်ထဲ၌ သူ့ကို သူခိုးလို့ထင်နေတာကိုများ သူသိသွားရင် ဘယ်လောက်အထိ ဒေါသတွေ ထွက်နေမလဲ။ အတွေးတို့ဖြင့် သူမတစ်ယောက်တည်း ရယ်မောနေမိတော့သည်။

✽

"တောက်"

စိုသွားသည့်အကျီကိုချွတ်၍ နောက်ဖေးရှိ ရေစည်ပိုင်း၌ ရေချိုးလိုက်ပါ၏။ တိုက်ခန်းမှာ မေမေ့စကားသံတွေနဲ့ ဘယ်လိုမှ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးရှိမရသဖြင့် မမဖူးငုံ ဝယ်ပေးထားသည့် ဥမြိခြံသို့ သူ ရောက်ခဲ့ရလေသည်။ မြက်ရိုင်းပင်များ၊ ချုံပင်များ ရှုပ်ယှက်ခတ်နေသည့်မြေကို တဖြည်းဖြည်း ရှင်းနေခြင်းဖြစ်သည်။ အပင်ကြီးဆို၍ ခရေပင်ကြီး တစ်ပင်တည်းသာ ရှိသဖြင့် ရှင်းထားသည့်ကွက်လပ်များ၌ မျက်စိပသာဒဖြစ်စေမည့် ပန်းပင်ကလေးများ စိုက်ပျိုးရန် စီစဉ်ထား၏။

သီချင်းလေးရေး၊ သံစဉ်ကို ဂစ်တာဖြင့် ညှိကာ အညောင်းပြေလမ်းလျှောက်ရင်း ပန်းပင်များစိုက်ချင်သည့်စိတ်ကူးကို သူ ရရှိခဲ့ခြင်း ဖြစ်၏။ Day တက်စဉ်က ရှားပါးခဲ့သည့်အချိန်တို့ဟာ Distance ပြောင်းလိုက်သည်နှင့် သူ့အတွက် သီချင်းစာသားရှာရန် လိုအပ်နေသည့်အချိန်ပိုတို့ကို သူရရှိခဲ့ရလေသည်။

အဝတ်အစားလဲလှယ်ပြီး လက်ဖက်ရည်သောက်ရန် လမ်းထိပ်ဘက်ထွက်ခဲ့စဉ် တစ်ဖက်ခြံရှိ သူနှင့် ပဋိပက္ခဖြစ်ခဲ့သည့် ကောင်မလေးက လသာဆောင်မှာရပ်၍ ငေးနေသည်ကို တွေ့ရလေ၏။ အကြည့်ကိုလွှဲဖယ်၍ လမ်းမှာလျှောက်လှမ်းရင်း တွေးသွားသည်က နေနေနှင့်ရွယ်တူဖြစ်နေသည့်ကောင်မလေး၏ပုံရိပ်ဖြစ်နေသဖြင့် သူ အံ့ဩသွားရသည်။ ဆံပင်က မတိုမရှည်။ Step ပုံ မကျတကျ အရပ်က ပုပြတ်ပြတ်၊ အသားက ညိုညက်ညက်၊ မျက်လုံးမျက်ဖန်က လှလှ၊ နှာတံက မချွန်ပါဘဲ ခပ်လုံးလုံးလေးဖြစ်နေပေမယ့် ကြည့်ကောင်းရဲ့၊ ထူအမ်းအမ်း နှုတ်ခမ်းလွှာများက ဖူးငုံစနှင်းဆီပွင့်လေးသဖွယ်။





ချို၍ ကြည်ချင်ချင်အသံက အတော်ကလေး ဆွဲဆောင်အားကောင်းလှ၏။ သူသဘောအကျဆုံးကတော့ နက်မှောင်၍ တလက်လက်တောက်ပနေသည့် သူမ၏မျက်လုံးများပင်။ ခြံ၌ကြည့်လိုက်ပါက ကော်ပတ်ရုပ်ကလေးလို အပြစ်ကင်းစင်သည့် ကောင်မလေးတစ်ယောက်ဟူ၍ပင်။ ဖုန္ဓေါ . . . သူ ဘာတွေတွေးနေမိပါလိမ့်။

ရည်းစားနှင့်ကွဲခါစ တစ်လကျော်ကျော် တေပေလေလွင့်နေခဲ့ပြီး လမ်းပေါ်လျှောက်သွားနေသည့်သူ့ကို မမဖူးငုံက တွေ့သွား၍ ဆုံးမခဲ့၏။ တစ်ဝမ်းတည်းသာကွဲသည့် အစ်မဖြစ်သူက ဝယ်ထားတာကြာပြီဖြစ်သည့် ခြံတစ်ခြံ၌ သူ့ကို အစောင့်သဘောလည်း ဖြစ်၊ တေလေနေသည့်စိတ်ကို ပြေပျောက်စေရန် လိပ်စာပေး၍ လွှတ်လိုက်ခြင်းဖြစ်၏။

နေနေနှင့်လမ်းခွဲခဲ့ရစဉ်က ဘယ်သူ့အပြစ်ရယ်လို့ သူတိတိကျကျမပြောလိုပေမယ့် သူကိုယ်တိုင်ကလည်း ကိုင်ထားသည့် အစွန်းတစ်ခုကို လွယ်လွယ်နှင့်အလျှော့မပေးလိုခဲ့၊ မိဘရင်ခွင်မှာ လက်ဖြန့်သုံးနေရသည့်ဘဝမှ ယောက်ျားမျက်နှာကြည့်ပြီး သိမ်ငယ်နေရမည့် အဖြစ်ကို သူမလိုလားခဲ့ပေ။

အခက်အခဲများစွာကြားက ကျားကုပ်ကျားခဲ ကြိုးစားခဲ့ရသည့်ရလဒ်ကို သူ အလွယ်တကူ မလွှင့်ပစ်နိုင်။ စတင် သွင်းနေပြီဖြစ်သည့် သူ့သီချင်းခွေကိစ္စအတွက် စုဆောင်းထားသည့် မှန်ဒိုးများ၊ မေမေ့လုပ်ငန်းထဲမှ ငွေအချို့အပြင် အပေါင်းအသင်းများထံမှ



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးများကို ချေးငှား၍ ဝါသနာကို အကောင်အထည် ဖော်နေခဲ့ပြီ။

မမဖူးငုံဝယ်ပေးထားသည့် ဤခြိကို ဂီတလောကမှာ သူ အောင်မြင်ပြီးသည်နှင့် နှစ်ကြိမ်ခွဲ၍ ငွေချေဝယ်ယူရန် မမဖူးငုံက စီစဉ်ပေးခဲ့ပြီးပြီ။ နှလုံးရောဂါ ဆီးချိုရောဂါပါ ပြုဖြစ်နေသည့် ပင်စင်စားဖခင်ကြီးကိုပစ်၍ နေနေ့ထံ မနေချင်သည့် သူ့အကြံအစည်ကို အပြစ်တစ်ခုလို့ ယူဆချင်လည်း ယူဆပါစေတော့။ မေမေ့၏မိဘဘက်မှ ရလာသည့်အမွေလေးကို မပျောက်ပျက်ရလေအောင် တတ်သလောက် မှတ်သလောက် စီးပွားလုပ်နေရရှာသည့် မေမေ့ကိုလည်း နားစေချင်ပြီ။ ရောဂါကြောင့် ပင်စင်မယူမဖြစ် ယူခဲ့ရသည့် ဖေဖေ့ကို ပြုစုရတာတစ်ဖက် စီးပွားရှာရတာတစ်ဖက်မို့ မေမေ့ကို သူ ပိုသနားရ၏။

ကိုယ်တိုင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပါသည့် အနုပညာအလုပ်ကို ကျောခိုင်း၍ မိန်းမတစ်ယောက်၏ဝန်ထုပ်ဝန်ပိုးနှင့်မမျှအောင် ထမ်းထားရရှာသည့် မေမေသည် စွန့်လွှတ်ခဲ့ရရှာသည့် ဂီတပိုးတို့ကို ထည့်သွင်းပါဝင်ခဲ့ရှာသည့် သားကလေး၏လိုအင်ဆန္ဒမှန်သမျှကို ပြောစရာမရှိ ဖြည့်ဆည်းပေးရှာပါ၏။

တစ်ဦးတည်းသော သားပေမို့ ဆိုးဆိုးသွမ်းသွမ်းဖြစ်မလာသည့်သားကို လက်ကြောတင်းအောင် အလုပ်မလုပ်ပေမယ့် တစ်ခါမှ အဆိုးပြော၍ ငြိုငြင်ခဲ့သည်မရှိခဲ့။ သားကို သခင်၊ လင်ကိုဘုရား





အားထားကိုးကွယ်လွန်းသည့်မေမေနှင့် တစ်အိမ်လုံးမှာ ဗိုလ်ကျအနိုင်ယူတျှင့်ရှိနေသည့်နေနေတို့ အစဉ်သဖြင့် ပြေလည်နိုင်ပါ့မလားဟူသည့် အတွေးတို့သည် နေနေနှင့်ချစ်သူဖြစ်ပြီး မကြာခင် တွေးဖြစ်ခဲ့သည့် အတွေးများပင်။

ကျေးဇူးရှင်မိဘနှစ်ပါး သက်ရှိထင်ရှားရှိနေပါလျက် မွေးကျေးဇူး ကျွေးကျေးဇူးကို တစ်စက်ကလေးမှ မဆပ်ဖြစ်တဲ့ ဘွဲ့ရသည်နှင့် ယောက္ခမအိမ်ကို ကျောကျောလေး သူတက်မသွားလိုပါ။ မိဘကို ပြန်ကြည့်ချင်ပါလျက် ယောက္ခမအလုပ်မှာ လုပ်၊ ယောက္ခမကျွေးတာ စားပြီး ယောက္ခမပေးသလောက် သုံးရအောင် လက်ဖြန့်ရမည့်အလုပ်ကို သူ အရှုံ့မုန်းဆုံး။

စက်သံ ဆူဆူညံညံတွေကြားမှာ သူလို လူကောင်းတစ်ယောက်တောင်မှ မနေနိုင်တာ ရောဂါသည်ဖေဖေ့အဖို့ ပြောဖွယ်ရာမရှိတော့။ ငွေတစ်ဝက်ချေပေးသည့်အချိန်နှင့် ဤခြံကလေးကို သူ ရှင်းပြီးချိန် အနေတော်လောက်မှာ ဖေဖေနှင့်မေမေ့ကို သူ ခေါ်ထားတော့မည်။ လက်ရှိလုပ်လက်စ မေမေ့လုပ်ငန်းကို မေမေ့လက်ထောက်မဝါကို လွှဲပေးထားလိုက်မည်။ ဒါဆို ဖေဖေနှင့်မေမေ နားနားနေနေဖြင့် ကျန်းကျန်းမာမာနေထိုင်သွားနိုင်ပေမည်။

ဘဝကို လက်တွေ့ကျကျ လျှောက်ရမည့် သူ့လိုလူတန်းစားမျိုးမှာမှ နေနေ့လို လူကုံထံသမီးမျိုးနှင့် ဆုံရတာယ်လို့။

Fresher Welcome တုန်းက စားပွဲဝိုင်းလေးမှာ ထိုင်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လူနှင့်စိတ်မကပ်ဘဲ တွေးချင်ရာတွေး၊ ငေးချင်ရာငေး နေလျက် မျက်ရည်တို့ ဝေ့ဝဲနေသည့် မြင်ကွင်းလေးကို မြင်ရစဉ်မှာ ရင်ထဲတစ်မျိုးဖြစ်သွားရပြီး နေနေ့ကို သူပတ်သက်ခဲ့ရခြင်း ဖြစ်သည်။ မြင်ပုံသဏ္ဌာန်ကိုကြည့်၍ အနေအေးမည်ဟူသည့် အတွေးတို့သည် ချစ်သူသက်တမ်းတိုတိုလေးအတွင်းမှာပင် ကွယ်ပျောက်ကုန်လေ၏။

အပေးအယူမျှတရမည့် အသေးအမွှားကိစ္စလေးတွေတောင်မှ သူမဘက်က အလွယ်တကူလိုက်လျောခဲ့သည်ဟူ၍ မရှိဖူးခဲ့။ ထစ်ခနဲရှိ စိတ်ကောက်ချင်ကောက်၊ အကြောင်းပြချက် မနိုင်လုံပါဘဲ ငိုချင်ရင် ငိုချလိုက်သည့်အကျင့်တို့က ကြာလာတာနဲ့အမျှ သူ လန့်လာခဲ့ရ၏။

မချစ်လို့တော့ မဟုတ်ပါဘူး နေနေ။ ရွှေလင်ပန်းနဲ့ အချင်းဆေးလာခဲ့ရတဲ့ ရွှေအိမ်စံမင်းသမီးလေးဆိုတာ ... ကိုယ့်အတွက် အိပ်မက်ထဲမှာပဲ ထည့်မက်သင့်တာပါ။ လမ်းဘေးရှိ ဖွက်အိုင်လေးကိုတောင် ရွံရှာတတ်နေရင် ရောဂါသည်ဖေဖေနဲ့ သူ ဘယ်လိုတွေ့ပေးဝံ့ပါ့မလဲ။ အစစအရာရာ ညှိနှိုင်းစရာတွေ များလွန်းနေခဲ့တော့ နေနေ့ဖေဖေ၏ ကြိုးစွဲရာကို သူ မကဖြစ်တော့ဘဲ ရုန်းထွက်လာခဲ့ရတာဟာ သူ့အတ္တကြောင့်လို့ဆိုပေမယ့် နှလုံးသားရှိတဲ့လူမို့ နာကျင်ကြေကွဲရတာ အမှန်ပါ။

ဘယ်သူ့မပြု မိမိမှုတဲ့။ အစကတည်းကသာ သူ့စိတ်ကို အလိုမလိုက်ခဲ့ရင် သူလည်း အခုလိုမျိုး ခံစားရမှာမဟုတ်သလို နေနေ့





ဖေဖေရှေ့၌လည်း သူ အရှက်ကွဲရမှာမဟုတ်ခဲ့။ နောင်တဆိုတာ နောင်မှ 'တ' မြဲဆိုရင် ရင်ခုန်လှုပ်ရှားသွားတဲ့အဖြစ်အပျက်ကလေးကို ဦးတည်ပြီး သူငယ်ချင်းများ၏စနောက်မှုမှာ စီးမျောပါဝင်ခဲ့သည့် သူ့အဖြစ်ဆိုးကြီးကို သူ သင်ခန်းစာကောင်းကောင်းယူရပေမည်။

သူ့ဘဝမှာ အချစ်ဆိုတာကို လွယ်လွယ်ပြော၊ လွယ်လွယ်ချစ်၊ လွယ်လွယ်နဲ့ ဖြတ်တောက်ရမည်ဟု မည်သို့ထင်ထားခဲ့မည်နည်း။ အနာရှိရင် ဆေးရှိတယ် မဟုတ်လား။ ဟက်တက်ကွဲနေတဲ့ အသည်းကို ဓာတ်ကြမ်းတိုက်ကုသင့်ရင်လည်း ကုရမှာပေါ့လေ။ အချိန်ဆိုတဲ့ သမားတော်ကြီးက သူ့ဝေဒနာကို အချိန်မီကုစားနိုင်ခဲ့ရင် ကြာလာသည်နှင့်အမျှ အနေဝေးရင် သွေးအေးသွားမည်ဟု သူ ယုံကြည်ပါသည်။

ဆယ်ကျော်သက်အရွယ်တုန်းကတောင် ရင်ခုန်လှုပ်ရှားစိတ်ကစားခြင်း အလျဉ်းမရှိပါဘဲ ယခုအရွယ်ရောက်မှ ညည်းစားလေးတစ်ယောက်ထားပြီး ဖြတ်ခဲ့ရသည်မို့ သူ့လိပ်ပြာကို သူရှက်မိ၏။ ဝမ်းရေးအတွက် ရုန်းကန်နေရသည့် မေမေက ရိပ်မိပေမယ့် ကောင်းသည်ဆိုးသည် မဝေဖန်ဘဲ သူ့သဘောအတိုင်းသာ ရှိစေခဲ့တော့ သားဆိုးတစ်ယောက်ဘဝကို သူရောက်နေပြီလားဟု သူ့ကိုယ်သူ ပြန်မေးရင်း မိဘနှစ်ပါးကို မျက်နှာပူမိသည်။

မိဘလက်ထက်မှာတောင် ဒီသားတစ်ယောက်ကို လိုလေသေးမရှိ ထားပေးခဲ့ရင် သူ့လက်ထက်မှာ ဒီ့ထက်ပိုမသာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ထက်မလျော့တဲ့ မေတ္တာကို ပြသနိုင်ရမှာပေါ့။ လူ့ဘဝမှာ မျိုးဆက်ဆိုတာ မရှိမဖြစ်ထားခဲ့ရမည့်အရာမို့ တစ်နေ့ သူ့အိမ်ထောင်ကျခဲ့သည့်ရှိသော် အလိမ္မာအိမ်ပါ မိဘနှင့်တည့်သည့် သိမ်မွေ့သည့် မိန်းကလေး တစ်ဦးသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ရင်း အနာဂတ်အတွက် ကြိုမြော်နေသည့်ရင်ဖြင့် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးသာ ချမိလိုက်ပါတော့သည်။

❀ ❀ ❀



## အခန်း (၉)

စာလုံးများကို ရေးနေလျက်ပင် မျက်ရည်တို့က အလိုလိုကျလာ၏။ ဘောပင်ကိုချ၍ မျက်ရည်ကို သုတ်လိုက်တော့ ရင်ထဲမှ ရှိုက်သံ ထွက်လာတော့သည်။ ငါ့နှယ်နော် ဒီစာအုပ်ကို ရေးကာမှ နေခြည်ကြောင့် ရခဲ့တဲ့ အလွမ်းဒဏ်ရာက နဂိုဓာတ်ခံရှိနေပြီး ဝမ်းနည်းမှုက မသတ်။ (၁၀) အုပ်မြောက်စာအုပ်က ပရိသတ်လက်ထဲရောက်သည်နှင့် ငိုပွဲတွေဆင်နေရရင် ဒုက္ခ။

မနက်စာစားပြီးချိန်မှစ၍ တစ်နေကုန်ပင် ထိုင်ရေးနေရသဖြင့် အခန်း ၅ ခန်းအဆုံးမှာ လက်ရေးဇာတ်ပါ ညောင်းလာတော့သည်။ လက်ချောင်းလေးများကို တဖြောက်ဖြောက်နှင့် ချိုးလိုက်ကာ ခေါင်းကို ဘယ်ညာလှည့်ချိုးလိုက်၏။ မတ်တတ်ရပ်၍ ခါးကို ဟိုသည်ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်ပြီး နာရီကိုကြည့်လိုက်တော့ ညနေ ၅ နာရီ ရှိနေလေပြီ။

"ဝုတ် ... ဝုတ် ... ဂီး ... ဂဲ ..."

ခြံထဲမှ ဘိုနီ့အော်သံကြောင့် သူမ အပြေးအလွှား ဆင်းလာခဲ့သည်။ ပုဏ္ဏရိပ်ခြိစည်းရိုးကာထားသည့်အနား ရောက်စဉ် တစ်ဖက်ခြံမှ ခဲလုံးတစ်လုံးက သူမခြေထောက်နား ကျလာလေ၏။

"ဘုတ်"

"အမေ့ ... ဟင် ... ရှင် ... ရှင် ဒါဘာလုပ်တာလဲ"

"ဒီမှာလေ ... မင်းခွေးကို ထုလိုက်တာ"

"ရှင်က ဘာလို့ ကျွန်မခွေးကို ခဲနဲ့ထုနေရတာတုန်း၊ ကိုယ်ချင်းစာ စာနာနာလုပ်ပါရှင့်"

"ဘာကိုယ်ချင်းစာရမှာလဲ၊ မင်းခွေးကို ခဲနဲ့ခြောက်ရုံခြောက်တာ၊ ထိအောင် မထုမိသေးဘူး"

"ဒါက ခွေးက ရှောင်လို့လွတ်တာနေမှာပေါ့၊ ဘယ့်နှယ် ခွေးနဲ့ဖက်ပြီး ရန်ဖြစ်နေရတယ်လို့ ကြုံဖူးပေါင်"

"မင်းနော်မင်း ... စော်စော်ကားကား ပြောပြန်ပြီ၊ မင်းခွေးက ငါ့ခြံထဲဝင်ပြီး ငါစိုက်ထားတဲ့အပင်တွေကို ကြက်လို ဝင်ယက်သွားတာ အကုန်ပျက်စီးကုန်ပြီကွ"

"ဩော် ... တိရစ္ဆာန်ပဲရှင့်၊ လူလိုတော့ အသိဉာဏ်ဘယ်ရှိပါ့မလဲ၊ ခွင့်လွှတ်လိုက်ပေါ့၊ ရှင့်စိုက်ခင်းက ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ၊ မကျေနပ်ရင် ပြန်လျော်ပေးမယ်"





"မင်း ... ငွေစကားမပြောပါနဲ့၊ မင်းပိုက်ဆံတွေနဲ့ ငါကိုယ်တိုင် မျိုးတဲ့အပင်တွေကို ဝယ်လို့မရဘူးကွ၊ တော်တော်မောက်မာတဲ့ မိန်းမ၊ သခင်ရော, ခွေးရော အတူတူပဲ"

"ဘာပြောတယ် ... ရှင်က ကျွန်မကို ခွေးနဲ့နှိုင်းလိုက်တာပေါ့လေ"

"တင်စီးတဲ့အကျင့်ကို ပြောတာပဲကွ၊ ဒါကျ ... နားတတ်လိုက်တာ"

"ရှင် ... ရှင်နော်"

သူမတို့ ပြဿနာဖြစ်နေချိန်၌ ကုမ္ပဏီမှ ပြန်လာသည့် ကိုကို့ကားက ခြံထဲဝင်လာ၏။ ကိုကိုက ကားပေါ်မှ အမြန်ဆင်းလျက် သူမတို့ရှိရာသို့ လျှောက်လာတော့သည်။

"တာတာ ... ဘာဖြစ်နေတာလဲ"

"ကိုကို ... အဲဒီလူပေါ့၊ သူ့စိုက်ခင်းတွေကို ဖျက်ဆီးပစ်လို့ဆိုပြီး ဘိုနီ့ကို ခဲကြီးနဲ့ အသေလိုက်ထုနေတယ်"

"ဟာ ... မင်းစကားက အချွန်နဲ့မနေပြန်ပြီ၊ ခဲနဲ့ခြောက်တာပါကွ"

"အို ... ထု,ထုတယ်ပေါ့၊ ခုမှ မုန်လာဥလုပ်မနေနဲ့၊ သောက်ျားဖြစ်ပြီး ဝန်မခံရဲဘူး"

"ဘာမှမဆိုင်ဘူး"

"ကဲ ... ကဲ ... တော်ကြပါတော့၊ တာတာ ... အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တော့ . . . ဘိုနိုကိုခေါ်သွား။ ဘယ့်နှယ် . . . အိမ်နီးချင်းနဲ့ တည့်အောင်မနေဘဲ ရန်ဖြစ်နေရတယ်လို့၊ ကိုယ်တောင်းပန်ပါတယ် ညီ၊ ညီစိုက်ခင်းကိစ္စကိုရော၊ ကိုယ့်ညီမဘက်က လွန်တာရော ခွင့်လွှတ်ပေးပါ"

"ဟာ . . . တာတာမလွန်ဘူးနော် ကိုကို"

"တိတ်တိတ်နေစမ်း တာတာ၊ သွား . . . ဝင်တော့လို့ဆို၊ ကိုကို့ကို စိတ်တိုအောင်မလုပ်နဲ့နော် . . . ကိုကို မကြိုက်ဘူး"

"တာတာလုပ်တာလည်း မဟုတ်တဲ့နဲ့ တာတာ့ကိုပဲ ဆူတယ်၊ ရှင်မှတ်ထား . . . ရှင့်ကိုမကျေဘူး။ ကျွန်မအကြောင်း ရှင် ကောင်းကောင်းသိစေရမယ် . . . ဟင်း"

"ဩော် . . . ပြောနေတဲ့ကြားထဲက ဒီကောင်မလေးတော့"

သူမ, ခြေဆောင့်၍ အိမ်ပေါ်တက်ခဲ့တော့၏။ သူက လက်မှာပေနေသည့်သဲများကို ခါချလိုက်ပါသည်။

"ကိုယ့်နာမည် ကြည်သာမောင်ပါ၊ ညီမလေးနာမည်က တွယ်တာမောင်တဲ့၊ မှတ်ထားပေါ့ ညီ"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော့်နာမည် ညီလေးညွှန့်ပါ၊ ကျွန်တော် လူတိုင်းနဲ့တည့်အောင် ပေါင်းပါတယ် အစ်ကို၊ ဒါပေမဲ့ . . . အစ်ကို့ညီမနဲ့ကျမှ ခဏခဏ စကားများနေရတယ်"

"ဒါ . . . ကိုယ့်ညီမဘက်က လွန်တာပဲဖြစ်မှာပါ၊ ကိုယ်တို့က မောင်နှမနှစ်ယောက်ပဲ ရှိတာလေ၊ မိဘတွေ မရှိကြတော့ . . .





ညီမလေးကို ကိုယ်အလိုလိုက်ထားတာ၊ သူ နည်းနည်းဆိုးတယ်"

"ကျွန်တော်ကလည်း နည်းနည်းညစ်နေတဲ့အချိန်မို့ သူ့ကိုလည်း မခံနိုင်ဖြစ်သွားတာပါ။ ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါအစ်ကို"

"ရပါတယ် . . . ဒါနဲ့ ဒီအိမ်မှာ ညီတစ်ယောက်တည်းလား။ ဘယ်သူမှမတွေ့လို့"

"ဟုတ်ကဲ့ . . . မေမေနဲ့မေမေ့ကို နောက်မှ ကျွန်တော် သွားခေါ်မှာပါ အစ်ကို၊ လောလောဆယ် အိမ်ရှင်းခြံရှင်းနဲ့ ရှုပ်နေလို့ ကျွန်တော် အရင်လာနေတာပါ"

"အကူအညီလိုရင်လည်း ပြောပေါ့ . . . ညီ၊ အိမ်နီးချင်းတွေပဲ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် အစ်ကို"

"ကဲ . . . ဒါဖြင့် ကိုယ့်ကို ခွင့်ပြုဦး။ ကောက်ချိတ်မကို ဖြန်ဖျောရဦးမယ်"

"ဟင်း . . . ဟင်း . . . ဟုတ်ကဲ့ အစ်ကို"

ခုတင်ပေါ် မှောက်အိပ်နေလျက်က အခန်းထဲသို့ ကိုကို ဝင်လာမှန်း သိလျက်နဲ့ မသိချင်ယောင်ဆောင်နေလိုက်သည်။

ကိုကိုက သူမခုတင်ပေါ် ထိုင်ချလိုက်ပြီး သူမဆံပင်များကို ဆွဲ ဆော့လိုက်ပါ၏။

"တာတာ . . . ညီမလေး . . . ထမင်းစားမယ်"

သူမက အိပ်ချင်ယောင်ဆောင်လျက် စိတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း ပြလိုက်၏။ ကိုကိုက ကျိတ်ရယ်လိုက်ပြီး သူမ၏နှာခေါင်းကို ညှစ်လိုက်သည်။

"အား . . . နာတယ်"

"ထမင်းစားမယ်ဆို"

"မစားဘူး . . . ကိုကို့ကို စိတ်ကောက်နေတာလေ၊ မသိဘူးလား"

"ဪ . . . စိတ်ကောက်ရတဲ့အကြောင်းရင်းတောင်မှ ထည့်ပြောရသေးတယ်၊ ကဲပါ . . . ညီမလေးရယ် . . . ကိုကိုလည်း ဆာလှပြီ၊ စားရအောင်နော် . . . ထ"

"မစားချင်ပါဘူး၊ တာတာ့ထက် သူစိမ်းကို ပိုစေတနာထားနေပြီးတော့၊ မသိဘူး . . . မစားဘူးဆိုနေမှ"

"ဪ . . . သူနဲ့မှတည့်ဘူးလည်း ပြောသေးတယ်၊ သူနဲ့ပတ်သက်ပြီး စိတ်ကောက်နေတာ မဟုတ်သေးပါဘူး"

"ကိုကိုနော် . . . ဘာမှလာမပြောနဲ့"

"တာတာမစားရင် ကိုကိုလည်း မစားတော့ဘူး"

"ဟင် . . . မဆိုင်ပါဘူး"

"ဒါဆို စားမေ့။ ဒီလိုလုပ် . . . ငယ်ငယ်တုန်းကလို တာတာ့ကို ကိုကို ခွံ့ကျွေးမယ်၊ ဟုတ်ပြီလား"

"တကယ်နော်"

"တကယ်ပေါ့၊ ကဲ . . . လသာဆောင်မှာစောင့်နေ၊ ကိုကို





ထမင်းပွဲပြင်ခဲ့မယ်၊ လာ . . . ထ"

သူမက လသာဆောင်မှာ ခုံနှစ်လုံးနှင့် စားပွဲတစ်လုံးကို အသင့်ချလျက် စောင့်နေလိုက်၏။ ခဏအကြာ ကိုကိုရောက်လာတော့ စားပွဲပေါ်မှာ လင်ပန်းကို တင်ထားလိုက်ပြီး နယ်လာသည့် ထမင်းဇလုံထဲမှ ဖွန်းဖြင့်ခပ်၍ သူမကို ထမင်းခွံ့ကျွေးသည်။ သူမက ကိုကို ချထားသည့် ဟင်းပန်းကန်ထဲမှ ဖွန်းကိုယူ၍ ကိုကို့ကို ထမင်းပြန်ခွံ့ကျွေးရင်း မောင်နှမနှစ်ယောက် ကျေနပ်စွာ ပြုံးနေမိကြတော့၏။

❀

သူမအတွက်တော့ လောကကြီးဟာ နေပျော်စရာကြီးပါပဲ။ နေပျော်အောင်လည်း သူမဂဂ နေတတ်ခဲ့ပါ၏။ ဘိုးဘိုးမရှိတော့တဲ့နောက် သူမကို ကိုကိုကပဲ ပြုစုစောင့်ရှောက်လာခဲ့၏။ မောင်နှမနှစ်ယောက်တည်းမို့ ကိုကိုက သူမကို အလိုလိုက်ခဲ့ပေမယ့် သူမက ခပ်ဆိုးဆိုးကောင်မလေးတစ်ယောက် မဟုတ်ခဲ့ပါ။ အပြင်ထွက်လည် ရန်ထက် အခန်းထဲအောင်းပြီး သူမဝါသနာပါသည့် စာရေးသည့်အလုပ်ကိုပဲ နှစ်သက်ခုံမင်ခဲ့ပါ၏။

တစ်ခါတစ်ရံ နေခြည်ထံ အလည်သွား၏။ အဝေးသင်တက်တော် သူငယ်ချင်းများထံမှ ခံစားချက်များကို မျှဝေခံစားပေးပျက် သူမရေးသည့် ဝတ္ထုတွေထဲ ထည့်သိုရေးသားခဲ့ပါသည်။ လူများသော



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို တမင်ရှောင်ရှားလျက် သူမဘဝထဲမှာ ကိုကိုနှင့်သာ တည်ဆောက်ထားတဲ့ ခပ်ကျဉ်းကျဉ်းကမ္ဘာလေးထဲမှာ ကြည်နူးပျော်မွေ့နေစမြဲပါ။

သူငယ်ချင်းဖြစ်သူ၏အဆက်အသွယ် ဖြတ်တောက်ခြင်းခံရသည့်ဒဏ်ကို ကျိတ်မှိတ်ခံစားနေချိန်၌ သူမ၏ပတ်ဝန်းကျင်မှာ သူမနှင့် ရန်ဖြစ်ရမည့်လူတစ်ဦး ရောက်ရှိလာခဲ့လေပြီ။ ရိုးစင်းသည့် သူမ၏ဘဝလမ်းမှာ စိတ်လှုပ်ရှားဖွယ် အလှည့်အပြောင်းတို့နှင့် ကြုံရလိမ့်မည်ဟု သူမ မစဉ်းစားတတ်ခဲ့။

မတိုမရှည် မညီညာသော ဆံနွယ်တို့ကို လက်ကိုင်ပဝါတစ်ထည်ဖြင့် စုစည်းချည်နှောင်လိုက်၏။ ရှပ်တစ်ထည်ကို ဝတ်လိုက်ပြီး အိမ်အောက်ကို ဆင်းလာကာ ကတ္တီပါဖိနပ်အနက်လေးကို စွပ်လိုက်တော့ သံပရာရည်သောက်နေသည့် ကိုကို့ထံမှ အသံထွက်လာလေသည်။

"နေကောင်းနေပြီလေ တာတာ၊ ခဏနေ ... ကိုကို သွားယူပေးပါ့မယ်၊ ခုလည်း ... တာတာကြည့်ချင်တဲ့ DVD က လာမအပ်သေးဘူးဆိုလို့ ကိုကို မငှားလာတာလေ"

"ရပါတယ် ကိုကိုရဲ့၊ တာတာ မရမ်းပြားလည်း ထွက်ဝယ်ရင်းနဲ့ ဝင်ကြည့်ခဲ့မှာပါ၊ လမ်းထိပ်တင်လေးပဲဟာ ... ကိုကို ပင်ပန်းပါတယ်၊ တာတာပဲ သွားယူလိုက်မယ်"

"မှောင်နေမယ်လေ၊ မိုးပုခေါ်သွား"





"ဟာ ... ဒေါ်ရွှေပုက လမ်းလျှောက်ရင် နှေးတုံ့နှေးတုံ့နဲ့ မခေါ်ချင်ဘူး၊ တာတာပဲ ခုချက်ချင်း ပြေးပြီး ပြန်လာမယ်၊ နော် ... ကိုကိုနော်"

ကိုကိုက ပြောမရသဖြင့် စိတ်မချနိုင်ဘဲ အိမ်ဝ၌ပင် ရပ်စောင့်ကျန်နေခဲ့၏။ သူမကား သွက်လက်သော ခြေလှမ်းတို့ဖြင့် လမ်းထိပ်သို့ လှမ်းလာခဲ့သည်။ အခွေဆိုင်နှင့်တွဲလျက် မုန့်ဆိုင်ကို အရင်ဝင်၍ သူမ စားချင်သည့်မုန့်ထုပ်အချို့ကို ဝင်ဝယ်လိုက်ပါသည်။ ထမင်းစားရတာ အီလည်လည်ကြီးဖြစ်နေ၍ မရမ်းပြားထုပ်ကိုဖောက်စားလျက် Snow White အခွေဆိုင်ထဲ ဝင်လာခဲ့သည်။

"မရလို့ပါ အစ်ကိုရယ် ... နောက်တစ်ယောက် လာအပ်တော့မှ ယူပါ၊ ခုဟာက ငှားနေကျ ဖောက်သည်ကို အရင်ပေးရမှာမို့ပါ"

"ကိုယ်အရင်ငှားတာပဲဟာ၊ ကိုယ့်ကို အရင်ပေးပေါ့"

"ဟိုလေ ... သူက မနက်ကပဲ သေချာလာပြီမှာထားတာပါ။ ဟော ... ပြောရင်း မတာတာ လာပြီ"

"ပြီလားဟင်"

"ရတော့ပြီ မတာတာရဲ့၊ ဒါပေမဲ့ ... ဒီက အစ်ကိုက သူ့ကို အရင်ပေးဖို့ ပြောနေလို့"

"ဟာ ... ကျွန်မက ဟယ်ရီဆင်ဖို့ဒ်ကားသစ်ထွက်ကတည်းကမှာထားပြီးသားကို မပေးနိုင်ပါဘူး၊ ကျွန်မ အရင်ယူမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သိပါတယ် မတာတာရဲ့"

"ဒါဆိုလည်း မှတ်လိုက်တော့လေ"

သူက မှုန်ကုပ်ကုပ်မျက်နှာဖြင့် သူမကို ဘုကြည့်ကြည့်လိုက်ပါ၏။ မရမ်းပြားကို မချဉ်လေဟန် အပြုံးမပျက် စားနေရင်း မချိုမချဉ် လုပ်နေသည့် မျက်နှာပေးက တကယ့်ကိုရိုက်ပေါက်။

"ခင်ဗျားဟာ ... တော်တော်မိုလ်ကျတာပဲ၊ နောက်မှလည်း ရောက်လာသေးတယ်၊ ရှေ့ကလူက်ုဦးစားမပေးဘဲ လုယူရတယ်လို့"

"အို ... ဒါက ကျွန်မက ဒီဆိုင်ရဲ့ဖောက်သည်ကိုးရှင့်"

"ငါလည်း ... နောက်ဆို ဖောက်သည်ဖြစ်မှာပဲ"

"မဆိုင်ပါဘူး ... နောင်ခါလာနောင်ခါရေးပဲ၊ ကဲ ... ယူသွားပြီနော် အောင်ဇော်ခင်"

"ဟုတ်ကဲ့ပါ မတာတာ"

သူမက ခပ် တည်တည်ဖြင့် DVD ကိုယူ၍ ထွက်လာတော့ သူ မကျေမနပ်ဖြစ်ကျန်ခဲ့တော့သည်။ ဒီလူတစ်ယောက်ဟာလေ သူမနှင့် ဆုံပဲဆုံနိုင်လှချည်းရတယ်လို့။ အိမ်ပြန်ရောက်တော့ ကိုကိုနှင့်အတူ အခွေထိုင်ကြည့်ဖြစ်သည်။ ကိုကိုက ကုမ္ပဏီမှ စာရင်းဇယားတွေ ထိုင်လုပ်နေတော့သည်။

ညဆယ်နာရီခွဲပြီမို့ ကော်ဖီခါးခါးနှစ်ခွက်ကို ကိုယ်တိုင်ဖျော်၍ ကိုကို့အတွက် တစ်ခွက်ကို စားပွဲပေါ် တင်ပေးထားလိုက်ပြီး ကျန်တစ်ခွက်ကိုသောက်နေရင်း လေသာဆောင်ဘက် ထွက်ရပ်နေမိ





၏။ လသာသည့်ညတွေမှာတောင် ကဗျာတွေ မစပ်ဖြစ်တာ အတော်ကြာနေလေပြီ။ ခုဆို ဟိုလူနှင့် မကြာခဏပြဿနာတက်နေရတာမို့ တဒေါင် သိပ်မရေးဖြစ်တော့။ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်မိပေမယ့် ဒေါသမျက်နှာဖြင့် ရဲရဲနီနေသော သူ့မျက်နှာကို မြင်ယောင်လိုက်တိုင်း တိတ်တိတ်လေး ခိုးယူနေကျင့်သားရှိနေခဲ့ပြီ။

အခန်းထဲမှ ဂစ်တာကိုဝင်ယူ၍ လသာဆောင်ဘက် ပြန်ထွက်ထိုင်လိုက်ပြီး ဂစ်တာကြိုးများကို ညှိလိုက်၏။ သူမ Crazy အဖြစ်ဆုံးသော အဆိုတော်စိုးလွင်လွင်၏ 'နှားလည်မှုလေးများ' သီချင်းကို Intro ဝင်လိုက်ရုံရှိသေး တစ်ဖက်ခြံမှ ဂစ်တာသံက ထိုးဖောက်ပျံ့လွင့်လာတော့သည်။ ဩရှရှအသံဖြင့် သီဆိုနေသော Evis ၏ Kiss Me Quick သီချင်းသံကြောင့် တီးလက်စဂစ်တာကို ချက်ချင်းရပ်လိုက်ရလေ၏။ ဆွဲဆောင်အားကောင်းတဲ့ အသံရှင်ပဲဟု တိတ်တဆိတ်ဝေဖန်မိစဉ်ခဏ နောက်ဘက်ဆီမှ ကိုကို ရောက်လာလေသည်။

"ဘယ်လိုလဲ တာတာ၊ အတီးသမားက ခုတော့ နားထောင်သမားဖြစ်နေပါလားကွ ... တော"

"သူ့အသံမဆိုးဘူး ကိုကိုရ၊ အဆိုတော်လုပ်ရင်ဖြစ်မှာ၊ တာတာက သူ့လောက်မှ အသံမကောင်းတာ"

"တာတာ့အသံ ကောင်းကောင်းမကောင်းကောင်း တာတာဆိုတာပဲ ကိုကိုက နားထောင်ပြီး အိပ်နေကျလေကွာ"

"ဒီညတော့ ဆောရီး ကိုကိုရာ၊ တာတာလည်း အိပ်ချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရပြန်ပြီ၊ ကဲ ... ဒါဖြင့်လည်း စောစောအိပ်တော့၊ အခန်းမီးဖွင့်ပြီး ညသန်းခေါင်ကျော် နှစ်ချက်တီး သုံးချက်တီးအထိ အိပ်ရေးပျက်ခံပြီး စာထိုင်ရေးမနေနဲ့ဦး"

"စာရေးဖို့ Feel မလာပါဘူး ကိုကိုရာ၊ Good Night နော်"

ကိုကို့ကို နှုတ်ဆက်၍ အခန်းထဲသို့ဝင်ကာ တံခါးကိုပိတ်လိုက်၏။ ဖွင့်ထားသည့် ပြတင်းတံခါးမှ ကြားနေရသည့် ဂစ်တာသံကို နားစိုက်ထောင်ရင်း ခုတင်ပေါ် ပစ်လှဲချလိုက်ပါသည်။

ဪ ... နေခြည့်ကို လွမ်းနေရတဲ့ အလွမ်းတွေတောင် သူ့ဂစ်တာသံကြောင့် လွင့်ပျယ်လုလုပါလား။

✻

အချိန်ကိုက်ထားသည့်နာရီ Alum သံ ကြားမိစဉ် အိပ်ရာပေါ်မှ ကျိုးထလိုက်ပြီး သွားမွှတ်တံမှာ သွားတိုက်ဆေးထည့်၍ ရေချိုးခန်းထဲ ဝင်ခဲ့၏။ ဂစ်တာသံကို နားစွင့်ရင်း အိပ်ပျော်ခဲ့ရသည့်အချိန်က တော်တော်ညဥ့်နက်သွားသည့်မို့ အိပ်ရေးမဝတဝဖြင့် ခေါင်းကမကြည်လင်တော့။ Head and Shoulders Shampoo ဖြင့် ခေါင်းကို စိတ်ကြိုက်လျှော်လိုက်ပြီး ရေချိုးလိုက်ပါသည်။

သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်းမှာ သနပ်ခါးလိမ်း၊ အဝတ်လဲသည့်အလုပ်ကို မြန်မြန်လေးလုပ်လိုက်ပြီး





နာရီဝက်သာသာအချိန်ထိ ဘုရားခန်းမှာ ဘုရားရှိခိုးပါ၏။ ကွယ်လွန်သွားပြီဖြစ်သည့် ဘိုးဘိုးနှင့်မိဘနှစ်ပါးကို အမျှပြု၍ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့နှင့်တကွ ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေလျက် ကြေးစည်ကို ထုခတ်ပြီးမှ အိမ်အောက်သို့ ဆင်းလာခဲ့ပါသည်။

ကိုကိုက ထမင်းစားခန်းရှိ စားပွဲမှာ သူမကို စောင့်နေပါသည်။

ဒေါ်ကြီးခင် ကြော်ပေးထားသည့် ထမင်းကြော်က စားချင်စဖွယ် အနံ့တို့ဖြင့် အငွေ့တထောင်းထောင်း။

"တာတာ ... တစ်ခါလာလည်း ရှပ်တွေနဲ့ပါလား၊ တစ်ခါတလေလေ Blouse လေး ဘာလေး ဝတ်ပါလား ညီမလေးရယ်၊ ရှပ်ပွပွကြီးနဲ့ဆိုတော့ ကိုကို့ညီမလေးက ပုပုလုံးလုံးလေး ဖြစ်နေရော"

"မဝတ်ချင်ပါဘူး ကိုကိုရာ၊ ရှပ်က စိတ်လွတ်လပ်ပြီး လှုတ်လိုခြုံစေတယ်၊ ကိုကို့ညီမ ညွှက်တာတော့ မပြောပါနဲ့၊ ဟိုတစ်လက Pratical မရှိလို့ ၃ နာရီ အိမ်ပြန်ခဲ့တာလေ၊ အဲဒါ Bus လည်းစီးရော ဒဂုံအထကကျောင်းက ဆရာမက တာတာ့ကို သူ့ကျောင်းသူလေး ကျောင်းပြေးတယ်ထင်ပြီး လမ်းမှာဆွဲတာ၊ ဘေးက တာတာ့သူငယ်ချင်းတွေ ရှင်းပြမှပဲ ပြီးသွားတော့တယ် ... ဟင်း ဟင်း"

"ဟုတ်လည်း ဟုတ်တာပဲ၊ တာတာက သေးသေးလေးဆိုတော့ အထက်တန်းကျောင်းသူလေးလိုပဲ ထင်မှာပေါ့၊ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



… မနက်အစောကြီး ခေါင်းလျှော်ပြီးပြီ၊ ခြောက်အောင်လည်း မသုတ်ဘဲ ကောက်စည်းထားပြန်ရော၊ မိပုရေ … နင့်မမ ဗီရိုထဲက Towel တစ်ထည် သွားထုတ်ခဲ့စမ်း"

"ဟုတ်ကဲ့ ကိုကိုကြီး"

"ကဲ … ထမင်းကြော် မြန်မြန်စား၊ ပြီးရင် ခေါင်းကို သုတ်ပေးမယ်၊ ထမင်းချိုင့်ထဲမှာ တာတာ့အကြိုက် ဝက်သားနဲ့အာလူး အချိုချက်ရယ်၊ ပန်းပွင့်ကြော်ရယ်၊ ပုစွန်ချဉ်ကို ငရုပ်သီးစိမ်းပါးပါး လေးလှီးပြီး သုပ်ထည့်ပေးထားတယ်၊ ကြားလား"

"ဟုတ်"

မိပု ပြန်ရောက်လာတော့ ကိုကိုက တဘက်ကို လှမ်းယူလိုက်ပြီး ညှော်ခန်းရှိရာဆီ သူမကို လက်ဆွဲခေါ်ခဲ့ပါသည်။ ခုံပုလေးပေါ်၌ သူမကို ထိုင်နိုင်း၍ ဆံပင်တို့ကို ခြောက်သွေ့အောင် သုတ်ပေးနေပါ၏။

"ဒီအရွယ်ရောက်နေပြီ ခုထိ ခေါင်းကိုခြောက်အောင် မသုတ်ချင်ဘူး၊ အကျင့်ကိုပါနေပြီနော် … တာတာ၊ ယောက်ျားရရင်တော့ ဖနောင့်နဲ့ချည်း အပေါက်ခံရမှာ မြင်ယောင်သေး"

"ကိုကိုနော် … တာတာ့ကို အဲဒီလိုမပြောပါနဲ့၊ မကြိုက်ပါဘူး"

"ခုတော့ မရှိသေးဘူးပေါ့၊ နောက်ရှိလာတော့ ဘယ့်နှယ်လုပ်မလဲ၊ ကြိုစဉ်းစား"





သူမက ကိုကို့ပေါင်ကို ခပ်ဖွဖွဆွဲ၍ ကိုက်လိုက်ပါ၏။ ကိုကိုက ယားသွားသဖြင့် တွန့်သွားပါသည်။

"ခွေးမလေး"

"ကိုကိုပြောလို့ တာတာ ပြောမှာနော်၊ ဟွန်း … အဲဒီလို ယောက်ျားတွေ့တော့လည်း ရှင် ကျွန်မခေါင်း ခြောက်အောင် အမြဲ သုတ်ပေးနိုင်မှ ကျွန်မ စဉ်းစားပေးမှာလို့ ပြောမှာပေါ့"

"အေး … ကောင်းကွာ၊ အဖြေမတောင်းဘဲ လစ်ပြေးမှာ … စိတ်ချ"

မောင်နှမနှစ်ဦး ကြည်နူးစွာဖြင့် ရယ်မောလိုက်ကြ၏။ ကိုကိုက သူမ၏ဆံပင်လေးများကို ခြောက်၊ မခြောက် ကိုင်ကြည့်ပြီး ငုံ့မွှေးလိုက်ပါသည်။

ပြီးမှ ဘီးဖြင့် သေချာဖြီး၍ သိုးမွှေးကွင်းလေးဖြင့် စည်းနှောင်ပေး၏။

"ကဲ … ပြီးပြီ၊ ကျောင်းသွားကျောင်းပြန် သူငယ်ချင်းတွေ မပါလို့ မရဘူးနော်၊ ကိုကို စိတ်မချတာကို သဘောပေါက်လား"

"ကျောင်းသွားဖော်တွေ အများကြီးရှိပါတယ် ကိုကိုရဲ၊ ကားစီးရောက်ရင် လေးငါးခြောက်ယောက် အမြဲဆုံနေကျ၊ မေဂျာမတူပေမယ့် မျက်မှန်းတန်းနေပြီ၊ သူငယ်ချင်းဆိုတာလည်း မခင်တွယ်ဘူးတတ်ရင် အကောင်းဆုံးပါပဲ ကိုကိုရာ၊ တာတာက ခံစားရမှုတို့ ဆိပ်ကြောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချင်းစာပေးလိုက်ပါ ညီမလေးရယ်၊ ကိုကို့ညီမလေးက အဖြူစင်ဆုံးစိတ်ထားလေး ရှိခဲ့တာ၊ အဲဒီအဖြူကို ညစ်မသွားစေနဲ့"

"ဟုတ်ကဲ့ပါ"

ကိုကိုက ခြံအထိ သူမကို လိုက်ပို့ပြီး လက်ပြနှုတ်ဆက်လိုက်ပါသည်။ လမ်းသွယ်ထဲမှ ပုံမှန်ခြေလှမ်းတို့ဖြင့် လမ်းထိပ်ဘက် ထွက်လာခဲ့၏။

❋

ခြံတံခါးကို စေ့ပိတ်၍ သော့ခတ်ပြီး ထွက်ခဲ့တော့ မလှမ်းမကမ်း ကျောပိုးအိတ်တစ်လုံးနှင့် လျှောက်နေသည့် သူမကို တွေ့လိုက်ရလေ၏။

ကားဂိတ်မှာ စီးရမည့် ကားတစ်စီး ရပ်သွား၍ သူမ လှမ်းတားကာ ပြေးတက်လိုက်သလို သူကလည်း အနောက်မှ လိုက်တက်လိုက်ပါ၏။ အပေါက်ဝလှေကားမှ အပေါ်ကိုအတက် ကျောပိုးအိတ်ချင်း ငြိကုန်တော့သည်။

"အာ ... ရှင် ဘယ်လိုလူလဲ ... အတင်းတိုးတာပဲ"

"ငါလည်း ငါ့ဟာငါ တက်တာပဲလေ"

"ကျွတ် ... ရှင်တက်တာ အကြောင်းမဟုတ်ဘူး၊ ဒီမှာ





ကျွန်မသော့ချိတ်တွေ ပြုတ်တော့မယ်"

"ငါ့သောလုံးသမားလေးလည်း လက်ကျိုးတော့မှာပဲ"

"ရှင် ပြန်ဆင်းလိုက်လေ"

"ဟာ ... အောက်မှာ သူများတွေတက်လာတဲ့ဟာကို"

နှစ်ယောက်သားပူးကာ၍ ပြဿနာတက်နေကြသည်မို့ ခရီးသည်များက သူတို့နှစ်ဦးကို ပြုံးစိစိဖြင့် ကြည့်နေကြလေသည်။ ကျောင်းဂိတ်ရောက်ချိန်မှာတော့ ကားပေါ်မှ အတင်းတိုး၍ ဆင်းလိုက်ရ၏။ သူက လွယ်ထားသည့် ကျောပိုးအိတ်ကိုချွတ်၍ သော့ချိတ်တွေ ငြိနေသည်ကို ဖြည်ပေးနေပါသည်။ ကြည့်စမ်း ... တိုက်တိုက်ဆိုင်ဆိုင် သူနှင့် သူမ၏ကျောပိုးအိတ်တွေက အရောင်တူ၊ ဒီဇိုင်းတွေ ဖြစ်နေပါရောလား။ သော့ချိတ်ပိစိပေါက်စနလေးများ ရှုပ်ထွေးနေသည့် သူမအိတ်ကို ဖြုတ်ပေးလိုက်တော့ သူမက အိတ်ကိုယူ၍ ပြန်လွယ်လိုက်ရာ လက်ခနဲဖြစ်သွားသည့် နာရီထံ အကြည့်ရောက်သွားပြန်၏။ ဟွန်း ... ဒီနာရီက နေနေ့နာရီနှင့် တစ်ပုံစံတည်းပါပဲလား။

သူမက သူ့ကို မျက်စောင်းထိုးလိုက်ပြီး ရှေ့မှ သောက်ဆတ်သောက်ဆတ် လျှောက်သွားနှင့်သည်။ ကင်တင်းရှေ့မှ ဖြတ်လျှောက်ဆဲ ဆိုင်ထဲမှာထိုင်နေသည့် ကောင်လေးအချို့က ညီမလေးသီချင်းကို ခပ်တိုးတိုးလေး ညည်းညူလိုက်ကြ၏။ သူ မျက်ခုံးနှစ်ဖက်စလုံး မြင့်တက်သွားရပြီး ကျိတ်ပြုံးလိုက်ပါသည်။ ဪ ... ဒီလိုညစ်ပတ်စေတာကို ပိုးပန်းနေသည့်သူတွေလည်း တော်တော်ရှိနေပါသေးလား။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအပေါ်ထပ်သို့ လှေကားမှ တက်ခဲ့ပြီး သူ့ Roll No. က နောက်ဆုံးဖြစ်နေသည်မို့ ထောင့်ဆုံးခန်းသို့ လှမ်းခဲ့၏။ အခန်းထဲဝင်လိုက်စဉ် နောက်ဆုံးခုံမှာ တစ်ယောက်တည်း ထိုင်နေသည့် သူမကို တွေ့ရသည်။ အတန်းတိုင်း လူတော်တော်များနေသည်မို့ လွတ်နေသည့် သူမ၏ခုံတန်းမှာပင် သူဝင်ထိုင်လိုက်ခဲ့သည်။ အချိန်စောသေးသည်မို့ သူ ဟိုဟိုဒီဒီငေးနေစဉ် သူမက ဗလာစာအုပ်နောက်၌ ဝိုင်းစက်လှပသည့်လက်ရေးတို့ဖြင့် စာတစ်ကြောင်းကို ရေးလိုက်ပါ၏။

"အရမ်းလွမ်းတယ်ကွာ"

ကျွတ်စီကျွတ်စီဖြင့် ကောင်မလေးသုံးယောက် အခန်းထဲဝင်လာရင်း သူ့နံဘေးမှာ ဝင်ထိုင်ကြ၏။ သူက နေရာရွှေ့ပေးလိုက်ရသဖြင့် သူမအနီးသို့ ရောက်သွားတော့သည်။

"ဟော့ . . . ဒီမှာ မင်းနဲ့ငါ နေရာလဲမှဖြစ်မယ်"

"ဘာကိစ္စလဲရမှာလဲ . . . ရှင့်ဟာရှင် လာထိုင်ပြီးတော့"

"ကျွတ် . . . ဒီမှာ ငါ မိန်းကလေးတွေကြား ညပ်နေပြီကွ၊ ငါ့ကို အစွန်ဘက်နေရာလဲပေးပါ"

"အံမယ် . . . နောက်မှလည်း . . . ရောက်လာသေးတယ်၊ အကြောကြီးနဲ့ ရမလား . . . မလဲပေးနိုင်ဘူး"

"မင်းကွာ . . . မိန်းကလေးဖြစ်ပြီး အရမ်းညစ်တယ်"

"ဘာပြောတယ်"





"တာတာ . . . တာတာ . . . ရန်ဖြစ်ကြပါနဲ့ ချိုတို့သုံးယောက်က လူခွဲမထိုင်ချင်လို့ ဒီခုံမှာ လာထိုင်လိုက်တာပါ၊ ပြီးတော့ Practical ချိန်မှာ Table တစ်ခုတည်းမို့ တာတာ့နားမှာပဲ ဝင်ထိုင်မိတာ၊ ဆောရီးနော်"

"ဘယ်သူထိုင်ထိုင် ရပါတယ်ဗျာ၊ သူ တမင်သက်သက် ရစ်နေတာ"

သူမက သူ့ကို မျက်စောင်းထိုးလိုက်ပြီး မျက်နှာကိုလွှဲ၍ ဆက်ထိုင်နေပါ၏။ သူက မိန်းကလေးတွေကြားမှာ ဖြစ်နေသဖြင့် ထထွက်ရန်လည်း သူမဘက်ကသာ ထွက်ရမှာ အခက်တွေ့နေတော့သည်။

ကောင်လေးတစ်ယောက်က သူတို့အတန်းရှေ့မှ အပြေးအလွှားဝင်လာ၍ သူမ၏ဘေးတစ်ဖက်ခုံနေရာလွတ်၌ ဝင်ထိုင်လိုက်၏။

"တာတာ . . . Pratical ချိန် ငါ့ကို စောင့်ဦးနော်"

"နင့်ခြေထောက်နဲ့ နင်လိုက်တာပဲ၊ တကာတည်း . . . အားအားရှိ သူ့ကောင်မလေးနောက် တကောက်ကောက်ပါနေပြီး၊ နောက်ကျတာ နည်းတောင်နည်းသေး။ မစောင့်ဘူး ဒါပဲ"

"တာတာကလည်းဟာ အချင်းချင်းတွေကို စောင့်ပါဟာ၊ အမြန်ကျဈေးထိပ်မှာ ရှောက်သီးသုပ်နဲ့ ကြာဆံဟင်းခါး ငါ ဝယ်[illegible] မယ်နော်၊ လိမ္မာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိမ္မာချင်ဘူး"

"နင်ကလည်းဟာ . . . သူက ချိုသဲပစ္စည်းလား။ တာတာ့ပစ္စည်းလား"

"ဟဲ့"

"ငါ့လူမဟုတ်ဘူး . . . ငါတို့က အမြဲသုံးယောက်အတွဲပဲ"

"ဒါဖြင့် တာတာ့လူပေါ့ . . . ဟုတ်လား"

"ဟင် . . . နင်မသိဘဲ ရမ်းမပြောဦး"

သူမက ဖေယျခေါင်းကို စာအုပ်ဖြင့် ဘုန်းခနဲချလိုက်ပါ၏။ သူ့မျက်နှာ ဖြန်းခနဲရဲတက်သွားရသည်။

"သိဘူးလေ . . . တစ်ခါမှ ဒီလိုတွဲထိုင်တာမှ မမြင်ဖူးလို့ မှားမိတာကိုး"

"ဖေယျ . . . နင့်ပါးစပ်ပိတ်မှာလား။ မပိတ်ဘူးလား"

"ပိတ်ပြီ . . . ပိတ်ပြီ၊ ဟိုမှာ ဆရာမလည်း လာနေပြီ"

စာသင်နေချိန်တစ်လျှောက်လုံး သူမနှင့်ဖေယျတို့ တိုးတိုးတိုးတိုးဖြင့် စကားပြောနေကြသည်။ ဖေယျဆိုသည့် ကောင်လေးမှာ သူမ၏ဖြောင်းခနဲ့ ခေါက်ခနဲ ရိုက်ပုတ်သည့်ဒဏ်ကို တော်တော်ခံရရှာ၏။

"တာတာ . . . ချိုတွက်တာမှန်လား ကြည့်ပေးပါဦး"

"မှန် . . . အဲ . . . ဒီအဆင့်မှားနေတယ်၊ ပါဝါရှေ့ချပြီး ပါဝါကို တစ်ပြန်နုတ်ရမှာလေ၊ နုတ်လိုက် . . . နုတ်လိုက်"





"ငါ့ကိုလည်း စစ်ပေးဦး"

"ဟမ် . . . နင့်ဟာက အကုန်မှားနေတာ၊ ဟင် ကောင်မလေးတွေကျ ရိုတ်တတ်ပြီး Differentiate ကျ မရိုတ်တတ်ဘူး ခွေးနာရဲ့"

သူမက ဖေယျနားရွက်ကို လိမ်ဆွဲလိုက်ပြီး အစအဆုံး ပြန်တွက်ပြနေပါသည်။ သူက သင်္ချာတွက်ပြီးပြီဖြစ်၍ စာအုပ်ကို ပိတ်ထားကာ နံရံကို ကျောမှီထိုင်နေလိုက်၏။

ချိုသဲက သူ့ကိုလှည့်ကြည့်၍ မေးလိုက်ပါသည်။

"ရလားဟင်"

"အင်း"

"တော်လိုက်တာ . . . နာမည်ဘယ်လိုခေါ်လဲ"

"မောင်သူတော်"

"ဟင် . . . နာမည်ကြီးကလည်း . . . ဟုတ်လို့လား"

သူ ရယ်မောလိုက်မိ၏။ Day မှ Distance ပြောင်းစဉ်အဖော်ကင်းမဲ့၍ တစ်ယောက်တည်း ငိုင်နေရမည်ဟု ထင်ထားတာ ခုတော့လည်း သိပ်မပျင်းရပါလား။

"နေဦး . . . ငါ သူ့ကိုမြင်ဖူးသလိုပဲ ချိုသဲရဲ့"

အစွန်ဆုံးမှာ ထိုင်နေသည့်တစ်ယောက်က သူ့ကို လှမ်းကြည့်၍ ပြောလိုက်သဖြင့် သူအနေရကျပ်သွားရသည်။

"ကျွန်တော် Day က ပြောင်းလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးထင်တယ်၊ တစ်နေရာရာမှာ တွေ့ဖူးတာ သေချာတယ်၊ ရှင် ဘယ်သူလဲဟင်"

သူ ကောင်မလေးကို ပြုံးပြလိုက်ပြီး ခေါင်းခါပြလိုက်ပါသည်။ Practical ချိန်ရောက်တော့ အဆောင်ကူး၍ lab အခန်းထဲ ဝင်ခဲ့ကြ၏။ Physics ပုစ္ဆာများ တွက်ရာ၌သော်လည်းကောင်း၊ Pratical လုပ်ရာ၌သော်လည်းကောင်း ပိုင့်တောင် အလွဲမခံဘဲ ရှေ့ဆုံးမှ ဦးဆောင်နိုင်သူမှာ သူမသာလျှင် ဖြစ်နေ၏။ သူက ချိန်သီးလေး လွဲနေသည့် သူမကို ငေးကြည့်နေမိသည်။ ဖေယျာက သူမ တံတောင်ဆစ်ကို တိုက်မိသွားသဖြင့် သူမ ဒေါပွသွားရ၏။

"ကျွတ် ... တွေ့လား။ အရင်ဆုံးလည်း ပြန်ချင်သေးတယ်၊ ငါလုပ်နေတာကို နှောင့်ယှက်တော့ ဘယ်လိုလုပ် ပြီးတော့မှာလဲ"

"ဆောရီးပါဟာ"

"ကျွန်တော်လုပ်ပေးမယ် တာတာ"

"အမယ် ... ရှင် ကျွန်မနာမည်ကို ခေါ်စရာမလိုပါဘူး"

"ဟယ် ... တာတာရယ် ... စကားများနေရင် ငါတို့ဝိုင်းသူများထက် နောက်ကျနေလိမ့်မယ်၊ သူလုပ်ချင်ရင်လည်း ပေးလုပ်လိုက်ပါ"

သူမက ခြေတစ်ဖက် ဆောင့်လိုက်ပြီးမှ နေရာဖယ်ပေးလိုက်သည်။ သူလုပ်ပေးသည့်အချိန်နှင့် အရေအတွက်ကို မှတ်သားပြီး Pratical စာအုပ်ထဲမှာ ပုစ္ဆာတွက်၍ ဖြည့်ကြ၏။





"298.23 ... ရပြီ"

"298.22 ပါ"

"လုပ်ပြန်ပြီ ... ရှင့်ဟာရှင် တွက်ပါလား။ ဘာလို့လိုက်ငြင်းနေတာလဲ"

"ဟယ် ... ဘယ်ဟာမှန်မှန် ငါတို့ကူးမှာပဲ၊ ပေး ... တာတာ"

"ကျွန်တော့်ကို ခဏငှားနော်"

သူနှင့် သူမစာအုပ်ကိုယူ၍ သူတို့စာအုပ်တွေထဲ ကူးဖြည့်နေကြစဉ် ဆရာမက သူတို့ Table နား လျှောက်လာ၏။

"တွယ်တာ ... ပြီးပြီလား သမီး"

"ဟုတ်ကဲ့ ... တီချယ်၊ ဟဲ့ ... မြန်မြန်ကူးကြလေ၊ ဟိုမှာ တီချယ် အမှတ်ခြစ်ပေးတော့မှာ"

သူမက ခပ်တိုးတိုးလောဆော်၍ စာအုပ်ကို ဆွဲယူလျက် ပြလိုက်ပါသည်။ ဆရာမက အမှတ်ခြစ်ပေးပြီး ခုံနံပါတ်နှင့် နာမည်ရေးမှတ်လိုက်ချိန်၌ ယောကျ်ားလေးနာမည်တစ်ခုကို မြင်လိုက်ရလေ၏။

"ဟဲ့ ... ဒါ တွယ်တာ့စာအုပ်မဟုတ်ဘူး"

"ဟုတ်ကဲ့ ဆရာမ ... အဲဒါ ကျွန်တော့်စာအုပ်ပါ၊ ဒီမှာ သူ့စာအုပ်"

"ဪ"

"တီချယ် ... ပိုင့် 23 နဲ့ 22 ဘယ်ဟာ ပိုမှန်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ပွိုင့် 23 သမီး အဲဒါ . . . ပိုမှန်တယ်”

သူမက ကျေနပ်ပြုံးဖြင့် သူ့ကို မျက်နှံးတစ်ဖက် ပင့်ပြလိုက်ပြီး စာအုပ်ကိုယူ၍ အိတ်ထဲထည့်ပေးလိုက်ပါ၏။ ဖေယျက စာအုပ်အမှတ်ခြစ်ပြီးသည်နှင့် အခန်းထဲမှ ပြေးအထွက်၊ သူမက အနောက်မှ ပြေးလိုက်ရင်း ဖေယျ့ကျောပိုးအိတ်ကြိုးကို လိုက်ဆွဲနေလေသည်။

“ဖေယျ . . . ဖေယျ . . . နင် ကတိပေးထားတယ်နော်၊ ပေါ့ကောင် . . . မညာစ်နဲ့”

“ဟာ . . . နောက်နေ့မှလေ”

“မရဘူး . . . အခုဆို ‘အခုပဲ’ နင် ငါ့အကြောင်းသိတယ်နော်၊ ဒီမှာ ဘာလဲ . . . ကြည့်”

“အား . . . မလုပ်နဲ့ . . . သွားမယ် . . . သွားမယ်၊ နင်နှစ်ပွဲစားနော်၊ ဗိုက်နာနေမယ်”

“ဝယ်ကျွေးမယ်ပြောပြီး . . . မသထာမြန်ဘူး”

“အဲဒီလိုမပြောပါနဲ့ . . . သူဌေးကစ်စေးနဲ့မရဲ့၊ သူ့ဟာသူလည်း ဝယ်စားနိုင်ရဲ့သားနဲ့ဟာကိုး”

“မရဘူးလေ . . . ကတိက, ကတိပဲ . . . ဟင်း ဟင်း”

သူက လက်သီးထောင်ပြ၍ ကောင်လေးကို မိုလ်ကျနေသည့် သူမတို့နောက်မှ လိုက်လာရင်း ကြည့်နေမိ၏။ ဪ . . . တော်တော်ကလေးဆန်လွန်းသည့် ချာတိတ်တွေပါလား။

❋ ❋ ❋



## အခန်း (၁၀)

သူနှင့်ဆင်တူ မဖြစ်ချင်၍ ဤနေ့တော့ လွယ်အိတ်ကိုသာ သူမ, ယူခဲ့၏။ ထမင်းချိုင့်ဆွဲ၍ ခပ်စောစောပင် ကျောင်းသို့ထွက်ခဲ့သည်။ ကိုကိုက ပိတ်ရက်မို့ လိုက်ပို့မည်ပြောသော်လည်း ကိုကိုဇင်ပန်းမည်စိုး၍ နားနေခိုင်းလိုက်ပါသည်။

ကျောင်းကိုရောက်တော့ နောက်ဆုံးခုံမှာ ဖေယျနှင့်နှစ်ဦးသည်း ထိုင်နေစဉ် ချိုသဲတို့ အပြေးအလွှား ရောက်လာကြ၏။

“တာတာ . . . တာတာရေ”

“ဟဲ့ . . . ဒါက ဘာဖြစ်လာကြတာလဲ”

“ငါတို့သိသွားပြီဟဲ့ . . . သိသွားပြီ”

“အမယ်လေးဟာ . . . ဘာတွေသိလာလို့ အသည်းအသန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရတာလဲ"

"ခွေးစုတ်ဖေယျ . . . နင် ဝင်မပါနဲ့ ဟဲ့ . . . ဟိုတစ်ယောက်လေ . . . သူ အဆိုတော်ညီလေးညို့တဲ့၊ ညကျမှ ငါ စဉ်းစားရင်း မှတ်မိတာ၊ ဒါကြောင့် . . . တွေ့ဖူးပါတယ်လို့ ထင်နေတာ"

"အဲဒါ . . . ငါက ဘာလုပ်ရမှာလဲ"

"ဟင် . . . နင်နဲ့သူ အိမ်နီးချင်းဆို၊ ခင်ချင်တာပေါ့ဟဲ့"

"ဒါများ အဆန်းလုပ်လို့၊ အဆိုတော်လည်း လူပဲ၊ ချိုတစ်ချောင်း ပိုမပါဘူး။ ဘယ့်နှယ်ဟာတွေလဲ"

"အေးလေ . . . ဝပေါမတွေ့ နင်တို့ အဲဒီလိုဖြစ်နေရင် ဟိုက နဂိုကမှ သွေးနားထင်ရောက်နေတဲ့ကြားထဲ"

"နင်တို့ ခုထိမတည့်ကြသေးဘူးလား"

"လုံးဝပဲ"

"ဟင် . . . ဒီလောက်အကောင်းစားလေးကို ဘာဘာကလဲ"

"ဘာအကောင်းစားလဲ . . . ရုပ်ကိုက သူ့လုပ်စာ ထိုင်စားနေရတာ ကျနေတာပဲ ဖြတ်ရိုက်ချင်စရာကြီး။ သွားစမ်းပါဟာ . . . ငါ ကြည့်လို့ကိုမရဘူး"

"နင်က ပြောအားရှိတာပေါ့ ဘာဘာရဲ့ တစ်နေကုန် တွေ့နေကျဆိုတော့ ရိုးနေပြီပေါ့ဟယ်"

"ငါလုပ်လိုက်ရ . . . ကဲ"

သူမက ရှေ့တန်းမှာထိုင်ဖို့ပြင်လိုက်သည့်ချိုသဲကို စာအုပ်ခြ





လှမ်းပေါက်လိုက်စဉ် အတန်းထဲဝင်လာသည့် သူ့ခေါင်းကို တည့်တည့် သွားထိပါတော့၏။

"အား"

"ဟယ်"

"ဟောတော့"

"ဒါ . . . မင်း တမင်သက်သက်လုပ်တာ မဟုတ်လား၊ တော်တော် အငြိုးအတေးကြီးတဲ့ မိန်းကလေးပဲ"

"ဘာပြောတယ်"

"ဟာ . . . မဟုတ်ပါဘူး ကိုညီလေးညို၊ ကျွန်တော်တို့ အုပ်စုစကားနိုင်လုရင်း . . . ချိုသဲကို ဘာဘာပေါက်လိုက်တာပါ၊ မတော်တဆဖြစ်သွားတာ ကြားထဲက ကျွန်တော် တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် . . . ကိုညီလေးညိုရဲ့၊ ဖေယျပြောတာ အမှန်ပါ"

သူက ဘာမှပြန်မပြောတော့ဘဲ သူ့ခြေထောက်နား ကျနေသည့် သူမ၏စာအုပ်ကို ကောက်၍ သူမစားပွဲပေါ် ပြန်တင်ပေးလိုက်ပါ၏။ ကာယကံရှင်က မတောင်းပန်ဘဲ မဆိုင်သည့်သူများက ဝင်တောင်းပန်နေသဖြင့် အောင့်သက်သက်ဖြင့် ကျေအေးပေးလိုက်ရသည်။

သူက ဖေယျဘေးနားသို့ပင် ဝင်ထိုင်လိုက်ပါ၏။ စာသင်ချိန်ပြီး သွားတော့ မုန့်စားဆင်းချိန်၌ ချိုသဲတို့အရှေ့မှခုံကို အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲ ကပ်လိုက်ကြရင်း ထမင်းချိုင့်ကိုယ်စီ ကိုယ်င ဖွင့်တင်လိုက်ကြပါသည်။

"ဟာ ... ဒီနေ့ ကင်တင်းမသွားတော့ဘူးပေါ့"

"အေး ... ငါတို့ ထမင်းချိုင့်ပဲ ယူလာတော့တယ်၊ ကင်တင်းက ချက်တာတွေလည်း အရသာမရှိပါဘူးဟယ်"

"နင်တို့ကတော့ ... ဟုတ်တာပေါ့၊ ငါတို့နှစ်ယောက်က ထမင်းဘူးမှ မပါတာ"

"အမယ်လေးဟယ် ... ငါတို့မှာ ထမင်းအပိုချိုင့်တွေ ပါလာတာပါ၊ ဒီလိုပဲ ဝေမျှစားကြတာပေါ့၊ တစ်ရက်စာ မုန့်ဖိုးသက်သာလည်း နည်းလား"

"နင်တို့ ချိုင့်သေးသေးလေးနဲ့ ... ဘယ်ဝမှာလဲ"

"မဝရင် ... နှစ်ချိုင့်စားပေါ့ အစားပုတ်ရဲ့"

"ဒါဆို ... ကိုညီလေးညိုကို ဘယ်သူကျွေးမှာလဲ"

"တာတာ ကျွေးမှာပေါ့"

"အံမယ် ... ဘယ်သူက ကျွေးမယ်ပြောနေလို့လဲ ချိုသဲရဲ့"

"ဟယ် ... သူငယ်ချင်းတွေပဲဟာကို၊ နင် မပုပ်စမ်း မပုပ်ပါနဲ့ တာတာရယ်၊ တကယ်မကျွေးချင်တာလား"

"အေး"

သူ မျက်နှာပူပူနှင့် ထရပ်လိုက်တော့ ဖေယျာက သူ့ကို ဆွဲထားလိုက်ပါသည်။ သူမက ထမင်းချိုင့်အဆင့်များကို ဖြုတ်၍





တစ်ချိုင့်ကို ဇွန်းတပ်ပေးကာ သူ့ရှေ့သို့ ရွှေ့ပေးလိုက်၏။

"ကဲ ... စား"

"ထကယ်ရော ကျွေးချင်လို့လား တာတာ"

"စေတနာမပါတဲ့ အလုပ်မျိုး ကျွန်မ ဘယ်တော့မှ မလုပ်ခဲ့ဘူး"

တခိခိနှင့် တစ်အုပ်စုလုံး ရယ်လိုက်ကြ၏။ ဖေယျာက ချိုသဲ ဟင်းချိုင့်ထဲမှ ငပိကြော်ကို လှမ်းမယ်၍ သူမနှင့် နေရာလဲထိုင်လိုက်ပါသည်။ သူမက ဟင်းချိုင့်များထဲမှ အနည်းငယ်စီကိုယူ၍ သူ့ချိုင့်ထဲကို ထည့်ပေးလိုက်၏။ ဖေယျာထံမှ လုပ်ချောင်းသံ ထွက်ပေါ်လာသည်။

"အဟမ်း ... အဟမ်း"

"သေဦးမယ် ... TB ဆေးရုံသွားလိုက်ဦး"

"နင်က မျက်နှာလိုက်တာကိုး ... တာတာရဲ့"

"ဘာမှလိုက်စရာအကြောင်း မရှိဘူးနော်၊ နင်တို့အားလုံးက ငါ့ထမင်းချိုင့်ကို ခွင့်မတောင်းဘဲ နှိုက်စားနေကြ၊ သူက အခုမှ ငါတို့အုပ်စုထဲ ရောက်လာတာ၊ စကားများမနေနဲ့၊ အချိန်သိပ်မရှိဘူး ... စား"

"ဘာချက်လာတာလဲ"

"အာလူးကို အချောင်းကလေးတွေ ကြော်လာတယ်၊ ဘဲဥ ဆီပြန်၊ ဝက်သားနဲ့ ကြံမဆိုင်ကြော်၊ ထမင်းစားပြီးရင် စားဖို့ လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သုပ်၊ ဒါပဲ”

“ဟေး … ပွတာပဲကွ”

“အေး … အငတ် … စားစား”

“ပြော … ကြိုက်သလောက်ပြော၊ အဓိက,က စားရဖို့ပဲ”

သူက ထမင်းကို စားနေရာမှ သူမကို မော့ကြည့်လိုက်ပါ၏။ သူမက ကြံမဆိုင်ဟင်းကို သူ့ထဲ ထပ်ထည့်ပေးပြန်သည်။

“ကြိုက်လို့လား”

“အင်း”

“စား … ကိုညီလေးညို့၊ အဲဒါ တာတာ့လက်ရာအစစ်”

“ဟုတ်လား”

“လျှာရှည်ပြန်ပြီ … ကဲ”

သူမက ဇေယျခေါင်းကို ခေါက်ခနဲ ခေါက်ပစ်လိုက်တော့ သူ ကျိတ်ပြုံးလိုက်မိသည်။ ဇေယျကလည်း အစသန်သန်၊ သူမကလည်း လက်မြန်မြန်နှင့် အတော်အတွဲညီနေ၏။

“ဌါ့ ဒီဒီလေးနဲ့ တိုင်ပြောဦးမယ်၊ တာတာက ဌါ့ဆို သိပ်နိုင်စားတာပဲ”

“တိုင်ပေါ့ … ကြောက်စရာမှတ်၊ သူ့ဒီဒီကဖြင့် လက်တောင့်လောက်လေး”

“အံမယ် … နင်ကရော ဘယ်လောက်ထွားနေလို့လဲ”

“ဇေယျ နင် … ထမင်းစားမှာလား၊ စကားများမှာလား”





ဇေယျက ဇက်ပုသွားရင်း ထမင်းဆက်စားနေပါသည်။ ထမင်းစားပြီးတော့ လက်ဖက်သုပ်ကို ဗိုင်းလုစားရင်း တစ်ယောက်နှင့်တစ်ယောက် စနေကြ၏။

“တာတာ … ဖွန်းအပို ယူနေကျလား”

“အင်း … ကိုကိုက ဟင်းခပ်ဖို့ တစ်ဖွန်းကို အမြဲပိုထည့်ပေးတယ်”

“တွယ်တာမောင် ရှိပါသလား”

“ရှိပါတယ် တီချယ်”

သူမ အမြန်ထရပ်၍ ဖြေလိုက်တော့ ဆရာမတစ်ယောက် အခန်းထဲ ဝင်လာ၏။

“သမီးရေ … တီချယ်ဒေါ်တင်တင်နုက Practical ချိန်ပြီးရင် သူ့ကို ခဏလောက် လာတွေ့ပါတဲ့၊ အဆောင် (၁၃) မှာ ရှိနေမယ်တဲ့”

“ဟုတ်ကဲ့ပါ တီချယ်”

“ဟာ … တာတာပြန်ရင် အဖော်မရှိတော့ဘူးပေါ့၊ အဲဒီ တီချယ်က လေရှည်ရှည်နဲ့ Practical ကလည်း ဒီနေ့ဆို ကြာမှာ”

“မပူပါနဲ့ ဇေယျရယ် … ငါ ပြန်ရဲပါတယ်ဟဲ့”

“နင့်အစ်ကို စိတ်ပူနေမှာစိုးလို့ပါ”

“ကျွန်တော် စောင့်ပေးပါ့မယ်”

“ရပါတယ် ညီလေးညို့၊ ရှင့်ဟာရှင် ပြန်နှင့်ပါ”



www.burmeseclassic.com

www.burmeseclassic.com



Practical လုပ်ပြီးချိန်မှာ ၄ နာရီ ကျော်နေလေပြီ။ သူ သူမကို စောင့်ပေးချင်သော်လည်း သူမ ကြိုက်ပုံမရသဖြင့် အိမ်သို့ ပြန်ခဲ့ရတော့၏။ သူမ ပြန်လာတော့ ကားစောင့်နေရတာနှင့် ဘာနှင့် ညနေခြောက်နာရီကျော်နေလေပြီ။ ဆောင်းတွင်းမို့ မိုးချုပ်မြန်သဖြင့် မှောင်စပြုနေ၏။ ကားပေါ်မှဆင်းကာ လွယ်အိတ်ကို ပိုက်၍ လမ်းမပေါ် ဆက်လျှောက်လာခဲ့သည်။ Sunday မှ Snow White အခွေဆိုင် ပိတ်သဖြင့် လမ်းထိပ်မှာ မှောင်မည်းနေ၏။ လမ်းကြားတစ်ခုမှ လူနှစ်ယောက် ရိပ်ခနဲထွက်လာရင်း သူမရှေ့ ပိတ်ရပ်လိုက်၏။

"အော်မယ်မကြံနဲ့ ... ပါတဲ့ပိုက်ဆံ ထုတ်ပေးစမ်း"

လည်ပင်းကို ထောက်ထားသည့် အေးစက်စက်ဓားသွားကြောင့် သူမ တွန့်ခနဲဖြစ်သွားပြီး ကြက်သီးတွေ ဖျန်းခနဲထသွား၏။ ရုတ်တရက်မို့ ဘာလုပ်ရမယ်မှန်းမသိဘဲ ကြောင်ကြည့်နေမိသည်။

"ပေးဆိုပေးလေ ... ဟာ ... ကြာတယ်"

တစ်ယောက်က သူမလွယ်အိတ်ကို ဆတ်ခနဲလုယူ၍ ပိုက်ဆံအိတ်ကို ရှာနေ၏။ သူမရင်တွေ တဒိတ်ဒိတ်ခုန်လာရင်း မူးဝေလာတော့သည်။

"မြန်မြန်ရှာလေကွာ"

"မရှိဘူးကွ ... သူ့အိတ်ထဲမှာ ထင်တယ်၊ ယူကွာ"

"ဗြဲ"

ရှပ်အင်္ကျီအိတ်ကပ်ကို လှမ်းဆွဲလိုက်၍ အိတ်ပါ ပြုံသွား





တော့သည်။ သူမ ရှက်ကြောက်၍ ယိုင်ခနဲလဲကျစဉ် တဖုတ်ဖုတ်နဲ့ ပြေးလာသည့် ခြေသံနှင့်အတူ သူမကို ခေါ်လိုက်သည့် သူ့အသံကို ကြားလိုက်ရလေ၏။

"တာတာ ... တာတာ"

"ဟာ ... ဒီကောင် ဝင်ရှုပ်ပြီ ... ချကွာ"

ဝရုန်းသုန်းကားဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်သွားစဉ် လမ်းတစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်မှ လူများအုံ၍ ရောက်လာကြတော့သည်။ လူကြီးတစ်ဦးက သူမကို ပွေ့ထူလိုက်လေ၏။

"သမီးတွယ်တာပါလား ... ဘာဖြစ်သွားသေးလဲ သမီး"

"ဟင့်အင်း"

"ဦးလေး ... ဒီကောင်တွေ ရဲစခန်းခေါ်မှာ မဟုတ်လား"

"အေး ... ဒါနဲ့ မောင်ရင်က ဘယ်ကလဲ"

"ကျွန်တော် တာတာနဲ့ခြံချင်းကပ်နေတဲ့ သူငယ်ချင်းပါ ဦး"

"သြော် ... ဒါဖြင့် သမီးကို ခေါ်သွားလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ... ဦး"

အင်္ကျီအပြဲနေရာကို လွယ်အိတ်ပိုက်၍ ကွယ်ကာ သူမ ရပ်လိုက်၏။ စိုးရိမ်တကြီးကြည့်နေသည့် သူ့မျက်ဝန်းတို့နှင့် ကြည့်ဆုံသွားပြီး တတောက်တောက်ကျနေသည့် သူ့လက်မောင်းမှ သွေးစက်တို့ကို သူမ မြင်လိုက်ရလေသည်။

"ဟင် ... သွေးတွေ ... သွေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"တာတာ . . . သတိထားလေ၊ ကျွန်တော် ဘာမှမဖြစ်ဘူး။ ပြန်ရအောင် . . . လာ"

သူက သူမကိုခေါ်လိုက်တော့ သူ့အကျီလက်မောင်းစလေးကို ဆုပ်ကိုင်ရင်း လမ်းထဲသို့ ဝင်ခဲ့ကြ၏။ ကိုကိုက ခြံရှေ့မှာ ထွက်စောင့်နေ၏။

"တာတာ . . . ဘာဖြစ်လို့လဲ"

"ကိုကို . . . အီး . . . ဟီး . . . ဟီး"

သူမက ကိုကို့ရင်ခွင်ထဲသို့ ပြေးဝင်ရင်း ကလေးလေးတစ်ယောက်လို ငိုချလိုက်ပါသည်။ ကိုကိုက သူမကို ဖက်ထားပြီး သူ့ကို စကားပြောနေ၏။

"ညီ့လက်မှာ သွေးတွေနဲ့ပါလား"

"ရတယ် အစ်ကို . . . ဓားနဲ့ ရှပ်ထိတာ"

"မဖြစ်ဘူး ထင်တယ် . . . ဆေးခန်းသွားမှ၊ မိပုရေ ဒေါ်ကြီးခင်"

"ရှင် . . . လာပါပြီ ကိုကိုကြီး"

"ဒီမှာ နင့်မမကို ရေအရင်တိုက်၊ အဝတ်လဲပေး။ ငါ ညီ့ကို ဆေးခန်းလိုက်ပို့ဦးမယ်၊ ခြံတံခါးကို ဦးမြိုင်ကို လာပိတ်ထားခိုင်းဦး။ လာ . . . ညီ ခဏစောင့်၊ ကိုယ် ကားထုတ်လိုက်ဦးမယ်"

ကိုကိုတို့ထွက်သွားတော့ အိမ်တံခါးစေ့ထားပြီး ဧည့်ခန်းဆက်တီခုံမှာပင် သူမ လှဲနေလိုက်သည်။ ခဏအကြာ ကားသံကြားရပြီး





ကိုကိုနှင့်သူ အိမ်ထဲဝင်လာ၏။ သူမ လှဲနေရာမှ ထလိုက်တော့ ကိုကိုက သူမဘေးမှာ ဝင်ထိုင်ကာ ပွေ့ဖက်ထားရင်း နဖူးလေးကို နမ်းလိုက်ပါသည်။

"ကံကောင်းလို့ပါလား တာတာရယ်၊ ညီသာ ထမင်းထွက်မစားဖြစ်ရင် ဒုက္ခရောက်တော့မှာ၊ ကျေးဇူးတင်လိုက်တာ ညီရယ်၊ ကိုယ် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး တကယ်ပါ"

"ရပါတယ် အစ်ကို၊ သူ နောက်ကျမယ်မှန်းသိရင် ကျွန်တော် စောင့်နေပါသေးတယ်၊ မှောင်နေပြီဆိုတော့ . . . ပြန်ရောက်နေပြီပဲ ထင်တာ၊ အခု ညစာထွက်စားမှ သူ့ကို အဝေးကမြင်တာတည်းက တစ်ခုခုပဲဆိုပြီး ပြေးသွားမိတာ"

"အင်း . . . ကိုယ့်ညီမမှာ အဲဒီအန္တရာယ်က တော်တော်ဆိုးတာပဲ၊ ဒါကြောင့် . . . စိတ်မချဖြစ်နေရတာ၊ ဟိုတစ်ခါကလည်း ကံကောင်းလို့ ခေါင်းမကွဲ, လက်မကျိုးတယ်"

"ဘယ်တုန်းကလဲ အစ်ကို"

"သူ ဆယ်တန်းတုန်းကလေ"

"ကိုကို"

သူမက ကိုကို့လက်မောင်းကို ညှစ်လိုက်၍ ကိုကိုက မပြောချင်မှန်းသိသဖြင့် စကားလမ်းကြောင်း လွှဲလိုက်ပါ၏။

"ကဲ . . . ညီ ဒီမှာပဲ ထမင်းစားလိုက်တော့နော်၊ ထမင်းပွဲအဆင်သင့်ပြင်ပြီးသား၊ တာတာလည်း ထ"



www.burmeseclassic.com

www.burmeseclassic.com



"တာတာ မစားတော့ဘူး"

"မစားလို့ ဘယ်ဖြစ်မလဲ တာတာရဲ့၊ ဝင်သလောက် စားရမှာပေါ့၊ ပြီးရင် သံပရာရည်လေးနဲ့ သွေးဆေးသောက်ပြီးမှ အိပ်းလာ"

"ဟင့်အင်း . . . စားလို့ရမှာမဟုတ်ဘူး"

"ဩော် . . . ဘာလဲ ညီ ရှိနေလို့လား၊ သူငယ်ချင်းတွေပဲဟာ၊ ဘာရှက်စရာလိုလဲ"

"ဟုတ်ပါဘူး"

"ဘယ်လိုလဲ တာတာ . . . ကိုကိုခွံကျွေးတာ စားချင်လို့လား"

"အာ . . . ကိုကိုကလည်း ပြောရင်း ပိုဆိုးလာပြီ"

သူမမျက်နှာ ရဲခနဲဖြစ်သွားပြီး ထမင်းစားခန်းဆီသို့ ထပြေးသွားပါတော့သည်။ ဩော် . . . တာတာတို့မောင်နှမက သိပ်ကိုချစ်ရှာတာကိုး။ သူ ထမင်းစားခန်းထဲ ဝင်ထိုင်တော့ သူမက ကိုကို့ကို ဦးဖယ်၍ထည့်ပေးပြီး ထိုင်လိုက်၍ ကိုကိုက သူ့ဘက်ကို မေးဆတ်ပြလိုက်သည်။ သူမ နှာခေါင်းရှုံ့ပြလိုက်ပြီး သူ့ပန်းကန်ထဲသို့ ငါးရည်တစ်ဇွန်း ခပ်ထည့်ပေးလိုက်၏။

"တာတာ အဲဒါ ဘာလုပ်တာလဲ၊ ကိုကို မကြိုက်ဘူးနော်"

"သူက ငါးပိကြိုက်တယ် ကိုကိုရဲ့၊ ကျောင်းမှာတုန်း[illegible] ချိုသဲ ငါးပိချက်ကိုစားချင်လို့ လှမ်းမျှော်နေတာ သနားစရာ[illegible]





. . . ဟီး ဟီး ဟီး"

"မဟုတ်တာ လျှောက်ပြောနေပြန်ပြီ"

"ဟုတ်ပါတယ် အစ်ကိုရဲ့"

သူမက သူ့ကို ကြံမဆိုင်ဟင်း၊ ကြက်သားဟင်းနှင့် ဂေါ်ဖီကြော်တို့ကို ထည့်ပေးလိုက်ပါသည်။ ကိုကိုက ထမင်းစားနေရင်းမှ သူ့ကို အကဲခတ်၍ မသိမသာ စပ်စုနေတော့၏။

"ညီ . . . ဘာအလုပ်လုပ်သလဲ"

"ကျွန်တော် စီးပွားရှာနေတယ် အစ်ကို"

"ဟုတ်လား . . . တော်တော် ပြီးနေပြီလား"

"ဟုတ်ကဲ့ . . . ငါးပုဒ်ပဲ ကျန်ပါတော့တယ်၊ နောက်နှစ်လလောက်ဆို ထွက်ပြီ အစ်ကို"

"ညီ့အသံ ကောင်းတယ်ကွ၊ ကိုယ်တို့မောင်နှမ ညီ့ဂစ်တာ[illegible]ကို အမြဲနားထောင်နေတာ၊ ညီလည်း ရောက်လာရော တာတာ[illegible]တာင် ဂစ်တာမတီးတော့ တော်တော်ကြာနေပြီ၊ ဒါနဲ့ ညီ့မိဘတွေ[illegible]ယ်တော့ပြောင်းလာမှာလဲ"

"နောက်နှစ်လမှ အစ်ကို၊ ဖေဖေနဲ့မေမေ့ကို နားစေချင်လှ[illegible] ကျွန်တော် ဒီအရွယ်ထိ ပင်ပန်းခဲ့တာကို မကြည့်ရက်ဘူး"

"အသက်တွေ တော်တော်ကြီးပြီလား"

"ဖေဖေက ခြောက်ဆယ်နီးပြီ၊ မေမေက ခုမှ လေးဆယ့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဒါဆို ညီ့မေမေ ပင်စင်ယူလောက်ပြီပေါ့"

"ဟုတ်ကဲ့ . . . ငါးဆယ့်ငါးထဲမှာ ဆေးပင်စင် တင်လိုက်တာ၊ ဖေဖေက ရောဂါသည် အစ်ကိုရဲ့ မေမေ့မှာ သူ့ဝါသနာကို စွန့်ပြီး အိမ်ကို ဦးဆောင်ရရှာတာ"

"ညီ့မေမေက အရင်ဘာလုပ်လို့လဲ"

"မေမေက နဂိုက အဆိုတော်လေ၊ အစ်ကို ကြားဖူးလား မသိဘူး . . . မြတ်လေးညိုတဲ့"

"ဟာ . . . ကြားဖူးတာပေါ့၊ တာတာငယ်ငယ်က မြတ်လေးညိုသီချင်းနဲ့ ကခဲ့ဖူးတယ်၊ ဟိုသီချင်းလေ . . . မောင့်ကိုချစ်ချင်ပေမယ့် အစ်ကို့ကိုကြောက်လို့ ခေါင်းခါပါရစေဆိုတာလေ"

"အာ . . . ကိုကိုနော်"

"သြော် . . . ဟုတ်တာ ပြောတာပဲဟာ၊ ရှက်စရာလား"

"ဟင်း ဟင်း . . . ဟုတ်တယ်၊ အဲဒီသီချင်းနဲ့ . . . မေမေ နာမည်ကြီးသွားတာ၊ ချစ်ခွင့်မပိုင်လေ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကိုယ်လည်း သိပ်ကြိုက်တာ၊ အင်း . . . ဒီရောက်တော့မှပဲ အန်တီနဲ့ မိတ်ဆက်ကြရမှာပေါ့"

ထမင်းစားပြီးသွားတော့ ညှို့ခန်းမှာ ခဏတစ်ဖြုတ်ထိုင်၍ စကားပြောနေကြသေးသည်။

သူမက ရေခဲသေတ္တာထဲမှ စတော်ဘယ်ရီတောင်းလေးကို ထုတ်၍ မစ်ခ်ရှိတ်ဖျော်ကာ ထည့်လာခဲ့၏။





"သောက်ပါ ညီ"

"ထမင်းလည်း စား၊ ဒါလည်း သောက်ဆိုတော့ အားနာလာပြီ အစ်ကို"

"မလိုပါဘူး ညီရာ၊ ခင်ရာဆွေမျိုးတဲ့၊ သောက်သာ သောက်ပါ"

"ရှင်ဟာလေ . . . ဖေယျာနဲ့များ ကွာပါ့၊ ဒီလိုအားနာပုံနဲ့ ရှင်ဝတ်မှာ"

"ဟာ . . . တာတာ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုပြောလိုက်တာလဲ"

"ဟင် . . . ဒီလိုပဲ ပြောနေကျဟာကို၊ ကိုကိုကလဲ"

"ရပါတယ် အစ်ကို . . . ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ကောင်းပြီ ညီ၊ နောက်ဆို . . . ကျောင်းသွားကျောင်းပြန် တာတာနဲ့အတူ သွားပါကွာ"

"ဟုတ်ကဲ့"

သူ ပုဏ္ဏရိပ်ခြံစည်းရိုးကြားမှ ခြကူး၍ ပြန်ခဲ့ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေး ...
မင်းနဲ့ပတ်သက်လာရင်
အစစသည်းခံ
တစ်ခါမှ မတွန့်လှန်နိုင်ခဲ့တာ ဘာကြောင့်လဲ...

ကောင်မလေး ...
အပြစ်ကင်းစင်လွန်းတဲ့
မင်းမျက်နှာလေးကို မြင်ရိုက်မှာ
အရည်ပျော်ကျသွားရတာ ဘာကြောင့်လဲ...

ကောင်မလေး ...
မင်းအပြုံးချိုချိုလေးကို
အိပ်မက်တွေထဲအထိ
ခဏခဏ မက်နေခဲ့တာ ဘာကြောင့်လဲ...

ကောင်မလေး ...
နေ့စဉ်တွေ့နေကျ
မင်းပုံရိပ်လေးကို
အာရုံမှာ မပျောက်နိုင်တာ ဘာကြောင့်လဲ...

ကောင်မလေး
မင်းမျက်စောင်းလေးအဆိပ်ကို
ငါ မခံနိုင်ဘူး ...
မင်းနှုတ်ခမ်းလေး စူမှာကို
ငါ မလိုချင်ဘူး ...
မင်းဆူပေကွာပြုမှာကိုလည်း
ငါ လက်မခံနိုင်ဘူး ...

ငါတို့ရဲ့သံယောဇဉ်က
ပဋိပက္ခနဲ့စတင်
နေ့ည အစဉ်အလာမှာ
အာဃာတကို တိုင်တည်မြို
ယခုပစ္စုပ္ပန်မှာတောင်
မင်းရဲ့အမုန်းအဆိပ်ကို
မခံရပ်နိုင်ဘဲ
ဝေဒနာဖြစ်နေရတာ
ဘာကြောင့်များလဲ ကောင်မလေးရယ်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကိုကို့ကားထွက်သွားသည်ကို မျက်စိတဆုံးကြည့်နေပြီးမှ အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ ရေးလက်စစာမူကို ဆက်ရေးရန်ပြင်စဉ် တစ်ဖက်ခြံမှ အိမ်တံခါးဖွင့်မထားသည်ကို သတိထားမိသွား၏။ သေချာအောင် လေသာဆောင်မှထွက်၍ ထပ်ကြည့်လိုက်ပါသည်။ သေချာတာပေါ့။ မနက် ၉ နာရီပဲခွဲနေပြီ။ သူ မထသေးပါလား။ အပြင်ထွက်သွား မသွားက သူ့အိမ်တံခါးသော့ခလောက်ကို ကြည့်မှသိမည်မို့ ပုဏ္ဏရိပ်ခြံစည်းရိုးကို ဖြတ်၍ကူးလာခဲ့သည်။

"ညီလေးညို ... ညီလေးညို"

သော့ခတ်မထားသည်မို့ သူ အထဲမှာရှိနေမှန်းသိ၍ သူမ ခေါ်လိုက်၏။ သစ်သားလှေကားထစ်ကိုတက်၍ ဇီနပ်ချွတ်မှ ရပ်ကာ





တံခါးကို ခေါက်လိုက်ပါသည်။

"ဒေါက် ... ဒေါက်"

"ညီလေးညိုရေ ... ရှင်နေကောင်းရဲ့လား"

အထဲမှ ဘာသံမှမကြားရသဖြင့် သူမ အိမ်ဘက်ပြေးကာ အိမ်မှလူတွေကို အော်ခေါ်လိုက်ပါသည်။

"ဦးမြိုင်ရေ ... မိပု ... ခဏလာပါဦး"

ဦးမြိုင်နှင့် မိပုရောက်လာတော့ ဦးမြိုင်ကို တံခါးဖွင့်ခိုင်း၏။ တံခါးဘေးပျဉ်ချပ်မှ သံချက်ကိုရိုက်ဖြုတ်၍ ကလန့်ကိုချကာ ဖွင့်လိုက်ကြသည်။ အိမ်ခန်းဖွဲ့စည်းထားခြင်းမရှိသည့် ဟောခန်းထောင့်မှာ စောင်ပါးလေးခြုံ၍ ကွေးနေသည့် သူ့ကို မြင်ရ၏။ နဖူးကိုစမ်းကြည့်စဉ် ကိုယ်က ခြစ်ခြစ်တောက်ပူနေပြီ။

"ဦးမြိုင် ... ဒေါက်တာဖော်ဦးကို Taxi ငှားပြီး ပင့်လာခဲ့ပါ။ သူ့ကားက ဝပ်ရှော့ပို့ထားလို့ ကားငှားသွားခိုင်းတာနော်၊ မိပုက ရေခဲသေတ္တာထဲက ရေပုလင်းကို ပလတ်စတစ်ဇလုံထဲ ထည့်ပြီးရင် ဗီရိုထဲက ချွေးသုတ်ပဝါအသစ်နှစ်ထည်ယူလာ၊ ဒေါ်ကြီးခင်ကို ဆေးဇလင်းရယ်၊ ကော်ဖီရယ် လာပို့လို့ ... မြန်မြန်နော်"

သူမက နောက်ဖေးတံခါးကိုဖွင့်၍ သူ့စွပ်ကျယ်တစ်ထည်ကို ရှာထုတ်လိုက်၏။ ချွေးတို့ရွှဲနေသည့် သူ့အင်္ကျီကိုချွတ်၍ ရေပတ်တိုက်ပေးကာ ချည်အင်္ကျီတစ်ထည်ကို ဝတ်ပေးလိုက်ပါသည်။ ချွတ်ပြီးသည့် အဝတ်များကို နောက်ဖေးဘက် သွားပုံထားလိုက်ပြီး သူအိပ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်ရှိ ရှုပ်ပွနေသည်တို့ကို ရှင်းစဉ် လျှောက်လွှာစာရွက်ပေါ်၌ ရေးထားသည့် ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရလေ၏။ ကောင်မလေးဆိုပါလား . . . ကြည့်စမ်း၊ ဒါ ငါ့ကိုစောင်းပြီး ရေးထားတဲ့ ကဗျာပဲ။ သူမ စာရွက်ကိုခေါက်၍ စာအုပ်တစ်အုပ်ကြားမှာ ထည့်ညှပ်လိုက်ပါသည်။

မိပုနှင့်ဒေါ်ကြီးခင်ရောက်လာတော့ သူ့ကိုနှိုး၍ ကော်ဖီနှင့် ပါရာတစ်လုံး တိုက်လိုက်ပါသည်။ ပြီးနောက် ရေဇလုံဖြင့် သူ့နဖူးပေါ် ရေပတ်တင်ပေးနေမိ၏။ မိပုကို သူ့အဝတ်အစားတွေ လျှော်နိုင်းလိုက်ပြီး ဒေါ်ကြီးခင်ကို ကြက်ဥ Half - fried နှင့် မြူစွမ်ပြုတ်ထားရန် မှာပြီးစဉ်၊ ဒေါက်တာဇော်ဦး ရောက်လာပါ၏။

"အင်း . . . တော်လိုက်တဲ့ နာစ့်ပဲ၊ အဖျားက ၉၀ လောက်ရှိတော့တယ်၊ သောက်ဆေးပဲ ပေးခဲ့မယ်နော် တာတာ၊ ဆေးမထိုးတော့ဘူး လက်က အနာရှိန်နဲ့ ဖျားတာပါ၊ ထမင်းမကျွေးနဲ့ဦး"

"တာတာ . . . မြူစွမ်ပဲ လုပ်နိုင်းထားတယ် ဦးဇော်"

"ကောင်းသားပဲ တာတာရဲ့၊ ဆန်ပြုတ်တိုက်လည်း ရတယ်၊ အားရှိအောင် နွားနို့လေးတိုက်၊ အဖျားပျောက်မှ ကြက်စွပ်ပြုတ်တိုက်ပေါ့၊ ညဘက် စောင့်ကြည့်နေဖို့ လိုတယ်နော်၊ မနက်ဖြန်မှ ဦးဇော် ထပ်လာမယ်၊ ကဲ . . . သွားပြီ"

"ဟုတ်ကဲ့ . . . ဦးဇော်၊ ကျေးဇူးတင်ပါတယ်၊ ဦးမြိုင်ရေ ဦးဇော်ကို Taxi ပေါ် တင်ပေးလိုက်ဦးနော်"





"အေး . . . အေး . . . သမီး"

ဒေါက်တာဇော်ဦး ပြန်သွားတော့ မိပု ယူလာပေးသည့် ကြက်ဥကြော်နှင့်မြူစွမ်ကို သူ့ကို သောက်စေသည်။ ညာလက်က အနာကြောင့် ရောင်နေသဖြင့် ဇွန်းကိုင်စရာ မငြိမ်တော့ သူမစိတ်မရှည်နိုင်တော့ပေ။

"ကဲပါ . . . ကျွန်မပဲ ခွံ့ကျွေးပါတော့မယ်၊ ပေး"

"အားနာလိုက်တာ တာတာရယ်"

"မလိုပါဘူး ညီလေးညီရယ်၊ ရှင်းဖျားရတာ ကျွန်မကြောင့်ပဲဟာ၊ ကျွန်မမှာ တာဝန်ရှိပါတယ်"

"ဒါဖြင့် . . . တာဝန်အရ လာလုပ်ပေးတာပေါ့နော်"

သူမ သူ့ကို မျက်စောင်းထိုးလိုက်မိ၏။ မိပုရှေ့မှာ ဘာဘာညာညာတွေ သူမ မပြောစေလိုပါ။ တော်ကြာ တိုကို ပြန်သိသွားရင် ဘယ်ကောင်းပါ့မလဲ။

"ရှင့်ကို ကျွန်မ ပြောဖူးတာ မေ့နေပြီလား"

"ဟင့်အင်း . . . မမေ့ပါဘူး"

"ဒါဖြင့် မရှည်နဲ့"

သူမက သူ့ကို ဝိတ်ပေါက်လိုက်ပြီး မြူစွမ်ကိုကုန်အောင် တိုက်လိုက်ပါ၏။ ဦးမြိုင်ကို သူ့ချွေးထွက်လျှင် အဝတ်လဲပေးရန် မှာခဲ့ပြီး အိမ်ကို ပြန်လာခဲ့သည်။

နေ့လယ်ဆေးကို နွားနို့နှင့် မုန့်တင်းကျွေး၍ သောက်ခိုင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြီးသားအဝတ်များ ခြောက်ပြီဖြစ်၍ မီးပူတိုက်ကာ သူ့ထံ ပြန်ယူလာပေးတော့ သူက အားနာကြည်ဖြင့်သာ ကြည့်နေလိုက်သည်။ ညနေစောင်း၌ ခေါ်ကို ငါးရံ့အကွင်းလေးတွေကြော်၍ ဆန်ပြုတ်ပြုတ်ထားပြီး လာတိုက်စဉ် ကိုကို ကုမ္ပဏီမှ ပြန်လာလေ၏။

"လက်က တော်တော်ကိုက်နေပြီလား . . . ညီ"

"နည်းနည်းပါ အစ်ကို၊ ခု သက်သာသွားပါပြီ၊ ဆောင်းတွင်းမို့ ညတုန်းက တစစ်စစ်နဲ့ကိုက်တာ၊ ဖျားတော့မယ်ဆိုတာ သိတယ်၊ လူက ဘယ်လိုမှ ခေါင်းမထူနိုင်လို့ပါ၊ တော်သေးတာပေါ့၊ တာတာတို့ တံခါးဖွင့်ကြည့်ပြီး ဆေးရာဝန်ပင့်ပေးလို့ သက်သာသွားရတာ၊ ကျေးဇူးတင်လိုက်တာ အစ်ကိုရာ"

"ပြောပြန်ပြီ ညီရာ၊ ကိုယ်တို့ကြားမှာ ဒီစကားမျိုး ပြောဖို့ မလိုပါဘူး၊ ကိုယ်တို့ကညီရတာ အသေးအမွှားပါ၊ ဒီညနေ ဘာစားရလဲ"

"ဆန်ပြုတ် အစ်ကို၊ ငရုံ့ကောင်းနဲ့လေးနဲ့ ကြက်သွန်မြိတ်နံ့လေး မွှေးနေတာပဲ၊ ကျွန်တော် . . . မေမေ့ကိုတောင် သတိရတယ်"

"မှာချင်လို့လား ညီ"

"နေပါစေ အစ်ကို၊ မေမေ့မှာ မအားရတဲ့ကြားထဲ ကျွန်တော့်အတွက် အလုပ်ပိုနေမှာစိုးလို့ပါ"

"ညကျရင် ဦးမြိုင် လာစောင့်ပေးလိမ့်မယ် ညီ၊ ဘာလိုသေးလဲ၊ လိုတာပြောနော်၊ နေဦး . . . ဖျာပေါ်မှာ ဒီအတိုင်း အိပ်နေတာ





အေးမှာပေါ့၊ မွေ့ရာအပါးစားလေး ပို့ခိုင်းလိုက်မယ်"

"ရပါတယ် အစ်ကိုရဲ့"

"မရပါနဲ့ကွာ၊ ညဘက်ဆာရင်စားဖို့ တာစီစဉ်ပေးထားလဲ တာတာ"

"ကော်ဖီ ဓာတ်ဘူးနဲ့ဖျော်ပေးထားတယ် ကိုကို၊ မုန့်ထင်းလည်း ဖုတ်ထားပေးတယ်၊ ပေါင်မုန့်လည်း ပါတယ်"

"ဒါဆို . . . အိုကေလောက်ပါပြီ၊ ကိုကိုတို့ ထမင်းစားရအောင် တာတာ၊ ပြန်ကြစို့"

သူမ ထရပ်လိုက်ပြီး ကိုကိုနှင့်အတူ အိမ်ကို ပြန်လာခဲ့ပါသည်။ အိပ်မပျော်မည့်အတူတူ ရေးလက်စစာမူကို တစ်ညလုံး မအိပ်ဘဲ ထိုင်ရေးနေခဲ့၏။ ချစ်သူကို စွန့်ခွာ၍ အနုပညာနယ်ထဲသို့ ခြေစုံပစ်ဝင်သွားသည့် အဆိုတော်ကောင်လေးတစ်ယောက်၏အကြောင်းကို အခြေခံ၍ လွမ်းမောဖွယ်၊ မြတ်နိုးဖွယ်၊ နာကျင်ဖွယ်၊ သနားဖွယ် ဖြစ်အောင် ရေးဖွဲ့နေရင်း ခံစားချက်တို့ ပြည့်နှက်လာကာ မျက်ရည်တို့ ကျလာလေတော့သည်။

*

မျက်စိကိုအားယူ၍ ဖွင့်ကြည့်လိုက်တော့ နေအတော်မြင့်နေပြီဆိုတာ သိရ၏။ နာရီကိုကြည့်မိတော့ ၁၀ နာရီ ရှိနေပေပြီ၊ ထမန်း



www.burmeseclassic.com

www.burmeseclassic.com



ကတန်း ရေချိုးခန်းဝင်၍ အောက်ထပ်သို့ တဒုန်းဒုန်းပြေးဆင်းလာခဲ့သည်။

"ဘယ်လိုဖြစ်လာရတာလဲ တာတာ"

"ဟင် ... ကိုကို ကုမ္ပဏီမသွားသေးဘူးလား"

"ဒီနေ့တစ်ရက် နားလိုက်တယ်လေ ... ဘာဖြစ်လို့လဲ"

"ဟီး ... တာတာ မနက် ၅ နာရီမှ အိပ်ပျော်သွားလို့ အခု ၁၀ နာရီထိုးနေပြီ၊ ညီလေးညီဖို့အတွက် ဘာမှမလုပ်ပေးရသေးဘူး"

"ဟင်း ဟင်း ... တာတာ ညည်းနက်သွားတာ ကိုကို သိပါတယ်ကွ၊ မနက်ဆေးကို မုန့်ဟင်းခါးဝယ်ကျွေးပြီး တိုက်ထားပြီးပြီ၊ အိမ်မှာ ကြာဆံချက်စားဖို့ မိပုကို ဈေးလွှတ်လိုက်တယ်"

"ကြာဆံချက်ဆို ... တာတာက ရှောက်သီးသုပ်ပါမှ ကြိုက်တာလေ ကိုကိုရဲ့"

"သိပါ့ဗျာ ... ရှောက်သီးနှစ်လုံးဝယ်ခဲ့ဖို့ မှာလိုက်ပါတယ် ကလေးမရယ်၊ ကဲ ... လာ ... တာတာ့အတွက် မုန့်ဟင်းခါးကို အိုးဘဲဥရယ်၊ အီကြာကွေးရယ်၊ ပဲကြော်၊ ဘူးသီးကြော်၊ ငါးဖယ်ကြော်အစုံနဲ့ ကျွေးဖို့ပြင်ထားပါရဲ့"

"ဟာ ဟ ... ပွတာပဲ"

"အေး ... ညီလည်း တာတာနဲ့ အကြိုက်တူပုံ။ ဒီလိုအစုံနဲ့နှစ်ပွဲလောက် အသာလေးအုပ်ထည့်လိုက်တယ်"





"ကြည့်စမ်း ... ဒီကောင် တော်တော်အစားပုပ်တာပဲ"

"ဒီလိုကြီးပဲ ခေါ်နေတော့မှာလား။ ညီက တာတာ့ထက် ခြောက်လကြီးတယ်နော်၊ နည်းနည်းလောက်တော့ ရှိသေမှပေါ့"

"ဟွန်း ... သူ့ပုံစံက ရှိသေချင်စရာကို။ တာတာနဲ့ရန်ဖြစ်နေရတာ ခဏခဏပဲဟာ ... ခေါ်ချင်ပါဘူး"

"တာတာနော် ... ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ သူငယ်ချင်းကို၊ ပြောသာပြောရတာ၊ အဲဒီ တူသောအကျိုးခံစားရတာ တာတာ့ရဲ့၊ ကိုကိုညီမလေး သူတစ်ပါးအပေါ် စိတ်ကောင်းမွေးခဲ့လို့ ကိုယ့်အလှည့်မှာလည်း ဒီလိုစိတ်ကောင်းရှိ၊ ကူညီတဲ့သူနဲ့တွေ့ရတာ၊ ညီကို ကျေးဇူးတင်"

"ကျေးဇူးတင်တာက သက်သက်၊ မတည့်တာက သက်သက်ပဲ"

"ကြည့် ... ပြောနေရင်းက"

ကိုကိုက သူမခေါင်းကို ထုလိုက်ပါသည်။ မုန့်ဟင်းခါးစားပြီးချိန်၌ မိပု ဈေးမှဝယ်လာသည့်ပစ္စည်းများကိုထုတ်၍ ချက်ပြုတ်ဖို့ ပြင်ရတော့သည်။ မှိုခြောက်ပန်းခြောက်၊ ပဲပြားနှင့် ကြာဆံတို့ကို ရေစိမ်ထားလိုက်ပြီး မိပုကို ကြက်သားခုတ်ထစ်ခိုင်းရ၏။ ဘဲဥနှင့် ငုံးဥများကို အရင်ပြုတ်ပြီးမှ ရေနွေးအိုးကို ရေများများထည့် တည်ထားလိုက်ပါသည်။ ရှောက်သီးသုပ်စားချင်၍ အခွံနွှာကာ အစိတ်လေးများမှ အမြှေးဖတ်လေးများကို မခါးအောင် ဆားရေစိမ်၍ ကြက်သွန်နီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးစိမ်းကို ပါးပါးလှီးထားလိုက်၏။ စိမ်းစားငါးပိကို မီးဖုတ်ကာ ပန်းကန်ထဲ အသင့်ထည့်ထားလိုက်ပြီး ပုစွန်ခြောက်ကို အနည်းငယ် မွှအောင် ထောင်းထားကာ ကြာဆံချက်အိုးကို စချက်တော့သည်။

အားလုံးကျက်သွားတော့ ရေမိုးချိုးကာ ခြံထဲလမ်းဆင်း လျှောက်နေလိုက်သည်။ သနပ်ခါးရွှံ့မှ ပန်းရနံ့ကို တဝကြီးရှူရှိုက်လိုက် မိချိန်၌ အနည်းငယ် နောက်ကျနေသည့် ဦးနှောက်က ကြည်လင် သွားလေ၏။ ကိုကိုက သူ့ကိုခေါ်၍ ခြံထဲသို့ ပြန်ဝင်လာလေသည်။

"တာတာ ... အားလုံးအဆင်သင့်ဖြစ်ရင် စားကြစို့လေ"

"ရပါပြီ ကိုကိုရဲ့"

သူမက ကိုကိုနှင့်သူတို့ ကြာဆံချက် ပြင်ထည့်ပေးလိုက်သည်။ ရှောက်သီးစိပ်၊ နံနံပင်၊ ငရုတ်သီးမှုန့်တို့ကို ပန်းကန်ပြားလေးများဖြင့် ထည့်ပေးထား၏။ အလယ်ပန်းကန်လုံးကြီးထဲ၌ ဘဲဥဖတ်များများ၊ ငုံးဥနှင့် ကြက်သားများဖြင့် လိုက်ပွဲကို ထည့်ပေးကာ ရှောက်သီးသုပ်ရန် ပြင်တော့သည်။ စိမ်ရွှားသည့် ရှောက်သီးဖတ်များကို ကြက်သွန်၊ ငရုတ်သီးစိမ်း၊ ပုစွန်ခြောက်ထောင်းနှင့် ငါးပိဖုတ်ဖြင့်ရော၍ သုပ်လိုက်၏။ ကြာဆံချက်ထဲမှ ကြာဆံဖတ်များများခယ်ထည့်၍ ငရုတ်ကောင်းမှုန့် များများဖြူးလိုက်ပြီး စားရန်ပြင်လိုက်သည်။ သူက သူမလုပ်နေသည်ကို လိုက်ကြည့်နေလေ၏။

"ဘာလဲ ... စားချင်လို့လား ညီလေးညို"

"ဟင် ... မဟုတ်ပါဘူး"





"ရှင် ခေါ်သောက်ရမှာမို့ အချဉ်နဲ့မတည့်ဘူး ... မစားနဲ့"

"နည်းနည်းပါးပါးစားရင် ဘာမှမဖြစ်ပါဘူး တာတာရယ်၊ ဆေးကို တစ်နာရီခြားပြီးမှ သောက်လည်းဖြစ်တယ်၊ သူ စားချင်ရင် လည်း ကျွေးလိုက်ပါ"

"စားမှာလား"

"တာတာ သုပ်တာမြင်ရလို့ စားတော့စားချင်တယ်၊ ဒါပေမဲ့ ...ကျွန်တော်က အချဉ်ကြောက်တယ် အစ်ကိုရဲ့"

"အမယ်လေးနော် ... စားချင်ရင်လည်း စားပေါ့၊ . အချဉ် ကြောက်တယ် ကြေညာနေသေး။ စားကြည့်ပါ ညီလေးညိုရဲ့ သိပ် မချဉ်ပါဘူး"

သူမက သုပ်ထားသည့် စတီးဇလုံထဲမှ အသုပ်ကို သူ့အ တွက် ထည့်ပေးလိုက်ပါသည်။ သူ တစ်ဇွန်းနှိုက်စားလိုက်တော့ အချဉ် မရှုံ့ဘဲ စားကောင်းနေ၏။ တာတာ အချက်အပြုတ်တော်တာကို သူ တကယ်သိရပါပြီကော။

"စားကောင်းလား"

"အင်း"

"ဟား ... ဟား ... ညီတော့ တာတာ့လက်ရာ သဘောကျ နေပြီပေါ့၊ တာတာ ကျောင်းမတက်ရတဲ့ Sunday တိုင်း ကိုယ့်အိမ်မှာ တစ်ခုခုအမြဲချက်စားနေကျကွ၊ အဲဒီတော့ လာစားကြည့်ပေ ဒေါ့၊ အခုလည်း ညီ အပြင်မှာသွားစားနေရတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရောက်ကစပြီး အိမ်မှာပဲ လာစား။ ကိုယ်မရှိလည်း တာတာ ရှိတာပဲ"

"အာ . . . မလုပ်ပါနဲ့ အစ်ကိုရာ၊ အားနာပါတယ်"

"အေး . . . ညီ့ရဲ့အားနာတာတွေကို အချိန်နဲ့ရောင်းစားရင် ကိုယ် ဘီလျံနာဖြစ်လောက်ပြီ"

သုံးယောက်သား ရယ်မောမိလိုက်ကြသည်။ ညနေဘက် ဒေါက်တာဇော်ဦးရောက်လာတော့ သူ့အဖျားက ပျောက်လုနီးပါး ဖြစ်နေပေပြီ။ အနာကို ဆေးထည့်၍ ပတ်တီးစည်းနှောင်ပေးတော့ အနာ ကျက်သွားချိန်မှာ အမာရွတ်လေးအဖြစ် ကျန်နေခဲ့မည်ကို ငုံကြည့်ရင်း သူ့စိတ်ထဲ တစ်မျိုးလေးခံစားနေရသည်။

တာတာရေ . . . ကိုယ့်ရင်ထဲ ဘာတွေဖြစ်နေသလဲဆိုတာ မင်း မြင်နိုင်ပါ့မလား။

❋ ❋ ❋



## အခန်း (၁၂)

သူမ၏ 'ခုံမှတ်မဲ့မြား' ဝတ္ထုနှင့် သူ၏ 'အတိတ်ကို မတူးဆွချင်သူ' စီးရီးက တစ်ပတ်သာခြား၍ ထွက်လာခဲ့၏။ သူမစာအုပ်ကတော့ အုပ်ရေအရောင်းရဆုံးစာရင်း၌သာ ပါဝင်ခဲ့ပြီး သူ၏ဦးခုံးအခွေကတော့ Top Ten စာရင်းမှာ နံပါတ် (၃) ချိတ်ခဲ့၍ တစ်နိုင်ငံလုံး ကျော်ကြားသွားတော့သည်။

သူမလို လူမသိ သူမသိ စာရေးသူတစ်ယောက်ထက် သူ၏ အောင်မြင်မှုကတော့ အံ့မခန်းနိုင်အောင် နေရာအနှံ့အပြား ကြော်ငြာဆွဲ ပြည့်နေသလို ဖျူးဆရာများ၏အရေးအသားများကလည်း မဂ္ဂဇင်းတိုင်းမှာ ပါလာပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှော ... ဒါ ဒီလထုတ် မဂ္ဂဇင်းအကုန်ပဲ၊ နောက်ထပ် ဘာဝယ်ပေးရဦးမလဲ တာတာ"

"ရပါပြီ ကိုကိုရဲ့၊ တာတာတော့ ဒီလစာရေးတာ ခဏနားပြီး စာအုပ်ဖတ်ရင်းနဲ့ ငြိမ့်နေလိုက်ဦးမယ်"

"စာလည်း ကျက်ဦးနော်၊ ပျင်းမနေနဲ့ Final Exam က ဘယ်တော့လဲ"

"နောက်နှစ်လဆို ဖြေရပြီ၊ Pratical ကို ဒီလအထိပဲ လုပ်ရတော့မှာ၊ ကျောင်းတစ်လခွဲပိတ်တုန်း ကျက်လို့မီပါတယ် ကိုကိုရာ"

"အင်းလေ ... တာတာက ဉာဏ်ကောင်းတာပဲ၊ တီချယ် ခေါ်တင်တင်နုပြောထားတာရော ... ဆက်တက်ချင်လား"

"မတက်ချင်တော့ပါဘူး။ တာတာက စာသင်တာ ဝါသနာမှ မပါဘဲ၊ Q ဝင်လည်း Master ဆက်မတက်ပါဘူး။ ရစ်လိုက်တော့ မယ်"

"ဘာပဲပြောပြော ကိုကို့ညီမက ခြေလှမ်းမှန်မှန်နဲ့ ပုံမှန် တက်နေတာ၊ ခု ...ဟိုကောင်လေးကတော့ ဒိုင်းခနဲဖောက်ထွက် လာတာ၊ အံ့ဩစရာကောင်းတယ်၊ ခုလည်း သူ့အင်တာဗျူးတွေပဲ စာအုပ်တိုင်း ပြည့်နေတာပဲတဲ့"

သူမ ကိုကို့ကို နှာခေါင်းရှုံ့ပြလိုက်ပြီး ဆက်တီပေါ် လှဲ လျက် မဂ္ဂဇင်းတစ်အုပ်ကို စဖတ်လိုက်ပါသည်။ ကိုကိုက သူမနှင့်





ခပ်လှမ်းလှမ်းမှာ ဘိုနီကို အစာကျွေးထားပြီး သူမအတွက် ဝယ်လာသည့် စာရေးကိရိယာတို့ကို စားပွဲပေါ်တင်နေ၏။ သူမ တစ်ရွက်ပြီး တစ်ရွက် လှန်လျောနေသော စာမျက်နှာတို့သည် 'အတိတ်ကို မတူး ဆွချင်တဲ့ ညီလေးညို' ဟူသည့်ခေါင်းစဉ်သို့ ရောက်လာတော့သည်။

"ဒီစီးရီးက ကိုညီလေးညိုရဲ့ ပထမဆုံးစီးရီးပေါ့နော်"

"ဟုတ်ပါတယ်"

"ဒီစီးရီးဖြစ်မြောက်ဖို့ အချိန်ဘယ်လောက်ယူခဲ့ရပါသလဲ"

"ရင်ထဲမှာ စီစဉ်ခဲ့တာ ကြာပြီပေါ့ ... အစ်ကိုရာ၊ ခုမှပဲ လက်တွေ့အကောင်အထည်ဖော်ဖြစ်ခဲ့ရတာပါ"

"ဒီအခွေမှာ အဆွေးသီချင်းတွေ တော်တော်များများ တွေ့ ရတယ်၊ ပြီးတော့ ကိုညီလေးညိုကိုယ်တိုင်လည်း feeling အပြည့်နဲ့ ခံစားသီဆိုထားတာဆိုတော့ အပြင်မှာလည်း သီချင်းထဲကလိုမျိုး အသည်းကွဲဖူးသလား မသိဘူး"

ဒီမေးခွန်းကို မေးလိုက်တော့ ကိုညီလေးညိုဟာ ကွက်ခနဲ မျက်နှာပျက်သွားပါတယ်။ ဒါပေမဲ့ ... ခပ်မြန်မြန်လေး ပြန်ပြင်လိုက် တာတွေ့ရတော့ စာရေးသူလည်း သူ့ကို အရမ်းအားနာသွားမိပါတယ်။

"ကျွန်တော် ... ဒီမေးခွန်းကို မဖြေပါရစေနဲ့ အစ်ကိုရာ၊ ဆောရီးပါ"

သူမက တခြားစာအုပ်တစ်အုပ်ကို ထပ်မံယူလိုက်ပြီး သူ့ အင်တာဗျူးနေရာကို ရှာဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီလေးညိုရဲ့ဘဝမှာ ဖြစ်ချင်တာတွေ အကုန်ဖြစ်ခဲ့ရသလားဆိုတာ သိပါရစေ"

"အင်း . . . ဘယ်လိုပြောရမလဲ၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာတွေကို ရွေးချယ်ခဲ့ရတာတွေလည်း ရှိပါတယ်"

"ပါစင်နယ် နည်းနည်းလောက်မေးချင်လို့ . . . ဖြေချင်ပါ့မလား"

"ရပါတယ် . . . ကျွန်တော် ဖြေနိုင်မယ့်မေးခွန်းမျိုးဆိုရင်ပေါ့"

"ကိုညီလေးညိုရဲ့ဘဝမှာ လက်တွဲဖော်ရဲ့ပုံစံနမူနာလေး တဆိတ်လောက် သိပါရစေ"

"အတ္တကင်းစင်ပြီး ကျွန်တော့်ကို နားလည်မှုအပေးနိုင်ဆုံးသူမျိုးပါ၊ ကျွန်တော်နဲ့ စိတ်တူကိုယ်တူ ရည်မှန်းချက်တူရင်တော့ ပိုကောင်းတာပေါ့ဗျာ"

"ဒါဖြင့်ရင် . . . ရုပ်လှတာတို့ အရပ်မြင့်တာတို့နဲ့ မရွေးချယ်ဘူးဆိုပါတော့"

"ဟုတ်ကဲ့ . . . ကျွန်တော်က စိတ်အလှတစ်ခုကိုပဲ ရွေး[illegible]ပါ၊ ဓိဝရုပ်အမြင်နဲ့ သူဟာ . . . ဘယ်လောက်ပဲ ရုပ်ဆိုးနေပါ[illegible] ကျွန်တော့်ရဲ့ချစ်တဲ့မျက်စိနဲ့ ကြည့်ရင်တော့ လှနေမှာပါပဲ"

"ဒါဖြင့် . . . အချစ်တစ်ခုနဲ့ပဲ ရွေးချယ်မှာပေါ့နော်၊ အဲ[illegible] မိန်းကလေးကိုရော တွေ့နေပြီလား"



လှစ်ခနဲ လို့မှတ်စွာ ပြုံးလိုက်သည်ကို စာရေးသူတွေ့လိုက်ပါ၏။ သို့သော် ကိုညီလေးညိုက လိုချင်သည့်အဖြေကို မပေးပါချေ။

"လောလောဆယ် မရှိသေးပါဘူးခင်ဗျာ"

သူမ နောက်တစ်အုပ်ကို ယူလိုက်ပြန်၏။

"ကိုယ်တိုင် သီချင်းလည်း ရေးတယ်ဆိုတော့ ကိုညီလေးညို စာတော်တော်ဖတ်မယ်ထင်ပါတယ်၊ ဘယ်လိုစာအုပ်မျိုးတွေ ဖတ်ဖြစ်လဲ"

"ဂီတနဲ့ပတ်သက်တဲ့ စာအုပ်တွေကို တော်တော်များများ လေ့လာဖြစ်ပါတယ်၊ နောက် . . . ဗဟုသုတစာပေတွေရော၊ ခံစားမှုရသစာပေတွေရော . . . ဖတ်ဖြစ်ပါတယ်"

"အဲဒီထဲက အကြိုက်ဆုံးစာရေးဆရာတွေကို သိပါရစေ"

"ကြိုက်တာပြောရရင် အကုန်လုံးပါပါတယ်၊ အားလုံးရေး[illegible]ာကောင်းတာကိုး၊ အဲ . . . ခံစားမှုရသတွေရေးတဲ့ လူသစ်တန်း [illegible]ာရေးဆရာတွေထဲမှာတော့ ကျွန်တော် စာရေးဆရာ 'မောင်' ကို [illegible]ကြိုက်ပါတယ်၊ သူ့ရဲ့ပထမဆုံးစာအုပ်ကနေ အခုဆယ်အုပ်မြောက် [illegible]ထိ ကျွန်တော် ဝယ်ဖတ်ဖြစ်ပါတယ်၊ ဒီဆယ်အုပ်မြောက် 'ဆုံမှတ် [illegible]' က ကျွန်တော့်ရင်ကို လာထိတယ်ဗျာ၊ ကျွန်တော့်ကိုယ်ကျွန် [illegible]ာ် ပြန်မြင်လိုက်ရသလိုပဲ"

"စာရေးဆရာမောင်က ငယ်ငယ်လေးရှိသေးတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့ ကြားထားတာပဲ၊ ကိုညီလေးညို သူ့ကို ဘာကြောင့် နှစ်ခြိုက်ရသလဲ ဆိုတဲ့အမြင်လေး သိပါရစေ"

"သူ့ရဲ့အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်၊ သူ့အမြင်တွေ အားလုံး ကျွန်တော်နဲ့ ထပ်တူကျနေလို့ပါ၊ ဖြစ်နိုင်မယ်ဆိုရင် သူနဲ့ အပြင်မှာ ကျွန်တော် ဆုံတွေ့ချင်ပါတယ်၊ အတွေး၊ အမြင်ချင်း ထပ်ဖလှယ်ချင်တဲ့ အာသီသတွေ ကျွန်တော့်မှာ ရှိနေတယ်ခင်ဗျ"

"သေလိုက်ပါတော့ ... သေလိုက်၊ ရှင် မောင်နဲ့ ဘယ်တော့မှ ဆုံရလိမ့်မယ်မထင်နဲ့"

"ဟော့ ... အရှုံးမလေး၊ သူ့အင်တာဗျူးဖတ်ပြီး တစ်ယောက်တည်း အော်မနေနဲ့"

"ကိုကို ဘာသိလို့လဲ၊ ဒီလူဟာ တာတာကြိုက်တာတွေ အားလုံး လိုက်ကြိုက်နေတော့တာပဲ၊ ခုလည်းကြည့် ... စာရေးဆရာ 'မောင်ကို ကြိုက်တယ်တဲ့'"

"ဟာ ဟ ... အပြင်မှာသိသွားရင်တော့ ဇာတ်လမ်းတစ်ပုဒ် ရတော့မှာပဲ"

"ဟွန်း ... ဝေးသေးတယ်"

"ပါးစပ်ကသာ မတည့်ဘူးပြောနေ၊ ကွယ်ရာကျ သူ့အကြောင်းကြောင်း ချီးမွမ်းနေပြီးတော့များ"

"အမယ် ... တာတာက သူ့ကို အသံလေးပဲ ကြိုက်တာပါ၊ အစွဲကြီးမဟုတ်ပါဘူးနော်"





"အစကတော့ ... ဒီလိုပေါ့၊ နောက်တော့လည်း ဟိုလို ဖြစ်သွားလိမ့်မယ်၊ မပြောမရှိနဲ့နော် ... သူ့ရုပ်က အဖြောင့်သား"

"ကိုကိုနော် ... ဘယ်သူတွေ ဘာပြောပြော၊ တာတာ့မျက်စိထဲမှာတော့ ကိုကိုသာ အချောဆုံးပဲ"

"အေး ... ဆက်ပြော မုန့်ဝယ်ကျွေးမယ်"

"တကယ်ပြောတာ ကိုကိုရဲ့ မောင်နှမချင်းအတူတူ မေမေတာ ကိုကိုကိုကျ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ ခပ်ချောချောလေး မွေးပြီး တာတာ့ကျ ဘာလို့ အရပ်ပုပု အသားကညိုညိုနဲ့ ရုပ်ဆိုးလေး မွေးပေးခဲ့ပါလိမ့်၊ လုံးဝမတရားဘူး သိလား"

"အမယ်လေး ... တာတာ့ကို ရုပ်ဆိုးတယ်လို့ ဘယ်သူပြောလဲ၊ ငါးပေနှစ်လက်မဆိုတာ မပုပါဘူး ညီမလေးရယ်၊ တာတာ့ သေချာတစ်ခွဲစိမ့်ကြည့်လေလှလေ ရုပ်မျိုးဗျ၊ အသားဖြူတဲ့သူတွေက ခဏပဲ အကြည့်ခံတာ၊ တာတာ့လို ညိုညက်ညက်လေးက မှ"

"အမ် ... တော်ပြီ ... တော်ပြီ ... ကိုယ့်ငါးချဉ် ကိုယ်ချဉ် ရှုန် ပြီးတော့မှာ မဟုတ်ဘူး၊ ဟီး ဟီး ... မိပုရေ ဗိုက်ဆာပြီ ထမင်းပွဲပြင်တော့"

သူမ သဘောတကျရယ်မောပြီး ကိုကိုရှေ့မှ ပြေးထွက်ခဲ့တော့ ဒီလိုပါပဲ ... သူမ အားငယ်နေရင် မရှိရှိတာနဲ့ ရှာကြံပြီး နှစ်သိမ့် ပေးတတ်တာမို့ ကိုကို့ကို သူမ တကယ်လည်း ချစ်ရ၊ အားလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုးရပါတော့သည်။

လောကကြီးမှာ လူတစ်ကိုယ် အကြိုက်တစ်မျိုးလို့ ဆိုရိုးပေမယ့် သူနှင့်ကျမှ တိုက်တိုက်ဆိုင်ဆိုင် အကြိုက်တွေ လာတူနေတာတော့ အံ့တော့ကို ဆန်းကြယ်သားပင်။ သူမ သိပ်ကြိုက်သည့် မင်းသားမင်းသမီးတို့ကိုကြိုက်တာ တူရုံမျှမကသေး၊ သူမ နှစ်ခြိုက်စွာ နားဆင်လေ့ရှိသည့် အဆိုတော်တွေကိုလည်း ကြိုက်နေပြန်သေးသည်။ နောက်ဆုံး ကွယ်လွန်သွားပြီဖြစ်သည့် သူမ Crazy အဖြစ်ဆုံး အဆိုတော် စိုးလွင်လွင်ကိုလည်း သူအနှစ်သက်ဆုံးပါပဲ။

ကဲ . . . ပြောကိုမပြောချင်တော့ပါဘူး။ သူဟာ သူမ သိပ်နှစ်ခြိုက်သည့် အရောင်ကလေးတွေကအစ အကြိုက်တွေ တူနေလင့်ကစား မျက်နှာချင်းဆိုင်လိုက်တာနှင့် အကြောင်းတစ်ခုမဟုတ် တစ်ခုကို ကြုံလာရ၊ စကားများရ၊ ငြင်းခုန်ကြရင်း မတည့်တာဆိုတော့ မတတ်နိုင်တော့ချေ။

နောက်ဆုံးမှာ သူ့မနိုင်တဲ့ အလျှော့ပေးခဲ့ရတာတွေကို သိနှင့်ပြီးသားဖြစ်သော်လည်း သူမနှင့်အပြိုင် ငြင်းခုန်ရတာကိုပဲ သဘောတကျဖြစ်နေသလားမသိ။ သူငယ်ချင်းတွေရှေ့မှာ မကြာခဏ စကားများကြ၊ Pratical ခန်းမှာ Lab လုပ်ရင်း ပုစ္ဆာတွက်ရင်း ငြင်းခုန်ကြရတာတွေဟာ အရင်တုန်းက စိတ်ညစ်စရာတွေ ဖြစ်ခဲ့သော်လည်း သူ တမင်လုပ်နေတာကို ရိပ်မိလာသည့်ခဏ သူမရင်ထဲမှာ အမျိုးအမည်မသိသောဝေဒနာတစ်ရပ် ခိုအောင်းလာတော့၏။





အမှန်တကယ်တော့ . . . သူနှင့်သူမဟာ အနီးဆုံးမှာ ရှိနေလျက် အဝေးဆုံးလူသားနှစ်ဦး ဖြစ်နေတာပဲ မဟုတ်လား။

✻

♫ အသွင်မတူတာတွေ ညှိကြရင်းနဲ့ xxx အမြင်မကြည်တာကို ဖြေရှင်းရင်းနဲ့ xxx ယာနာလေးများ လျှော့ချရင်းကွယ် xxx ကြည်မြနဲ့ကြတယ် xxx

မမြင်နိုင်တာတွေ ခွင့်လွှတ်ခြင်းနဲ့ xxx အဆင်မပြေတာကို ဖြတ်သန်းရင်းနဲ့ xxx မလိုသူတွေကို မေ့လို့ထားမယ် xxx ချစ်ခြင်းမှာ ရစ်နှောင်တွယ် xxx

အစဉ်နားလည်ရင်း xxx ခံစားချက်ခြင်း xxx ရင်မှာ ဝေညီနိုင်အောင် ထွန်းညှိတဲ့အလင်း xxx သံယောဇဉ်ချင်း ဖလှယ်ထပ်တူခင်း xxx မေ့ရေ အကြင်နာ အမျှင်တန်း တိုးဖွဲ့ချည်နှောင်ခြင်းxxx ♫

"အေးပါ . . . ရစ်ဖွဲ့နှောင်နိုင်ပါစေ၊ အမြင်တွေ ညှိနိုင်ကြပါစေ"

"ကိုကိုနော် . . . ဘယ်လိုဖြစ်နေတာလဲ၊ ခါတိုင်းလည်း ဒီလိုဆိုနေကျဟာကို"

"ခါတိုင်းက အဓိပ္ပာယ်သိပ်မရှိဘူးလေ၊ ခုမှ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုရှိလာတာကိုး"

"ကိုကိုနော် ... ပြောနေတဲ့ကြားထဲက ... ကဲ ... စချင်ဦး"

သူမက လက်ထဲမှ ဂစ်တာကို ဘေးချထောင်လိုက်ပြီး စားပွဲပေါ်ရှိ မဂ္ဂဇင်းစာအုပ်ဖြင့် ကိုကို့ကို လှမ်းပေါက်လိုက်ပါ၏။ ကိုကိုက ရှောင်လိုက်ပြီး အိမ်ရှေ့ဘက် ပြေးထွက်သွားတော့ ဘိုနီပါ အနောက်မှ လိုက်သွားလေ၏။ ကိုကို့နောက်သို့ ဆက်လိုက်ရန် ပြင်စဉ် စင်ပေါ်မှ တင်ထားသည့် ကိုကို့ GSM ဖုန်းမှ အသံမြည်လာသဖြင့် သူမ ဖုန်းကို ကိုင်လိုက်ပါသည်။

"ဟဲလို ... ကိုလားဟင် ... မြတ်ပါ"

ဗုဒ္ဓေါ ... သူမ ရုတ်တရက် လန့်သွားရ၏။ တစ်ဖက်မှ ချိုသာကြည်လင်သော အသံရှင်ကလေးက စကားဆက်ပြောနေပြန်သည်။

"ကို ... မြတ် ကိုတို့လမ်းထဲကို ဒီနေ့ လာစရာရှိတယ်၊ ကိုနဲ့လည်း မတွေ့ရတာ ကြာပြီနော်၊ ပြီးတော့ ... ကိုလည်း ကို့ညီမလေးနဲ့မြတ်ကို မိတ်ဆက်ပေးချင်လို့ဆို၊ အဲဒါ မြတ် လမ်းလည်းကြုံလို့ ဝင်လာခဲ့မယ်၊ ဒါပဲနော် ကို ... မြတ် တစ်နာရီအတွင်း ရောက်မယ်၊ ကို စောင့်နေနော် ... See You"

တစ်ဖက်မှ ဖုန်းချသွား၏။ ကြည့်စမ်း ... ကိုကိုက သူမ မသိအောင် ရည်းစားတောင် ကျိတ်ထားနေပြီကိုး။ သိမယ် ...





မှတ်လောက်သားလောက်အောင် ပညာပေးဦးမှ။ သူမ ကိုကိုရှိရာ ခြံထဲသို့ ထွက်လာခဲ့၏။

"ကိုလားဟင် ... မြတ်ပါတဲ့"

"ဟာ ... တာတာ၊ အဲဒါ ကိုကို့ဖုန်း"

"သိသားပဲ ... ခုချသွားပြီ"

"ဟာ ... သွားပါပြီ၊ တာတာ ဘာပြောလိုက်လဲ၊ ဒုက္ခပါပဲကွာ"

သူမ ညစ်ကျယ်ကျယ်ပြုံးလိုက်ပြီး ကိုကို့ကို ဆက်ကလိနေတော့၏။ သူ့အလှည့်ကျတော့ အစတောင်မခံနိုင်တော့ပါလား။

"ရှိတာမှ ဒီမောင်နှမနှစ်ယောက်တည်းဟာ ... တာတာ့ကို မပြောရင် ကိုကို ဘယ်သူ့ကို သွားပြောမှာလဲ၊ ညီမလေးကျ စိတ်မချဘူး ဘာဘူးနဲ့၊ သူ့ကျ ညီမ မသိအောင် ကျိတ်ပြီး ခြေပုန်းခုတ်နေပြီးတော့များ။ ဟင်း ... တာတာတို့ ညှို့ချက်ကတော့ ဆိုးပါတယ်"

"အဲဒီလိုတော့ မပြောပါနဲ့ ညီမလေးရယ်၊ တာတာ မြတ်ကို စိတ်တိုင်းကျမှ ကိုကို ရွေးချယ်မှာပါ"

"လူမိသွားတော့လည်း ဒီလိုပဲ ပြောမှာပေါ့လေ၊ ကဲပါ ... ခုမှ လေပြည်သွေးမနေပါနဲ့၊ သွား ... ရေမိုးချိုးပြီး ပြင်ဆင်တော့၊ ခုကနေ သူရောက်လာတော့မှာ၊ တာတာ ထမင်းပွဲ အဆင်သင့်ပြင်ထားနှင့်မယ်"

"ဟာ ... တကယ်နော် တာတာ၊ ဒီတစ်ခါ ကိုညီမလေး



www.burmeseclassic.com

www.burmeseclassic.com



အချမ်းကို တော်နေပါလား"

"မြှောက်နေပြန်ပြီ ... ရေသွားချိုးပါတော့ဆို"

သူမက ကိုကို့ကို နောက်ကျောမှတွန်းရင်း မောင်နှမနှစ်ယောက် အိမ်ထဲပြန်ဝင်လာခဲ့၏။ ကိုကိုရယ် ... ဘယ်အရာကိုမဆို တာတာ့သဘောချည်းလို့ ဆန္ဒယူမနေပါနဲ့။ ကိုကိုလျှောက်လှမ်းရမယ့် ဘဝလမ်းမှာ ကိုကို့ဘဝရဲ့လက်တွဲဖော်ဟာ ကိုကို့နှလုံးသားနဲ့ ရွေးချယ်တဲ့သူပဲ ဖြစ်ရမှာပေါ့။

အားလုံးပြင်ဆင်ပြီးချိန်မှာ အိမ်ရှေ့သို့ ခဲပုပ်ရောင်ကားလေးတစ်စီး ထိုးစိုက်လာပြီး မိန်းကလေးတစ်ဦး ကားထဲမှ ဆင်းလာ၏။ သူမက အိမ်တံခါးဝမှ အသင့်ကြိုနေလိုက်ပါသည်။

"ကို ... ကိုကြည်သာမောင် ရှိလားဟင်"

"ရှိပါတယ်၊ အိမ်ထဲဝင်ပါနော်"

"ဒီက ညီမလေးက ကိုကြည်သာမောင်ရဲ့ ညီမလေးလားဟင်"

မဝံ့မရဲမျက်ဝန်းလေးများဖြင့် သူမကို မေးနေသည့်မိန်းမပျိုလေးကိုကြည့်ရင်း သူမ အတော်လေး စိတ်မကောင်းဖြစ်သွားရ၏။ ကိုကိုဟာ တာတာ့ရဲ့ခေါင်းအညိတ်၊ ခေါင်းအခါတစ်ခုတည်းနဲ့ပဲ ဆုံးဖြတ်ချက်ချဖို့များ ထိုမိန်းကလေးကို ပြောထားလေသလားမသိ။ စိုးရိမ်မှုတို့ ရောပြွမ်းနေသည့် မျက်နှာတစ်ခုကို ကရုဏာသက်မိလိုက်ပါသည်။





"တို့နာမည်က မြတ်ဖူးငုံပါ"

"ဟုတ်ကဲ့ ... တာတာ့နာမည်က တွယ်တာမောင်ပါ၊ လာမမ ... ထမင်းစားပြီးမှ ပြန်ရမယ်နော် ... ထိုင်ပါ"

သူမက မမမြတ်ဖူးငုံ၏လက်ကလေးကိုဆွဲ၍ ညှော်ခန်းနံဆက်တီမှာ ထိုင်ခိုင်းလိုက်ပါသည်။ အနည်းငယ် စိတ်သက်သာရာရသွား၍ လန်းဆန်းသည့်အပြုံးကို မြတ်ဖူးငုံ ပြုံးလိုက်ပါ၏။

"ထမင်းတော့ မစားတော့ပါဘူး ... ညီမလေးရယ်၊ အားနာစရာကြီး"

"အားနာစရာမလိုပါဘူး၊ မမရယ် ... နောက်ဆို အတူတူစားရတော့မှာပဲဟာ၊ အခုကို ... ဖွင့်ပွဲလို့ မှတ်လိုက်ပေါ့၊ ဒီနေ့ ဟင်းကောင်းချက်တဲ့နေ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ မမရောက်လာတာ၊ စားခွင့်ကြုံလို့ စားရတာ အားမနာပါနဲ့မမရဲ့ ... နော်၊ ဟာ ... ကိုကိုရေ အလှပြင်လို့ မပြီးသေးဘူးလား။ ဒီမှာ မမရောက်နေပြီလေ၊ လူပျိုကြီးရဲ့မှန်လည်း ကွဲကုန်ပြီ ထင်ပါရဲ့"

"ဟာကွာ ... အသံပြဲကြီးနဲ့ လျှောက်အော်မနေနဲ့၊ ဒီမှာ ဆိုတို ရောက်နေပြီကွ"

"ဩော် ... ဟိ ... ဟိ သိပါဘူး။ တာတာက ကိုကိုနောက်ခုံမွေးများ နှုတ်နေသလားလို့"

"ကြည့် ... ချွဲမလေး ... အစ်ကိုကိုများ နောက်စရာလုပ်နေလား။ မြတ် ... အေးအေးဆေးဆေးမှ ပြန်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ် သွားစရာရှိသေးတယ် ကိုရဲ့"

"ဘယ်ကိုလဲ"

"ဒီနားတင်ပါ၊ မြတ်က ကိုပြောပြတုန်းက ပိုတယ်လို့ ထင်ထားတာ၊ တကယ်ပဲ ကိုညီမလေးက တစိမ့်စိမ့်အကြည့်ခံတယ်နော်၊ မျက်ခုံးရော၊ မျက်လုံးလေးတွေရော၊ နှာတံလေးရော၊ နှုတ်ခမ်းလေးကအစ အကုန်ချစ်စရာလေး။ ဒီလိုအလှမျိုးက ရှားတယ် ကိုရဲ့"

"အမ် . . . ကိုကိုက ဘာတွေလျှောက်ပြောထားတာလဲ၊ ဟား . . . ဟား . . . ဟား . . . တာတာက မလှပါဘူး မမရဲ့၊ မမကမှလှတာ၊ ချောလိုက်တာမှ မှန်နေတာပဲ"

"အေး . . . တစ်ယောက်တစ်လှည့် မြှောက်နေတာနဲ့ပဲ နေမြင့်တော့မယ်၊ ထမင်းစားရအောင်"

"ဟုတ်သားပဲ . . . ဟီ ဟီ . . . လာ မမ"

သူမတို့ ပျော်ရွှင်စွာရယ်မောလျက် ထမင်းစားခန်းထဲ ဝင်လာခဲ့တော့သည်။

❀ ❀ ❀



## အခန်း (၁၃)

"ညီလေးရေ"

"ဟာ . . . မမဖူးငုံ လာတယ်၊ လာလေ"

"နင် ခြံရှင်းထားတာ ဟုတ်လို့ပဲ . . . အပင်တွေနဲ့လှလို့"

မြတ်ဖူးငုံက အိမ်လေးပေါ်သို့တက်ရန် ဖျာပေါ်ထိုင်လိုက်ပါ၏။ ရှင်းလင်းသန့်ပြန့်နေသည့်အိမ်ကလေးကို ဝေ့ကြည့်လိုက်၏။

"အန်တီလေးတို့ကို ခေါ်တော့မလား"

"ဟုတ်ကဲ့ . . . အိမ်က အနောက်နား ကပ်ဆောက်ထားတော့ ခြံလယ်မှာ အိမ်ထပ်ဆောက်လို့ဖြစ်ပါတယ်၊ ပြီးတော့ ဒီမှာက ဆိတ်ငြိမ်ရပ်ကွက်မို့ ဖေဖေ့အတွက်လည်း နားအေးတယ်လေ"

"ဆောက်ချင်လည်း ဆောက်တာပေါ့၊ ဒါနဲ့ ခြံစည်းရိုးရော



www.burmeseclassic.com

www.burmeseclassic.com



. . . ကာမှာလား"

"ကာရမှာပေါ့ မမဖူးငုံရဲ့၊ မကာလို့ ဘယ်ဖြစ်မလဲ"

"မကာလည်း ပြဿနာမရှိပါဘူး။ ဟိုဘက်ခြံက ကိုကြည်သာက မမနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေလေ"

"ဗျာ . . . တကယ်လား"

"အေးပေါ့ဟဲ့ . . . ဘာဖြစ်တာလဲ"

"ဟင့်အင်း . . . ဘာမှမဟုတ်ပါဘူး"

"အမယ် . . . ဘာမှမဟုတ်ဘူးသာ ပြောတယ်၊ မျက်နှာက ပီတီတွေ လွှမ်းလို့ပါလား"

"အာ . . . မမကလည်း"

"ဟယ် . . . အဟုတ်ပဲတော့၊ နင် တာတာနဲ့ ဘာညာဘာ ညာလား"

"ရှူး . . . တိုးတိုး၊ ကြားသွားပါဦးမယ် မမရာ၊ နဂိုကတည်းက မတည့်ရတဲ့ကြားထဲ ကိုကြည်သာ ပြန်ဖြည်ပေးထားလို့ ငြိမ်းချမ်းရေးရထားတာ မကြာသေးဘူး"

"ဪ . . . ဪ် . . . ဒီလိုလား"

မြတ်ဖူးငုံက သဘောတကျ ရယ်မောလိုက်ပါသည်။ သူ့မျက်နှာကို မမဖူးငုံက စေ့စေ့ကြည့်နေ၏။

"ဟာ . . . ဘာကြည့်တာလဲ မမရ"

"နင် . . . မရိုးတော့ဘူးနော် ညီလေး၊ တာတာက ဒီကိစ္စ





တွေနဲ့ ပတ်သက်လာရင် တကယ့်အရိုးခံ"

"ကျွန်တော်က ဘာလုပ်နေလို့လဲဗျာ"

"ဘာမှမလုပ်ရင် အကောင်းဆုံးပေါ့ ညီလေးရယ်၊ အချိန်တန်ရင် မမနဲ့ပတ်သက်ပြီး ကိုကြည်သာနဲ့ နင် အမျိုးတော်ရမှာ၊ အဲဒါဆို နင်နဲ့တာတာ မောင်နှမဖြစ်သွားပြီ၊ ဒီတော့ အခုကတည်းက ဆင်ခြင်ပေါ့"

"ဟာ . . . မမဟာကြီးကလည်း မနိုင်သေးပါဘူး။ ကျွန်တော့်မှာ အခုမှ ရင်ခုန်သံ အစပျိုးရုံရှိသေး . . . အတင်းကြီး ရပ်ခိုင်းတော့တာပဲ"

"ဟယ် . . . နင် သူ့ကို ဖွင့်ပြောပြီးပြီလား"

"မပြောရသေးပါဘူး . . . လန့်မသွားပါနဲ့ဗျ"

"ဟင်း . . . နင် တာတာ့အကြောင်း ဘယ်လောက်သိထားသလဲ ညီလေးရယ်၊ မမက သူ့အစ်ကိုပြောထားသမျှ အကုန်သိထားလို့ နင့်ကို တားနေတာပါ"

"ကျွန်တော် သိထားတာက သူတို့မောင်နှမနှစ်ယောက် သိပ်ချစ်ကြတယ်၊ အစ်ကိုက တာတာ့ကို အရမ်းဂရုစိုက်တယ်၊ ဒါပဲ ဟုတ်လား"

"အများကြီး ကျန်သေးတာပေါ့ ညီလေးရယ်"

"ဒါဖြင့် ကျွန်တော့်ကို ပြောပြပေါ့ မမရဲ့"

"အဲဒါနဲ့ ငါ မိုးချုပ်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ရဲရင် ကျွန်တော် လိုက်ပို့မယ်ဗျာ"

"နေပါစေ၊ ဒီလို ညီလေးရဲ့ . . . တာတာ နှစ်နှစ်သမီး အရွယ်တုန်းက သူ့အဖေနဲ့အမေ ကားချင်းတိုက်ပြီး ဆုံးသွားတယ်၊ ကိုကြည်သာက အဘိုးနဲ့ ကျန်နေခဲ့တယ်၊ ကားတိုက်မိတော့ ကားထဲမှာ တာတာလည်း ပါတယ်၊ ကံလေးဆိုတော့ နတ်စောင့်တယ် ပြောရမလားပဲ၊ ကြားထဲမှာ ချောင်ပြီး လွတ်သွားတာလေ၊ သူတို့မောင်နှမ နှစ်ယောက်ကို သူတို့အဘိုးကပဲ ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တာ၊ အခု အိမ်မှာရှိနေတဲ့ ဦးမြိုင်နဲ့ ဒေါ်ကြီးခင်တို့မောင်နှမက ဘိုးဘိုးရဲ့ လူယုံတွေလေ၊ တာတာ မူကြိုနေတဲ့အရွယ်မှာ ကိုကြည်သာက လေးတန်းရောက်နေပြီ၊ တာတာက မွေးကတည်းက အင်မတန် သဲနွေ ကောင်းတဲ့ကလေးလေးတဲ့၊ ဘယ်တော့မှ လူတစ်ဖက်သားကို ဒုက္ခမပေးခဲ့ဘူး။ သူ မူကြိုစတက်ချိန်မှာ သူ့မှာ သူငယ်ချင်းလေးတစ်ယောက် ရှိခဲ့တယ်၊ အဲဒီသူငယ်ချင်းနဲ့ ဆယ်တန်းအထိ အမြဲတတွဲတွဲ တွဲခဲ့ကြတာလေ၊ အဲဒီကောင်မလေးက တစ်ဦးတည်းသောသမီးမို့ ဆိုးတယ်၊ ထစ်ခနဲရှိ စိတ်ကောက်ပြီး ငိုတာပဲတဲ့၊ တာတာဟာ အဲဒီကောင်မလေးကို ဘယ်လောက်ထိချစ်သလဲဆိုရင် ဒီကောင်မလေးထက် စာပိုတော်ပေမယ့် အဆင့် (၁) နေရာကို သူ မလုခဲ့ဘူး အမြဲပဲ အဆင့် (၂) နေရာမှာပဲ သူနေခဲ့တယ်"

"သူ ဘယ်လိုလုပ်ခဲ့လို့လဲ မမရဲ့"

"အဖြေမှန်ကို အမှားပြင်ရေးလိုက်တာပေါ့ ညီလေးရယ်"





"သေးသေးလေးကတည်းက သူ ဉာဏ်သွားတာကိုး"

"ဟုတ်တယ်၊ နှစ်စဉ်နှစ်တိုင်း ဒုတိယဆုကိုပဲ သူ တက်ယူခဲ့တာ၊ သူ ရှစ်တန်းနှစ်ရောက်မှ သူ့အဘိုး ဆုံးတယ်၊ အဲဒီအချိန်ကျတော့ ကိုကြည်သာက ဘွဲ့ရပြီး ကုမ္ပဏီမှာ ဦးဆောင်နေပြီ၊ ကိုကြည်သာဟာ သူ့ညီမလေးကို သိပ်ချစ်ရှာတယ် ညီလေး။ တာတာ့မျက်နှာတစ်ချက်ညှိုးမှာကို သူအစိုးရိမ်ဆုံးပဲ၊ တာတာ စိတ်ကောက်ပြီး ထမင်းမစားတဲ့အခါမျိုးမှာ ချော့ပြီး ထမင်းခွံ့ကျွေးတဲ့အထိတောင် ချစ်တာ"

"ဟုတ်တယ်၊ ဟိုတစ်လောကပဲ လသာဆောင်မှာ တာတာ့ကို အစ်ကို ထမင်းခွံ့ကျွေးနေတာ တွေ့လိုက်တယ်"

"အေး . . . ကိုကြည်သာဟာ သူ့ညီမကို အလိုလိုက်တာမှန်ပေမယ့် ဟိုကောင်မလေးနဲ့ ပတ်သက်တာကိုတော့ သိပ်မကြိုက်ချင်ဘူး။ အဲဒီကောင်မလေးက တာတာ့ကိုချစ်ပေမယ့် မိုလ်ကျတယ်တဲ့၊ အမြဲပဲ တာတာက အရှုံးပေးခဲ့ရတာ၊ ကောင်မလေးက လှလည်းလှ၊ ပြင်လည်းပြင်ဆိုတော့ နှောင့်ယှက်တဲ့သူတွေ အများကြီးပေါ့ဟယ်၊ အဲဒီအခါ တာတာကပဲ ဗွာလန်ကြ ရန်ဖြစ်ရင်း ကာကွယ်ပေးခဲ့တာချည်းပဲ၊ ကြာလာတော့ ကောင်လေးတွေက တာတာ့ကိုပဲ မျက်မုန်းကျိုးကုန်ကြတာပေါ့၊ ဒီလိုနဲ့ ဆယ်တန်းဖြေကာနီးမှာ အိမ်ကကားလာသေးလို့ ကျောင်းပြင်မှာ ထွက်စောင့်နေတုန်း အဲဒီကောင်မလေးကို ကြိုက်နေတဲ့ ကောင်လေးတစ်ယောက်က စကားပြောပြီး လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲပါလေရော၊ အဲဒီမှာ တာတာက ကောင်လေးမျက်နှာကို လက်သီးနဲ့ ထိုးလိုက်တယ်တဲ့"

"ဟာ ... သူ လက်တော်တော်မြန်တာပဲ"

"အေး ... အဲဒီမှာ ဟိုကောင်လေးက တာတာ့ကို တွန်းချလိုက်တာ ကတ္တရာလမ်းပေါ် ဗိုင်းခနဲလဲတော့တာပဲ၊ ဒီတော့မှ ပတ်ဝန်းကျင်ကလူတွေ အပြေးရောက်လာတာ၊ တာတာ့ညာလက်တံတောင်ဆစ်မှာ အခုထိ အမာရွတ်ကျန်နေခဲ့တယ်၊ ဒီကိစ္စကို သိသိချင်း ကိုကြည်သာ တော်တော်စိတ်ဆိုးသွားတာ၊ နင် စဉ်းစားကြည့်ပေါ့၊ သူငယ်ချင်းကို ချစ်တာက ချစ်တာပဲ၊ ဒီလောက်ထိ ဖြစ်စရာအကြောင်းမရှိဘူးလေ၊ နောက်တော့ အဲဒီကောင်လေးက ဆေးသမားလေးဖြစ်နေတာရော၊ တာတာ့ကို အငြိုးထားတာတွေပါ သိသွားပြီး သူတို့နှစ်ယောက်ကို ကိုကြည်သာ ခွဲလိုက်တယ်"

"ဒါဆို ဆယ်တန်းလည်း ဖြေပြီးရော၊ ကွဲကြရော ဆိုပါတော့ ... အဲဒီလိုလား"

"ဟုတ်တယ် ... ဒါပေမဲ့ တာတာစိတ်ဆင်းရဲမှာကို မကြည့်ရက်လို့ အိမ်ကိုတော့ ဝင်ထွက်ပေးပါတယ်၊ သူ မပါဘဲနဲ့တော့ တာတာ့ကို အပြင်မလွှတ်တော့ဘူး၊ တာတာ့မှာ 3D ပါပြီး Distance ယူခဲ့ရတာသာ ကြည့်"

"သြော် ... သူ စာတော်တော် တော်တာပဲကိုး"

"အေး ... အခု Final ပြီးရင် Master တန်းတက်ဖို့





သူ့ဆရာမက ပြောတယ်၊ သူ မတက်ဘူးလို့ ငြင်းလိုက်တယ်တဲ့၊ အေးလေ ... ကျူတာလုပ်ဖို့ကလည်း သူ့အစ်ကိုက ခွင့်ပြုချင်မှာမှ မဟုတ်တာကိုး"

"သူ ... သူငယ်ချင်းနဲ့ အခုထိ တွဲနေတုန်းပဲလား၊ ကျွန်တော် မြင်နေရတာတော့ ကျောင်းတက်တဲ့ စနေတနင်္ဂနွေက လွဲရင် အိမ်မှာ ရှိနေတာပဲ"

"ပြောပြမယ် ... ကိုကြည်သာ ခွဲထားပေမယ့် သူတို့လူချင်း မဆုံတောင် ဖုန်းနဲ့တော့ ညစဉ် စကားပြောကြတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သူ့သူငယ်ချင်းက ချစ်သူရသွားပါလေရော၊ အဲဒီမှာ သူတော်တော်ခံစားသွားရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့သူငယ်ချင်းက သူ့ကို ဖြတ်ခဲ့တာလေ၊ ဖုန်းဆက်တဲ့အချိန်တွေကိုလည်း ဖျက်တယ်၊ သူ့ဆီကိုလည်း လာစရာမလိုဘူးဆိုပြီး ပြဿနာဖြစ်သွားတာလေ၊ အဲဒီမှာ တာတာ တစ်ပတ်လုံးလုံး ထမင်းမစားနိုင်၊ မအိပ်နိုင်နဲ့ ဖြစ်သွားတာ ... ကိုကြည်သာက မနည်းပြုစုပေးခဲ့ရတာတဲ့"

"သနားပါတယ် မမရယ်"

"အေး ... ကိုကြည်သာက သူ့ညီမလေးကို ပိုသနားတာပေါ့ ညီလေးရယ်၊ နဂိုကမှ မကြည်ရတဲ့ကြားထဲ ဒီလောက်ထိ ထပ်ဖြစ်လာတော့ သူတို့နှစ်ယောက် သံယောဇဉ်ကို တီခနဲဖြတ်ချလိုက်တော့တာပဲ၊ တာတာက အဲဒီကောင်မလေးကို တော်တော်ချစ်တာ၊ တစ်နေ့တစ်နေ့ လွမ်းလွန်းလို့ ကျိတ်ငိုနေတာပဲတဲ့၊ ခုမှလောမှ သူ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ငြိမ်နေတာလို့ ပြောတယ်၊ သူ့စိတ်ထဲမှာ သူစိမ်းတစ်ယောက်ကို ချစ်ရတာ ... တော်တော် ကြောက်သွားပုံရတယ်၊ ဘယ်သူ့ကိုမှ ပုံပြီး မယုံရဲတော့ဘူး၊ ကိုကြည်သာကလည်း ပြတ်တယ်၊ သူ့ညီမသဘောမတူရင် သူလည်း အိမ်ထောင်မပြုဘူးတဲ့၊ တာတာ့ကိုလည်း ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူးလို့ ငါ ထင်တယ်၊ ဒါကြောင့် ... နင့်ကို တားနေရတာ ညီလေးရဲ့"

"မလွယ်ကြောပါလား မမရာ၊ ခု မမကိုရော ... အစ်ကိုနဲ့ သူ သဘောတူလား"

"ထင်တာပဲ၊ ဒါပေမဲ့ ... သူ့အစ်ကိုကို နုမြောလို့ဆိုပြီး ကျိတ်ငိုနေရင်တော့ ကိုကြည်သာလည်း နောက်ဆုတ်မှာ အမှန်ပဲ"

"ဟင် ... မမဟာကြီးကလည်း"

"အေး ... အဲဒီလိုပဲ၊ ကဲ ... မှောင်နေပြီ ငါပြန်တော့မယ်၊ အန်တီလေးတို့ ပြောင်းလာပြီးမှ ငါထပ်လာဦးမယ်၊ ငါမှာတာတွေ မမေ့နဲ့နော် ... ညီလေး"

"မသိဘူးဗျာ ... အချစ်က မညာတတ်ဘူး"

"အေး ... အသည်းက နောက်ထပ်တစ်ခါ ထပ်ကွဲရင် သေဖို့ပဲရှိတယ်"

"မကွဲလောက်ပါဘူးဗျာ၊ တာတာက ကျွန်တော့်ရဲ့ကွဲနေတဲ့ အသည်းကို ပြန်ဖာပေးနိုင်မှာပါ"

"ခေါင်းကွဲမှာပဲ မြင်တယ်၊ ကဲ ... ငါ သွားပြီ"





မမဖူးငုံကားလေး ထွက်သွားတော့ သူ ဂစ်တာကိုယူ၍ ခရေပင်ကြီးအောက်ကို လျှောက်လာခဲ့၏။ လကလည်း ဒီညမှ ထိန်ထိန်သာနေလိုက်တာ။ တာတ္တာရေ ... ခုချိန်ဆို မင်းလေး ဘာလုပ်နေမလဲ။ သူ ပြုံးလိုက်မိပြီး ဂစ်တာကြိုးတို့ကို ညှိကာ ရင်ထဲမှာ သိပ်ဆိုချင်နေသည့် သီချင်းကို စဆိုလိုက်ပါတော့သည်။

♫ ကောင်မလေး ××× အသည်းနှင့်အောင် စေတနာပို ချစ်ခဲ့မိပါတယ် ××× ရှေးရှေးတုန်းက ရေစက်ထင်တယ် ××× ကြုံလာစဉ်ခဏလေးမှာ မြင်မြင်ချင်းပဲ ×××

ကောင်မလေး ××× မင်းတစ်ယောက်ကို ဘယ်လိုချစ်မှန်းလည်း မသိအောင်ကွယ် ××× တစ်နေ့ထက်တစ်နေ့ ပိုတိုးလာတယ် ××× အကြင်နာတွေ မင်းအတွက်ပါကွယ် ×××

ပုပင်သောကတွေနဲ့ စိုးထိတ်လို့ရယ် ××× စောင့်စားရသူ ရင်ပိုလိုက်မောတယ် ×××, ကြည်ဖြူပြီး လက်ခံမလား ××× မုန်းများ သွားမှာလား ××× တို့ရင်ခုန်စွာ မျှော်လင့်ရင်းနဲ့

ကောင်မလေး ××× သိလျက်နဲ့ လူကို တမင်ညှင်းထားရက်သေတယ် ××× ခွင့်လွှတ်စိတ်နဲ့ တို့နားလည်တယ် ××× သေတပန်သက်တဆုံး ချစ်ချင်တယ် ××× ♫



www.burmeseclassic.com

www.burmeseclassic.com



ကြည်သာမောင် လသာဆောင်မှာ ရပ်နေရာမှ အိမ်ထဲဝင်ခဲ့၏။ တာတာက အခန်းထဲရှိ စာရေးစားပွဲ၌ စာရေးရန် ထိုင်နေပြီး တစ်လုံးမှ မရေးရသေး။

"ကြားလား တာတာ၊ ညီလေးညီ့ရဲ့ရင်ဖွင့်သံ"

"ဟာ ... ဘာတွေလာပြောနေတာလဲ၊ ဒီမှာ ဝတ္ထုအစပျိုးဖို့ စဉ်းစားနေတဲ့ဟာ၊ ကိုကိုနော်"

"ဟင်း ... ဟင်း ... သနားပါတယ်ကွာ၊ သူ့ခမျာ လက်က အနာမကျက်သေးဘူး။ ရင်ထဲမှာ ဒဏ်ရာရနေပြန်ပြီ၊ ကုပေးမယ့် အကြင်နာနာစ့်လေးကလည်း မသိချင်ယောင်ဆောင်လို့"

"ကိုကို"

"ဟား ဟား ဟား ... လက်စသတ်တော့ မြတ်လာတာ သူ့မောင်လေး ဝမ်းကွဲအိမ်ကိုး"

"အိဒ် ဘာဖြစ်လဲ"

"သူ့မောင်ဆိုတာ တခြားလူဟုတ်ရိုးလား၊ ဟိုဘက်ခြံက ညီလေးညီ့လေ၊ ဒီပုံအတိုင်းဆိုရင် စာရေးဆရာ 'မောင်' ဆိုတာ တခြားလူမဟုတ်ဘဲ တာတာဆိုတာကို မြတ်ကတစ်ဆင့် သူသိသွားရင်"

"ကိုကိုနော် ... လုံးဝမသိစေရဘူး၊ ဘာမှန်းလည်းမသိ သူ့ဟာသူ သူများအစ်မ သွားကြိုက်ပြီး ညီမကိုကျ သူများကို အရှင်ထိုးပေးနေ"





"တောပါ ညီမလေးရော၊ စိတ်မကောက်ကြေး၊ ချစ်လို့ စတာ"

"ဒီမှာ ... ကိုကိုသိထားဖို့က တာတာ ဒီတစ်သက် အိမ်ထောင်မပြုဘူးဆိုတာပဲ၊ ကိုကိုနဲ့မမ မွေးလာတဲ့ ကလေးလေးတွေ ထိန်းပြီး အပျိုကြီးပဲလုပ်မှာ"

"စကားကို အကုန်မပြောရဘူး တာတာရဲ့"

"တာတာပြောတာ အမှန်တွေပါ ကိုကိုရဲ့၊ တာတာ့လို ရွက်ကြမ်းရေကျိုလေးကို ဘယ်သူမှမကြိုက်ဘူး။ တာတာကလည်း ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားဘူး ... စိတ်ချ"

"သေချာလို့လား ... အခုပဲ သီချင်းသံကြားနေရတာနော်"

"ကြည့်ပါလား ... ကိုကိုနော် စပြန်ပြီ"

ကိုကို ရယ်မောရင်း အခန်းထဲမှ ထွက်ခွာသွားတော့သည်။ ရှင်ကလည်း ရှင်ပဲ ညီလေးညီ့။ ကောင်မလေးဆိုပြီး ကဗျာရေးရုံ မကဘူး ... အခု သီချင်းပါ ဆိုလို့ပါလား။ ပတ်ဝန်းကျင်ကို တော်တော် သိစေချင်နေတာပေါ့လေ။ ရှင် ကျွန်မနဲ့ တွေ့ဦးမယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

စာပေတိုက်မှ နောက်တစ်အုပ်ထွက်ရန် လောဆော်နေပြီဖြစ်၍ ဇာတ်လမ်းစရေးရန် ပြင်ဆင်ရတော့သည်။ ယခုရေးမည့် စာအုပ်ဟာ ဆယ်အုပ်မြောက် 'ဆုံမှတ်မဲ့မြွား' ကို မကျော်နိုင်ခဲ့လျှင်ဟူသည့် ဒွိဟစိတ်တွေဖြင့် စာတစ်ကြောင်းမှ မရေးဖြစ်ခဲ့။ ငုတ်တုတ်ထိုင်နေခဲ့ရပေါင်းများပြီ။

'ဆုံမှတ်မဲ့မြွား' ရဲ့ အနှစ်သာရဟာ သူမရင်ထဲက ခံစားချက်မှန်သမျှကို နင့်နင့်နဲနဲရေးသားခဲ့ရတာ မဟုတ်ပါလား။ ဂီတလောကထဲကို အရာရာစွန့်လွှတ်ပြီး ခုန်ချနစ်မြုပ်ပစ်လိုက်သည့် အဆိုတော်ကောင်လေးတစ်ယောက်အကြောင်းကို သိမ်မွေ့နက်နဲစွာ ရေးဖွဲ့ခဲ့တာဟာ တုနှိုင်းမမီနိုင်တဲ့ စာလုံးပေါင်းများစွာနဲ့ ထုဆစ်ရင်း သူမနာမည်ကို





စာပေလောကမှာ မှတ်တိုင်တစ်ခုအဖြစ် ထူနိုင်ခဲ့တာလေ။

"စာရေးဆရာ မောင်အတွက်တဲ့။ ထူးထူးခြားခြား စာတစ်စောင် ဦးဆိုင် ပေးလိုက်ပါတယ်။ ရေးပို့တဲ့သူက ဒီနေ့ အောင်မြင်နေတဲ့ အဆိုတော်တစ်ဦးဖြစ်နေလို့ပါတဲ့။ ကဲ ... ဘယ်လောက်နဲ့ ရွေးယူမှာလဲ"

"လာနောက်မနေပါနဲ့ ကိုကိုရာ၊ ဒီမှာ စာရေးဖို့ Feel မဝင်ရတဲ့ကြားထဲ ခါတိုင်းလို မိတ်ဆက်စာ ဝေဖန်စာမျိုးဆိုရင်လည်း ထားခဲ့ပါ"

"ခြေ ... မယုံမရှိနဲ့၊ ဒီမှာ ... သို့ ... စာရေးဆရာမောင် ...၊ မှ ညီလေးညီလို့ စာအိတ်ပေါ်မှာ ရေးထားတဲ့ဟာ"

"အဟုတ် ... တကယ်"

"တကယ်ပေါ့၊ ကဲ ... အေးအေးဆေးဆေး ဖတ်ပေးတော့ ... ရော့"

သူမက ကိုကို လက်ထဲထည့်ပေးသော စာအိတ်ဖြူလေးကို လှည့်ပတ်ကြည့်နေမိ၏။ တကယ်ပဲ သူ့ဆီက စာစစ်စစ်ဖြစ်နေပါရောလား။ အံ့သြစရာကြီး။ သူမ စာအိတ်လေးကို အသာအယာဖွင့်၍ အထဲမှစာကို ဖတ်ကြည့်လိုက်၏။

ဆရာ ...

ကျွန်တော် ရိုသေစွာ စာရေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဗီတာကို ခုံမင်နှစ်သက်ပြီး အနုပညာကို ချစ်မြတ်နိုး
တဲ့ လူတစ်ယောက်ပါ။

ပြီးတော့ … ဆရာ့ရဲ့အယူအဆ၊ ဆရာ့ရဲ့အတွေးအခေါ်တွေ
အားလုံးနီးပါးဟာ ကျွန်တော်နဲ့ ထပ်တူထပ်မျှ ဖြစ်နေတာကို
အံ့ဩစွာနဲ့ ကျွန်တော် သိခဲ့ရပါတယ်။

အထူးသဖြင့် ဆရာ့ရဲ့ဆယ်အုပ်မြောက် ဆိုမှတ်မဲ့မြား က
ကျွန်တော့်ရင်ကိုခွဲပြီး ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မြင်လိုက်ရ
သလိုပဲ ခံစားရပါတယ်။

ဆရာ ပစ်လိုက်တဲ့မြားက ကျွန်တော့်ကို တိုက်ရိုက်ထိမှန်ခဲ့တာ
အမှန်ပါ။

ကျွန်တော်နဲ့ခံယူချက်ချင်း တူနေတဲ့အတွက် အပြင်မှာ မျက်နှာ
ချင်းဆိုင် ဆုံတွေ့ချင်ပါတယ် ဆရာ။

အနုပညာလမ်းမထက်က စာမျက်နှာတွေထဲမှာထက် အပြင်မှာ
လက်ဆွဲနှုတ်ဆက်ရင်း အမြင်ချင်း ဖလှယ်ချင်တဲ့ဆန္ဒတွေ ရှိနေ
လို့ပါ။

တစ်ရက်လောက်တော့ တစ်နာရီလေးဖြစ်ဖြစ် ကျွန်တော့်ကို
ဆရာနဲ့တွေ့ ခွင့်ပေးပါလို့။

လေးစားလျက်
ညီလေးညို
အဆိုဓါတ်သနာရှင်အဆင့်





ဘုရားရေ၊ သူဟာ တကယ်ပဲ စာရေးဆရာ မောင်ကို တွေ့
ချင်နေတာပဲ။ မောင်ဆိုတာ တခြားလူမဟုတ်ဘဲ သူနဲ့ မကြာခဏ
တကျက်ကျက်ရန်ဖြစ်၊ စကားများနေရတဲ့ ကောင်မလေးဆိုတာကို
သူ သိခဲ့ရင် ဘယ်လိုဖြစ်သွားမလဲ။ တွေးရင်းဖြင့် ခေါင်းရှုပ်လာခဲ့၏။

"တာတာ … ဦးနိုင်ဆီက ဖုန်းလာနေတယ်၊ အခန်းထဲက
ဖုန်းပလပ်ဖြုတ်ထားတာလား"

"အင်း … စာရေးမှာမို့ ဖြုတ်ထားတာ၊ ရပြီ … ပြန်တပ်
လိုက်ပြီ ကိုကို၊ မီပုကို ဖုန်းချခိုင်းလိုက်တော့"

"သမီးတာတာလား … အေး … ဦးနိုင်ပါ"

"ဦးနိုင် … နောက်စာမူက တစ်ကြောင်းမှ မစရသေးဘူး
နော်၊ စာရေးတယ်ဆိုတာ ဦးနှောက်ကို ဖျစ်ညှစ်ပြီး ရေးလို့ရတာ
မဟုတ်မှန်း ဦးနိုင် သိသားနဲ့ဟာ"

"အမယ်လေး … မိကျောင်းသံမီးရဲ့ ငါဆက်တာ စာမူကိစ္စ
မဟုတ်ဘူး … တခြားကိစ္စ"

"တခြားကိစ္စ … ဘာကိစ္စလဲ ဦးနိုင်ရဲ့ ပြောပြပါဦး"

"ဘာကိစ္စရမှာလဲ … ဟိုအဆိုတော်လေးဟာလေ၊ အေး
… ညည်းနဲ့ တွေ့ချင်လို့ ပြောပေးပါဆိုပြီး တဂွမ်ဂွမ်နဲ့ ဖုန်းဆက်တယ်၊
ဆိုက်ကိုလည်း မကြာခဏဝင်လာပြီး ဂျီကျနေလေရဲ့၊ ညည်းအိမ်လိပ်
စာရော၊ ဖုန်းနံပါတ်ရော အတင်းတောင်းနေလို့ ငါ့မှာ လှည့်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြေထားရတယ်၊ အဲဒါ ကြာရင် မကောင်းတော့ဘူး”

“ဟာ ... လိပ်စာနဲ့ဖုန်းနံပါတ်ပြောလို့ ဘယ်ဖြစ်မှာလဲ၊ သူ နယ်ရောက်နေတယ်၊ ပြန်လာရင် ဆုံပေးမယ်လို့ ကြည့်ပြောထားပေး ပါ ဦးနိုင်ရယ် ... နော်”

“အေး ... ညည်းလုပ်တာနဲ့ ငါ့မှာ နေစဉ်နဲ့အမျှ ငါးပါးသီလ ကျိုးနေရပြီ”

“ဟိဟိ ... ဦးနိုင်ကလည်း လိမ္မာသားနဲ့ဟာ၊ သမီး ကြိုး စားပေးပါ့မယ်၊ ဦးနိုင်အတွက် အကောင်းဆုံးစာမူကို သမီး ဒီည စရေးပြီလို့ မှတ်လိုက်ပါ ... နော်”

“ဒါနဲ့ပဲ ငါ့မှာ ကျေနပ်လိုက်ရတာပေါ့၊ ခွေးမလေး ... ကဲ ... ဒါပဲနော်”

“ဟုတ်ကဲ့ ... ဦးနိုင်”

သူမ ဖုန်းကိုချလိုက်ပြီး လသာဆောင်ဘက် ထွက်ရပ်လိုက် တော့ ဟိုဘက်ခြံမှာ အန်တီချော့ချော့ကြီးတစ်ယောက်ကိုတွေ့လိုက် ရ၏။ သူနှင့်အန်တီက ခြံထဲရှိ ပန်းပင်တွေကို လိုက်လံကြည့်နေသည်။ ခဏအကြာ၌ အိမ်လေးထဲမှ ဦးလေးကြီးတစ်ယောက် ထွက်လာ၏။

သူ့မိဘတွေ ပြောင်းလာပြီထင်ပါရဲ့။ သူမ အိမ်အောက်ထပ် သို့ ပြေးဆင်းလိုက်ပြီး ခြံစည်းရိုးနား လျှောက်လာခဲ့ပါသည်။

“ညီလေးညို့ရေ”

“ဟော ... ဟိုမှာ ကိုကိုညီမလေး လာနေပြီ မေမေ”





“အမယ် ... ဘာကိုကိုညီမလေးလဲ ... ညီလေးနော်”

“အင်းလေ ... တာတာလို့ခေါ်တာမှ မကြိုက်တာ၊ အစ်ကို ခေါ်သလို ကိုကိုညီမလေး”

“ညီလေးနော် ... ငါ ခဲနဲ့ ကောက်ထုလိုက်ရ”

“ဟဲ့ သားရယ် ... ကလေးမလေးကို ဘယ့်နှယ်စနေတာ လဲ”

“ဟင်း ဟင်း ... နောက်တော့ တာတာ့အကြောင်း မေမေ သိလာပါလိမ့်မယ်၊ စကားများလိုက်တာလည်း နားကိုညည်းရော၊ များယာခတ်လိုက်တာလည်း မျက်စိကိုနောက်ရော”

“ကျွန်သေးလား ကျွန်မအဲဖြစ်တွေ ... ဟင်”

“ဟဲဟဲ ... ဒါတောင် အစ်ကို့အပေါ် ဆိုးနွဲ့ချစ်တိုက်တာ တွေ ထည့်မပြောသေးဘူး”

“ပြောလည်း ကျွန်မက ဂရုမစိုက်ပေါင် ... ကိုယ့်ကုသိုလ် နဲ့ကိုယ်ရတာ၊ ရှင့်မှာရော ဆိုးနွဲ့စရာ အစ်ကိုများ ရှိလို့လား။ ပြောစမ်း ပါဦး”

“ဟော ... တွေ့လား မေမေ၊ ကျွန်တော့်ကို တစ်ယောက် တည်းမွေးထားလို့ အပြောခံနေရပြီ၊ စွာတေးမ”

“ချွန်တွန်းကောင်”

“ကဲ ကဲ ... တော်ကြပါတော့၊ သမီးက ခုအိမ်မှာ တစ် ယောက်တည်း ရှိတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူး အန်တီရဲ့ ... ကိုကိုလည်း ရှိတယ်၊ ကမ္ဘာကြီးက ပြန်လာပြီး ရေချိုးနေလို့ တာတာက အန်တီတို့ကိုတွေ့လို့ ဆင်းလာခဲ့တာ၊ အန်တို့သားနဲ့များ စကားကြော်မဟာည့်ပေါင်"

"ဟား ဟား ... ဟုတ်နေပြီပေါ့၊ ငါ့သား ငှုိင်ငိုင်ပုံစံပြောင်းသွားတာ လက်စသတ်တော့ ဒီသမီးလေးကြောင့်ကိုး"

သူ့ဖေဖေစကားကြောင့် မိသားစုသုံးယောက် ရယ်မောလိုက်ကြ၏။ သူမက ခြိစည်းရိုးလေးကိုဖြတ်ထွက်၍ ခြံကူးခဲ့ပါ၏။ သူက မေမေ့ခါးကိုဖက်လိုက်ပြီး သူမနှင့် မိတ်ဆက်ပေးလိုက်၏။

"မေမေ ... အဲဒါ မမဖူးငုံရဲ့ယောက်မတော်လေး တွယ်တာမောင်တဲ့"

"ဟဲ့ ... သားစကားက ဘာကြီးတုန်း။ ဖူးငုံက သားအစ်မနော်၊ ယောက်မတော်တယ်ဆိုတော့"

"ဟာ ... မဟုတ်သေးဘူး မေမေရဲ့၊ ဆောရီး ဆောရီး ... မမဖူးငုံနဲ့အစ်ကိုကြည်သာကို ရည်ညွှန်းတာပါ"

"ဩော် ... ဒါဆို သားနဲ့သမီးလေးက မောင်နှမတော်ရမှာပေါ့"

မေမေ့စကားကြောင့် သူ့မျက်နှာ ရှုံ့မဲ့သွားပါ၏။ သူမက ပြုံးစိစိမျက်နှာဖြင့် ဦးဦးလက်ကို ကိုင်ထားလိုက်ပါသည်။

"ဒီအရူးမလေးကို ညီမ, မတော်ချင်ပါဘူး မေမေရာ"

"ညီလေးနော်"





"ဟုတ်တယ် မေမေရေ့ သူ ငယ်ငယ်က မေမေ့သီချင်းနဲ့ ကခဲ့တာတဲ့၊ ဟိုသီချင်းလေ ... မောင့်ကိုချစ်ချင်ပေမယ့် အစ်ကို့ကို ကြောက်လို့ ခေါင်းခါပါရစေဆိုတဲ့ ချစ်ခွင့်မပိုင်နဲ့ ကတာ"

"ဟုတ်လား သမီးလေး"

"ဟုတ်ကဲ့ အန်တီ ... ဘိုးဘိုးရှိတုန်းက အန်တို့သီချင်းကို အမြဲဖွင့်ပေးတာ၊ အဲဒါနဲ့ တာတာ ကခဲ့တာတဲ့ ... ဟင်းဟင်း"

"သမီးက တကယ်အပြစ်ကင်းစင်တဲ့ ကလေးမလေးပဲ။ အခု ဘယ်နှတန်းတက်နေလဲ သမီး"

"ညီလေးနဲ့ အတူတူပဲ ဦးဦးရဲ့"

"ဩော် ... ဟုတ်လား"

"အန်တီ ... ဦးဦးကို ဘယ်ဆေးခန်းပြတာလဲဟင်"

"ဒီလိုပဲ ပြနေတာပါ သမီးရယ်၊ သက်သာရုံပဲ ရှိတာပါ"

"ဟိုလေ ... တာတာ့ဖိုးဖိုးရဲ့မိတ်ဆွေ မြန်မာဆေးဆရာကြီး ရှိတယ် အန်တီရဲ့၊ နှလုံးတို့ ဆီးချိုတို့က မြန်မာဆေးနဲ့ကုရင် မြန်မြန် ပျောက်တယ်လို့ ဘိုးဘိုးပြောဖူးတယ်"

"ဒါဆိုလည်း ဒီလကုန် ပြောင်းကုကြတာပေါ့ သမီးရယ်"

"ဦးဦးသဘောကရော ... ဟင်"

"သမီးသဘောပဲပေါ့ကွယ်"

"ဟာ ... ကြည့်စမ်း။ အကောင်းမှတ်လို့ နားထောင်နေ တာ လက်စသတ်တော့ နင် ငါ့အဖေအမေကို လာလုနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် စိတ်ပုပ်ကောင်"

ကြည်နူးစွာဖြင့် ရယ်မောလိုက်ကြပြန်၏။ ပစ္စည်းတွေ နေရာမချရသေးတာကို တွေ့သဖြင့် သူမ ဝိုင်းကူပေးရန် ပြောလိုက်ပါသည်။

"အန်တီတို့ပစ္စည်းတွေ နေရာမချရသေးဘူးနော်၊ ဒါဖြင့် ညနေစာ မချက်ရသေးဘူးပေါ့"

"ချက်မှာပါ သမီးရယ်၊ နည်းနည်းတော့ မိုးချုပ်မှာပေါ့၊ ရပါတယ်"

"ဒါဖြင့်ရင်လည်း ဒီညနေ မချက်နဲ့တော့လေ အန်တီ၊ တာတာ့အိမ်မှာပဲ လာစားလိုက်ပါနော်၊ အန်တီ ပင်ပန်းမှာပေါ့၊ ခဏလေး ... တာတာ အိမ်ခဏ ပြန်ပြေးပြောလိုက်ဦးမယ်၊ ပစ္စည်းတွေလည်း တာတာကူချပေးမယ်နော် ... တာတာ့ကို စောင့်ပါ"

"အို ... ရပါတယ် သမီးရယ်"

သူမက အိမ်ဘက်ပြန်ပြေးကာ ဒေါ်ကြီးခင်နှင့် မိပုကို မှာခဲ့ပြီး ဒီဘက်ခြံသို့ ပြန်ကူးလာခဲ့၏။ သူက ဖဖေ့ကို အပြင်ဘက်မှာထင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်ခိုင်းလိုက်ပါသည်။ အိမ်လေးထဲမှာ အန်တီနှင့်အတူ သူနှင့်သူမပါ ပစ္စည်းများကို ဟိုဒီသယ်မရွှေ့ကြပါ၏။ သူနှင့်လုသယ်ရင်း ရန်ကလည်း ဖြစ်နေရသေးသည်။ အန်တီကတော့ သူမကိုငေးကြည့်ရင်း ပြုံးနေပါတော့သည်။

"ကဲ ... တွေ့လား၊ မြန်မြန်လုပ်လိုက်တော့ အိမ်လေးက နေချင်စဖွယ် သပ်ရပ်သွားရော၊ အန်တီ့သားတစ်ယောက်တည်း





နေတာ ပစ်စလက်ခတ်ပဲ အန်တီရဲ့ သူ့အိမ်မှာ ရှုပ်ပွနေတာပဲ"

ဒေါ်ခင်လေးမြတ် မျက်ခုံးနှစ်ဖက်မြင့်သွားပြီး သားဖြစ်သူကို မျက်စပစ်၍မေးလိုက်၏။ သားတော်မောင်က လျှို့ဝှက်ပြုံးလေးဖြင့် အကြည့်လွှဲသွားတော့သည်။ ကြည့်စမ်း ... ဒီကလေးနှစ်ယောက် မရိုးသားဘူး ထင်ပါရဲ့။

"မမရေ"

"ဟော ... မိပုလား၊ ခဏနေဦး ... ငါ လက်ဆေးလိုက်ဦးမယ်"

သူမက နောက်ဘေးရေစည်ပိုင်း၌ လက်ကိုဆပ်ပြာဖြင့် ဆေးကြောလိုက်၏။ သူ့ကိုလှည့်ကာ ပြောလိုက်ပြန်ပါသည်။

"ညီလေး ... လက်လာဆေးလေ၊ အန်တီ့ကိုလည်း ဆေးပေးလိုက်ဦး၊ အမောပြေ သံပရာရည်တိုက်မလို့"

"ဩော် ... ဒီလိုလား"

သူမ အိမ်ရှေ့ပြန်ထွက်သွားတော့ မေမေနှင့်သူ လက်ဆေးရင်း မေမေ့ထံမှ မေးခွန်းတွေ တိုးတိုးထွက်လာတော့သည်။

"မေမေတော့ သမီးရတော့မယ် ထင်ပါရဲ့၊ ဟုတ်လား ... သား"

"တိုးတိုးပြောပါ မေမေ ... တာတာ ကြားသွားလို့ မဖြစ်သေးဘူး"

"သားတို့နှစ်ယောက်ကြည့်ရတာ အတိုင်းအတာတစ်ခုအထိ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေတာတော့ မေမေ မြင်နေရတာပဲ”

“ကျွန်တော့်ဘက်ကတော့ သေချာနေတာ မမဖူးငုံအသိပဲ။ ဒါပေမဲ့ . . . သူ့အစ်ကိုက ညီမလေးကိုသိပ်ချစ်တာ၊ အဲဒီချစ်ခြင်းတွေကြောင့် ကျွန်တော် သူ့ကိုဖွင့်မပြောရဲသေးဘူး မေမေ၊ သူတို့မောင်နှမ စိတ်ဆင်းရဲမှာကို မကြည့်ရက်လို့ပါ”

“ဖြစ်ရလေ သားရယ်၊ မေမေကတော့ သမီးလေးတာတာကို မြင်မြင်ချင်း ချစ်သွားတာ အမှန်ပဲ”

“မေမေကချစ်တာ ချစ်လို့ရတာပေါ့ မေမေ၊ ကျွန်တော့်မှာသာ မရှုနိုင်မကယ်နိုင်ဖြစ်နေတာ”

သူတို့ အိမ်ရှေ့ထွက်လာတော့ ဖန်ခွက်ရှည်မျောမျောလေးကို ဖေဖေ့ထံ သူမ ကမ်းပေးလိုက်တာ တွေ့ရ၏။ ကျန်ဖန်ခွက်တွေနှင့် မတူဘဲ သီးသန့်ဖြစ်နေ၍ သူက အထူးတဆန်း မေးလိုက်မိသည်။

“ဖေဖေ့အတွက် ဖန်ခွက်က ထူးခြားနေပါလား တာတာ”

“ဦးဦးက ဆီးချိုရှိနေတော့ သကြားနဲ့မတည့်ဘူးလေ ညီလေးရဲ့၊ အဲဒါ ဆေးသကြားနည်းနည်းလေး ထည့်ဖျော်ထားတာ . . . ဒီမှာ အန်တီနဲ့ရှင့်ဖို့”

“သမီးရော မသောက်ဘူးလား”

“ဟင့်အင်း . . . အန်တီ၊ ခဏနေ ထမင်းစားရတော့မှာမို့လို့ပါ”

“ထမင်းအများကြီး မဆန့်မှာစိုးလို့မဟုတ်လား . . .





တာတာရဲ့”

“ညီလေးနော် . . . ရှင် ကျွန်မကို နှိပ်ကွပ်ဖို့ပဲ အလစ်ချောင်းနေ . . . ဟွန်း”

မီးပု ဖျော်ရည်ပန်းကန်ကိုင်၍ အိမ်ထဲဝင်သွားတော့ ကိုကိုက ဒီဘက်ခြံကို ကူးလာတော့သည်။

“တာတာရေ . . . ပြင်ပြီးပြီ၊ ဦးနဲ့အန်တီ . . . ကျွန်တော်တို့ အိမ်မှာ ညစာလိုက်စားဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျာ”

“အားနာစရာကြီး သားရယ်”

“အားမနာပါနဲ့ အန်တီရဲ့၊ ညီလေးဆို တာတာတို့အိမ်မှာ ခဏခဏ စားနေကျပါ”

“ကြည့်စမ်း . . . ငါ့ကို အငတ်လို့ ပြောလိုက်တာပေါ့လေ”

“မဟုတ်လို့လား”

“တာတာ . . . ကိုယ့်ထက်အကြီးကို ဒီလိုပဲ ပြောရသလား။ ကိုကို ဘာပြောထားသလဲ”

“ကိုကိုကလည်း ခြောက်လလေး ကြီးတာကို”

“ခြောက်လကြီးလည်း အစ်ကိုပဲ၊ ကိုလေးလို့ ခေါ်ပါ . . . သင်ပေးထားလည်း မရ”

“ကျွန်တော် သူ့ကို ညီမလေးခေါ်တာလည်း မကြိုက်ဘူး အစ်ကို၊ အစ်ကိုခေါ်သလိုမျိုး မခေါ်ရဘူးတဲ့”

“တာတာ”



www.burmeseclassic.com

www.burmeseclassic.com



သူမ ခြေဆောင့်လိုက်ပြီး ကိုကိုမတွေ့အောင် သူ့လက်မောင်းကို ဆွဲဆိတ်လိုက်၏။ သူက ကျိတ်မှိတ်ခံလိုက်ပြီး ပြုံးနေလိုက်ပါသည်။ အိမ်ထဲဝင်တော့ သန့်ရှင်းသပ်ရပ်သည့် အိမ်အပြင်အဆင်တို့ကို လှေ့လာရင်း ခေါင်းလေးမြှတ် ပြုံးနေမိသည်။ ထမင်းစားခန်းထဲမှာတော့ အမျိုးစုံလင်သည့် ဟင်းများကို ဖွယ်ဖွယ်ရာရာ ပြင်ထားလေ၏။

"သုံးဆောင်ပါ ဦးနဲ့အန်တီ . . . ဒါတွေ အားလုံး တာတာ စီစဉ်ပေးထားတာတွေပါ။ တာတာ့လက်ရာတွေချည်းပဲ . . . အားမနာတမ်း စားပါခင်ဗျာ၊ ညီ . . . အန်တီတို့ကို ထည့်ပေးပါ"

"အန်တီ့ထဲပဲ ထည့်ပေး ညီလေး၊ ဦးဦးဖို့ တာတာ သက်သက်ဟင်း ပြင်ထားတယ်၊ အာလူးနဲ့ဝက်သားရယ်၊ အမဲနှပ်ရယ်၊ ဝက်အူချောင်းနဲ့အစိမ်းကြော်ရယ်၊ ပုဇွန်နဲ့ ချဉ်ပေါင်ဟင်းချိုရယ်၊ သရက်ချဉ်သုပ်ရယ်၊ တာတာက ဦးဦးနဲ့မတည့်မှာစိုးလို့ ဒီမှာ ကြာဆံနဲ့ ကြက်သားစွပ်ပြုတ်ရယ်၊ ကြက်သားပြုတ်ကို့နွှင်ပြီး ရေပ်သီးအရောင်ပါရုံ သုတ်ပေးထားတယ်၊ သံပရာသီးလေး နည်းနည်းညှစ်ပေးထားတယ်၊ ဝက်အူချောင်းနဲ့ဆို မတည့်မှာစိုးလို့နော်"

"တကူးတကကြီး ဒုက္ခရှာလို့ သမီးရယ်"

"မဟုတ်ပါဘူး ဦးရယ်၊ ဘိုးဘိုးရှိစဉ်တုန်းကလည်း တာတာ ဒီလိုပဲ စီစဉ်ပြီး ကျွေးခဲ့တာပါ၊ သူက ဘယ်အခါမဆို သူကိုယ်တိုင် လုပ်ရမှ စိတ်တိုင်းကျတာ၊ ဝအောင်သာ စားပါ ခင်ဗျာ"





"အင်း . . . ဖူးငုံကတော့ အပြင်စီးပွားထွက်ရှာနေတာနဲ့ အိမ်မီးဖိုချောင်ကို သမီးလောက်မနိုင်ဘူး"

"မနိုင်လည်းဖြစ်ပါတယ် အန်တီရယ်၊ တစ်အိမ်တည်း အတူနေရမှာပဲဟာ၊ တာတာပဲ ချက်ကျွေးမှာပေါ့ . . . နော် ကိုကို"

"ဟော . . . သမီးအစ်ကိုနဲ့က တစ်သက်လုံးနေလို့ ဘယ်ရမှာလဲ သမီးရယ်၊ သမီးလည်း အချိန်တန်ရင် အိမ်ထောင်ပြုမှာပဲ၊ တော်ကြာ . . . သမီးအမျိုးသားလေးက သူ့မိန်းမကို ဒီလိုပင်ပင်ပန်းပန်း ဘယ်ခိုင်းရက်ရှာမှာလဲ"

"ဟင် . . . ဦးဦးကလည်း တာတာအိမ်ထောင်မပြုပါဘူး၊ အပျိုကြီးပဲလုပ်မှာ"

"သေချာလို့လား သမီးရယ်၊ သမီးအစ်ကိုကိုလည်း မေးကြည့်ပါဦး"

"ဟုတ်ပါတယ် အန်တီရဲ့ . . . နော် . . . ကိုကိုရယ်"

ကြည်သာမောင် ကုန္ဓြေရရ ပြုံးနေလိုက်ပါသည်။ တာတာတော့ ညီမိဘတွေကို သူတို့မိဘတွေလို သဘောထားခင်တွယ်စပြုနေပါရောလား။

"ကျွန်တော် အာမမခံပါဘူး အန်တီ၊ ဘာဖြစ်လို့လဲဆိုတော့ တာတာ့မှာ အပျိုကြီးဇာတာ မပါဘူးခင်ဗျ၊ တော်ကြာ . . . ကျွန်တော့်ထက်ဦးပြီး သူအိမ်ထောင်ပြုသွားမှာပဲ စိုးတာ၊ သူ့စိတ်က သိပ်မှန်တာ မဟုတ်ဘူး . . . အရွဲ့ကလည်း တိုက်တတ်သေး"



www.burmeseclassic.com

www.burmeseclassic.com

သောမဲ့လွှတ်မိတဲ့စိတ်
တိုးတိတ်ကျိတ်ဖြေ
အတိတ်နေရောင်ခြည်ကဲ
မိုးလည်းမိုးမို့
ဆောင်းလည်းဆောင်းမို့
နွေဆိုရင်လည်း နွေမို့လို့
သုံးရာသီစက်ဝိုင်းထဲမှာ
သံသရာချာချာလည်ရင်း
ချစ်ခြင်းတွေ စုစည်း
သံစဉ်တွေ သီခဲ့မိတယ်။
ဒီလိုနဲ့
အသည်းကွဲ ဓာတ်ပြားတစ်ချပ်
ခပ်အက်အက်ညည်းတွားရင်း
သံစဉ်တွေ ပီပြင်ခဲ့တယ်လေ ...။

# အခန်း (၂)

## "မောင်မယ်သစ်လွင်ကြိုဆိုပွဲ"

စတိတ်ပေါ်ရှိ အပြာရင့်ရောင် ခန်းဆီးပေါ်၌ ရွှေရောင်စာလုံးများက ထင်းခနဲပေါ်လွင်နေ၏။ စင်ပေါ်တွင် ချထားသည့် တီးဝိုင်းပစ္စည်းများကလည်း အစုံအလင်။ ခုံများ ချထားသည့်ကွင်းပြင်ထဲသို့ ကျောင်းသား၊ ကျောင်းသူများ တဖွဲဖွဲဝင်လာနေကြသည်။

အခမ်းအနား စတင်ရန် (၁၀) မိနစ်သာ လိုတော့တာမို့ စားပွဲဝိုင်းတစ်ခုရှိရာ၌ သူမတို့အုပ်စု ဝင်ထိုင်လိုက်၏။ ရှုပ်ထွေးနေသည့် လူတွေကိုကြည့်ရင်း စိတ်ထဲမှ တာတာ့ကို တမ်းတမိလိုက်သည်။ လူများရာနေရာကို အမြဲရှောင်ရှားတတ်သည့် သူငယ်ချင်းလေးနှင့် အကြိုက်တူနေတတ်သည့်အဖြစ်က အံ့သြဖွယ်ရာ တိုက်ဆိုင်မှုပင်။

ကွင်းထဲသို့ အနီရဲရဲဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဟင် ... တွေ့လား၊ ကိုကို အရင်လို မဟုတ်တော့ဘူးနော်၊ တာတာ့စကားကိုတောင် အလေးအနက်မထားတော့ဘူး။ တော်ပြီ ... ကျောင်းမသွားချင်တော့ဘူး"

သူမက ခြေဆောင့်၍ အိမ်ထဲပြန်ဝင်လိုက်တော့ သူပါ အပြင်မှ အိမ်ထဲလိုက်ဝင်လာရ၏။

"ဟာ ... ကျောင်းနောက်ကျတော့မယ်လေ၊ အဲဒါက ဘာဖြစ်ပြန်တာလဲ"

"နောက်ကျမှာစိုးရင် ရှင့်ဟာရှင်သွား"

"အစ်ကိုက အတူတူသွားနိုင်းလို့စောင့်နေတာလေ၊ စိတ်ပုပ်က ဝင်ပြန်ပြီ"

"ညီလေးနော် ... ဒီမှာ စိတ်တိုနေရတဲ့ကြားထဲ"

"ကဲပါ တာတာရယ် ... ကိုကို အလုပ်များနေလို့ မေ့နေတာပါ။ သတိရအောင် ပြန်ပြောလိုက်ရင် ပြီးတာပဲ၊ ကဲ ... ပြော"

"ကိုကို တကယ်မမှတ်မိတာလား"

"ပြောရင်သိမှာပေါ့ တာတာရယ်"

သူမမျက်ဝန်းမှ မျက်ရည်တို့ ဝေ့ဝဲတက်လာ၏။ ကိုကို့ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်မှာ အကြာကြီး။ ကြည်သာမောင် ပျာယာခတ်သွားရ၏။

"တာတာ ... ညီမလေး"





"ဘာမှမဟုတ်တော့ဘူး ... သွားမယ် ညီလေးညို"

အိမ်ထဲမှ နောက်တစ်ခေါက်ပြန်ထွက်တော့ ကိုကိုက သူမလွယ်အိတ်ကြိုးကို အနောက်မှ ဆွဲလိုက်ပါသည်။ သူမလွယ်အိတ်ကို ဆတ်ခနဲပြန်ဆွဲရင်း ခြံထဲမှ လျင်မြန်သည့်ခြေလှမ်းတို့ဖြင့် လှမ်းထွက်လာခဲ့၏။

"တာတာ ... ဟိုမှာ အစ်ကို စိတ်မကောင်းဖြစ်ကျန်ခဲ့ပြီ"

"ရှင်ပါ့စေ ပိတ်ထားရင်ကောင်းမယ် ... ညီလေးညို၊ ကျွန်မ မဆိုင်တဲ့သူတွေအပေါ် အပြစ်ပုံမချချင်ဘူး"

ကားဂိတ်ရောက်တော့ ကျောင်းချိန်နီးနေပြီမို့ တွေ့တဲ့ကား ပေါ်ကိုသာ တိုးတက်လိုက်ကြ၏။ ကျပ်ညပ်သည့်လူတွေကြားထဲမှာ သူမအနောက်မှ နောတစ်ယောက် အတင်းဆီကပ်နေသဖြင့် သူ သူမ လက်ကိုဆွဲ၍ သူ့ရှေ့မှာ ရပ်စေလိုက်သည်။ လူချင်းနီးကပ်နေရသည် မို့ သူမထံမှ ရှင်မတောင်သနပ်ခါးနံ့ကို သင်းသင်းလေး ရှူလိုက်မိ၏။

အတန်းထဲရောက်တော့ မျက်နှာကို ပုံမှန်ထားပေမယ့် ရင်ထဲမှ ကြေကွဲခံစားမှုက သူမမျက်ဝန်းမှာ အရိပ်ထင်နေ၏။ ပုစ္ဆာတွေ ဖွက်တော့ အမှားတွေပါလာသဖြင့် သူဘေးမှ ပြောနေရသည်၊ ဗလာစာအုပ်ပေါ်သို့ မျက်ရည်တစ်ပေါက်ကျသွား၏။

"တာတာ ... မငိုနဲ့လေ၊ အတန်းထဲမှာ လူတွေအများကြီး [illegible] သတိထားဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းငုံ့၍ မျက်ရည်ကို ကျိတ်သုတ်လိုက်ပြီး တစ်ချက်ရှိုက်လိုက်၏။ ဘေးမှာထိုင်နေရသည့်သူပါ ပြာလာရတော့သည်။

"ဒီအချိန်ကုန်ရင် English အချိန်ကို ကိုယ်တို့ အပြင်ထွက်စို့၊ မင်း ဒီပုံစံနဲ့ စာဆက်သင်လို့မဖြစ်ဘူး တာတာ"

Physica ဆရာမ ထွက်သွားသည်နှင့် သူမလက်ကိုဆွဲ၍ အပြင်ထွက်လာခဲ့သည်။ လူရှင်းသည့်နေရာလေးမှာ သူမကို ထိုင်ခိုင်း၍ သူမေးလိုက်ပါ၏။

"တာတာ ... ရင်ထဲမှာ ဘာဖြစ်နေလဲ၊ ကိုယ့်ကိုပြော ... အစ်ကိုနဲ့တာတာက မောင်နှမတွေလေ၊ မကျေနပ်တာရှိရင် ကိုယ့်ကို မင်းထုရိုက်လို့ အပြစ်မကျဘူး၊ အစ်ကို့ကို စိတ်ရှုနေတာက မင်းငရဲကြီးမှာ ... ကိုယ်ပြောတာ နားလည်လား"

သူမ ခေါင်းညိတ်ပြလိုက်၏။ မျက်ရည်ကို မကျအောင် မျက်တောင်ဖြင့် ပုတ်ခတ်သိမ်းဆည်းနေပုံက သနားစရာလေး။ ငိုချင်စိတ်ကို ထိန်းထားတာက ပိုပြီးခံစားရခက်တာကို သူသိနေသည်မို့ သူမလက်ကလေးကို ခပ်တင်းတင်းလေး ဆုပ်ထားလိုက်ပါသည်။

"ညီလေး"

"တာတာ"

"တာတာ ... တာတာ့မှာလေ"

သူမ ဘာမှဆက်မပြောနိုင်တော့ဘဲ သူ့လက်မောင်းပေါ် ခေါင်းမှီ၍ ကလေးတစ်ယောက်လို ချုံးပွဲချငိုကြွေးလိုက်ပါ၏။ ရင်ထဲမှာ





နင့်ခနဲခံစားလိုက်ရပြီး သူမကို ဘယ်လိုဖြေသိမ့်ရမှန်းမသိဖြစ်လျက် သူ ငြိမ်နေလိုက်ပါသည်။

"ညီလေး ... တာတာကလေ အချစ်မှာ အလွန်ကံခေတဲ့ မိန်းကလေးတစ်ယောက်ပါ။ မိဘရင်ခွင်မှာလည်း မိုးခိုခွင့် မဲ့ခဲ့ရတယ်၊ ဘိုးဘိုးဆိုတာလည်း စီးပွားရေးလုပ်နေလို့ တာတာ့အပေါ် ယုယုယယ မရှိခဲ့ဘူး။ ကိုကိုတစ်ယောက်ပဲ တာတာ့ကို ချစ်ခင်ယုယခဲ့တာပါ၊ တာတာကလေ ... တာတာ့ကြောင့် တစ်ပါးသူထိခိုက်ခံစားရမှာကို မလိုချင်ခဲ့ဘူး။ သူတို့ ဘာဖြစ်ချင်သလဲ၊ တာတာ ဘာလုပ်ပေးရမလဲ ဆိုတဲ့စိတ်နဲ့ အမြဲလိုက်လျောပေးခဲ့တယ်၊ ဒါပေမဲ့ ... တာတာချစ်တဲ့ သူတွေက အချိန်တန်တော့ တာတာ့ရင်ကို စုံကန်ပစ်သွားကြတာချည်းပဲ၊ တာတာလေ တာတာ့သူငယ်ချင်းမှုစီလေး တာတာ့ကို သံယောဇဉ်ဖြတ်လိုက်တုန်းက တော်တော်လေး ခံစားခဲ့ရတာ၊ အဲဒီတုန်းက တာတာ့အပေါ်မှာ ကိုကို ရှေ့တစိုက်ရှိခဲ့လို့ ကိုကို့ကို တာတာ ဟိုးအရင်ကထက် ပိုချစ်လာခဲ့တယ်၊ ဒါပေမဲ့ ... ကိုကိုနဲ့ညီလေးရဲ့မမတို့ ချစ်သူတွေဖြစ်နေမှန်းသိခဲ့ရတုန်းက တာတာ တော်တော်ဝမ်းနည်းသွားတာ အမှန်ပဲ၊ ကိုကိုက မှုစီလေးနဲ့ပတ်သက်ပြီး စကားတစ်ခွန်း တာတာ့ကို ပြောခဲ့တယ်၊ အဲဒီစကားကြောင့် တာတာ့စိတ်ကို တာတာ ဖြေသိမ့်ခဲ့တာ ကြာပါပြီ"

"ဘာတဲ့လဲ ... တာတာ"

"၁၅၀၀ ဆိုတာ ၅၂၈ ထက် ပိုတာမို့ ခွင့်လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုတဲ့စကားပဲ၊ ဟိုတုန်းကတော့ ပုစိလေးနဲ့ပတ်သက်ပြီး ပြောခဲ့လို့ ဆင်ခြင်နိုင်ခဲ့ပေမယ့် ကိုကိုနဲ့ပတ်သက်လာတော့ တာတာ့စိတ်ထဲ အတော်လေးချောက်ချားခဲ့ရတာပါ၊ ဒါ . . . သဘာဝပဲလို့ ဖြေသိမ့်နိုင်ပေမယ့် တာတာ့နှလုံးသားထဲက ဒဏ်ရာကတော့ မပျောက်နိုင်တော့ဘူး။ ဒီလိုပြောနေလို့ ညီလေးမမနဲ့ကိုကိုကို တာတာ သဘောမတူဘူးလို့ပြောနေတာ မဟုတ်ပါဘူး။ တာတာ့ရင်ထဲက ခံစားနေတာတွေကို ရင်ဖွင့်မိတာပါ၊ တာတာလေ ၅၂၈ မေတ္တာလေးနဲ့တောင် ဒီလောက်ထိ ခံစားနေရတာ ၁၅၀၀ မေတ္တာနဲ့သာ ခံစားရရင် တာတာသေမှာသေချာတယ်၊ အရင်က ရင်ဖွင့်ဖော်လို့ ယူဆခဲ့ရတဲ့ အချစ်ဆုံးသူငယ်ချင်းကလည်း တာတာ့ဘဝမှာ မရှိတော့ဘူးဆိုတော့ ဝမ်းနည်းမိတဲ့အခါ တာတာ့ဖို့ ရင်ခွင်ပျောက်နေရပြီ ညီလေးရယ်၊ ကိုကိုလည်း အချိန်တန်လို့ အိမ်ထောင်ပြုသွားရင် တာတာ့ကို အရင်လို ကြင်နာယုယနိုင်တော့မှာ မဟုတ်ဘူး။ မမကို ကိုကို့ချစ်ခြင်းတွေ ခွဲပေးလိုက်ရပြီဆိုတဲ့ မနာလိုမစ္ဆရိယမျိုး တာတာ့မှာ မရှိတာအမှန်ပါ၊ အဲဒီဝေဒနာပေါင်းများစွာကို ဘယ်လိုရင်ဆိုင်ရမလဲလို့ စဉ်းစားမိတိုင်း တာတာတစ်ညလုံး အိပ်လို့မရတော့ဘူး။ လောကကြီးထဲမှာ တာတာနေလို့မပျော်တော့ဘူး ညီလေးရယ်၊ အဲဒါ . . . အမှန်ပဲ"

"ဖြစ်မှဖြစ်ရလေ တာတာရယ်"

သူက အိတ်ထဲမှ ချွေးသုတ်ပဝါလေးကို ထုတ်၍ တာတာ့လက်ထဲသို့ ထည့်ပေးလိုက်ပါ၏၊ ကိုယ်တိုင်သုတ်ပေးခွင့်ကို မရှိ





တော့ဘူးထင်ပါရဲ့ တာတာရယ်။

"ဒီအကြောင်းတွေ ကိုကို ပြန်မသိပါစေနဲ့နော်၊ ညီလေးကို တာတာ့သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး ရင်ဖွင့်လိုက်မိတာပါ၊ တာတာ့ဘဝမှာ ခုလိုမျိုးဖွင့်ပြောမိတဲ့ သူစိမ်းယောကျ်ားလေးဆိုလို့ ညီလေးတစ်ယောက်ပဲ ရှိတာပါ၊ တာတာ့ကို အထင်မသေးလိုက်ပါနဲ့နော်"

"စိတ်ချပါ တာတာ၊ ကိုယ် မင်းအနားမှာ အမြဲရှိနေပေးမှာပါ"

"ကျေးဇူးပါပဲ ညီလေးရယ် . . . တကယ်ပါ၊ ကိုကို မနက်ဖြန် မအားမှန်းသိလို့ ဒီညနေကို တာတာပူဆာမိတာပါ၊ အင်းပေါ့လေ . . . ကိုကို အလုပ်ကိစ္စတွေရှုပ်နေလို့ မေ့နေတယ်ပဲ ထားလိုက်ပါတော့"

"ဘာကိုတောင်းထားလို့လဲ တာတာ"

"ဟင့်အင်း"

သူမ ခေါင်းခါလိုက်ရင်း နာရီကို ငုံ့ကြည့်လိုက်၏။

"ဟယ် . . . Pratical ချိန်စနေပြီ ညီလေးရေ့ တာတာတို့နောက်ကျနေပြီ၊ 'လာ . . . မြန်မြန်"

သူ့လက်ကိုဆွဲ၍ Lab အခန်းထဲ ပြေးဝင်သွားတော့ ဖေယျုနှင့်ချိုသဲတို့အုပ်စုက ရန်တွေ့ပါလေတော့သည်။ သူက သူမ၏မျက်နှာကို မေးဆတ်ပြ၍ ခေါင်းခါပြလိုက်တော့မှ အားလုံးငြိမ်ပေးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူမက စမ်းသပ်မှုတို့ကို တစ်ခါတည်းဖြင့် မလွဲအောင်ပြုလုပ်၍ ပုစ္ဆာကို ချတွက်လိုက်တော့သည်။

"1789.24"

နှစ်ယောက်သား အဖြေမှန်ကို ပြိုင်တူရွတ်လိုက်မိချိန် ရယ်မိကြ၏။ ဆရာမဆီ စာအုပ်ကို အပြေးအလွှားသွားပြလိုက်ကြရင်း အပြန်လမ်းမှာ ငိုထားသည့်မျက်နှာဖြင့် အပြုံးနုနုကို သူမထံ၌ တွေ့နေရသည်။ ကားပေါ်မှာ အတူရပ်နေရင်းက သူမခေါင်းပေါ်တင်နေသည့် စိန်ပန်းရွက်ဝါလေးကို လေဖြင့် မှုတ်ချပေးနေမိစဉ် သူမထံမှ မျက်စောင်းလေးတစ်ချက်ကို သူရလိုက်သည်။

တာတာရေ ... ကြာရင် ကိုယ်တော့ မင်းကို ရင်ခွင်ထဲမှာ ထွေးပွေ့ပြီး အပိုင်သာ သိမ်းပိုက်ချင်တော့တာပါပဲ။

အဲဒီညဘက် သူ့ခြံထဲမှာ ဂစ်တာတီးနေစဉ် လသာဆောင်မှာ ထွက်ရပ်နေသည့် အရိပ်လေးသည် ည ၁၂ နာရီကျော်သည်အထိ မလှုပ်မယှက်ငြိမ်သက်နေခဲ့သည်။ သူ့ အိမ်ထဲပြန်ဝင်ရန် ထလိုက်တော့မှ အိမ်ထဲသို့ သူမ ပြန်ဝင်သွားတော့၏။ တာတာ အိပ်မက်လှလှလေးတွေ မက်နိုင်ပါစေကွယ်။

*





အကြင်နာ ဘုံဗိမာန်လေးတစ်ခု
တည်ဆောက်ပြီးလုချိန်မှာ
မုန်တိုင်းထန် တိုက်ဖျက်
ငါ့အသိုက် ပျက်ခဲ့ရပြီ ...
ဘယ်နေရာမှာလဲ ...
ငါ ငိုကျွေးနိုင်ဖို့
ငါ ရင်ဖွင့်နိုင်ဖို့
ငါ တမ်းတမှိုင်ဝင်နိုင်ဖို့
ရင်ခွင်နွေးတစ်ခုတော့
မဲ့ခဲ့ရလေပြီ ...

တစ်အိမ်လုံး မီးတွေထိန်နေ၍ ဟိုဒီပြေးလွှားနေကြသည့် အရိပ်များကြောင့် သူ အိမ်ပြင်သို့ ထွက်ခဲ့၏။ ခြံစည်းရိုးနားသို့ ရောက်ခင် ကိုကြည်သာက သူ့အနီးသို့ အပြေးရောက်လာတော့သည်။

"ညီ"

"အစ်ကို ... တာတာ ဘာဖြစ်လဲ၊ တာတာ ... ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



"တာတာ အိမ်ကထွက်သွားပြီ ... ညီ၊ မနက်အစောကြီး ကတည်းက ကိုယ်တို့မနိုးခင် ထထွက်သွားတာ၊ သူ့အခန်းထဲမှာ ဒီကဗျာလေးပဲ တွေ့ရတယ်၊ သူ ညီ့ကို ဘာပြောသေးလဲ ညီ၊ ကိုယ် အရမ်းစိတ်ပူနေပြီ"

"ခဏ အစ်ကို ... ကျွန်တော်တို့ လောလို့မဖြစ်ဘူး။ သေချာ စဉ်းစားကြည့်ရအောင်"

ကြည်သာမောင် ညီလေးညို့နဲ့အတူ အိမ်ထဲပြန်၍ ထိုင်လိုက် ၏။

"မနေ့က ကျောင်းမှာ သူဆိုတယ် အစ်ကို၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး ဖျောင်းဖျပေးပါတယ်၊ သူ တော်တော်ခံစားနေရရှာ တာ အစ်ကိုရဲ၊ သူချစ်တဲ့သူတွေက သူ့ကို နောက်ဆုံးမှာ ထားခဲ့မှာပဲ ဆိုတဲ့ အစွဲကြီးက သူ့ရင်ထဲမှာ တော်တော်စွဲနေတာဗျာ၊ လောကကြီး ထဲမှာ နေလို့မပျော်တော့ဘူးလို့လည်း သူ ပြောတယ်၊ နေဦး ... ဒီနေ့ ဘာနေ့လဲအစ်ကို၊ သူ အစ်ကို့ဆီက ဒီနေ့ကိုတောင်းချင်တာ အခုထိ မပြေလို့ မနေ့ကညနေကို တောင်းလိုက်တာလို့ ကျွန်တော့်ကို ပြော တယ်၊ စဉ်းစားကြည့်ပါဦး အစ်ကို"

"ဒီနေ့ ... ဒီနေ့ ... ဒေါ်ကြီးခင်"

ကြည်သာမောင် ဒေါ်ကြီးခင်ကို လှည့်ကြည့်လိုက်တော့ ဒေါ်ကြီးခင်က မျက်ရည်တွေတွေကျလျက် လှမ်းပြောလိုက်ပါ၏။

"ဒီနေ့ ... တာတာမွေးနေ့ပဲ မောင်ကြည်သာ၊ သူ့ခမျာ





မင်း ... ဒီနေ့မအားလို့ မနေ့ကညနေမှာ ဘုရားလိုက်ပို့ဖို့ ပူဆာခဲ့တာ ပဲ၊ ဒါကို မင်း မမှတ်မိဘူးဆိုလို့ သူ ထပ်မပြောရရှာတော့တာ၊ ကလေး သနားပါတယ်ကွယ်"

"ဟာ ... ဟာ ... ကျွန်တော် ... ကျွန်တော် ... ဒါကို ဘာလို့မေ့နေရတာလဲ၊ ဒါ ... မေ့သင့်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ သွားပြီ ... သွားပါပြီ"

ကြည်သာမောင် ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်၏။ သူလည်း ကမန်းကတန်း ထရပ်လိုက်ပါသည်။

"မောင်ကြည်သာ ... သားအစည်းအဝေးက ၉ နာရီ စမှာ နော်၊ နိုင်ငံခြားသားတွေနဲ့ တွေ့ရမှာ ပျက်လို့မရဘူးဆို"

"ပျက်ချင်လည်း ပျက်ပါစေတော့ ဒေါ်ကြီးခင်၊ ကျွန်တော့် ကုမ္ပဏီ ပိတ်လိုက်ရလည်း ကျွန်တော် မမှုတော့ဘူး။ ကျွန်တော့် အတွက် ညီမလေးကလွဲပြီး ဘာမှအရေးမကြီးဘူးဗျာ"

"ကျွန်တော်လည်း လိုက်မယ် အစ်ကို"

သူတို့ ကားဂိုဒေါင်ဆီ လှမ်းလာစဉ်ဝယ် ခြံဝမှာ ဖြည်းဖြည်း ချင်း လျှောက်ဝင်လာသည့်ပုံရိပ်လေးကို တွေ့လိုက်ရလေသည်။ သေချာပါတယ် ... ဒါဟာ သူ့ရဲ့နှလုံးသားလေးပါပဲ။

"တာတာ ... ညီမလေး"

ကြည်သာမောင် ညီမလေးရှိရာဆီ အပြေးသွား၍ ထွေ့တ် သွားမှာ စိုးရိမ်စိတ်တို့ဖြင့် တင်းကျပ်စွာ ဖက်ထားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ရှပ်အင်္ကျီပါးပါးလေးမှာ နှင်းတို့ စိုရွှဲလျက် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည့် ညီမလေးကိုကြည့်၍ ကြည်သာမောင် ငိုချလိုက်ပါသည်။

"ညီမလေး ဘယ်လိုလုပ်လိုက်တာလဲကွာ၊ ကိုကို ဘယ်လောက်ထိ စိတ်ပူသွားရလဲ၊ တစ်ခါမှ ဒီလိုဖြစ်ခဲ့ဖူးတာ မဟုတ်ဘူး။ ကိုကို့ကို ခွင့်လွှတ်ပါ ညီမလေးရယ်၊ ကိုကို တကယ့်ကို အသုံးမကျတော့တာပါ။ Foreigner တွေနဲ့ တွေ့ရဖို့ တစ်ခုတည်း စိတ်လောကြီးနေတာနဲ့ မမေ့သင့်တဲ့အရာကို ကိုကို မေ့နေခဲ့တယ်၊ အခု ဘယ်က ပြန်လာတာလဲ ... ဘုရားသွားတာလား"

သူမ ခေါင်းကို အသာညိတ်ပြလိုက်ပါ၏။ ကြည်သာမောင် ညီမလေးကိုဖက်ထားလျက် အိမ်ထဲခေါ်ခဲ့ပါသည်။

"တစ်ယောက်တည်း ဘာလို့ထွက်သွားရတာလဲ ညီမလေးရယ်၊ ကိုကိုစိတ်ပူတတ်တာ သိရဲ့သားနဲ့၊ တော်ကြာ လူရမ်းကားတွေနဲ့ ထပ်တွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

"မောင်ကြည်သာ ... သမီးလေးကို အဝတ်အစားလဲပေးပြီး ကော်ဖီနဲ့ ဆေးတိုက်ရအောင်၊ သူ အအေးမိတော့မှာပဲ"

"ကိုကို အစည်းအဝေးတက်ရမှာမဟုတ်လား။ သွားစရာရှိတာ သွားပါကိုကို၊ တာတာ့ကို စိတ်မပူပါနဲ့၊ တာတာ အိမ်မှာပဲ ရှိနေမှာပါ"

"ကိုကို အစည်းအဝေးဖျက်လိုက်မယ် တာတာ"





"အဲဒီလိုမလုပ်ပါနဲ့ ကိုကို၊ စီးပွားရေးလောကမှာ ကြည်သာမောင်ဆိုတဲ့နာမည်ကို တာတာ့ကြောင့် အပျက်မခံပါနဲ့"

ကြည်သာမောင် ညီမလေးကို ငေးကြည့်နေမိ၏။ ဒီလိုမျက်ဝန်းမျိုးနှင့် သူ့ကို တာတာစကားပြောတာ နှစ်ကြိမ်မြောက်ရှိနေပါရောလား။

"တာတာ ညီမလေး ... ကိုကို့ကို စိတ်နာနေပြီလား။ ဟုတ်လား ... ဟင်"

"ဟင့်အင်း ကိုကို ... တာတာ ကိုကို့အပေါ် ထားတဲ့ချစ်ခြင်းတွေက ဘယ်တော့မှ မလျော့ပါးမပျောက်ပျက်နိုင်ပါဘူး၊ တာတာရဲ့ နောက်ဆုံးထွက်သက်အထိ ကိုကို့ကို ချစ်နေမှာပါ၊ အခုလို စိတ်ပူအောင် လုပ်ခဲ့မိတဲ့အတွက် အားလုံးကို တာတာ တောင်းပန်ပါတယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူး။ ညီလေးလည်း ပြန်တော့နော်"

"တာတာ"

ကြည်သာမောင် ညီမလေးလက်ကို လှမ်းဆွဲထားလိုက်၏။ ညီမလေးက အသာရုန်း၍ ... ဒေါ်ကြီးခင်ကို လှမ်းပြောလိုက်ပါသည်။

"ဒေါ်ကြီးခင် ... တာတာ့ဖို့ ကော်ဖီတစ်ခွက်နဲ့ ပါရာတစ်လုံးလောက် မိပုကို ပို့ခိုင်းလိုက်ပါနော်"

"အေး ... အေး ... သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



လှေကားမှတက်သွားသည့်သူမကို အားလုံး မျက်စိတဆုံး လိုက်ကြည့်နေမိကြသည်။

စိတ်ဆိုတာ ထိန်းချုပ်ရ အခက်ဆုံးအရာတစ်ခုတဲ့ ကိုကို။ တာတာ့စိတ်ကို တာတာနိုင်အောင် ထိန်းမှာပါ။

* * *

ကောင်မလေးရေ ...

မင်းမျက်ရည်တွေကြားမှာ

နစ်မျောတာ ကျရှုံး

နှလုံးသားတစ်ခုလုံး ပေးချင်တယ်

နာကျင်ခံစားနေရတဲ့

ဝေဒနာမှန်သမျှကိုလည်း

ဝေမျှခံစားပေးချင်တယ် ...

ကောင်မလေးရေ ...

လရောင်ကိုတိမ်ကွယ် ...

အမှောင်ကမ္ဘာကို ဖယ်ခွာလို့

အလင်းဆောင်ပေးသူဖြစ်ချင်တယ် ...

မင်းအပြုံးနုနုလေးကို

ရင်ထဲမှာ ထာဝရ

သော့ခတ်သိမ်းဆည်းထားချင်တယ်

ကောင်မလေးရေ ...

မင်းကလွဲရင် ...

ငါ့ထံမှာ ဘာကိုတောင်းတောင်း

ငါ အကုန်လုံးပေးလိုက်မယ် ...

မင်းကလွဲရင် ...

မင်းကလွဲရင်ပေါ့ ...။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အဲဒါပဲ မမဖူးငုံ . . . အခု တာတာတို့အိမ်မှာ စစ်အေးတိုက်ပွဲဖြစ်နေပြီ တာတာက အခန်းထဲက အခန်းပြင်ကို မထွက်တော့တာ၊ အစ်ကိုဝင်သွားတော့လည်း စာကျက်နေလို့ ဘာမှမပြောဘဲ ပြန်ထွက်ခဲ့ရတယ်တဲ့၊ မိပု ထမင်းသွားပို့ရင်လည်း အာဟာရဖြစ်သလောက် နည်းနည်းပဲစားပြီး ပြန်ယူသွားခိုင်းတယ်၊ အစ်ကိုလည်း တော်တော် စိတ်ဆင်းရဲနေရပြီ၊ ခါတိုင်းလို စိတ်ကောက်တာမျိုးကို သူ့စိတ်ကို မပြေပြေအောင် ချော့လို့ရတယ်၊ အခုဟာက စိတ်ထဲမှာ နာနာကျင်ကျင်လေး ခံစားနေရတာ၊ ကျွန်တော်တော့ မကြည့်ရက်တော့ဘူးဗျာ"

"ဒုက္ခပါပဲဟယ် . . . ကိုကလည်း တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှ ဖြစ်ရတယ်လို့"





"ခက်တာက သူ့ အရွဲ့တိုက်တဲ့ပုံစံမျိုးလည်း မဟုတ်ပြန်ဘူး မမရဲ့၊ အစ်ကိုစကားပြောလည်း ကောင်းကောင်းမွန်မွန် ပြန်ပြောတယ်၊ အိမ်ကလူတွေနဲ့လည်း ပုံမှန်စကားပြောနေတာပဲ၊ အားလုံးကို အလိုက်သင့်လေး ပြောနေပေမယ့် သူ့မျက်နှာမှာ အပြုံးဆိုတာ မရှိသလောက် ရှားပါးနေပြီ၊ ဘာအပိုစကားမှမပြောဘဲ အချိန်ပြည့် ခုတင်ပေါ်လှဲပြီး တွေးချင်ရာတွေး . . . ငေးချင်ရာငေးနေတာပဲတဲ့"

"သနားပါတယ်ဟယ်"

အိမ်ရှေ့မှာ ကားရပ်သံကြားလိုက်ရပြီး ကြည်သာမောင် ဧည့်ခန်းထဲသို့ ဝင်လာ၏။

"ဪ . . . ညီလည်း ရောက်နေတာကိုး"

"ဟုတ်တယ် ကို၊ ညီလေးပြောလို့ မြတ်အားလုံး သိပြီးပါပြီ ဖြစ်မှဖြစ်ရလေ ကိုရယ်"

"ဒီပုံအတိုင်းဆို ကိုယ်နဲ့မြတ်ကိစ္စလည်း ရပ်ထားရမှာပဲ"

"မြတ်တို့ကိစ္စက လောစရာမှမရှိတာ၊ အရေးကြီးတာက တာတာစိတ်ပြေဖို့ပဲ၊ ပြီးတော့လည်း သူတို့စာမေးပွဲနီးနေပြီ၊ ကလေး စာမေးပွဲထိခိုက်မှာက ပိုဆိုးတာ"

"ဟင်း . . . ဟုတ်တယ်၊ ကိုယ်လည်း ဘာမှမစီစဉ်တတ်လို့ မြတ်ဆီမှာ အကြံဉာဏ်လေးများ ရမလား . . . လာခဲ့တာပဲ"

"စဉ်းစားပြီး စီစဉ်ကြတာပေါ့ ကို၊ စိတ်အေးအေးထားပါ"

မြတ်ဖူးငုံက အိမ်ထဲ ခဏဝင်သွားပြီး စတော်ဘယ်ရီဖျော်



www.burmeseclassic.com

www.burmeseclassic.com



ရည်သုံးခွက်ဖျော်ကာ ယူလာခဲ့၏။

"ဟာ . . . မမကတော့လုပ်ပြီ၊ အဲဒီဖျော်ရည်ကို တာတာ ကြိုက်တာ သိရဲ့သားနဲ့၊ အစ်ကို ပိုခံစားရမှာပေါ့"

"ငါလည်း ရင်အေးအောင် ရှိတာဖျော်ခဲ့တာပဲ ညီလေးရယ်"

"ရပါတယ် ညီ . . . ကိစ္စမရှိပါဘူး"

"သူက ကျွန်တော့်ကို ပြောဖူးတယ် . . . အစ်ကို၊ သူ့ကြောင့် အစ်ကိုနဲ့မမကို မကွဲစေချင်ဘူး . . . အဲဒါတော့ အမှန်ပဲ၊ ဒါကြောင့် တစ်ချိန်ချိန်မှာ သူတစ်ယောက်တည်း နေရမယ့်အတူတူ ခုကတည်းက သူနေတတ်အောင် လေ့ကျင့်နေတာလို့ ကျွန်တော် ထင်တာပဲ"

"သူလေ့ကျင့်နေတာက ကျန်တဲ့လူတွေ စိတ်ထိခိုက်စရာ ဖြစ်နေတာ သူသိရမှာပေါ့"

"မြတ်အကြံရပြီ . . . ဒီလိုလုပ် နောက်လ, ဒုတိယပတ်မှာ သူတို့ စာမေးပွဲမဟုတ်လား။ ဒါဆို . . . လကုန်ကတည်းက ကုမ္ပဏီက ကို ခွင့်လဝက်ယူတော့၊ တာတာ့နားမှာပဲ အချိန်ပြည့်နေ၊ ဖြစ်နိုင်ရင် ကိုရယ် . . . သူ့အခန်းထဲမှာ ခုတင်တစ်လုံး ထိုးထည့်ပြီး ဝင်အိပ်သင့်ရင် အိပ်ရမှာပဲ"

"ဟာ . . . သူက အခန်းထဲ တခြားလူဝင်လာရင် မကြိုက်ဘူး မြတ်ရဲ့"

"ဖြော် . . . သူ မကြိုက်တာလုပ်လိုက်မှ စိတ်ကောက်ပြီး





ချော့လို့ရမှာပေါ့၊ ပြီးတော့ . . . စာမေးပွဲဖြေလည်း နေ့တိုင်း ကြိုပို့ လုပ်ပေး"

"ဟုတ်တယ် . . . အဲဒီအကြံမဆိုးဘူး အစ်ကို၊ ကျွန်တော် လည်း သဘောတူတယ်"

"နောက်ပြီး . . . ကိုကို မြတ်ပြောထားချင်မယ်၊ ညီလေးက တာတာ့ကို စိတ်ဝင်စားနေတာနော်၊ အဲဒါ ကိုသဘောရော ဘယ်လို လဲ"

"ပြောစရာမရှိပါဘူး မြတ်ရယ်၊ တာတာ သဘောတူရင် ပြီးပြီ၊ နေဦး . . . သူ့မှာ ညီ့ကို လျှို့ဝှက်ထားတဲ့ကိစ္စတစ်ခု ရှိသေး တယ်၊ အဲဒီကိစ္စ ပြေလည်ရင် ပြီးပြီ"

"ဘာကိစ္စလဲ အစ်ကို"

"ကိုယ်ပြောလို့ ဘယ်ဖြစ်မလဲ . . ဒါ သူ့ရဲ့ Top Secret"

"ဟာ . . . အစ်ကိုကလည်း တာတာ့အစ်ကိုလို့ မပြောရဘူး၊ လျှို့ဝှက်နေပြန်ပါပြီ"

"ဟင်း . . . ဟင်း . . . နောက်သိလာရမှာပဲ ညီရာ၊ ဇာတ်သိမ်းမှာ မလွှမ်းရရင် ပြီးရောမဟုတ်လား"

"ဒါက အစ်ကိုဘက်ကလေ"

"ဟော့ကောင် . . . တာတာက ငါ့ညီမကွ၊ ဒီ့ထက်ပိုပြော ရရင် မကောင်းတော့ဘူး"

"မျက်နှာပူချင်းပူ ကျွန်တော်က အရင်ပူရမှာပါဗျာ၊ နော်



www.burmeseclassic.com

www.burmeseclassic.com



မမဖူးငုံ”

“ဟင် ... ချွေးနာလေး၊ ငါလှည့်ချောက်ချပြီ ... ကဲ”

သူ ခေါင်းတစ်ချက် ပွသွားရပြီး မျက်နှာရှုံ့သွားရ၏။ အင်း ... မမတောင် တာတာ့ယောက်မ ပီသလာပြီ၊ လက်ကလည်း မြန်ပုံ။

❀

စာမှုကို အချောသတ်အပြီးရေး၍ လက်မှတ်ထိုးပိတ်ကာ အံဆွဲထဲထည့် သော့ခတ်လိုက်ပါသည်။ ခါးရော၊ ဇက်ပါ လှည့်ချိုး၍ လက်နှစ်ဖက်မြှောက်ဆန့်လိုက်ပြီး စားပွဲပေါ်ရှိ ဖုန်းမှ နံပါတ်တို့ကို နှိပ်လိုက်၏။

“တူ ... တူ”

“ဟဲလို ... နိုင်ရောမွန်စာပေတိုက်ကပါ”

“ဦးနိုင် ... သမီးတာတာပါ”

“အမယ်လေး ... မယ်မင်းကြီးမရယ်၊ သိကြားမင်းကြီး ငါ့ဆီလွှတ်လိုက်သလား ထင်ရတယ်၊ ခုပဲ ... နင့်ဟာလေး ပြန်သွားတာ”

“ဘယ်ကဟာလေးလဲ ဦးနိုင်ရဲ့”

“နင့်အဆိုတော်လေးလေ”

“ဟာ ... ဘယ်က တာတာ့အဆိုတော်လေးရမှာလဲ၊ ဦးနိုင်





နော် ... ပေါက်တတ်ကရ”

“အေး ... သူတောင် အခွေသစ်စ စသွင်းနေပြီ၊ ညည်းနဲ့ မဆုံပေးသေးလို့ ငါ့ကို ... ဂျိုဂျောင်လာကျသွားလေရဲ့၊ အဲဒါ ကြည့်လုပ်ဦး”

“တာတာ ... တွေ့ပေးမှာပါ ဦးနိုင်ရဲ့၊ အချိန်နည်းနည်းလေး စောင့်ပါ၊ အနည်းဆုံး ... ကိုကို့မွေးနေ့မှာ ဆုံပေးမယ်၊ ဟုတ်ပြီလား”

“အေး ... အဲဒီလိုလုပ်ပါဟ၊ ကဲ ... ခု ဘာကိစ္စလဲ”

“စာမှုပြီးလို့ ဖုန်းဆက်လိုက်တာလေ”

“ဒါဖြင့် ... ငါ လာယူရမှာလား”

“ဟမ် ... ဘယ်ဖြစ်မှာလဲ၊ ဦးနိုင်ကိုမြင်ရင် သူသိသွားမှာ မယ်။ တော်တော်ညှော်သေးတာပဲ”

“အောင်မယ် ... ညည်းဟာညည်း လျှို့ဝှက်သည်းဖိုကိစ္စ တွေ ထွင်နေပြီး ငါ့လာအပြစ်မပုံချပါနဲ့”

“ဟင်း ... ဟင်း ... ဟုတ်ပါပြီ၊ တာတာ့ကိစ္စရော ဦးနိုင် ကို့ပါ ပြေလည်စေရမယ်နော်၊ နောက်မှ ... ကိုကို့ကို ဝင်ပိုနိုင်းလိုက် မယ်၊ တာတာတို့ စာမေးပွဲနီးနေပြီ ဦးနိုင်ရဲ့၊ စာကျက်ပါရစေဦး ... နောက်လကုန်မှ စီစဉ်ပေးတာပေါ့နော်”

“အေးပါ ... ဒါပဲမဟုတ်လား ... ငါ ဖုန်းချပြီ”

“ဟုတ်”



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းမချမီ ကိုကိုက အခန်းထဲဝင်လာပြီး သူမ ခုတင်ထက်မှာ မှောက်အိပ်လိုက်ပါသည်။ မျက်စိမျက်နှာပျက်နေသည့် ကိုကို့ကိုကြည့်၍ သူမ အံ့ဩသွားရ၏။

"ကိုကို ... ဘာဖြစ်လာတာလဲ"

ကိုကိုက ဘာမှပြန်မပြောဘဲ ခေါင်းအုံးပေါ် မျက်နှာကို မှောက်ချလိုက်သဖြင့် သူမ မျက်လုံးပြူးသွားရ၏။ ဘုရားရေ ... ကိုကို့မှာ စိတ်ထိခိုက်စရာ ဘာတွေများကြုံခဲ့ရပြီလဲ။

"ကိုကို ... တာတာ မေးနေတယ်လေ၊ ပြောပါဦး"

"အသည်းကွဲလာတာ"

"ဟင်"

သူမ ကိုကိုလှဲအိပ်နေသည့်ဘေးနား ဝင်ထိုင်လိုက်ပါ၏။ ကိုကိုက ဘေးတိုက်လှဲလိုက်ပြီး သူမမျက်နှာကို စေ့စေ့ကြည့်နေပါသည်။

"ဟုတ်တယ် ... မြတ်က သူရှိန်းတဲ့အချိန် ကိုကို ခဏခဏ ပျက်လို့ မေ့လိုက်တော့တဲ့"

"တယ် ... မဟုတ်တာ"

"ကိုကိုက ရှင်းပြပါတယ် ... တာတာ စိတ်ကောက်နေတာ ချော့မရလို့ စိတ်ညစ်နေတာလို့၊ အဲဒီတော့ သူက ဒီလောက်တောင် ညီမလေးကိုချစ်နေရင်လည်း မယူနဲ့တော့တဲ့၊ တခြားလူကို ယူလိုက်မယ်လို့ ပြောလိုက်တယ်"





"ဟင် ... ကိုကိုက သေချာရှင်းမပြဘူးလား၊ တာတာက စာမေးပွဲမဖြေမီ ရှာန့်ဝင်နေတုန်း စာမူကို အပြီးရေးနေတဲ့ဟာ"

"တာတာစာရေးတာ သူမှမသိဘဲ၊ ကိုကို့မှာ ရှင်းပြရင် ဒီကိစ္စပေါ်မှာလည်း စိုးတာနဲ့ သူအော်လွှတ်လို့ အသည်းတွေ ကွဲပြီး ပြန်လာခဲ့တာ၊ ကိုကိုသေနေရင် ဘယ်သူမှမသိမှာစိုးလို့ တာတာနဲ့ အတူလာအိပ်မလို့"

"ဟာ ... ဘယ်ဖြစ်မှာလဲ ကိုကိုရဲ့ တာတာ့အခန်းထဲ တခြားလူရှိရင် စာရေးလို့လည်းမရ၊ စာကျက်လို့လည်း မရဘူးလေ"

"မရလည်း မသိဘူးကွာ၊ မောင်နှမအရင်းခေါက်ခေါက်ကြီးပဲ၊ ဘာမတင့်တယ်စရာရှိလဲ၊ မရဘူး ... အိပ်ပြီ"

"ကိုကို ... ကိုကိုနော်၊ တာတာ့ကို စိတ်တိုအောင် မလုပ်နဲ့၊ သူ့ရည်းစားနဲ့ ကျိုင်တက်လာတာနဲ့ တာတာ့ကို လာမရစ်နဲ့၊ မမလည်း တခြားလူကို ယူလို့မရပါဘူး၊ တာတာ သဘောမတူဘူး"

"မြတ်က အကုန်ပြောလိုက်တာ၊ သူ့ကို လာတောင်းတာ သဘောသားတဲ့၊ သွားပြီ ... ကိုကိုတော့ နောက်ကောက်ကျပြီ"

"ဟာ ... ဒီကိစ္စ ညီလေး မသိဘူးလား"

"မသိဘူး ထင်တာပဲ"

"နေဦး ... တာတာ သွားတွေ့ဦးမယ်"

သူမ အခန်းထဲမှ ပြေးထွက်သွားတော့ ကြည်သာမောင် ဗျိုက်ရယ်လိုက်ပါသည်။ ဩော် ... ညီမလေး ... အ[illegible]ကို အသည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲမှာကိုတော့ သူ့ခမျာ စိုးရိမ်ရှာသားပဲ။

"ညီလေးရေ"

"သားမရှိဘူး သမီးလေးရေ၊ မနက်ကတည်းက အပြင်သွား တယ်"

"ဟင် … ဒုက္ခပါပဲ၊ သူ့ကို တိုင်ပင်မလို့ဆိုမှပဲ"

"ဘာတိစ္စလဲ သမီးရယ် … အရေးကြီးလို့လား"

"ဟုတ်ကဲ့ အန်တီ … မမက ကိုကို့ကိုမယူဘဲ သဘော်သား နဲ့ယူတော့မယ် ပြောလိုက်လို့ အိမ်မှာ ကိုကိုငိုနေရပြီ အန်တီရဲ့"

"ဟောတော် … ဘယ်လိုဖြစ်ကုန်တာလဲ၊ အန်တီတော့ မကြားမိပါလား သမီးရယ်၊ ဟော … ပြောရင်း ဟိုမှာ သားပြန်လာ ပြီ"

သူက အိမ်ရှေ့မှ စကားရပ်ပြောနေသည့် သူမကို မြင်လိုက် ရ၍ တစ်ခုခုတော့ ထူးပြီမှန်း သိလိုက်ပါ၏။

"ညီလေး … ရှင့်မမက ဘယ်လိုလုပ်လိုက်တာလဲ"

"ဟင် … ဘာကိုပြောတာလဲ တာတာရဲ့"

"ဘာကိုရမှာလဲ … ရှင့်မမက တာတာ့ကိုကိုကို မယူဘဲ သဘော်သားနဲ့ယူတော့မယ်ဆိုလို့ ကိုကို အသည်းကွဲနေပြီ၊ အဲဒါ … ရှင်းပေး"

"ဟာ … ဒါ သူတို့ကိစ္စလေ၊ ကိုယ့်ကိစ္စမှ မဟုတ်ဘဲ"

"ရှင် … ဒီလိုခေါင်းရှောင်လို့ ဖြစ်မလား၊ ကိုကို့ကိစ္စက





တာတာ့ကိစ္စပဲ၊ တာတာ့ကိစ္စဆို ရှင့်ကိစ္စပဲ မဟုတ်လား"

"အဲဒါ သေချာလား"

"မသေချာလို့ ရမလား။ ရှင်ပဲ တာတာ့ဘေးမှာ အမြဲနေပေး မယ်ဆို … အခုလိုက်ပြောပေး။ ဒါပဲ …"

"ဘယ်သူ့ကို ဘာပြောရမှာလဲ"

"မမဆီ ဖုန်းဆက်ပေးလေ၊ ကိုကိုနဲ့ လက်ထပ်ဖို့"

"ဟာ … တစ်ခါတည်း လက်ထပ်ဖို့တော့ မလွယ်ဘူးထင် တယ်"

"ဒါဆိုလည်း စေ့စပ်ဖို့ ပြောပေး၊ ဟိုမှာ ကိုကို ငိုနေပြီနော်၊ တာတာ့ကို စိတ်တိုအောင်မလုပ်နဲ့၊ လာ … ခုလိုက်ခဲ့"

သူမက သူ့လက်ကို ဆွဲခေါ်လိုက်တော့ မေမေက သူ့ကို ကြည့်ရင်း ပြုံးနေတော့သည်။ သူ အလိုက်သင့်ပါလာခဲ့ရင်း သူမအိမ် သို့ ရောက်လာတော့၏။

"ဖုန်းနံပါတ်က ဘယ်လောက်လဲ"

"ဟင် … မသိလို့ ရှင့်ကို ခေါ်နိုင်းတာပေါ့"

"ကိုယ်လည်း မသိဘူးလေ တာတာရဲ့၊ အဲဒါမှ ဒုက္ခ"

"ကိုကိုသိမှာပေါ့၊ နေဦး … တာတာ ခေါ်လာခဲ့မယ်"

သူမ အိမ်ပေါ်ပြေးတက်သွားစဉ် သူက ခပ်မြန်မြန်လေး ခလုတ်နှိပ်လိုက်ပါ၏။

"ဟဲလို … မြတ်ဖူးငုံပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမဖူးငုံ ... ကျွန်တော် ညီလေးပါ"

"ဟဲ့ ... ခုပဲ အိမ်ပြန်ရောက်တာ မဟုတ်လား၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"ဒီမှာ အစ်ကိုခွင်ဆင်နေပြီ မမ အလိုက်သင့်ပြန်ပြောနော်၊ အစ်ကိုက မမ သဘော်သားတစ်ယောက်နဲ့ ယူတော့မယ်ဆိုပြီး အသည်းကွဲချင်ယောင်ဆောင်နေတယ်"

"ကျိတ်လိုက်ကွ ... ဒါမျိုးကျ ဉာဏ်နီဉာဏ်နက်တွေ ထွက်နေတယ်ပေါ့လေ"

"အဲဒါ ... မမ ဖုန်းနားမှာပဲ စောင့်နေနော် ... ဒါပဲ"

သူမက ကိုကို့ကို လက်မှဆွဲ၍ အတင်းဆွဲခေါ်လာခဲ့၏။ ထိုင်ခုံပေါ် ထိုင်ခိုင်းစဉ် ကြည်သာမောင်က ညီလေးညို့ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ သူ လုစ်ခနဲ ပြုံးလိုက်မိ၏။

"ပြောလေ ... ဖုန်းနံပါတ်"

"ဟာ ... မဖြစ်ဘူးထင်တယ် တာတာရဲ့ တော်ကြာ ပိုဆိုးနေမယ်နော်၊ မြတ်စိတ်ကို ကိုကိုသိတယ်"

"ကိုကို့ကို မပြောခိုင်းပါဘူး။ ညီလေးနဲ့ တာတာပဲ ပြောမှာ ပြောဆို ..."

"နံပါတ်က ..."

သူ နံပါတ်များကို ထပ်မံနှိပ်လိုက်၏။ မမဖူးငုံ ကိုင်လိုက်တော့ သူက သူမထံ ဖုန်းကမ်းပေးလိုက်ပါသည်။





"မမလား ... တာတာပါ"

"ပြောလေ တာတာ"

"မမ သဘော်သားနဲ့ တကယ်ယူတော့မှာဆို၊ ကိုကို့ကို မေ့လိုက်တော့လို့ ပြောလိုက်တယ်တဲ့၊ ဒီမှာ တာတာ့ကိုကို အသည်းတွေကွဲနေပြီ၊ အဲဒါ ... မမ ဘယ်လိုလုပ်လိုက်တာလဲ"

"အဲဒါကလေ ... ဟို တာတာတို့မောင်နှမ ချစ်ခြင်းကို မခွဲရက်လို့ မမ နောက်ဆုတ်ပေးလိုက်တာပါ"

"ဟာ ... မဆိုင်ပါဘူး။ အဲဒီလူကြီးကို မချစ်ဘဲ လက်ထပ်မှာပေါ့လေ၊ မမအသည်းကလည်း မာလှချည်လား၊ ကိုကို့မှာ အပြစ်လည်းမရှိဘဲနဲ့ ဒီလိုလုပ်တာတော့ မတရားပါဘူး"

"မမလည်း ခံစားရတာပဲ တာတာရယ်"

"ဟင် ... ဒါဆိုလည်း အဲဒီလူကို ရအောင်ငြင်းပေါ့၊ လာမယ့်အောက်တိုဘာလ (၂၆) မှာ ကိုကို့မွေးနေ့ ရှိတယ်၊ အဲဒီနေ့မှာ မမနဲ့ ကိုကို့နဲ့ တစ်ခါတည်း စေ့စပ်လိုက်ဖို့ တာတာ အကြံပေးချင်တယ်"

"ဖြစ်ပါ့မလား တာတာရယ် ... အလောသုံးဆယ်ကြီး"

"မဖြစ်ဖြစ်အောင် လုပ်ပေါ့ မမရဲ့ ငြင်းမယ်မကြံနဲ့နော် ... မမ ငြင်းရင်တော့ တာတာ့အကြောင်း သိတယ်မဟုတ်လား၊ မမ မောင်လည်း မသက်သာဘူးမှတ်"

"ဟယ် ... ညီလေးကို ဘာလုပ်ဦးမလို့လဲ"

"သိချင်ရင် စောင့်ကြည့်ပေါ့၊ ဒါပဲနော် ... မမ စဉ်းစား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းကို ငွပ်ခနဲချလိုက်၏။ ကိုကိုက မျက်လုံးပြူးဖြင့် သူမကို ကြည့်နေသည်။

"တာတာကလည်း ကိုယ့်အစ်မကို အဖြေတောင်းတာ ဓားပြ တိုက်တာကျနေတာပဲ"

"တိုက်သင့်ရင် တိုက်ရမှာပေါ့ ညီလေးရဲ့၊ ရှင် မကြားဖူး ဘူးလား။ အချစ်နဲ့စစ်မှာ မတရားတာ မရှိတဲ့၊ တာတာလုပ်တာ မှန် တယ်"

"မြတ် သနားပါတယ် တာတာရယ်"

"ဩော် ... တာတာကလည်း ကိုကိုနဲ့မမကို သနားလွန်း လို့ စီစဉ်ပေးတာပါနော်။ ဟွန်း ... အချစ်မပါဘဲနဲ့ အိမ်ထောင်တစ်ခု ကို မထူထောင်သင့်ပါဘူး။ ဒီလိုပဲ ပြတ်ပြတ်သားသားလုပ်နိုင်မှ ဖြစ် မှာ"

"ဒါဖြင့် ... ကိုယ့်အလှည့်ကျရင်တော့ ဘယ်လိုစီစဉ်ပေး မှာလဲ တာတာရဲ့"

"ဟင် ... ရှင် ဘာစကားပြောတာလဲ"

သူမမျက်နှာ ရဲခနဲဖြစ်သွားပြီး အိမ်ပေါ်ထပ်သို့ ပြေးတက် သွားပါတော့သည်။ သူနှင့်ကိုကြည်သာ ရယ်မောလျက် တစ်ယောက် ကို တစ်ယောက် လက်ဝါးချင်း ဖြန်းခနဲရိုက်လိုက်ကြပါ၏။

* * *



အဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရေ — လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်မ နှလုံးသားတစ်ခုလုံး ကမောက်ကမ ဖြစ်ကုန်ပါပြီ။ ကြည့်ပါဦး … နေခြည့်ချစ်သူက ကျွန်မရဲ့သားညီ ဖြစ်နေပါရောလား။ ကျွန်မ ဘယ်လို ဆုံးဖြတ်ချက်ချရမလဲ။

နှလုံးသားအချက်ပေး တံခါးသံလေး ခေါက်တုန်းရှိသေး တယ်၊ ဖွင့်ခွင့်က ပိတ်ဆို့တားဆီးခြင်း ခံရလေပြီ။ အဝင်မတန် ဖြူစင် လှပါတယ်ဆိုတဲ့ ကျွန်မရဲ့နှလုံးသားကို ချစ်ခြင်းဖြင့် မညစ်နွမ်းစေ လိုပါဘူး။ သေချာတစ်ခုကတော့ ကျွန်မ … သားညီကို သိပ်ချစ်တယ်။ ဒီလိုပဲ … ပူစီလေးကိုလည်း ချစ်တယ်။ တဲ … ကျွန်မ ဘာလုပ်ရမှာလဲ။



## အခန်း (၁၇)

စာမေးပွဲတွေ ပြီးသွားပြီမို့ စိတ်ကျဉ်းကျပ်မှုတွေ မရှိတော့ ဘဲ လွတ်လပ်ပေါ့ပါးနေ၏။ ညီလေး၏ဖေဖေလည်း မြန်မာခေါ်ဆေးရာ နှင့် ကြပ်မတ်ကူသနေပြီဖြစ်သဖြင့် ရောဂါ အတော်လေး သက်သာ နေလေပြီ။ ခြံအလယ်လောက်နားမှာ Foundation ချတာတောင် တော်တော်ပြီးနေပြီ ဖြစ်သည်။ ကိုကိုနှင့်မမလည်း ငြိမ်းချမ်းရေးရသွား ပြီမို့ သူမစိတ်တို့ ပျော်ရွှင်နေရပေပြီ။

လသာဆောင် ထွက်ရပ်၍ သူတို့ခြံထဲသို့ ငေးနေမိတော့ သူက သူမကို လက်လှမ်းပြ၍ ဆင်းလာခဲ့ခိုင်း၏။ သူမက နှာခေါင်း ရှုံ့ပြရင်း ခေါင်းခါပြလိုက်ပါသည်။ ဟုတ်တယ်လေ …၊ ကိုကိုရှေ့မှာ အနှောင့်မသွားမလွတ် စချင်သည့်သူ့ကို ဒီလောက်တော့ သွင်းဆဲ



www.burmeseclassic.com

www.burmeseclassic.com



သင့်တာပေါ့။

နဂိုကမှ ကိုကိုက သူနှင့်သူမကို တွဲစနေရသည့်ကြားထဲ အခုလိုမျိုး သူအတင့်ရဲလာတာတော့ လွန်တာပေါ့။ သူမက ကိုကိုနှင့် ပတ်သက်ပြီး သူ့ကို မောင်နှမလို ရင်းရင်းနှီးနှီးခင်မင်တာကို အခွင့် ကောင်းယူတာ ကောင်းသလား။ စာမေးပွဲဖြေနေတုန်းကလည်း သူမ ဖြေပြီးတာနဲ့ သူလည်း အဖြေလွှာအပ်ပြီး ထပြန်တာပဲ။ နောက်ဆုံး ရက်မှာ ပေတေပြီး အချိန်စေ့တဲ့အထိ ထိုင်နေပြန်တော့လည်း သူမ မထွက်ဘဲ ဆက်ထိုင်နေ၏။ ဆရာမတွေတောင် ရိပ်မိပြီး ပြုံးစိစိဖြစ် နေကြသည်။

သူငယ်ချင်းတွေနဲ့ နောက်ဆုံးရက် နှုတ်ဆက်ကြရင်း 'တာတာ့ကို အိမ်အရောက်ပြန်ပို့မှာ စိတ်ချပါရစေနော်' လို့ ဖေယျ အသံကျယ်ကြီးအော်ပြောလိုက်တာ ကားဂိတ်မှာ အရှက်ကိုကွဲရောပဲ။ သူကလည်း သူပဲ ... တော်တော်အကဲပါလွန်းသည်။ ကားပေါ်မှာ လူလည်း သိပ်မကျပ်ပါဘဲ တခြားယောက်ျားတွေ သူမအနား လာရပ် တာနှင့် သူမကို သူ့ရှေ့မှာ အတင်းဆွဲရပ်စေ၏။ နီးနီးကပ်ကပ် ရပ် နေစဉ် သူ့ဝင်သက်နွေးနွေးကလေးက သူမနဖူးနားမှာ ဖြတ်သန်း သွားတော့ မျက်နှာပူရ၊ ရှက်ရနှင့် သူမမျက်နှာ ထားစရာမရှိ။ ရင် ဘတ်ကြယ်သီးလေးပြုတ်နေတာကိုကြည့်ပြီး ပြန်တပ်ပေးချင်တဲ့စိတ် ကို ထိန်းချုပ်ရတာ အပြင်းထန်ဆုံး။ သူ့ထံမှ ကိုယ်သင်းနံ့သင်းသင်း ကလေးက သူမရဲ့ရင်ကို တဒိတ်ဒိတ်အခုန်မြန်စေခဲ့တာ စာမေးပွဲပြီးတဲ့





အထိပါပဲ။

သူ့နှုတ်က ဖွင့်မပြောပေမယ့် သူ့အမူအရာတွေနဲ့ သူ့မျက် ဝန်းတွေက သိသာလွန်းနေ၏။ သူ့အိမ်ဘက်ရောက်တိုင်း 'မေမေ့ သမီးလေး လာလည်တယ်' အော်ပြောတော့ နောက်ကို မလည်ရဲ တော့အောင် ဖြစ်သွားရသည်အထိ။ အန်တီနဲ့ ဦးဦးကလည်း သမီး လေးခိုပြီး နှုတ်ဖျားမှမချ။ သူ့အသံ သွားသွင်းနေစဉ်အချိန်တွေမှာသာ အန်တီ ထမင်းချက်တာတွေကို ဝိုင်းကူရင်း လည်ပတ်ရသည်။ သူပြန် လာတာတွေ့သည်နှင့် အိမ်ဘက်ကို ပြန်ပြေးရင်း ရင်ခုန်သံတို့က ထိန်းမရနိုင်ခဲ့။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူ ဖွင့်ပြောလာမှာကို သိနေလျက် ကပင် ဒီလိုတရင်းတနှီးနေလာရာမှ ဆန်းဆန်းပြားပြား စိတ်မျိုး ပြောင်းလိုက်ရမှာကို နှမြောရင်း ဒွိဟစိတ်တွေ ဖြစ်တည်နေရသည်။ တွယ်တာမောင်ဆိုတာ အရာရာကို ထိန်းချုပ်မျိုသိပ်နိုင်စွမ်းရှိပေမယ့် ချစ်ခြင်းရဲ့ဖျားယောင်းမှုအောက်မှာ မလူးသာမလွန့်သာနဲ့ ရုန်းထွက် မရအောင် ချောင်ပိတ်မိနေတော့သည်။

အချစ်ဆိုတာ ဒီလိုပဲ လူကို ကသိကအောင့်ဖြစ်စေတာလား။ သူမကိုယ်သူမ မေးမိစဉ် ကိုယ့်ကိုယ်ကိုယ် ကျိတ်ပြီး ဒေါသတွေ ထွက်လာရတာသာ အဖတ်တင်သည်။ ကြည့်ပါဦး ... ဘယ်လိုပဲ ရှိဝင်ရိုးသားပါတယ်ပြောပြော၊ အချစ်ဆိုတာ လိမ်ညာလို့ရတဲ့အရာ တစ်ခု မဟုတ်တာကို သိလာရတော့ ကိုကိုနဲ့မကိုရော၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



. . . သူမ သိပ်ချစ်နေရပါသည့် နေခြည်ကိုပါ ကိုယ်ချင်းစာနာနိုင်ခဲ့ပေပြီ။

ခွင့်လွှတ်ပါ နေခြည်။ ၅၂၈ နဲ့ ၁၅၀၀ နဲ့ ကွာဟာမှု သံယောဇဉ်ကြိုးမျှင်တွေကို ငါ သိမြင်လိုက်ရချိန်မှာ နင့်အပေါ်မှာ မှားမိတဲ့ ဝန်တိုခြင်းတွေကို ငါ နားလည်နိုင်ခဲ့ပါပြီ။ အချစ်ဆိုတာ လူတွေရဲ့ စိတ်ကို ပြောင်းလဲပစ်နိုင်တဲ့ တန်ခိုးရှင်ပဲလို့ သိပြီးချိန်မှာ ငါ . . . အဲဒီ အချစ်ဆိုတာကို ဦးညွှတ်အရှုံးပေးလိုက်ရပြီ နေခြည်။ နင့်တုန်းကလည်း ဒီလိုပဲ ခံစားခဲ့ရမှာပဲပေါ့နော်။

သူနဲ့ သူမရဲ့ပြောင်းလဲနေတဲ့ အမူအရာတွေကို ဦးဦးနဲ့ အန်တီ ရိပ်မိနေပေမယ့် ကိုကိုနဲ့မမကတော့ စေ့စပ်ပွဲအတွက် အစီအစဉ်တွေ ဆွဲပြီး သတိမထားနိုင်ခဲ့။ ကိုကို့မွေးနေ့မှာ သူ့ကို သူနှစ်သက်ပါတယ် ဆိုတဲ့ စာရေးဆရာမောင်ဟာ သူမြတ်နိုးနေတဲ့ ကောင်မလေးတစ်ယောက် ဖြစ်နေတယ်ဆိုတာကို အသိပေးရန် မျှော်လင့်ခြင်းတို့ဖြင့် သူမ တွေးတောနေရင်းက ကြုံတုံရင်ခုန်နေရတာလည်း ချိုမြိန်တဲ့ အရသာတစ်ပါးပါလား။

ဆယ်အုပ်မြောက်နှင့် ဆယ့်တစ်အုပ်မြောက်ဝတ္ထုတွေဟာ အလွမ်းအဆွေးတို့ဖြင့် ဖတ်သိမ်း၍ စာဖတ်ပရိသတ်ကို မျက်ရည် ပေါက်ပေါက်ကျစေခဲ့မိပြီး ဒီတစ်ခါရေးမည့်စာအုပ်ကိုတော့ အပျော်တွေဖြင့်သာ ဖတ်သိမ်းပေးရန်အတွေးဖြင့် အိမ်ထဲပြန်ဝင်၍ စာကြည့် စားပွဲ၌ထိုင်ကာ ခေါင်းစဉ်တစ်နေစဉ် ဖုန်းသံမြည်လာတော့သည်။





"ဟယ်လို"

"မိတ္တာလား . . . ငါ . . . အိဖွန့်ပါ"

"အေး . . . ပြော . . . အိဖွန့်"

"ငါ နေခြည့်အိမ်ကနေ ဆက်နေတာ"

"နေခြည် နေကောင်းရဲ့လား"

"အခြေအနေသိချင်ရင် နင် လာတွေ့ပါလား . . . မိတ္တာ၊ ငါ ဖုန်းထဲက မပြောချင်ဘူး၊ သူ အခု ငိုနေတယ်"

"ဟယ် . . . ဘာဖြစ်တာတုန်း"

"သိချင်ရင် . . . လာတွေ့ပါဆိုနေမှ"

"အေး . . . အေး . . . ငါ အခုလာခဲ့မယ်"

သူမ အဝတ်အစားလဲ၍ အိမ်အောက်ကို ပြေးဆင်းလာတော့ ခြံစည်းရိုးနားမှာ ရပ်နေသည့်သူက စိတ်မချစွာဖြင့် လှမ်းမေးလိုက်ပါသည်။

"တာတာ . . . ဘယ်လဲ"

"သူငယ်ချင်းဆီ"

"အစ်ကိုမအားရင် ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း နေပါစေ . . . ခါတိုင်းလည်း သွားနေကျပါ"

"အစ်ကို ဆူနေလိမ့်မယ်လေ . . . တာတာ"

"ဩော် . . . ရပါတယ်ဆိုနေမှ"

"နေဦး . . . ကိုယ် Taxi လိုက်ငှားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြံထဲဝင်လာ၍ သူမနှင့်အတူ လမ်းထိပ်သို့ လိုက်ထွက်ခဲ့ပါသည်။ Taxi မောင်းသူကို အသက်ကြီးကြီးကို ရွေးပြီးမှ တားကာ ကားပေါ်တက်စေ၏။

"အစ်ကိုမေးရင် ဘယ်သူ့ဆီသွားတယ်လို့ ပြောလိုက်ရမလဲ တာတာ"

"ပုစီလေးဆီလို့"

ကားက ဝူးခနဲမောင်းထွက်သွား၏။ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်ကျန်ခဲ့သည်။ ပုစီလေးဆိုတာ သူမကို တမြေ့မြေ့ခံစားစေခဲ့တဲ့ သူငယ်ချင်းမဟုတ်ပါလား။ ဒုက္ခပါပဲ . . . အစ်ကိုသိရင်တော့ စိတ်ပူနေဦးမည်။ ကားနောက်မီးနီနီလေးပျောက်သည်အထိ သူ ငေးမော ကျန်ရစ်ခဲ့တော့သည်။

❋

ခြံရှေ့ ကားရပ်ပေးလိုက်သဖြင့် ကားခပေး၍ ကားပေါ်မှ ဆင်းလာခဲ့သည်။ ခြံထဲရှိ ရေကူးကန်ဘေးနား၌ နေခြည်နှင့်အတူ အိဖွန့်နှင့်ပပပါ တွေ့ရ၏။

"နင် . . . စာတွေကျက်နေရလို့ တော်တော်ပိန်သွားတယ်"

"အင်း . . . ဟုတ်တယ်၊ စာမေးပွဲမဖြေခင် စာမှုကိုပြီးအောင်





ရေးခဲ့လို့ အိပ်ရေးပျက်တာတွေလည်း ပါတယ် အိဖွန့်ရဲ့"

နေခြည်က ခုံတန်းပေါ် ထိုင်နေရာမှ ဖြည်းဖြည်းချင်း ခတ်တတ်ရပ်လိုက်ပါ၏။ မတွေ့ရတာ တစ်နှစ်နီးပါးရှိနေပြီမို့ သူမတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် စိမ်းသက်စွာ စိုက်ကြည့်နေမိသည်။ နေခြည့်မျက်ဝန်းမှ မျက်ရည်တို့ လိမ့်ဆင်းလာ၏။

"နေခြည် . . . ပုစီလေး"

"တာတာ"

သူမတို့နှစ်ဦး တင်းကျပ်စွာဖက်ထားမိကြ၏။ နေခြည့်ထံမှ ရှိုက်သံ အဆက်မပြတ်ထွက်ကျလာသည်။

"အခု နေခြည် လက်ထပ်ရတော့မယ် မိတာ"

"ဒါဆန်းသလား အိဖွန့်ရယ် . . . ကိုယ်ချစ်တဲ့သူနဲ့ ကိုယ်ယူရမှာ ဝမ်းနည်းစရာမှ မဟုတ်ဘဲ နေခြည်ရဲ့"

"မဟုတ်ဘူး"

"မဟုတ်ဘူး တာတာ၊ နေခြည်နဲ့ညီ . . . ကွဲတာတော်တော်ကြာပြီ"

"ဘာရယ် ညီ . . . ဟုတ်လား"

"ဟုတ်တယ်လေ . . . နင်သိမှာပါ၊ ညီဆိုတာ နိုင်ငံကျော် အဆိုတော် ညီလေးညီပဲ၊ မသိတဲ့သူ မရှိပါဘူး"

"ဘာ . . . ညီလေးညီ"

သူမ မိုက်ခနဲဖြစ်သွားရ၏။ ဘုရားရေ . . . လောကကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူမကို မျက်လှည့်ပြလိုက်ပါရောလား။ နေခြည်က သူမလက်ကိုဆွဲ၍ ထိုင်ခုံမှာ အတူထိုင်ချလိုက်ပါသည်။

"ဟုတ်တယ် တာတာ . . . ညီ ငါ့အပေါ်မှာ သိပ်ရက်စက်ခဲ့တယ်၊ သူက ငါ့ကို လက်မထပ်နိုင်ဘူးဆိုပြီး ထားရက်ခဲ့တယ်ဟာ"

"ဟင် . . . အဓိပ္ပာယ်မရှိတာ၊ ချစ်တုန်းက ချစ်ခဲ့ပြီး ဒီလိုအခါကျမှ ငြင်းရသတဲ့လား"

"မဟုတ်ဘူး တာတာ၊ ဖေဖေက သူ့ကို ဖေဖေ့ကုမ္ပဏီမှာ ပဲလုပ်ဖို့ ပြောတာပါ၊ အဲဒါကို သူက ငြင်းပြီ သူ့ဝါသနာပါတဲ့ ဂီတမြစ်ထဲမှာပဲ မျောပါနေပါရစေဆိုပြီး ငါ့ထက် ဂီတကိုပိုချစ်လို့ ရွေးချယ်သွားခဲ့တာပါ၊ ငါ သိပ်ခံစားရတယ် . . . တာတာ"

"ကျွတ် . . . ဘာတွေဖြစ်ကုန်တာလဲကွာ"

"ငါ . . . ငါ . . . ညီ့ကို တကယ်ချစ်ခဲ့တာပါဟယ်၊ ညီနဲ့ ပတ်သက်ပြီး နှင့်ကိုတောင် မေ့ထားခဲ့တဲ့အထိ ငါရူးသွပ်ခဲ့တာ နှင်အသိဆုံးပါ၊ သူထားခဲ့တုန်းက ငါ့မှာ အလူးအလိမ့်ပဲ ခံစားနေခဲ့ရတယ်၊ ဖေဖေ့ဘက်က အတတ်နိုင်ဆုံး လိုက်လျောပေးပါလျက်နဲ့ ငါ့ကို သူတန်ဖိုးမထားဘူး၊ ငါ ရင်နာလိုက်တာဟယ်၊ အခု . . . ဖေဖေက ငါ့ကို တခြားလူနဲ့ လက်ထပ်ပေးတော့မယ်၊ ငါမယူချင်ဘူး တာတာ၊ ငါ မချစ်တဲ့သူရဲ့ရင်ခွင်ထဲမှာ နေရတာထက် ငါ့ကိုယ်ငါ သတ်သေလိုက်တာကမှ ပိုကောင်းပါသေးတယ်"





"ငါတို့လည်း ဘာမှမကြားတတ်လို့ နှင့်ကို ဆက်သွယ်လိုက်တာပဲ မိတာ၊ နေခြည်နဲ့ပတ်သက်လာရင် နှင် ငြိမ်မနေဘူးဆိုတာကို ငါတို့သိတယ်"

"သိပ်သေချာတာပေါ့ အိဖွန်၊ ငါ အတတ်နိုင်ဆုံး ကူညီမှာပါ"

"ဒါ . . . သူ့ပုံပဲ တာတာ"

နေခြည်က ဒိုင်ယာရီစာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်၏။ ညှို့ငင်သည့်အကြည့်တို့ဖြင့် သူမကို ပြန်စိုက်ကြည့်နေသည့် ဓာတ်ပုံထဲကလူဟာ သူမရဲ့တစ်ဦးတည်းသော သားညီပါပဲ၊ အနောက်ဘက်မှာ စာတမ်းကိုတွေ့၍ ဖတ်လိုက်မိသည်။

**"အတွယ်တာဆုံးအတွက်**

**ညီ ..."**

ဪ . . . ညီလေးညီ။ ရှင် နေခြည့်အပေါ်မှာ တကယ်ပဲ တွယ်တာခဲ့ပါလားလေ။

"နှင် ဘာဖြစ်ချင်တာလဲ နေခြည်"

"ငါ သူနဲ့ နောက်ဆုံးအကြိမ် ဆွေးနွေးကြည့်ချင်တယ်၊ အဲဒါမှမရရင်တော့ ငါ့ထိုက်နဲ့ ငါ့ကံပဲ ရှိပါစေတော့"

"ကောင်းပြီလေ . . . ငါ ကြိုးစားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား တာတာ၊ နင် ငါ့အပေါ်မှာ စိတ်ကောင်းထား နိုင်သေးတယ်ပေါ့၊ အဲဒါ တကယ်လားဟယ်"

"နင်သိထားပါ ... နေခြည်၊ ကွယ်တာမောင်ဆိုတာ နေခြည်နှင်းပွင့်ကို ဖြည့်ဆည်းပေးဖို့ ဒီဘဝမှာ လူဖြစ်လာခဲ့တာပဲ"

"အို ... တာတာရယ်"

နေခြည် သူမကို သိမ်းကျုံးဖက်လိုက်ပါ၏။ ပေါက်ခနဲကျသွားသည့် မျက်ရည်ကို ဘယ်သူမှမမြင်အောင် သူမ အမြန်သုတ်ပစ်လိုက်ရသည်။ အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်သာ ဖြစ်ခဲ့ပါရောလား သားညီရယ်။

"ငါသွားတော့မယ် နေခြည်"

"အိမ်ကကားနဲ့ ပို့ခိုင်းလိုက်မယ်လေ"

"နေပါစေ ... Taxi နဲ့ပဲ ပြန်မယ်၊ အိဖွန့်နဲ့ပပ ... ငါသွားပြီ"

"အေးပါ မိတာ ... ကျေးဇူးပဲနော်"

သူမ Taxi ပေါ်မှာပင် ထိန်းမရနိုင်ဘဲ ငိုချလိုက်မိ၏။ တကယ်ပဲ ရင်ခွင်ပျောက်ပါပေါ့လား သားညီရယ်။ ရှင် ကျွန်မကိုပေးတဲ့ အကြင်နာတွေဟာ နေခြည့်အပေါ်မှာလည်း ရှင်ပေးခဲ့မှာပေါ့နော်။ ရှင် နေခြည့်အပေါ် တကယ်ရက်စက်ခဲ့တာလား။ ကျွန်မ ရှင့်ကို ပြောခဲ့ဖူးပါတယ် သားညီ။ ၁၅၀၀ နဲ့ပတ်သက်လာရင် ကျွန်မ သေလိမ့်မယ်လို့လေ။ အခု တကယ်ပဲ ကြုံလာရပါပြီကော။





ရှင်သာ ကျွန်မကို နေခြည့်လိုပဲ ထားခဲ့ရင်။ အို ... သားညီရယ်။ လက်တွေ့မဟုတ်ပါဘဲ စိတ်ကူးထဲမှာတောင် ကျွန်မ မတွေးရဲဘူး။ အချစ်ဆိုတာကို ကျွန်မ သိပ်ကြောက်သွားပါပြီ သားညီရယ်။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ညီလေးရေ . . . ခဏလာခဲ့ဦးဟော့၊ အရေးကြီးတယ်"

"ဟုတ်ကဲ့ မမဖူးငုံ . . . လာပါပြီ"

မြတ်ဖူးငုံက အိမ်ထဲ အရင်ဝင်နှင့်ပြီး ကိုဘေးနားမှာ ဝင်ထိုင်လိုက်ပါ၏။ သူဝင်သွားတော့ ကြည်သာမောင် ဖျတ်ခနဲ ထရပ်လိုက်သည်။

"တောက်"

"ဘာဖြစ်လဲ အစ်ကို"

"တာတာ . . . ဒီတစ်ခါ တံခါးကို လော့ခ်ချထားပြီ ညီ"

"ဟင် . . . ဘယ်လိုဖြစ်ရတာလဲ"

"ညနေ ကိုယ်ပြန်လာကတည်းကပဲ ညီ"





"ညနေ . . . ညနေဆိုရင် သူ့ အပြင်က ပြန်လာပြီးမှပေါ့၊ ဟုတ်နေပါပြီ"

"ညနေက သူ ဘယ်သွားလို့လဲ ညီ"

"ပွစိလေးဆီတဲ့"

"တောက် . . . ထင်တယ်၊ ဒီကောင်မလေး သိပ်ကြိုဟ်မွှေတာပဲ၊ ကိုယ်တို့မှာ တာတာ့ကို မနည်းပျော်အောင်ထားနေရတာ . . . သူနဲ့ပတ်သက်လိုက်တာနဲ့ တာတာ ခံစားရပြီ၊ ငါ စိတ်ရှိလက်ရှိ သွားသတ်လိုက်ရရင်တော့ မကောင်းတော့ပါဘူး"

"စိတ်ကိုလျှော့ပါ ကိုရယ်၊ တော်ကြာ . . . မဖြစ်သင့်တာတွေ ဖြစ်ကုန်ဦးမယ်၊ မြတ်တို့ ဝိုင်းစဉ်းစားပေးပါ့မယ်"

"ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ် အစ်ကိုရယ်၊ တစ်ခုခုဆိုရင် တာတာ့ရှေ့မှာ ကျွန်တော် မားမားရပ်ပြီး ကာကွယ်ပေးမှာပါ။ စေ့စပ်ပွဲက . . . မနက်ဖြန်ပဲ ရောက်နေပြီ၊ ဘာအကြောင်းနဲ့မှ အပျက်မခံနိုင်ဘူး"

ကြည်သာမောင် လက်သီးကို ကျစ်ကျစ်ဆုပ်ကိုင်၍ အံတိုကျိတ်ထားလိုက်ပါ၏။

"ပွစိလေးဆိုတာ . . . ဘယ်သူလဲ အစ်ကို"

"နေခြည်နှင်းပွင့်"

"ဗျာ"

"ဟုတ်တယ် . . . နေခြည်နှင်းပွင့် အဲဒီနာမည်ကောင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာကောင်ပဲ၊ ငါ့ညီမလေးကို ဟိုး . . . မှုကြိုမှာကတည်းက နှိပ်စက်လာခဲ့တာ . . . အခုထိ . . . အခုထိ"

"ကို . . . ကို . . . သတိထားလေ"

ကြည်သာမောင် ထိုင်ခုံပေါ် ပြန်ထိုင်ချလိုက်ပါသည်။ ဒီတစ်ခါ မတ်တတ်ရပ်နေသူက သူဖြစ်နေ၏။ မြတ်မှုးငုံ မောင်ဖြစ်သူကို မော့ကြည့်လိုက်ပါသည်။

"နေခြည်နှင်းပွင့်ဆိုရင်တော့ ဒီကိစ္စကို အစ်ကိုရှင်းစရာမလိုတော့ပါဘူး။ ဒါ . . . ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ အကြောင်းပါ၊ ကျွန်တော် ကြည့်ရှင်းလိုက်ပါ့မယ်"

"ညီ"

"ဟုတ်တယ် ကို၊ နေခြည်နှင်းပွင့်ဆိုတာ ညီလေးနဲ့ ရည်းစားဖြစ်ခဲ့ဖူးတဲ့ ကောင်မလေးပဲ"

"ဟင်"

သူ . . . သူမရှိရာဆီ လှေကားမှ အပြေးတက်ခဲ့တော့ အစ်ကို နှင့်မမပါ သူ့နောက်မှ ပါလာကြ၏။ အခန်းတံခါးကို သူ အသာခေါက်လိုက်ပါသည်။

"ခေါက် . . . ခေါက်"

"တာတာ . . . တာတာ"

"ညီမလေး"

"ညီမလေးရေ . . . မမတို့အားလုံး စိတ်ပူနေပြီကွယ်၊





ညီမလေး ဘာဖြစ်နေလဲ . . . မမတို့ကို ပြောပါဦး"

"တာတာ . . . ကိုယ်ပြောစရာတွေ ရှိနေတယ်၊ တံခါး ခဏလောက် ဖွင့်ပါဦး"

အခန်းထဲမှ ရှပ်ခနဲ ခြေသံလေးကြားလိုက်ရ၏။ အခန်းဝ တံခါးနား လျှောက်လာ၍ ရပ်လိုက်ပါသည်။

"ကိုကို"

"တာတာ . . . ညီမလေး"

"တာတာ့ကို စိတ်မပူပါနဲ့ ကိုကို၊ တာတာ . . . ဘာမှမဖြစ်ပါဘူး နေကောင်းပါတယ်၊ မနက်ဖြန် ကိုကို့မွေးနေ့ရော၊ စေ့စပ်ပွဲဂေါ ရှိနေတာ မမေ့ကြနဲ့လေ၊ မမကို ဒီည အိပ်ရေးဝအောင် အိပ်နိုင်းမှပေါ့၊ တာတာလည်း စောစောအိပ်မှာပါ"

"တာတာ . . . ကိုယ် . . ."

"ညီလေးလည်း အိပ်သင့်ပြီလေ . . . တစ်နေ့လုံး ပင်ပန်းနေကြတဲ့ဟာကို"

"တာတာ . . . မနက်ကတည်းက ဘာမှမစားရသေးဘူး မဟုတ်လား၊ တစ်ခုခုစားမှပေါ့၊ အစ်ကို အရမ်းစိတ်ပူနေတယ် တာတာ"

"တာတာ အဆာလွန်သွားပြီ၊ ဘာမှမစားချင်တော့လို့ပါ၊ မနက်စောစောမှပဲ မုန့်ဟင်းခါးဝယ်ကျွေးပါ ကိုကို . . . နော်"

"သေချာရဲ့လား တာတာ၊ ကိုကို့ကို မညာနဲ့နော်၊ တာတာ



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းတာ အမှန်ပဲလား"

"အင်းပါ ... ဆိုနေမှ"

"ဒါဆို ... မနက်စောစော ကိုကိုစောင့်နေမယ်နော်"

"ဟုတ်ကဲ့ပါ ကိုကို"

အစ်ကိုက မမကို အိမ်ပြန်ပို့ရန် ဆင်းသွားပါ၏။ သူ တံခါးမှမခွာသေးဘဲ အနားသို့ကပ်၍ ခပ်တိုးတိုးလေး ပြောလိုက်ပါသည်။

"တာတာ ... ကိုယ် တာတာ့ကို သိပ်ချစ်တယ်၊ အဲဒါကို ယုံပါ။ ဘယ်သူ့ကြောင့်မှ ဘာအတွက်နဲ့မှ ကိုယ် တာတာ့ကို ချစ်တဲ့ ချစ်ခြင်းတွေကို အပျက်မခံနိုင်ဘူး။ တာတာသိထားဖို့က ကိုယ့်ရင်ဘတ်ထဲမှာ တာတာ့ကို ချစ်နေတဲ့အချစ်တွေပဲ အပြည့်အသိပ်ရှိနေတယ် တာတာ၊ တာတာနဲ့ဝေးရရင် ဝင်သက်ထွက်သက်မရှိတော့တဲ့ ကိုယ့်ရဲ့ ရုပ်ခန္ဓာတစ်ခုကိုသာ တာတာ မြင်ရပါလိမ့်မယ်။ အဲဒါ အသေအချာပဲ။ မနက်မိုးလင်းတာနဲ့ တာတာ့မျက်နှာလေးကို ကိုယ်မြင်ပါရစေ။ ကိုယ် တစ်ညလုံး မအိပ်ဘဲ စောင့်နေမှာနော်"

သူ တံခါးမှ အသာခွာ၍ ဆင်းခဲ့တော့သည်။ သေချာတာပေါ့ တာတာ။ မင်းနဲ့ပတ်သက်ရင် တစ်ကမ္ဘာလုံးနဲ့ စစ်ဖြစ်ရစေဦးတော့ ကိုယ်သာ မင်းရဲ့သူရဲကောင်းဖြစ်ချင်တာကို မင်းသိနိုင်ပါ့မလား။ ကိုယ်တို့ ဝေးကြလို့မဖြစ်ဘူး တာတာ။ မင်းနဲ့အနီးဆုံးကို ကိုယ်ရောက်လာခဲ့တာ ကိုယ်တို့ခွဲကြဖို့မှ မဟုတ်တာပဲ။

✽





ကိုကို၏ (၂၈) နှစ်ပြည့်မွေးနေ့ကို ခြံထဲမှာပင် ကိုကိုနှင့် မမတို့၏ စေ့စပ်ပွဲပါ တစ်ခါတည်း ကျင်းပပေးခဲ့ပါသည်။ ညနေစောင်းမို့ ချမ်းစိမ့်စိမ့် ရာသီဥတုလေး၌ အဖြူရောင်ဝတ်စုံဖြင့် တောက်ပနေသည့် ကိုကို့အပြုံး၊ ဆင်စွယ်ရောင်ဝတ်စုံဖြင့် တင့်တယ်နေသည့် မမကို ပရိသတ်များကြား၌ မြင်နေရ၏။

ကိုကိုနှင့်မမတို့၏ကုမ္ပဏီရှယ်ယာဝင်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ရပ်ကွက်ထဲမှ ရင်းနှီးသည့် မိတ်ဆွေများအပြင် သူမ၏ စာပေအသိုင်းအဝိုင်းမှ လူအနည်းငယ်ခန့် တက်ရောက်လာကြပါသည်။ လူတွေအများကြီးကြားမှာ ခေါင်းရှုပ်လာရသဖြင့် ချောင်တစ်ချောင်ရှိ စားပွဲတစ်ခု၌ သူမ ဝင်ထိုင်လိုက်ပါသည်။ ဝတ်ထားသည့် အပြာရောင်ဝတ်စုံကြောင့်ပင်လားမသိ၊ လူက ပိုမှုန်နောက်လာရ၏။

"စာရေးဆရာမောင်နဲ့ မိတ်ဆက်ပေးပါတဲ့ ... ကြည်သာမောင်ရေ လုပ်ပါဦးကွာ ... ငါလည်း တော်တော်မျက်နှာပူလှပြီကွာ"

"ဟုတ်တာပေါ့ ဦးနိုင် ... ကျွန်တော်ပဲ မိတ်ဆက်ပေးလိုက်ပါ့မယ်၊ လာခဲ့ပါ ညီ ... ကိုယ်နဲ့ လိုက်ခဲ့ပါ"

"တကယ်နော် အစ်ကို ... ကျွန်တော် သူ့ကိုသိပ်တွေ့ချင်နေတာ၊ ဒီနေ့ ကျွန်တော့်ဆန္ဒတွေ ပြည့်ရပြီပေါ့၊ ဝမ်းသာလိုက်တာဗျာ"

ခပ်လှမ်းလှမ်းမှ သဲ့သဲ့ကြားရသော စကားသံတို့ကြောင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး အေးစိမ့်သွားရ၏။ ကျွန်မ မျှော်လင့်ချက်တွေ ပျက်စီးသွားခဲ့ပြီ သားညီ။ အမှန်တကယ် ... ဒီနေ့ဒီရက်မှာ ကျွန်မ ရှင့်ကို အံ့သြဝမ်းသာအောင် ဖွင့်ပြောပြီး သိစေချင်ခဲ့တာပါ။ ဒါပေမဲ့ ... အခုတော့ ကျွန်မ မပျော်နိုင်တော့ဘူး သားညီ။ တွယ်တာမောင်ဆိုတာ မနေ့ကတည်းက ရှင့်ဘဝမှာ သေဆုံးသွားခဲ့ပါပြီ။ ဒါ အသေအချာပဲကွယ်။

ကိုကိုတို့စုံတွဲနှင့်အတူ သူပါ သူမထိုင်နေသည့် စားပွဲဝိုင်းအနီးမှာ လာရပ်လိုက်ပါသည်။ ရင်ထဲမှာ တလှပ်လှပ်ခံစားရလျက် အားယူ၍ ထရပ်လိုက်၏။ အမြင်မှာ လူရိပ်တွေ နှစ်ထပ်သုံးထပ် ဖြစ်လာလေသည်။

"ညီ သိပ်တွေ့ချင်တဲ့ ... မောင်ဆိုတဲ့ ကလောင်ရှင်ပါ"

"ဗျာ"

သူက မယုံကြည်နိုင်သည့် မျက်ဝန်းအစုံတို့ဖြင့် သူမကို တအံ့တသြ ငေးကြည့်နေလေ၏။ သိပ်အံ့သြနေပြီလား ညီလေးညီ။ ကျွန်မဟာ ရှင့်ချစ်သူလေးရဲ့ အချစ်ဆုံးသူငယ်ချင်းဆိုတာကို ရှင်သိသွားခဲ့ရင် ရှင့်ခြေလှမ်းတွေ နောက်ပြန်ဆုတ်လိုက်မှာ သေချာတယ် မဟုတ်လား ညီလေးညီ။

"ကျွန်တော် ... ကျွန်တော် ထင်မထားမိတာ အမှန်ပါ၊ ကြည့်စမ်း ... လေးစားပါတယ် တာတာ၊ ကျွန်တော့်ကို စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ လက်ဆွဲနှုတ်ဆက်ခွင့်ပြုပါ၊ ကျွန်တော်





တာတာနဲ့ စကားတွေအများကြီး ပြောချင်နေပါတယ်"

"ကျွန်မမှာတော့ ရှင်နဲ့ပြောစရာ ဘာမှရှိမနေပါဘူး ... ညီလေးညီ"

"တာတာ ... ညီ့ကို စာရေးသူတစ်ယောက်အနေနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ပါ ညီမလေး"

သူမ ခေါင်းကိုခါယမ်းလိုက်၏။ ရင်ထဲမှာ လှိုက်ခနဲခံစားလိုက်ရသည်။ မမက သူမလက်ကိုယူ၍ သူ့လက်ထဲသို့ ထည့်ပေးလိုက်စဉ် လက်ဝါးမှာ နွေးခနဲအထိအတွေ့နှင့်အတူ လူက လဲပြိုယိုင်ဆင်းသွားတော့၏။

"အို"

"တာတာ ... ညီမလေး"

"တာတာ"

သူ လျင်မြန်စွာ ပွေ့ချီလိုက်ပြီး အိမ်ထဲသို့ သယ်မလာခဲ့၏။ အစ်ကိုက တာတာ့အခန်းတံခါးကို အသင့်ဖွင့်လျက် ခုတင်ထက် ကူသယ်ပေးပြီး တင်လိုက်ပါသည်။ မမက ဆရာဝန်ထံ ဖုန်းကောက်လှည့်လိုက်ပါ၏။ ဧည့်ခံပွဲလေးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားရတော့သည်။

ဒေါက်တာဇော်ဦး အကြောခေါ်သွင်းအပြီး မတ်တတ်ရပ်လိုက်ပါသည်။ မျှော်လင့်တကြီး ကြည့်နေသည့်မျက်ဝန်းများကို ဝေ့ကြည့်လိုက်ပြီး သက်ပြင်းချလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့ . . . အိပ်ရေးအပျက်များလို့ Pressure ကျသွားတာပါ၊ အားဆေးပုံမှန်တိုက်ပါ ကြည်သာ၊ နောက်ပြီး . . ."

ဒေါက်တာဖော်ဦး ညီလေးညို့ထံ လှမ်းကြည့်လိုက်ပြီး သူ့ပခုံးကို တစ်ချက်ပုတ်လိုက်ပါ၏။

"သူ့ကို စိတ်ချမ်းသာအောင် ထားပေးပါ၊ နှလုံးခုန်တာ သိပ်မကြိုက်ချင်ဘူး၊ အာထရာဆောင်းရိုက်ပြီး ပါရဂူနဲ့ ပြပါလို့ အကြံပြုချင်တယ်"

"ဗျာ"

"ဦးဖော် သွားမယ် . . . ကလေးကို ဂရုစိုက်နော်"

သူတို့သုံးယောက်စလုံး တာတာ့ခုတင်ဘေး ရောက်သွားရ၏။ ဦးမြိုင်က ဒေါက်တာ့ကို ကားပေါ်အထိ လိုက်ပို့ပေးလိုက်ပါသည်။ တာတာ မင်းတစ်ခုခုဖြစ်သွားလို့ မဖြစ်ဘူးနော်။ မင်းသာ တစ်ခုခုဖြစ်သွားတာနဲ့ ကိုယ်ပါ တစ်ပါတည်းလိုက်ခဲ့မှာ။

အိပ်မောကျနေသည့် ညီမလေးကိုကြည့်ရင်း ကြည်သာမောင် မျက်ရည်ပေါက်ခနဲကျသွား၏။ တာတာ့လက်ကလေးကို ဆုပ်ကိုင်လျက် နဖူးပြင်လေးကို ငုံ့မွှေးလိုက်ပါသည်။ သိပ်ခံစားနေရပြီလား ညီမလေးရယ်။ ကိုကို့ကြောင့်များလား . . . ဒါမှမဟုတ် ဟိုကောင်မလေးကြောင့်လား၊ ကိုကို့ကို ပေးသိလှည့်ပါလားကွယ်။

"နားလိုက်ပါလား အစ်ကို . . . မမလည်း ပင်ပန်းလွန်းနေပြီ၊ ကျွန်တော်နဲ့ဒေါ်ကြီးခင် စောင့်ပေးပါ့မယ်၊ ညှော်သည်တွေကို





ထွက်နှုတ်ဆက်လိုက်ဦး မမရယ် . . . အားနာစရာ"

"ဟုတ်တယ် ကို . . . ညီလေးကို ခဏစောင့်နိုင်းလိုက်ပါ၊ မြတ်တို့ ခဏဆင်းပြီး ပြန်တက်လာတာပေါ့ . . . နော်"

ကြည်သာမောင် ညီမလေး၏ အေးစက်စက်လက်ကလေးကို နမ်းလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်ရ၏။ ကိုကို့ကို ခွဲသွားဖို့ မဆုံးဖြတ်လိုက်ပါနဲ့ ညီမလေးရယ် . . . နော်။

နာရီမှ ၁၂ နာရီထိုးသံ ကြားလိုက်ရ၏၊ အခန်းထဲမှာ လင်းနေသည့် အလင်းရောင်ကြောင့် မျက်စိကို အမြန်မဖွင့်ရဲ၊ အနားမှာ ကပ်၍ အသက်ရှူသံကို ခပ်တိုးတိုးကြားနေရသည်။

မျက်တောင်ကို ခပ်ဖြည်းဖြည်းဖွင့်လိုက်စဉ် ကုလားထိုင်ရွှေ့သံနှင့်အတူ ထရပ်လိုက်သည့် သူ့ကို တွေ့လိုက်ရ၏။ နံဘေးမှာ ခေါင်းတင်၍ အိပ်ပျော်နေသည်က ကိုကိုတစ်ဖက် မမတစ်ဖက်။ သူ စိုးရိမ်တကြီးဖြင့် သူမနဖူးမှ ဆံစကလေးများကို သပ်တင်လျက် တိုးတိုးလေး ပြောလိုက်၏။

"သက်သာရဲ့လား တာတာ၊ ခေါင်းထဲမှာ ကြည်ရဲ့လား"

သူမ ခေါင်းညိတ်ပြလိုက်ပါသည်။ သူက စိတ်အနည်းငယ်သက်သာသွားပုံဖြင့် သက်ပြင်းကျိတ်ချလိုက်၏။

"ရင်ဘတ်ထဲမှာ ဘယ်လိုခံစားနေရလဲ၊ အောင့်နေလား"

သူမ ခေါင်းခါပြလိုက်တော့ သူတစ်ချက်ပြုံးလိုက်ပါ၏။ လေသံဖြင့် ပြောနေပါသော်လည်း ညက တိတ်ဆိတ်လွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်သာသာလေး ကြားနေရပါသည်။

"ခဏနော် . . . တာတာ ဆာနေမှာ၊ ကိုယ် တစ်ခုခုသွားယူလိုက်ဦးမယ်"

သူ အခန်းထဲမှ ခပ်ဖွဖွလှမ်းထွက်သွားတော့သည်။ ခဏအကြာပြန်ရောက်လာတော့ ဘီစကစ်ပန်းကန်ဖြင့် ကွေကာအုပ်တစ်ခွက် ဖျော်၍ ယူလာ၏။

"ထ . . . သောက်ရအောင်"

သူမကို အသာထူမ၍ ကျောဖြင့် ခေါင်းအုံးခုပေးလိုက်စဉ် ကိုကိုရော မမပါ နိုးသွားတော့၏။

"ဟင် . . .! ညီမလေး နိုးနေပြီလား"

"မမ . . . ဒီည မပြန်ရတော့ဘူးပေါ့၊ တာတာ့ခုတင်ပေါ်တက်အိပ်လေ"

"နေပါစေ ရတယ် . . . မနက်လင်းတော့မှာပဲဟာ"

"၁၂ နာရီပဲ ရှိသေးတယ် မမရဲ့၊ အိပ်ပါဦး"

"ကိုယ့်အခန်းမှာပဲ သွားအိပ်လိုက်ပါ မြတ်ရယ်၊ ကိုယ် ညီမလေးဘေးမှာပဲ ရှိနေမှာ၊ သွား . . . သွား"

"ရပါတယ် . . . ကိုကိုလည်း နားပါ"

"ဟိုဘက်အခန်းလွတ်မှာ မမ အိပ်လိုက်ပေါ့၊ အစ်ကိုက ကိုယ့်အခန်းမှာပဲ အိပ်ပါ၊ တာတာ့ကို ကျွန်တော် စောင့်နေပါ့မယ်"

သူ့စကားအဆုံးမှာ ကိုကိုက မျက်လုံးပြူး၍ ကြည့်လိုက်





တော့ သူ သဘောတကျ ရယ်လိုက်ပါ၏။ ခေါင်းကြီးခင် ဓာတ်ဘူးဖြင့် ဝင်လာမှ သက်မကို ကျိတ်ချလိုက်သည်။ ဩော် . . . တာတာ့ကို ခုချိန်ထိ တွန့်တိုနေတုန်းပါလား။

ကွေကာအုပ်ကို သူကိုယ်တိုင်ကိုင်၍ တိုက်လိုက်ပြီး ခုတင်ထက် ပြန်လှဲစေ၍ စောင်ခြုံပေးလိုက်ပါသည်။ ဒီလိုပြုစုယုယခွင့်တွေ ကိုယ့်ကို ထာဝရပေးလှည့်ပါလား တာတာရယ်၊

❀ ❀ ❀

သက်ဆိုင်သူ ...

www.burmeseclassic.com

နှောင်တစ်မျှင်သံယောဇဉ်ဖြင့်
တစ်နွယ်ငင် တစ်စင်ပါလို့
ဟိုယခင် အတိတ်ဘောင်ဆီမှ
နှောင်းသံသရာ အဆက်ဆက်
လက်တွဲလျက် ခေါင်ချင် ...

သူနဲ့သာဆိုရင်
ပန်းတွေလည်းမွှေး စမ်းလည်းအေး
လွမ်းတေးတွေ ဘယ်ခါမသီ
ခါတော်မီ ရွှေရောင်ပြုံးတွေနဲ့
ကမ္ဘာမိုးမြေမဆုံး
အပျော်ပီတိတွေ စားသုံးခဲ့ ...

သူ့အတွက်
ကိုယ့်အသက် ထက်ဝက်သူပိုင်
အနိုင်ယူချင်လည်း ယူစေ
အပူတွေ မစေမျှ
မညီမျှတဲ့ ကာရန်တွေနဲ့
မပြီးသေးသည့် ပန်းချီကား
အဆုံးမသတ်နိုင်ခဲ့ ...



သူသာလျှင် ...
နှလုံးသားကိုပိုင်စိုး
အစားမထိုးမရနိုင်တဲ့ ချစ်ခြင်း
အတ္တမဲ့ အရင်းခံ



စေတနာစစ်မှန်စွာဖြင့်
လျော်ကြေးအဖြစ် တောင်းရင်တောင်
ရင်ကိုခွဲ အသည်းကိုယူ
နိုင်လိုသူ သူ့ထံပါး
ခစားလျက် ပေးအပ်
အရှုံးအမြတ် မတွက်တတ်ခဲ့

ကံကြမ္မာက ...
မျက်နှာသာ မပေးခဲ့လေတော့
သူနဲ့အဝေးဆုံး တစ်နေရာမှာ
ရင်နာခြင်းတွေ အဆုံးမဲ့
နှလုံးသားကို ဆေးကုနေခဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

ကံမကုန်တဲ့တစ်နေ့
ပြန်ဆုံတွေ့ခဲ့စဉ်က
မျှော်လင့်ခြင်း ကမ်းတစ်ဖက်မှာ
အပြုံးတစ်ချက်နဲ့
ရုတ်တရက် နှုတ်ဆက်လျက် လမ်းခွဲ
ဖျတ်ခနဲ ဆက်သွားတဲ့နှလုံးသား
မကျက်သေးတဲ့ အဏ်ရာများနဲ့
ကျောခိုင်းထားတဲ့ ၃ နဲ့ ၄ လို
ဥပေက္ခာတရားကိုကျင့်သုံး
ချစ်ထုံးပြေပြေလျော့
ခုတော့လည်း
သူစိမ်းတွေလိုပါပဲလား
ခြော် ...
ခုတော့လည်း ...
သူစိမ်းတွေပါပဲလားကွယ် ...။



## အခန်း (၁၉)

အင်းလျားကန်ဘောင်မှာ မတ်တတ်ရပ်နေရင်း ခဲလုံးလေးတွေကို ရေကန်ထဲသို့ လက်လွှဲ၍ ပစ်ချနေမိ၏။ မနက်အစောကြီးထလာ၍ သူ့ကို တီးတိုးချိန်းဆိုလိုက်သည့် တာတာ့မျက်နှာလေးကို မြင်ယောင်ရင်း ကျိတ်ပြုံးနေမိသည်။ ကိုယ်ပျော်ရတော့မှာပေါ့ ဟုတ်လား တာတာ။ မင်းလက်ကလေးကို တရားဝင် ဆုပ်ကိုင်ခွင့် ရတဲ့နေ့ဟာ ကိုယ်သာလျှင် ဒီကမ္ဘာမှာ အပျော်ဆုံးလူသားတစ်ဦး ဖြစ်နေမှာပဲ။

ထပ်တူညီနေတဲ့ နှလုံးသားနှစ်ခုကို အတူတကွ ပေါင်းစည်းစေခြင်းဖြင့် ကိုယ်တို့အနာဂတ်ဟာ သာယာဖြောင့်ဖြူးနေမှာ အမှန်ပဲ တာတာ။ မင်းအနားမှာ အချိန်ပြည့် နေခွင့် မင်းအပေါ် ကြင်နာယုယ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်၊ မင်းဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးခွင့်တွေ ကိုယ်ပိုင်ပိုင်ကြီး ရချင်လှပါပြီ။ ၊

မင်းရဲ့မျက်နှာပေါ်က သင်းပျံ့တဲ့ သနပ်ခါးရနံ့လေးကို အပိုင်စား မွှေးကြူခွင့်ကို ကိုယ်လိုချင်နေပြီ တာတာ။ အဲဒီအခါ ရှက်ပြုံးလေးပြုံးတဲ့ မင်းရဲ့ ခပ်ရဲရဲမျက်နှာလေးကို ကိုယ်မလွှတ်တမ်း တစ်ဝကြီး ကြည့်နေရပါစေ။

ရည်မှန်းချက်တူ၊ ဆန္ဒတွေတူတဲ့ ကိုယ်တို့လို အနုပညာချစ်သူတွေအတွက် ရှေ့မှာ မြင်နေရတာတွေက ပန်းခင်းလမ်းမကြီးပဲ မဟုတ်လား တာတာ။ မင်းငိုတဲ့အချိန်မှာ မင်းမျက်ရည်ကို သုတ်ပေးခွင့်၊ မင်းပျော်ရွှင်တဲ့အချိန်မှာ မင်းအပျော်တွေကို ဝေမျှခံစားခွင့်တွေကို လက်တွေ့မှာ မရသေးဘူး။ အတွေးထဲမှာတောင် ကိုယ် ဒီလောက်ကြည်နူးနေရင် ... အို ... တာတာရယ် မင်းကလွဲရင် ကိုယ် ဘာကိုမှ မမက်မောတတ်တော့တာတွေကို သိနေမလား။

"ညီလေးညို"

ကြည့်စမ်း ... ချစ်သူဖြစ်ခွင့်ပေးတော့မယ့်အသံက တုန်ယင်မောလျှနေစရာတဲ့လား တာတာ။ အနောက်ပါးမှ ပေါ်ထွက်လာသည့် အသံလေးကြောင့် ခပ်ပြုံးပြုံးမျက်နှာဖြင့် လှည့်အကြည့် သူမနှင့်အတူ လက်တွဲချိတ်နေသည့် မိန်းကလေးကိုပါ တွေ့လိုက်ရလေသည်။

"ညီ"

"ဒါက ... ဘာသဘောလဲ တာတာ"





"နေခြည့်ကို နောက်ဆုံးအနေနဲ့ ဆွေးနွေးခွင့်ပေးလိုက်ပါ ညီလေးညို၊ ကျွန်မ ကြားထဲက တောင်းပန်နေတာပါ"

"သူနဲ့ကိုယ့်ကြားမှာ ဘာမှဆွေးနွေးစရာမရှိဘူး တာတာ၊ ဘာကိုရည်ရွယ်ပြီး ဘာအကြောင်းပြချက်နဲ့ အခုလို လုပ်လာရတာလဲ၊ ကိုယ့်ကို ပြောပါဦး"

"ညီ ... နေနေ ပြောပါရစေ"

"ငါ ... ဘာမှမကြားချင်ဘူး နေခြည်၊ တော်လောက်ပြီပေါ့၊ မင်း ... တာတာ့အပေါ်မှာ အနိုင်ယူလာခဲ့တဲ့ သက်တမ်းက နည်းမှမနည်းတော့ပဲ၊ ခုကြည့်စမ်း ... ဒါ ဘဝအတွက် အဆုံးအဖြတ်ပေးရမယ့်ကိစ္စကွ၊ ဒီလိုကိစ္စမျိုးကိုတောင် မင်းဝင်စွက်ဖက်ရဲတာ အံ့သြလို့မဆုံးဘူး"

"မဟုတ်ဘူး ... မဟုတ်ရပါဘူး ညီရယ်၊ တာတာဟာ နေနေ့အချစ်ဆုံးသူငယ်ချင်းပါ၊ နေနေနဲ့ တာတာ့ကြားမှာ ထားရှိခဲ့တဲ့ သံယောဇဉ်ကို ညီ မသိပါဘူး။ ညီ နားလည်မှာမဟုတ်ပါဘူး ညီရယ်"

"သံယောဇဉ် ဟုတ်လား နေခြည်၊ ဘာသံယောဇဉ်လဲ၊ မင်းဘက်က တစ်ဖက်သတ် အနိုင်ပိုင်းခဲ့တဲ့ သံယောဇဉ်လား မင်းကြောင့် တာတာ အလူးအလိမ့်နဲ့ ခံစားခဲ့ရတာတွေကို မင်းသည် မတွက်ဘဲနဲ့ ဘာသံယောဇဉ်ကိုမှ အကြောင်းပြမနေပါနဲ့"

"ညီလေးညို ... ကျွန်မ နေခြည့်ကိုခေါ်လာတာ [illegible] ကြောင်းတွေနဲ့ စကားများဖို့ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ တာတာ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ တောင်းပန်ရိပ်သမ်းနေသည့် ကရုဏာမျက်ဝန်းတို့ကြောင့် ရင်ထဲမှာ သိမ့်ခနဲ ခံစားလိုက်ရသည်။

"တာတာ ... ကိုယ် တာတာချိန်းလို့ ဒီနေရာက လာစောင့်နေတာ၊ သူနဲ့ စကားပြောဖို့မဟုတ်ဘူး။ သူ့မျက်နှာကို ကိုယ် မမြင်ချင်ဘူး တာတာ"

"အဲဒီလိုမပြောပါနဲ့ ညီလေးညို၊ နေခြည့်မှာ ဘာအပြစ်တွေ ရှိနေလို့ ရှင် ဒီလောက်ထိ ခါးခါးသီးသီးဖြစ်နေရတာလဲ ပြောပါဦး။ တကယ်ဆို မိန်းကလေးတန်မဲ့ ရှင့်ကို ဒီလောက်ထိ အောက်ကျနောက်ကျခံပြီး လာတွေ့တာကို ငဲ့ညှာသင့်ပါတယ်"

"သူနဲ့ ကိုယ့်ဇာတ်လမ်းက ပြည့်ဖုံးကားချထားခဲ့ပြီးပြီ တာတာ၊ ဘာမှပြန်ဆက်စရာအကြောင်းမရှိဘူး။ ဒီမှာ ... ကိုယ့်မျက်နှာကို သေသေချာချာကြည့်လိုက် ... ဟောဒီရင်ဘတ်ထဲမှာ တာတာ့ကိုချစ်နေတဲ့အချစ်တွေပဲ အပြည့်ရှိတယ်၊ ကျန်တာ ဘာမှမရှိတော့ဘူး"

နေခြည်နှင်းပွင့် သူတို့နှစ်ဦးကို တအံ့တဩဖြင့် ကြည့်နေမိသည်။ ဘုရားရေ ... တာတာနဲ့ညီက ချစ်သူတွေဖြစ်နေပါရောလား။ ဒါဖြင့် ... တာတာ နေခြည့်ကို လှို့ဝှက်ဖုံးကွယ်ထားခဲ့တာပေါ့။

"ညီလေးညို ... ရှင့်စကား ဒီမှာတင်ရပ်ပါ၊ ကျွန်မ ရှင့်အပေါ်မှာ အဖြူစင်ဆုံး အရိုးသားဆုံးစိတ်ပဲ ရှိတယ်၊ ရှင် သိပ်ချစ်





ခဲ့တဲ့၊ ရှင်သိပ်တွယ်တာခဲ့တဲ့ ရှင့်ချစ်သူကို သူ မချစ်မနှစ်သက်တဲ့ လူတစ်ယောက်ရဲ့ရင်ခွင်မှာ ရှင် မြင်ရက်သလား၊ ရှင် ထည့်ရက်သလား"

"တာတာ"

"နေဦး နေခြည် ... ငါ့စကား မဆုံးသေးဘူး။ ဒီမှာ ညီလေးညို ... မိန်းကလေးတစ်ယောက်ကို ချစ်တုန်းကဖြင့်ချစ်ပြီး လက်ထပ်ဖို့မရဲတဲ့ ရှင့်လို အပျော်ချစ်သမားတစ်ယောက်ရဲ့စကားကို ကျွန်မ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ၊ ရှင်သိထားဖို့က နေခြည်နဲ့ကျွန်မဟာ နှစ်ကိုယ့်တစ်စိတ်ဖြစ်နေတဲ့ အချစ်ဆုံးသူငယ်ချင်းတွေဆိုတာပဲ"

"အဲဒါ ... ကိုယ်နဲ့မဆိုင်ဘူး တာတာ၊ ကိုယ်မလိုချင်တော့လို့ စွန့်ပစ်ခဲ့တဲ့ ပန်းတစ်ပွင့်ကို ပြန်လှည့်ကြည့်ပြီး တမ်းတမနေတတ်ဘူး။ ကိုယ် ပြတ်ပြတ်သားသားနဲ့ ဆုံးဖြတ်ခဲ့ပြီးသားကိစ္စကို မပြောင်းတတ်ဘူး ... တာတာ"

"ညီလေးညို ... ရှင် ဒီလောက်ထိ နေခြည့်အပေါ်မှာ မရက်စက်သင့်ဘူး။ သူ ရှင့်အပေါ်မှာ ထားရှိတဲ့ချစ်ခြင်းနဲ့ သံယောဇဉ်ကို ကျွန်မ သိနေတယ်၊ ကျွန်မ နားလည်တယ်၊ ရှင်တို့ယောကျ်ားတွေရဲ့ အချစ်ဆိုတာ တစ်ခဏဖြစ်ပေမယ့် ကျွန်မတို့လို မိန်းမသားတွေရဲ့ အချစ်က တစ်ဘဝပါ ... ညီလေးညို၊ ဒါကို ရှင်သိရဲ့လား"

"မသိဘူး ... ကိုယ် ဘာမှမသိချင်ဘူး၊ ကိုယ်သိထားတာ မင်းကိုချစ်တဲ့ ချစ်ခြင်းကလွဲရင် ဘာမှမရှိဘူး တာတာ၊ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲမှာ နေရာမကျန်ဘူး၊ သူ့အတွက် ခံစားမှုက ဗလာသက်သက်ပဲ တာတာ၊ မင်း ... သူ့ဘက်က ဘာအကြောင်းနဲ့မှ ရှေ့နေလိုက်ပေးစရာ မလိုအပ်ဘူး''

''တော်ပါတော့ ... တော်ကြပါတော့ ... ညီနဲ့တာတာရယ်၊ နေခြည် လိုက်လာခဲ့တာ ပြတ်သွားတဲ့ကြိုးတစ်ချောင်းကို ပြန်ဆက်လို့ရနိုင်မလား မျှော်လင့်ချက်နဲ့ပါ၊ ခုလို ... ခုလို ညီတို့ ဒီလောက်ထိ ပတ်သက်ဆက်နွယ်နေမယ်လို့ ထင်မထားမိတာ အမှန်ပဲ။ တာတာရယ် ... တကယ်ဆို နင် ငါ့အပေါ်မှာ ပွင့်လင်းသင့်ပါတယ်၊ ဒီအထိ ခေါ်ပြီး ငါ့ကို အသည်းကွဲအောင် လက်စားချေတာတော့ လွန်လွန်းနေပါပြီ ... နင် ကျေနပ်ပါတော့ဟာ''

''ဟင် ... မဟုတ်ဘူး ... မဟုတ်ဘူး နေခြည်၊ နင်ထင်တာ မှားနေပြီ ... မဟုတ်ဘူး၊ ငါနဲ့သူ ဘာမှမဟုတ်ဘူး နေခြည်၊ နင် အထင်မလွဲပါနဲ့''

''သူ့ကို ဘာမှရှင်းပြနေစရာမလိုဘူး တာတာ၊ မင်းကွာ ဒီမိန်းမအပေါ် ဘယ်ဘဝက ဝဋ်ကြွေးတွေရှိခဲ့လို့ ဒီလောက်အထိ အောက်ကျို့အရှုံးပေးနေရတာလဲ၊ ဒီမှာ နေခြည်နှင်းပွင့် ... မင်း တာတာ့အပေါ် အနိုင်ပိုင်းခဲ့တာတွေရပ်ပါ။ မင်း အသက်သေတဲ့အထိ တာတာနဲ့ လုံးဝမပတ်သက်ပါနဲ့၊ မင်းကြောင့် တာတာသာ တစ်ခုခုဖြစ်ခဲ့ဖြစ်ကြည့် ... ငါ မင်းကို အသေသတ်မှာ၊ မင်းခေါင်းထဲမှာရော ရင်ထဲမှာပါ မှတ်သွားလိုက် ... ညီလေးညိုဟာ ထွေးပြီးသားတံတွေး





ကို ပြန်မမျိုတတ်ဘူး။ အေး ... ကိုယ်စွန့်ပစ်ခဲ့တဲ့ မိန်းမတစ်ယောက်ရှေ့မှာ ... ဘယ်တော့မှ ဒူးထောက်မယ့်ယောကျ်ားမဟုတ်ဘူးဆိုတာပဲ၊ တောက် ...''

သူ ဆတ်ခနဲ ကျောခိုင်း၍ လှည့်ထွက်လာခဲ့၏။ ခြေလှမ်း သုံးလေးလှမ်းအထိ အနောက်မှာ တာတာပါမလာသဖြင့် လှည့်ကြည့်လိုက်တော့ မျက်ရည်စက်လက်ဖြင့် နေခြည့်လက်ကို ဆုပ်ကိုင်ထားသည့် တာတာ့ကို တွေ့ရသည်။

နေခြည်က တာတာလက်ကလေးကို ဖျတ်ခနဲပုတ်ချလိုက်ပါ၏။ သူ ဒေါသတွေ ဆူဝေသွားရပြီး တာတာ့ကို ပြန်ဆွဲခေါ်လာခဲ့သည်။

''ဒါက ဘာလုပ်နေတာလဲ၊ သွားမယ် ... လာ''

''နေခြည့်ကို ပြန်ပို့ပေးရဦးမယ် ... ညီလေးညို''

''မင်း ... သူ့အတွက် ဒီလောက်ထိ ပူနေစရာမလိုဘူး၊ သူ့မှာ ခြေထောက်တွေလက်တွေ အစုံပါပြီးသား၊ တာတာနော် ... ကိုယ်စိတ်ရှိလက်ရှိ လုပ်မိရင်တော့ နာတော့မှာပဲ၊ လာခဲ့''

အနောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် သူခွဲခေါ်ရာဆီသို့ သူမ လိုက်လာခဲ့ရ၏။ Taxi တစ်စီးကိုတား၍ တက်ခဲ့ချိန်အထိ တောက်လျှောက် သူမလက်ဝါးလေးကို သူ မလွှတ်တမ်းဆုပ်ကိုင်ထားခဲ့သည်။ ကားပေါ်မှာဟူသည့်အသိတို့ကို မေ့လျော့ချင်း သူမ ရှိုက်ငိုနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့တော့လေ ... တာတာ၊ ဒီမိန်းမနဲ့ ပတ်သက်ပြီး ကျခဲ့ရတဲ့ မင်းမျက်ရည်တွေ ခန်းသင့်ပြီကွ ... တိတ်တော့"

"ဟင့်အင်း ... နေခြည် မုန်းသွားပြီ၊ တာတာ့ကို နေခြည် မုန်းသွားပြီ"

"မုန်းပါစေပေါ့၊ အစကတည်းက မင်းကို သူချောင်ထိုးထား ခဲ့သေးတာပဲ၊ အလိုရှိချိန်ရောက်မှ အသုံးချတာကို မင်းခံရသလား၊ မင်းမှာ ဦးနှောက်မရှိဘူးလား ... စဉ်းစားပေါ့"

"မသိဘူး ... မသိဘူး၊ အဲဒါ ရှင့်ကြောင့် ... ရှင့်ကြောင့် တာတာ့သူငယ်ချင်း တာတာ့ကို မုန်းသွားတာ"

"သူမုန်းလည်း ပြီးသွားတာပဲ၊ ဒါမှ ကိစ္စပြတ်မှာ၊ ဘယ်နှယ် အဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်လာခဲ့ပြီး ပြဿနာတွေ ဖြစ်လာ တော့ ဘာမှမရှင်းတတ်တော့ဘူးမဟုတ်လား၊ မင်းမှာ ကလေးအတွေး တွေပဲရှိတယ် ... တာတာရဲ့၊ ဘုမသိဘမသိ လျှောက်လုပ်မနေနဲ့"

Taxi က ခြံရှေ့မှာ ရပ်သွား၏။ သူက ကားခပေးလိုက်ပြီး သူမနှင့်အတူ ခြံထဲဝင်လာခဲ့သည်။ သူမက သူ့လက်ထဲမှ လက်က လေးကို ရုန်းထွက်လိုက်ပါသည်။

"တာတာ"

"ရှင် ... ကျွန်မနဲ့ ဒီနေ့ကစပြီး လုံးဝမပတ်သက်ပါနဲ့တော့၊ ကျွန်မ ရှင့်အချစ်ကို မယုံရဲတော့ဘူး ... နေခြည့်အပေါ်မှာတောင် ရှင် ဒီလောက်ပြတ်သားရဲတာ၊ ကျွန်မကို ရှင် ဒီလိုလုပ်ရင် ကျွန်မ





နှလုံးသားက ခံနိုင်ရည်မရှိဘူး၊ ရှင် ... ကျွန်မကို မေ့လိုက်ပါ၊ ကျွန်မ ရှင့်ကိုမချစ်ဘူး ... ဘယ်တော့မှမချစ်ဘူး"

"တာတာ ... နေခြည်က နေခြည်၊ မင်းက မင်းလေ၊ ဘာလို့ ဒီမိန်းမနဲ့ မင်း ယှဉ်ရတာလဲ၊ ဒီမိန်းမကို ကိုယ်မလိုချင်လို့ စွန့်ပစ်ထားခဲ့တာ၊ မင်းကို ကိုယ် ဒီလိုလုပ်ရက်ပါ့မလား တာတာရဲ့၊ ကိုယ် ... မင်းကို သိပ်ချစ်တယ်၊ ဒါဟာ ဘယ်တော့မှ မပြောင်းလဲ မသွားမယ့် စကားတစ်ခွန်းပဲ၊ ဒါကို မင်းသိရမှာပေါ့"

"ဟင့်အင်း ... ကျွန်မ မယုံဘူး၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ ညီလေးညို ... သိပ်မုန်းတယ်"

"ဘာ"

ရင်ထဲမှာ ပြင်းထန်သည့် ပေါက်ကွဲမှုဖြင့် ကျိုးအော်၍ သူမ ပခုံးလေးကို ခါယမ်းပစ်လိုက်သည်။ ပြောရက်လိုက်တာ၊ ပြောထွက် လိုက်တာ တာတာရယ်။ မင်းဆီက ဒီစကားကို ကိုယ်မကြားချင်ဆုံး။ ကိုယ်မလိုချင်ဘူးဆိုတာ မင်းမသိဘူးလား တာတာ။

"မပြောနဲ့ ... မပြောနဲ့၊ ဒီစကားကို မင်း ကိုယ့်ကို မပြော နဲ့၊ ကိုယ်မလိုချင်ဘူး၊ မင်းအမုန်းတွေကို ကိုယ်မလိုချင်ဘူး တာတာ၊ ကိုယ် မင်းကို ဘယ်လောက်ထိချစ်တယ်ဆိုတာ မင်း မသိဘူးလား၊ မင်းကလွဲရင် ဘယ်အရာကိုမှ မမက်မောတာကို မင်း နားမလည်ဘူး လား တာတာရဲ့၊ ကိုယ့်ကိုမညာနဲ့၊ ဒီဘာမဟုတ်တဲ့ မိန်းမတစ်ယောက် နဲ့ ပတ်သက်ပြီး ကိုယ့်အပေါ် မင်း စိမ်းကားရက်တာ၊ ကိုယ်နာတယ်



www.burmeseclassic.com

www.burmeseclassic.com



တာတာ၊ မင်းရင်ထဲမှာ ကိုယ့်ကို ချစ်နေတဲ့ချစ်ခြင်းတွေကို ကိုယ်သိတယ်၊ ကိုယ်မြင်နေရတယ်၊ ဒါပေမဲ့ . . . မင်းမပေးချင်ရင် ကိုယ်အတင်းအဓမ္မမတောင်းဆိုပါဘူး။ ကိုယ် မင်းကို အတ္တမဲ့စွာနဲ့ ချစ်ခဲ့တာကို မင်း တစ်နေ့သိလာရမှာပါ၊ မင်း. ကိုယ့်ကိုချစ်ပါတယ်လို့ မင်းနှုတ်က ဖွင့်ပြောမလာမချင်း ကိုယ့်မျက်နှာကို မင်း ဘယ်တော့မှ မမြင်စေရဘူး . . . ဒါပါပဲ တာတာ၊ မင်းပေးလိုက်တဲ့ဒဏ်ရာကို ကိုယ် နောက်ဆုံးထွက်သက်အထိ ထွေးပိုက်ယူသွားမယ်''

သူ . . . သူမကိုကျောခိုင်း၍ တစ်ဖက်ခြံထဲသို့ ကူးသွားတော့သည်။ သူမ ငိုဖို့ပင် အင်အားမရှိတော့ဘဲ သူ့ကျောပြင်ကို ငေးမော ကြည့်နေမိ၏။ အဲဒီမြင်ကွင်းဟာ သူမအတွက် နောက်ဆုံးဆိုတာကို ထိုစဉ်က သူမ မစဉ်းစားတတ်ခဲ့ပါချေ။

ခြော် . . . အချစ်ဆိုတာ ထိတ်လန့်ကြောက်မက်ဖွယ်ရာ မတော်တဆထိခိုက်မှုကြီးတစ်ခု ဖြစ်နေပါရောလား . . . သားညီရယ်။

✻ ✻ ✻



Like the dew on the mountain ...

Like the foam on the river,

Like the bubble on the fountain,

Thou art gone and forever.

တောင်ပေါ်က နှင်းစက်ကလေးလို ...

မြစ်ပေါ်က ရေမြှုပ်ကလေးလို ...

ရေပန်းပွားထဲက ရေပူပေါင်းကလေးလို ...

မင်းပေါ် ငါ့ထံမှ ထာဝရ ထွက်ခွာသွားလေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မှားတယ် ညီမလေး ... သိပ်ကိုမှားတယ် တာတာ၊ သူငယ်ချင်းကို ဘယ်လောက်ထိချစ်သလဲဆိုတာကို ကိုကို မဝေဖန်လိုဘူး။ ဒါပေမဲ့ ... တာတာ့နှလုံးသားတစ်ခုလုံးကို ပုံပေးလိုက်ရတဲ့ အထိတော့ မဖြစ်သင့်ဘူး၊ တာတာ့ရင်ထဲမှာ ညီရှိနေပြီဆိုတာ ကိုကို ရိပ်စားမိတယ်၊ မြတ်လည်း သိတယ်၊ တာတာနဲ့ ညီဟာ ဘဝလက်တွဲဖော် အဖြစ်ထိုက်ခုံးလို့ ကိုကိုယူဆထားခဲ့တာ၊ ကိုကို့ဘက်ကရော ညီမိဘတွေကပါ တာတာနဲ့ညီကို သဘောတူနေတာ တာတာအသိပဲ၊ တွေးကြည့်လိုက်ပါ တာတာ၊ တာတာ လျှောက်ရမယ့်ဘဝခရီးလမ်းဟာ ပန်းခင်းထားတဲ့လမ်းကြီးပဲ၊ အရာရာ ဖြောင့်ဖြူးရှင်းလင်းနေတာကို ... ဒီဘဲမဟုတ်တဲ့ မိန်းကလေးနဲ့ပတ်သက်ပြီး ဖျက်ဆီးပစ်လိုက်





ရတာလဲ တာတာရယ်၊ ညီမလေး ဒီလောက်ထိ မိုက်ရူးရဲဆန်လိမ့်မယ်လို့ ကိုကိုမထင်ဘူး၊ တကယ်ပါပဲ"

ထိုင်ခုံမှာ ထိုင်နေလျက် သူမမျက်ရည်တို့ တပေါက်ပေါက် ကျနေ၏၊ မမကာ နံဘေးမှာထိုင်၍ သူမပခုံးလေးကို ထွေးဖက်ထားပါသည်။

"တာတာ ... တာတာ နေခြည့်ကို သနားလို့ပါ ကိုကို"

"ကိုကိုက ... မသနားနဲ့လို့ ပြောနေတာမှ မဟုတ်ဘဲ၊ သူငယ်ချင်းကိုချစ်တာလည်း အတိုင်းအတာတစ်ခုထိပဲ ဖြစ်သင့်တာပေါ့၊ အတိတ်ကို ... တာတာ ပြန်တွေးကြည့်လိုက်စမ်းပါ၊ သူ တာတာ့အပေါ် ဘာတွေများ ကောင်းခဲ့ဖူးသလဲ၊ ဘယ်လောက်ထိ ပေးဆပ်အနစ်နာခံပေးခဲ့သလဲ၊ ဘာတစ်ခုမှ ရှိမနေခဲ့ဘူး တာတာ၊ ကိုကို့ညီမလေးဘက်ကသာ တစ်ဖက်သတ်ခံစားခဲ့ရတာတွေပါ၊ အချိန်တန်ရင် သူ့လမ်းကို သူလျှောက်သွားမှာပဲ၊ တာတာ့ကို သူ လှည့်ကြည့်မှာ မဟုတ်ဘူး၊ ဒါကို ... တာတာ နားလည်ထားပါ၊ ကဲ ... အခု ညီမလေး ဘာဆက်လုပ်မလဲ၊ ပြော"

"တာတာ ... တာတာ ... မပြောတတ်တော့ဘူး"

"ဟင်း ... ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ မြတ်လည်း ထင်မထားဘူးကို၊ ညီမလေးက ... ဘယ်သူမှ ထင်မထားတဲ့လုပ်ရပ်တစ်ခုကို လုပ်ခဲ့မိတာကိုး၊ ညီလေး တော်တော်ခံစားရတာ မြတ်မြင်ပဲ၊ ဒီတစ်ခါ သူ အထိအနာဆုံးပဲ၊ မနေ့ညက ... မြတ်တို့မှာ သူ



www.burmeseclassic.com

www.burmeseclassic.com



လာရင်ဖွင့်သွားတယ်၊ ပထမအချီ ပါးပါးလေးထိထားတဲ့နေရာကို တာတာက ဟက်တက်ကွဲစေခဲ့ပြီတဲ့၊ သူ ငိုလည်းငိုတယ် ကို၊ ဟို တစ်ယောက်နဲ့တုန်းက . . . သူ့ရည်မှန်းချက်ကို အထိမခံဘဲ စိတ်နည်း နည်းလေခဲ့ရုံပဲရှိတာ၊ သူ နောက်တစ်ခွေ သွင်းနေတာ သုံးပုဒ်ပဲ ရှိသေးတယ်၊ အပေါင်းအသင်းတွေလည်း လိုက်ရှာနေတာပဲ၊ သူ့ဖရို ဂျူဆာက ဒီတစ်ခါ VCD ရော၊ Show ရော လုပ်ဖို့စီစဉ်ထားတာ၊ အခုတော့ လူမပြောနဲ့ အရိပ်တောင်မှ မတွေ့ရတော့ဘူး"

ညည့်ခန်းထဲမှာ သူမ၏ရှိုက်သံသဲ့သဲ့မှတစ်ပါး စကားသံတို့ တိတ်ဆိတ်သွား၏။

တာတာ့ကို ကျောခိုင်းထွက်ခွာသွားခဲ့တာ ထာဝရတဲ့လား သားညီရယ်၊ တာတာ့ရင်ထဲမှာ ခံစားနေရတာတွေကို သားညီ မသိ နိုင်တော့ဘူးလား။ တာတာ့ကို တကယ်ပဲ ခွဲထားရက်ပြီလားဟာင်။

"သားညီတော့ . . . တာတာ့ကို စိတ်နာသွားပြီ ထင်ပါတယ် မမရယ်၊ တာတာ သူ့ကိုမမုန်းပါဘူး၊ နေခြည်နဲ့ပတ်သက်ပြီး ဝမ်းနည်း လွန်းလို့ ပြောထွက်သွားမိတာပါ၊ တာတာ ဘာလုပ်ရမလဲ၊ တာတာ ဘာလုပ်သင့်သလဲ . . . အကြံပေးပါဦး"

သူမ မမကို ဖက်တွယ်၍ ငိုကြွေးလိုက်မိတော့ မမက သူမ ကို ပွေ့ဖက်ထားရင်း ချော့ရှာပါ၏။ တာတာ့မျက်ရည်တွေကို မတွေ့ မမြင်ပါရစေနဲ့ဆို၊ တာတာပြုံးနေတာကိုပဲ အမြဲတွေ့ချင်ပါတယ်ဆို၊ တာတာ စိတ်ဆိုးစိတ်ကောက်တာကို ကြည့်မဝဘူးဆို၊ ဒီစကားတွေကို





ခုချိန်မှာ တာတာ့အနားမှာ လာမပြောတော့ဘူးလား သားညီရယ်။

"အခုချိန်ကျမှတော့ ဘာမှလုပ်လို့မရတော့ဘူး တာတာ၊ ဘယ်သူမပြုမိမိမှုတဲ့၊ ညီမလေးလုပ်ခဲ့တဲ့အတိုင်း ညီမလေး ပြန်ခံရမှာ ပဲ၊ ဒီလိုအမှားမျိုး . . . နောက်ထပ်မမှားမိအောင် သင်ခန်းစာယူရ မယ်၊ နှောင်တတွေရတာပဲ အဖတ်တင်ကျန်ရစ်ခဲ့ပြီ မဟုတ်လား။ ညီကလည်း တာတာ့ကို သိပ်ချစ်ပါလျက် . . . တာတာကလည်း ညီ ကို ချစ်နေပါရဲ့နဲ့ . . . အခုတော့ အခြေအနေတွေက အလဲအလဲအကွဲ ကွဲဖြစ်ကုန်ပြီ၊ ကိုကိုလည်း ဘာမှမလုပ်ပေးနိုင်တော့ဘူး။ ဒါတွေဟာ . . . ညီမလေးကြောင့် ဖြစ်ခဲ့ရတာပဲ၊ ညီမလေး အသိခုံးပါ တာတာ"

"အန်တီလေးတို့လည်း . . . တော်တော်စိတ်ဆင်းရဲနေရပြီ၊ လေးလေးက ရောဂါသက်သာကာစဆိုတော့ ပိုဆိုးတာပေါ့၊ ဘာမဆို ညီလေး စိတ်တိုင်းကျပဲ သူတို့ဖြည့်ဆည်းပေးခဲ့တာ၊ အခုလည်း ညီလေး ပြောသွားတဲ့အတိုင်း ခြံစည်းရိုးကို အုတ်တံတိုင်းအမြင့်ကြီးကာနေပြီ၊ သေးပေါက်လေးထားဖို့ မြွတ်ပြောတာတောင် မရဘူး။ အင်းပေါ့လေ . . . ဘယ်မိဘမဆို သားသမီးဘက်က ကြည့်ပြီး သားသမီးအလိုပဲ ဖြည့်ပေးနိုင်မှာပေါ့ . . . ဒါ-သဘာဝပဲ"

"အဓိက,က တာတာပဲ၊ စိတ်ထင်ရာတွေ လုပ်ခဲ့တဲ့ အကျင့် ကို ဖျောက်ပါ၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်း၊ ဒါမျိုးကို နောင် ထပ်တစ်ခါ ထပ်လုပ်ရင် ကိုကို ခွင့်မလွှတ်ဘူးနော် ညီမလေး၊ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ ကိုကိုပြောတာ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုကို့ကို ခေါင်းသာညိတ်ပြလိုက်တော့၏။

သေချာတာပေါ့ သားညီ။

တွယ်တာမောင်ဆိုတာ သိပ်ခေါ်ဂ်းမာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ခဲ့ပေမယ့် သားညီနဲ့ ပတ်သက်လာတဲ့အခိုက်မှာ အင်မတန်နူးညံ့တဲ့စိတ်နဲ့ ကောင်မလေးတစ်ယောက် ဖြစ်နေခဲ့ပါပြီလေ။

❀

"ဖေဖေ အတာန်တန်တားလျက်က လုပ်ရက်တယ် သမီးရယ်၊ ကိုယ့်ကို မလိုချင်လို့ ပစ်ထားခဲ့တဲ့ ယောက်ျားတစ်ယောက်ကို သမီးမို့ အူးထောက်ရတယ်လို့ . . . သမီးအစား ဖေဖေ သိပ်ရှက်တယ်၊ ဒီအချိန်မှာ သမီးရဲ့ဂုဏ်သိက္ခာတွေ၊ မာနတွေကို ဘယ်ချောင်မှာ သွားထိုးထည့်ထားတာလဲ၊ ဒါတွေကို သတိမရနိုင်လောက်အောင် အမှောင်တွေ ဖုံးနေခဲ့တာလား၊ ဖြစ်မှဖြစ်ရလေ သမီးရယ်"

"သမီး သိပ်ကိုမှားခဲ့ပါတယ် ဖေဖေ၊ သမီး မျှော်လင့်ချက်တွေ သဲထဲရေသွန်ချသလို ဖြစ်ခဲ့လိမ့်မယ်လို့ ထင်မထားခဲ့တာ အမှန်ပါ၊ ဒီအဖြစ်အပျက်ဟာ . . . တာတာနဲ့ တိုက်ရိုက်ပတ်သက်နေမယ်လို့ ထင်ကိုမထင်ထားခဲ့တာ၊ သမီးရင်ထဲမှာ မခံချင်တာရော၊ ရှက်တာရော၊ နာကျင်တာတွေရော ဝေဒနာတွေ အများကြီး ခံစားနေရပါတယ် . . . ဖေဖေ"





"ကိုယ်ချင်းစာနာတတ်သင့်ပြီပေါ့ . . . သမီးရယ်၊ သမီးမြန်တွေးကြည့်စမ်း . . . တာတာဆိုတာ အင်မတန် စိတ်နှလုံးဖြူစင်တဲ့ ကလေးမလေးပါ၊ သမီးအပေါ် ဘယ်လောက်အထိ သူ စေတနာထားခဲ့သလဲ၊ ဘယ်အရာကိုမဆို သမီးကိုပဲ သူ ဦးစားပေးခဲ့တာပါ၊ သမီးအပေါ်မှာ ဘယ်လိုမာနမျိုးမှ သူထားဖူးတာမှ မဟုတ်ဘဲ၊ သမီးအတွက်ဆိုရင် သူ့အန္တရာယ်ကိုတောင်မှ သူ မမြင်နိုင်ဘဲ ကာကွယ်ပေးခဲ့တဲ့အထိ သမီးအပေါ် သူ အကြွင်းမဲ့ ချစ်ခဲ့ရှာတာပါ၊ သမီးချစ်သူနဲ့ ရှုရှုံးမိုက်မိုက် ချစ်မိစဉ်ကတောင် သမီး သူ့ကို မေ့ထားရက်ခဲ့တာပဲ၊ ခု သမီးခံစားနေရတာထက် သူ ပိုပြီးခံစားရရှာတာပေါ့၊ အခုကိစ္စကို ကြည့်လိုက် . . . သူ ဟိုကောင်လေးကို ငြင်းလိုက်မှာ အမှန်ပဲ၊ သူ့သူငယ်ချင်းအတွက် သူ့နှလုံးသားတစ်ခုလုံးကိုတောင် ပေးဆပ်ဝံ့တဲ့ သတ္တိမျိုး သမီးမှာ ရှိလို့လား၊ ဖေဖေ တာတာလေးကို စတွေ့ဖူးကတည်းက သိနေခဲ့တာပါ၊ ဘာမှနားမလည် မသိတတ်သေးတဲ့အရွယ်မှာတောင် သမီးရဲ့မျက်ရည်တွေကို တို့သုတ်ပေးပြီး ဝေမျှခံစားပေးခဲ့တဲ့ ကလေးမလေးမှာ သမီးအပေါ်ကို ရက်စက်တဲ့မည်းညစ်တဲ့ စိတ်ယုတ်မျိုး သူ့မှာ မရှိဘူး၊ ဒါကို ဖေဖေ ယုံတယ်၊ သမီးခံစားနေတဲ့ ခံစားမှုဟာ သူ့ဝေဒနာကိုတော့ မှီမှာမဟုတ်ပါဘူး၊ သူ့မှာ ချစ်သူကိုလည်း စွန့်လွှတ်လိုက်ရပြီ၊ အချစ်ဆုံးသူငယ်ချင်းရဲ့ပစ်ပယ်ခြင်းကိုလည်း ခံစားနေရပြီဆိုရင် သူ့လောက် သနားစရာကောင်းတဲ့ မိန်းကလေးမျိုး လောကမှာ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ . . . တော်ပါတော့ ဖေဖေရယ်၊ သမီး နားလည်ပါပြီ၊ တာတာ သမီးအပေါ်ကောင်းခဲ့တာတွေ အားလုံးကို သမီး အမြဲအမှတ်ရနေပါတယ်၊ သမီး ဘာလုပ်ရမလဲ ဖေဖေ"

"သူ့ကို တောင်းပန်ရမှာပေါ့၊ ပြီးတော့ . . . သူ့အပေါ်မှာ သမီး ဘယ်လောက်ချစ်တယ်ဆိုတာကို သူသိအောင် သမီး လက်တွေ့ပြသရမယ်၊ သမီးသာ ဒီအတိုင်းဆက်ရှိသေးရင် သူလည်း ဒီလိုပဲ အသည်းကွဲပြီး နေနေဦးမှာပဲ၊ သမီးအိမ်ထောင်ပြုလိုက်မှ သူတို့ နီးစပ်ခွင့်ရမှာ၊ ကိုယ်ချစ်ကိုရှာရင် စိတ်ဆင်းရဲရတယ်၊ သူချစ်ကိုရှာမှသာ အိမ်ထောင်ရေး တည်မြဲတယ် သမီးရဲ့၊ ဒီတော့ . . . သမီးကို သိပ်ချစ်နေရှာတဲ့ မောင်ဝေယံအောင်ကို သမီး လက်ထပ်ပါ၊ အိမ်ထောင်တစ်ခုကို နှလုံးသားနဲ့ မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်တာ ပိုမှန်တယ်ဆိုတာ သမီး တစ်နေ့ သိလာမှာပါ၊ ဖေဖေပြောချင်တာ ဒါပါပဲ၊ ဖေဖေ့စေတနာတွေကို သမီး နားလည်ပါကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ . . . သမီး သဘောပေါက်ပါတယ်၊ သမီး ဖေဖေ့စကားကို နားထောင်ပါ့မယ်လို့ ကတိပေးပါတယ် ဖေဖေ"

ဖေဖေက သူမခေါင်းလေးကို ပွတ်သပ်လိုက်ပြီး ငုံ့မွှေးလိုက်ပါ၏။ ကျေးဇူးတင်ပါတယ် ဖေဖေ၊ အချစ်တွေနဲ့ အမှောင်ဖုံးနေတဲ့ သမီးကို အလင်းပြပြလေး ထွန်းပေးခဲ့လို့ ဖေဖေ့ကို သမီး တကယ် ကျေးဇူးတင်တာပါ။

အိပ်ခန်းရှိရာဆီ ဝင်လာခဲ့၏။ နာရီကို မော့ကြည့်လိုက်တော့





ည ၈ နာရီတောင် ထိုးနေပါရောလား။ တာတာ . . . ငါ နှင့်ဆီကို ဖုန်းဆက်ရင် နှင်လက်ခံစကားပြောမှာလား။ ငါ့အပေါ် နှင်နာကြည်း ခဲ့ပြီလား သူငယ်ချင်းရယ်။

"တူ . . . တူ"

ခုတင်ထက် လဲလျောင်းနေရာမှ ဖုန်းလေးကို ငေးကြည့်နေမိ၏။ ဘယ်သူ့ဆီကလဲ . . . ဦးနိုင်ဆီကလား။ ဟင့်အင်း . . . တာတာ ဘာစာကိုမှ မရေးချင်တော့ဘူး ဦးနိုင်။ ဒီအချိန်ရေးတဲ့စာလုံးတွေက သားညီကို သိပ်ချစ်တယ်ဆိုတဲ့ စာကြောင်းတွေဖြစ်နေမှာ သေချာတယ်။ တာတာ ဘယ်သူနဲ့မှ စကားမပြောပါရစေနဲ့။

"တူ . . . တူ"

ထပ်တလဲလဲမြည်နေသည့် ဖုန်းကြောင့် အောက်ထပ်မှာ သတင်းစာဖတ်နေရာမှ ကြည်သာမောင် ဖုန်းကို ကောက်ကိုင်လိုက်ပါ၏။

"ဟယ်လို"

"ဟယ်လို . . . ကိုကိုကြည်သာလားဟင်၊ ညီမ နေခြည်ပါ"

"ဘာကိစ္စရှိလို့လဲ နေခြည်၊ မင်းနဲ့ တာတာနဲ့ ဇာတ်လမ်းက ရပ်သင့်ပြီ၊ ခု . . . ငါ့ညီမလေး အရမ်းကို ခံစားနေရပြီကွ၊ မင်း တော်တော် ဒုက္ခပေးတဲ့ မိန်းကလေးပဲ၊ ငါ့ညီမလေးကို အနိုင်ယူလို့ မဝသေးဘူးလားဟင်၊ ငါ့ညီမလေးက သိပ်ကိုအပြစ်ကင်းတဲ့ ကလေးမလေးပါ။ မင်းကြောင့် မင်းအတွက်နဲ့ သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရခဲ့ဖူးတာ၊ အခု သူရခဲ့တဲ့ဒဏ်ရာက နှလုံးသားမှာကွ၊ ဒါဟာ သေရာပါပဲဆိုတာ . . . မင်းသိရင် သူနဲ့ မဆက်သွယ်ပါနဲ့တော့ . . . ဒါပဲ''

''ခဏ . . . ခဏလေးပါ ကိုကိုကြည်သာ၊ နေခြည် နားလည်ပါတယ်၊ ခုဟာက တာတာ့ကို နေခြည် စကားနည်းနည်းလောက် ပြောချင်တာပါ၊ နေခြည့်ကြောင့် သူခံစားနေရတဲ့ ဝေဒနာကို ပေါ့ပါးစေလိုတဲ့ဆန္ဒမျိုးကလွဲရင် တခြားဘာမှရှိမနေပါဘူး၊ နေခြည် သူ့ကို တောင်းပန်ခွင့်ရပါရစေ ကိုကိုကြည်သာ၊ ဒီတစ်ခါတည်းပါ . . . ဒီတစ်ခါတည်းပါ . . . နော်''

''မင်းကတိ မင်းတည်နော် . . . နေခြည်၊ ငါ့ညီမလေး တစ်ခုခုထပ်ဖြစ်တာနဲ့ ငါ့အကြောင်း မင်းသိစေရမယ်''

''စိတ်ချပါ ကိုကိုကြည်သာ၊ နေခြည် ကတိပေးပါတယ်''

ကြည်သာမောင် ညီမလေးအခန်းသို့ တက်လာခဲ့၏။ စေ့ထားသည့်တံခါးကို အသာဖွင့်ကြည့်မိတော့ မျက်နှာကြက်ကို ငေးကြည့်ရင်း ခုတင်ထက် လှဲနေသည့် တာတာ့ကိုတွေ့ရသည်။ အို . . . ညီမလေးရယ် ဒဏ်ရာတွေ၊ ဝေဒနာတွေကို ရင်နဲ့မမျှတအောင် ခံစားနေရပြီလား။ ကိုကိုသာ ယူပေးလို့ရရင် ယူလိုက်ချင်ပါရဲ့ တာတာရယ်။

တံခါးဖွင့်သံကြောင့် အကြည့်ကို အခန်းဝဘက် ရွှေ့လိုက်သည်။ ကိုကိုက အခန်းထဲဝင်လာရင်း သူမလက်ကလေးကို ဆုပ်





ကိုင်ထားလိုက်၏။

''တာတာ . . . ညီမလေး''

''ကိုကို . . . ဘာကိစ္စရှိလို့လဲ''

''သံယောဇဉ်ဆိုတာ အဖြတ်ရအခက်ဆုံး ကြိုးတစ်စတဲ့၊ ဟုတ်တော့လည်း ဟုတ်နေတာပဲ၊ ကိုကို ညီမလေးတို့ကြားမှာ ချည်နှောင်ထားတဲ့ကြိုးကို ဘယ်လိုမှ ဖြတ်တောက်ပစ်လို့ မရမှန်း ကိုကို သိသွားပါပြီ၊ ညီမလေး ကံကောင်းပါစေလေ''

''ဘာကိုလဲ . . . ကိုကို''

''သိချင်ရင် ဖုန်းကိုင်လိုက်ပါ တာတာ''

ကိုကိုက သူမ၏ဆံစလေးများကို သပ်တင်ပေးလိုက်ပြီး အခန်းထဲမှ ထွက်သွားတော့၏။-သူမ ဖုန်းကို ကောက်ကိုင်လိုက်ပါသည်။

''ဟယ်လို''

''တာတာလား . . . ငါ နေခြည်ပါဟဲ့ ရွှေခဲမရဲ့''

''ဟယ်''

''အေး . . . ငါ နင့်ကို တောင်းပန်ချင်လို့ ဖုန်းဆက်လိုက်တာပါ၊ တာတာ နင် တော်တော်ဝမ်းနည်းနေပြီလားဟင်၊ ငါ နင့်ကို စိတ်မဆိုးတော့ပါဘူး၊ ပြီးတော့ . . . နင့်ကို ငါ နားလည်တယ်၊ နင် ငါ့ကို စိတ်ခုနေလားဟင်၊ နင် ငါ့ကိုမေ့လိုက်ပြီလားလို့ ငါတွေးမိတိုင်း ဘယ်လိုမှ အိပ်လို့မပျော်ဘူး တာတာ၊ အဲဒါ နင်သိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"နေခြည် ... ငါလေ ... ငါ နင် ငါ့ကိုသိပ်မုန်းသွားပြီလို့ တွေးရင်း ဝမ်းနည်းနေမိတာ အမှန်ပါ၊ ငါ ဘယ်တုန်းကမှ နင့်ကို မမေ့ခဲ့ပါဘူး နေခြည်ရယ်"

"ငါသိပါတယ် ... ငါ သိနေပါတယ် တာတာရယ်"

"နေခြည် ... ပူစီလေး ... နင် ပိုင်နေပြန်ပြီလား"

"ငါ ... ငါ ဝမ်းသာပြီး မျက်ရည်ကျနေတာပါ တာတာ၊ ယုံပါဟယ် ... ငါလေ အိပ်မက်တစ်ခုကိုမက်ပြီး လွင့်မျောနေမိခဲ့တယ်၊ အခု ... ငါ အိပ်မက်က လန့်နိုးခဲ့ပါပြီ၊ ငါ နင့်ကို တကယ် တောင်းပန်ပါတယ် တာတာ၊ ငါ ပြောပြမယ် ... ငါတို့ သိပ်ကြိုက်ခဲ့တဲ့ မင်းသားတစ်ယောက်ကို နင် မှတ်မိလား"

"ဟင် ... နင့်စကားကြီးက ဘယ်ရောက်သွားတာလဲ"

"ငါပြောတာသာ နားထောင်ပါ၊ နင်နဲ့ငါနဲ့ အဲဒီနိုင်ငံခြား မင်းသားကို ပြိုင်ပြြင်းရင်း လုခဲ့ဖူးတယ်လေဟယ်"

"အင်း ... ထားပါတော့"

"အေး ... အဲဒီမင်းသားကို လက်တွေ့မှာ နင်ရော ငါရော ရနိုင်တာမှ မဟုတ်တဲ၊ အမိပ္ပာယ်မရှိ ငါတို့ စကားနိုင်လုခဲ့ကြတာလေ၊ ဒီလိုပဲ အခုလည်း အရူးအိပ်မက်တစ်ခုကို ငါမက်နေခဲ့တာပါ၊ ငါ သူ့ကို သိပ်ချစ်ခဲ့တယ်ဆိုတာတွေကို အိပ်မက်ထဲမှာပဲ ထားခဲ့လိုက်ပြီ၊ နင် နားလည်လား တာတာ"

"နေခြည် ... နင်"





"ဟုတ်တယ် တာတာ၊ တစ်ခါတလေတော့လည်း အချစ်ဆိုတာ ရယ်စရာကောင်းတဲ့ ပျက်လုံးတစ်ခုပါပဲဟာ၊ ငါ့ကြောင့် နင်တို့နှစ်ယောက် ကွဲကွာသွားတာကို ငါ မလိုလားဘူး၊ ငါပြောတာကို နင် သဘောပေါက်လား"

"ဘာတွေလဲဟယ်"

"ငါ လက်ထပ်တော့မယ် တာတာ"

"ဘာရယ်"

"ဟုတ်တယ် ... ငါ ဟိုတစ်ခါပြောခဲ့ဖူးတဲ့လူနဲ့ပဲ"

"နင် ... သူ့ကိုချစ်ရော ချစ်နိုင်လို့လား နေခြည်ရယ်၊ ငါ့ကြောင့်များ ... နင် သူ့ကို ရွဲ့ပြီး ရွေးလိုက်တာလား"

"ဟယ် ... ငါ ဒီလောက်ထိ အရူးထပါ့မလားဟဲ့၊ အတိတ်ဆိုတာ မေ့ကောင်းတဲ့အရာတစ်ခု မဟုတ်ပေမယ့် တစ်ခါတစ်ရံ တိုက်ဆိုင်မှုတစ်ခုခုကြောင့် ... ငါ သူ့ကို သတိရကောင်း ရမိမှာပါ၊ ဒါ ခဏတစ်ဖြုတ်ပါပဲ၊ ကြာတော့လည်း မေ့သွားမှာပါလေ"

"သေချာရဲ့လား နေခြည်ရယ်၊ နောက်ကြာ အိမ်ထောင်ရေးမှာ အဖုတွေ, အထစ်တွေနဲ့ ပြဿနာတွေဖြစ်မှာကို ... ငါ စိုးရိမ်တာ"

"မဖြစ်စေရပါဘူးဟယ်၊ တစ်ယောက်နဲ့တစ်ယောက် အပေး အယူမျှတာရင် အိမ်ထောင်ရေးသာယာမှာ သေချာပါတယ်၊ ပြီးတော့ ... သူက ငါ့ကို အရမ်းချစ်တယ်ဟဲ့"

"အမယ် ... မိန်းမ ဒါ ကြားရရောလား နားရှက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း ... ရှက်စရာလား တာတာရယ်၊ နင်လည်း အချစ်ကိုတွေ့ဖူးပြီပဲ ... သိတတ်ပေါ့"

"ငါ ... ငါ့အချစ်က ပျောက်ဆုံးနေပါပြီဟယ်"

"အချစ်စစ်မှန်ရင် နင်တို့နှစ်ယောက် တစ်နေ့နေ့မှာ ပြန်ဆုံကြမှာပါ တာတာရယ်၊ ငါ သိနေပါတယ်၊ သူ နင့်အပေါ် ဘယ်လောက်ထိ ချစ်သလဲဆိုတာကို ဘေးက ကြည့်နေရုံနဲ့ သိသာလွန်းပါတယ်။ နင် သိပ်ကံကောင်းတယ် တာတာ၊ ငါ သိပ်ဝမ်းသာတယ် သိလား။ နီးတကျက်ကျက် ဝေးတသက်သက်ခံစားမှုကို လောလောဆယ် နင်ခံထားဦးပေါ့၊ အချိန်တန်ရင် သူ ... နင့်အနားကို ရောက်လာမှာပဲ"

"ဟုတ်နိုင်ပါ့မလား နေခြည်ရယ်"

"ဪ ... ဟုတ်ပါတယ်ဆိုနေမှ ... မယုံရင် လောင်းကြေး စားကြေး"

"ဘာကြေးလောင်းမှာလဲ"

"ငါ့သားနဲ့ နင့်သမီးကို ပေးစားရမယ်"

"ဟယ် ... မိန်းမ ... ယောက်ျားတောင် မယူရသေးဘူး။ သားတွေ သမီးတွေ ထည့်ပြောနေပြီ၊ အရှက်ကိုမရှိဘူး"

"ဟင်း ... ဟင်း ... ဒီအသံကမှ တွယ်တာမောင့်အသံ စစ်စစ်၊ ကဲ ... နင့်စိတ်ထဲ ကြည်ကြည်လေးထားတော့နော်၊ ငါတို့ နှစ်ယောက်ကြားမှာ ဘာအကြောင်းမှ မရှိခဲ့ဘူး။ အိမ်ထောင်ကျ သား သမီးတွေရကြတဲ့အထိ အမြဲထာဝရ သူငယ်ချင်းတွေဖြစ်နေကြမယ် ... သဘောတူလား"





"အေးပါ ... အေးပါ ... တော်ပါပြီ၊ တကတည်း ဒီ့ထက် ဆက်ပြောနေရင် သားသမီးတွေမကဘူး မြေးတွေ၊ မြစ်တွေအထိ ရောက်ကုန်မယ်၊ ဒါပဲနော် ..."

"အေး ... ဒါပဲ"

သူမ ဖုန်းကို ပြန်ချလိုက်ပါ၏။ အချိန်တန်ရင် သားညီက သူမဘေးနားသို့ ရောက်လာမှာတဲ့ သေချာရဲ့လား။ တာတာ မယုံရဲဘူး သားညီ။ ဘာဖြစ်လို့လဲဆိုတော့ ... သားညီက သိပ်ကို မာနကြီးတဲ့ ယောက်ျားလေးတစ်ယောက် ဖြစ်နေလို့ပါပဲ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

ကိုကိုတို့ မင်္ဂလာသတင်းနှင့် နေခြည်မင်္ဂလာသတင်းတို့က သတင်းစာမှာ နှစ်ခုယှဉ်တွဲ၍ ပါတော့သည်။ သတင်းနှစ်ပုဒ်ကို ဖတ်နေရင်း ရင်ထဲမှာ ဝမ်းသာဝမ်းနည်းခံစားမှုကို တစ်ပြိုင်တည်း ခံစားနေရ၏။ ကိုကိုနှင့်မမတို့ ချောင်းသာကို တစ်ပတ် Honey Moon ထွက်သွား၍ သူမတစ်ယောက်တည်း ကျန်နေခဲ့တော့သည်။ စိတ်ပြေလက်ပျောက် ခေါ်ပါသော်လည်း မင်္ဂလာဦးဇနီးမောင်နှံတို့၏လွတ်လပ်ခွင့်ကို အနှောင့်အယှက်မပေးလိုပါ။

နေခြည်ကတော့ ပြောသည့်အတိုင်းပင် သူ့ဘဝလမ်းကို ရွေးချယ်သွားပေပြီ။ သူမမှာသာ . . . သူမမှာသာ . . . သူချန်ရစ်ထားခဲ့တဲ့နေရာမှာ တစ်နေ့ ပြန်လာနိုး ခပ်မှိန်မှိန်မျှော်လင့်ချက်လေးနဲ့





အသက်ဆက်ရှင်နေခဲ့တာပါ။ တစ်ယောက်တည်းဆိုမှ တာကယ့်ကို တစ်ယောက်တည်းပါပဲ။ တာတာ့နံဘေးမှာ ဘယ်သူမှ ရှိမနေခဲ့ပါဘူး သားညီ။ အချစ်ဆိုတာ ဥပေက္ခာတရားတဲ့လား။ သားညီ ဥပေက္ခာပြုထားခဲ့တဲ့နေရာမှာ တစ်စစီကွဲကြေနေတဲ့ နှလုံးသားနဲ့ ကောင်မလေးတစ်ယောက်ရှိနေတယ်ဆိုတာ သားညီ မသိချင်တော့ဘူးပေါ့နော်။

သားညီ မတွေ့ချင်တဲ့ တာတာ့ရဲ့မျက်ရည်တွေဟာ သားညီရှိမနေတော့ တာတာ့ရဲ့အဖော်မွန်တွေ ဖြစ်နေခဲ့ပါပြီ။ ရင်ထဲက ခံစားချက်တွေကို ပေါ့ပါးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဝတ္ထုတွေရေးဖြစ်တော့လည်း အလွမ်းအဆွေးအာတ်တွေပဲ ဖြစ်နေခဲ့တယ် သားညီ။ ဘယ်နေရာမှာလဲ၊ ဘယ်နေရာမှာ ရှိနိုင်မလဲ။ တာတာ့ကြောင့် ဘဝကို ရေစုန်မျှောလိုက်ပြီလား။ အခါအခွင့်သင့်တဲ့ တစ်နေ့မှာ သားညီကို သိပ်ချစ်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းကို ဖွင့်ပြောခွင့် ရချင်ပါတယ်။ ဒါ အမှန်တရားတစ်ခုပါ သားညီ။ တာတာ့ရင်ထဲက ဆန္ဒအမှန်တွေကို သားညီကို သိစေချင်ပါတယ်။ တကယ်ပါကွယ်။

တိတ်တခိုးရှူရှိုက်မိခဲ့ဖူးတဲ့ ကိုယ်သင်းရနံ့လေးကို ပြန်တမ်းတမိတယ်။ မတာပ်ပေးခဲ့ရတဲ့ ခပ်ဟဟ အပေါ်ဆုံး ကြယ်သီးလေးကို တပ်ပေးခွင့်ရချင်တယ်။ ရင်ခွင်မှာ နွဲ့မှီပြီး စည်းချက်ညီတဲ့ ရင်ခုန်သံတွေကို ရေတွက်ချင်တယ်။ နဖူးဆံစပေါ်ကို ရှူထုတ်ပေးခဲ့တဲ့ ပင်သက်နွေးနွေးလေးကို ခံစားချင်တယ်။ အရည်တို့ဖြင့် စိုလက်တောက်ပ ရွှန်းလဲ့နေတဲ့ အကြင်နာမျက်ဝန်းတို့ကို အပိုင်လိုချင်တယ်။ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ပြီး ပြုံးပြတဲ့ မထိတထိအပြုံးတို့ ခိုတွဲနေတဲ့ နှုတ်ခမ်းပါး လေးကို လွမ်းတယ်။ နေမကောင်းဖြစ်ခဲ့စဉ်က တယုတယပြုစုပေးခဲ့ တဲ့ ကြင်နာမှုတွေကို တသသအောက်မေ့နေမိတယ် . . . သြော် . . . သားညီရယ်။

ကွယ်ရာမှာ တမ်းတလွမ်းရတဲ့ အရသာက ရင်နဲ့တောင် မမျှတတော့ပါဘူး။ တစ်ဖက်ခြံကို လှမ်းကြည့်မိတိုင်း ကြီးမားတဲ့ အိမ်ကြီးကို မြင့်မားတဲ့ အုတ်တံတိုင်းကြီးက ကာရံထားလေပြီ။

သြော် . . . သားညီနဲ့ တာတာ့ကြားမှာလည်း မဟာတံတိုင်း ကြီး ကာဆီးထားခဲ့ပြီပေါ့နော်။

ရက်စက်တတ်ခဲ့ပြီပေါ့ . . . ဒီလိုရက်စက်တတ်ခဲ့အောင် သင်ပေးခဲ့တာ ဘယ်သူလဲ။ တာတာပဲ မဟုတ်ပါလား။ တရားခံဟာ တာတာပဲမို့ သေမိန့်သာ ပေးလိုက်ပါတော့လား သားညီရယ်။ ဒီဘဝမှာ ဆုံနိုင်ခွင့် မရနိုင်တော့ရင် နောက်ဘဝမှာပဲ ပြန်ဆုံကြပါစို့လား။

လောကကြီးထဲမှာ နေလို့မပျော်တော့တာတွေကို ဘယ်သူမှ မသိနိုင်တော့ပါဘူး။ ကြည့်လေရာမှာ သားညီရဲ့ပုံရိပ်တွေသာ ပြည့် နှက်နေခဲ့တာ အမှန်ပါ။ ညစဉ် အိပ်ဆေးသောက်မှ အိပ်လို့ပျော်ရတဲ့ အခိုက်မှာလည်း ကောင်မလေးဆိုပြီး သားညီဆိုခဲ့တဲ့ သီချင်းသံလေး ကို ကြားမိလို့ အိပ်ရာက လန့်နိုးခဲ့ရပေါင်း မနည်းခဲ့။

ချစ်သူကို ဆုံးရှုံးလိုက်ရပြီဆိုတဲ့အသိဟာ နောင်တများစွာနဲ့ တာတာ့ဘဝကို သင်ခန်းစာ ကောင်းကောင်းကြီးပေးခဲ့ပါပြီ သားညီ။





အနိုင်မယူတတ်ခဲ့ပါဘူး။ သားညီနဲ့တွေ့မှ နိုင်ချင်ခဲ့တယ်။ သားညီနဲ့မှ ပဲ စကားများ စိတ်ကောက်ချင်တယ်။ သားညီနဲ့ကျမှပဲ စကားမပြော ဘဲ မျက်စောင်းထိုးတတ်ခဲ့တယ်။ သားညီနဲ့တွေ့မှပဲ ရင်ခုန်သံ မြန် နေတတ်ခဲ့တယ်လေ။

သေချာပါတယ်။ တွယ်တာမောင်ဆိုတာ သားညီရဲ့ဘဝမှာ ဆူးခြောင့်ခလုတ်လေးလို သားညီရဲ့နှလုံးသားကို အနာတရဖြစ်စေ ခဲ့တာမို့ သားညီမုန်းတဲ့ အမုန်းဒဏ်တွေကို ခံနိုင်ရည်ရှိအောင် ကြိုး စားပြီး တစ်နေ့နေ့ ပြန်ဆုံချိန်မှာ ပြောချင်ခဲ့တဲ့ စကားတစ်ခွန်းကို ပြောခွင့်ရခဲ့ရင် တာတာ ကျေနပ်ပါပြီ သားညီရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တစ်နှစ်ခန့်ကြာသော . . .

ကောင်ကလေးရေ ...

မင်းသာရှိနေရင် ...

ငါ့ဘဝမှာ

သာယာမွှေးမြိန်တဲ့ တေးသံတွေ သီမိမယ် ...

မင်းသာရှိနေရင် ...

ငါ့ဘဝမှာ

အနှစ်သာရပြည့်ဝတဲ့ စာသားလေးတွေ ရေးမိမယ်

မင်းသာရှိနေရင် ...

ငါ့ဘဝမှာ

အလှပဆုံး အိပ်မက်တွေသာ မက်လိမ့်မယ် –

မင်းသာရှိနေရင် ...

ငါ့ဘဝမှာ

အမွှေးမြိန်ဆုံး အပြုံးတွေသာ ပြုံးလိမ့်မယ် –

မင်းသာရှိနေရင် ...

ငါ့ဘဝမှာ

ကြင်နာတဲ့မျက်ဝန်းတွေသာ မြင်ရမယ် –

www.burmeseclassic.com

www.burmeseclassic.com

မင်းသာရှိနေရင် ...
ငါ့ဘဝမှာ
အလိုဆန္ဒမှန်သမျှ ပြည့်ဝနေလိမ့်မယ် ...
မင်းသာရှိနေရင် ...
ငါ့ဘဝမှာ
ငြိမ်းပြည့်စုံတဲ့ ဘဝအဓိပ္ပာယ်ကို ရလိမ့်မယ်...
မင်းသာရှိနေရင် ...
ငါ့ဘဝမှာ
နေပျော်စရာကောင်းတဲ့ မိမ္မာန်တစ်ခုကိုရလိမ့်မယ်
မင်းသာရှိနေရင် ...
ငါ့ဘဝမှာ
စည်းချက်ညီတဲ့ ရင်ခုန်သံတွေကို ကြားရမယ် ...

မင်းသာရှိနေရင် ...
မင်းသာရှိနေရင်ပေါ့ ...
ကောင်လေးရယ် ...



# အခန်း (၂၂)

ကျူရှင်မှ ပြန်လာသည့် မမက သူမလက်ထဲသို့ CD တစ်ချပ်လာထည့်ပေးလာ၏။ နားမလည်သည့်မျက်ဝန်းတို့ဖြင့် သူမ မော့ကြည့်မိတော့ ခပ်ပြုံးပြုံးမျက်နှာဖြင့် သူမကို ပြန်ကြည့်နေသည်။

"ဒါ ... ဘာလဲဟင် မမ"

"ဖွင့်ပြီး နားထောင်ကြည့်ရင် သိမှာပေါ့ ညီမလေးရယ်"

"တာတာ သီချင်းတွေ နားမထောင်ဖြစ်တာ တော်တော်ကြာနေပြီလေ ... မမရဲ့"

"ဒီ CD ကတော့ ... တာတာ သိပ်နားထောင်ချင်တဲ့ CD ဖြစ်နေမှာပါ၊ ကဲ .. အခန်းထဲ အေးအေးဆေးဆေးသွားနားထောင်ချည်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဟုတ်လို့လား"

"အပြည့်အဝအောမခံတယ်... စိတ်ချ"

သူမ ဇဝေဇဝါဖြင့်ပင် အပေါ်ထပ်သို့ တက်ခဲ့ပြီး အိပ်ခန်းထဲ ဝင်လာခဲ့၏။ CD ကို စက်ထဲထည့်ရန် အသံကို မတိုးမကျယ်လေး ညှိလိုက်ပါသည်။ တိတ်ဆိတ်နေသည့် အခန်းထဲမှ အသံခပ်တိုးတိုးလေး ပေါ်ထွက်လာပါတော့၏။

"မင်္ဂလာပါ ခင်ဗျား... ကျွန်တော် ညီလေးညှိပါ၊ ပရိသတ်အားလုံးကို လေးစားပါတယ်၊ သီချင်းတွေ မဆိုပြခင်မှာ ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပြုပါ၊ ကျွန်တော့်ဘဝမှာ ကျွန်တော့်အချစ်ဆုံး မိန်းကလေးတစ်ယောက် ... ရှိခဲ့ပါတယ်၊ ကျွန်တော် သူ့ကို သိပ်ချစ်တယ်၊ ဒါဟာ ဘယ်တော့မှ ပြောင်းလဲမသွားမယ့် စကားတစ်ခွန်းပါပဲ၊ ကျွန်တော့်နှလုံးသားမှာ ပထမ ခပ်ပါးပါးလေး ဒဏ်ရာရခဲ့တယ်၊ နောက်ထပ်တစ်ခါ ... သူက ကျွန်တော့်နှလုံးသားကို ဟက်တက်ကွဲအောင် ခွဲရက်ခဲ့တယ်၊ ဒါကြောင့် ဒီစီးရီးကို နှလုံးသားရဲ့ ထပ်ဆင့်ဒဏ်ရာလို့ ကျွန်တော် ရွေးခဲ့တာပါ၊ ကျွန်တော့်ရင်ကို ခွဲကြည့်လိုက်ပါ ... သူ့ကိုချစ်တဲ့ ချစ်ခြင်းတွေက အပြည့်ရှိနေတာ တွေ့ရပါလိမ့်မယ်၊ သူ ဘယ်လောက်ပဲ ရက်စက်ပေမယ့် ... သူ ဘယ်ထိပဲ မုန်းရက်ခဲ့ပေမယ့် သူ့အပေါ်မှာထားရှိတဲ့ ကျွန်တော့်ရဲ့ချစ်ခြင်းတွေက မလျော့ပါး မပျောက်ပျက်ခဲ့ပါဘူး၊ ကျွန်တော် သူ့ကို သိပ်ချစ်တယ် ... ဒါကို သူသိအောင် ပြောပြချင်တာပါ"





စကားပြောသံနောက်မှာတော့ ဂေါင်မလေးတစ်ယောက် နှင့်ပတ်သက်သည့် လေးနက်သည့်စာသားတို့ဖြင့် သီချင်းသံစဉ်တို့ ထွက်ပေါ်လာပါတော့သည်။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား သားညီရယ်။ တာတာ့ကြောင့် စိတ်လေပြီး ဘဝကို ရေစုန်မျှောလိုက်ပြီလို့ ထင်ခဲ့တာတွေ မှားနေပါရောလား။ တာတာ သားညီကို မမုန်းပါဘူး ... ဘယ်တော့မှ မမုန်းပါဘူး။ နောင်သံသရာအဆက်ဆက် ချစ်သွားမယ့်သူပါ သားညီရယ်။ သီချင်းသံစဉ်တွေထဲ နစ်မျောနေရင်း မျက်ရည်တို့က တစိမ့်စိမ့် စီးကျနေခဲ့သည်။

"တာတာ ... ညီမလေး"

"ကိုကို"

အခန်းထဲဝင်လာသည့် ကိုကို့ရင်ခွင်ထဲသို့ နိုဝင်ရင်းက သူမ ငိုရှိုက်ချလိုက်၏။ ကိုကိုက အလိုက်သင့်တွေးမွေ့ရင်း ကျောပြင်လေးကို ခပ်ဖွဖွ ပွတ်သပ်ပေးပါသည်။

"ငိုရတာ ပင်ပန်းလှပြီ ညီမလေးရယ် ... ပြန်ထိုင်ကြစို့၊ ကိုကို ညီမလေးကို ပြောစရာတွေ ရှိနေတယ်၊ ပြီးတော့ ပြစရာလည်း ရှိတယ်"

သူမ မျက်ရည်တို့ကို သုတ်လျက် ခုတင်ပေါ် ပြန်ထိုင်ချလိုက်ပါ၏။ ကိုကိုက သူ့အသံ ထွက်ပေါ်နေသည့် စက်ကို ပိတ်လိုက်ကာ ကုလားထိုင်ပေါ် ထိုင်လိုက်သည်။

"လွမ်းတာလည်း လွမ်း၊ ဆွေးတာလည်း ဆွေးပေါ့ ညီမ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးရယ်၊ ဒီလိုချည်း . . . တမှိုင်မှိုင် တဓေ့တွေတွေဖြစ်နေတာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ ကိုကို့ညီမလေးကို ဟိုး . . . အရင်တုန်းကလို ပျော်ပျော်ရွှင်ရွှင် ပြုံးရယ်နေတဲ့မျက်နှာလေးနဲ့ပဲ မြင်ချင်တာ၊ စာတွေရေးတာလည်း ခါတိုင်း နှစ်လတစ်အုပ် သုံးလတစ်အုပ်ရေးခဲ့တာ အခုတော့ ကြည့်ပါဦး . . . လေးငါးလမှ တစ်အုပ်ဖြစ်နေပြီ၊ ဦးနိုင်ကို အရမ်းအားနာဖို့ ကောင်းနေပြီ၊ သူ့ခမျာလည်း တာတာ့အကြောင်း အစအဆုံးသိထားလို့ ဘာမှမပြောရက်တာ၊ တာတာရေးသမျှကို ပရိသတ် စောင့်မျှော်နေတာကိုအသိပဲ၊ သူလည်း စီးပွားဖြစ်အောင် ပရိသတ်လည်း စိတ်ကျေနပ်မှုရှိအောင် လုပ်ပေးသင့်တာပေါ့၊ ခံစားချက်ကိုပဲ ဦးစားပေး အလေးထားနေရင် ကြာလာတာနဲ့အမျှ စာပေလောကမှာ 'မောင်' ဆိုတဲ့ ကလောင်အမည်ဟာ မှုန်ဝါးပျောက်ကွယ်သွားမှာအမှန်ပဲ၊ တခြားလူမကြည့်နဲ့ . . . ညီ့ကိုပဲ ကြည့်၊ ညီမလေးအတွက် သူခံစားနေရပေမယ့် သူ့အလုပ်ကိုသူ ဆက်လုပ်ဖြစ်တယ်၊ ပရိသတ်အတွက် တစ်နှစ်ကို တစ်ခွေတော့ ရအောင်လုပ်ပေးတယ်၊ သူ့ရည်မှန်းချက်ကို အပျောက်မခံဘူး၊ အပွန်းအပဲ့မခံဘူး၊ အဲဒါကို . . . အနုပညာသမားစစ်စစ်လို့ခေါ်တာ၊ အနုပညာသမားဆိုတာ အသက်သေဆုံးတဲ့အထိ အနုပညာအလုပ်ကို လုပ်သွားရတာ၊ အေး . . . သူတို့တွေ လူသာသေသွားပေမယ့် သူတို့လုပ်ပေးခဲ့တဲ့ အနုပညာတွေကတော့ ဘယ်တော့မှ မသေဆုံးဘူး၊ မပျောက်ပျက်ဘူး၊ နာမည်တစ်ခုဟာ မသေဆုံးဘဲ အမြဲကျန်နေခဲ့တယ်၊ ကွယ်လွန်သွားပြီဖြစ်





တဲ့ အနုပညာရှင်တွေအမည်ကို တာတာ သိနေတာပဲ မဟုတ်လား၊ လူဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းဆိုတဲ့ မှတ်တိုင်နှစ်ခုကြားမှာ အတက်အကျ အပြောင်းအလဲတွေနဲ့အတူ အမှတ်တရမှတ်တိုင်လေးတွေပါ ထပ်စိုက်နိုင်ခဲ့ဖို့လိုတယ်၊ ဒါကို ညီမလေးရဲ့နှလုံးသားထဲမှာ စွဲမြဲနေအောင် မှတ်ထားနိုင်ရင် ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာကို သိလာမှာပါ''

''တာတာ နားလည်ပါတယ် ကိုကို၊ တာတာ အချိန်တွေကို အလဟဿဖြုန်းတီးမိခဲ့တာ ခွင့်လွှတ်ပါ၊ မနက်ဖြန်ကစပြီး ထွယ်တာမောင့်ကို ဟိုး . . . အရင်တုန်းကလိုပုံစံအတိုင်း ပြန်မြင်ရပါစေမယ်လို့ ကိုကို့ကို တာတာ ကတိပေးပါတယ်''

''ဝမ်းသာပါတယ် ညီမလေးရယ်၊ ကိုကို တကယ်ဝမ်းသာ ကြည်နူးမိတာပါ၊ ကိုကို့ညီမလေးကို တွေဝေမှိုင်ငေးနေတဲ့ပုံစံလေးနဲ့ မြင်ရတာ စိတ်မချမ်းသာဘူး၊ ရော့ . . . ဒီမှာ တာတာ့ကို ပြချင်တဲ့ စာစောင် . . . ကိုကို ဝယ်လာခဲ့တယ်''

ခွန်မ ကိုကို လက်ထဲထည့်ပေးသွားသည့်စာစောင်ကို ကြည့်စဉ် ရှေ့ဆုံးစာမျက်နှာခေါင်းစည်း၌ စာလုံးအကြီးဖြင့် ဖော်ပြထားသည့် စာတန်းကို မြင်တွေ့ရလေသည်။

**''အဆိုတော် ညီလေးညို ပရိသတ်ရှေ့မှောက်မှာ ရင်ဖွင့်ရင်း သီချင်းတွေ ဆိုတော့မည်။ သူ ခံစားနေရသော နှလုံးသားရဲ့ ထပ်ဆင့်ဒဏ်ရာကို ဝေမျှခံစားပေးကြပါလျှင်**



www.burmeseclassic.com

www.burmeseclassic.com



**MCC ခန်းမဆီသို့ လှမ်းလာခဲ့ကြပါ"**

ဘုရားရေ ...။ သူ ... သူဟာ တာတာ့ကို မမြင်မတွေ့ချင်တော့ပေမယ့် ... သူချစ်တဲ့ပရိသတ်ကိုတော့ မျက်နှာချင်းဆိုင်တွေ့ဆုံခွင့်ပေးနေပါရောလား။ အို ... သားညီရယ်။

တယ်လီဖုန်းခလုတ်တို့ကို နှိပ်လိုက်၏။ တတူတူနှင့် တောက်လျှောက်မြည်နေသဖြင့် အိမ်ဖုန်းကို ထပ်နှိပ်ရပြန်သည်။

"ဟယ်လို"

"ဟယ်လို ... အန်တီနွယ်လား။ ဦးနိုင် ရှိလားဟင်၊ သမီး တာတာပါ"

"ဩော် ... တာတာလား။ ဦးနိုင် ထမင်းစားနေတယ် သမီးရဲ့၊ ဘာကိစ္စရှိလို့လဲ သမီး"

"သမီး ... အရေးကြီးလို့ပါ အန်တီ၊ ဦးနိုင်နဲ့ပဲ ပြောချင်ပါတယ်"

"ဒါဆို ... ခဏနော် သမီး၊ အန်တီ ခေါ်ပေးမယ်"

ခဏမျှကြာပြီးနောက် ဦးနိုင် ဖုန်းလာကိုင်တော့သည်။ ထမင်းစားပျက်သွားရသည့် ဦးနိုင်ကို အားနာပေမယ့် စိတ်က စောနေသည်မို့ ဘယ်လိုမှထိန်းမရ။

"တာတာလား ... ပြောသမီး"

"ဦးနိုင် ... သူ ... သူ ရှိုးလုပ်တယ်တဲ့"

"အေး ... ငါသိတယ်လေ၊ အားလုံးခုနစ်ယောက် စုပြီးလုပ်တာ၊ ယောက်ျားလေးတွေချည်းပဲ၊ ရက်ပဲ ကပ်နေပြီဟာ"





"ဦးနိုင် ... ဟိုလေ လက်မှတ် မရနိုင်တော့ဘူးလားဟင်"

"လက်မှတ်က ကုန်တာကြာပြီ သမီးရဲ့၊ ကြိုမှမပြောထားတာကိုး၊ အစောကြီးကတည်းက ရောင်းတာ ... ခု ဘယ်ရှိတော့မှာလဲ"

"ဒါဖြင့် ... သူ့ပွဲကို တာတာ မကြည့်ရတော့ဘူးပေါ့"

"ဦးနိုင်လည်း မတတ်နိုင်တော့ဘူး သမီးရယ်၊ နာမည်ကြီးတွေ ပါ,ပါတော့ တစ်လအတွင်းပဲ လက်မှတ်ရောင်းထွက်သွားတာ၊ အိမ်က သမီးတောင် မကြည့်ရတော့ဘူးဆိုလို့ နောက်တစ်ပွဲကျရင် ဝယ်ပေးပါ့မယ် ... ချော့ပြောထားရတယ်"

"ဩော် ...,ဒါဖြင့်လည်း နေပါစေတော့ ဦးနိုင်ရယ်"

"ဒါဆို ... ဦးနိုင် ဖုန်းချလိုက်ပြီနော်"

"ဟုတ်ကဲ့"

လူက အင်အားမရှိတော့သလို ပျော့ခွေလျက် ထိုင်ခုံပေါ် ထိုင်ချလိုက်၏။ တိတ်တိတ်လေး လာခိုးကြည့်ခွင့်တောင် မရတော့ပါလား သားညီရယ်။ သားညီ မမြင်မတွေ့အောင် သားညီမျက်နှာလေးကို ခဏလေး မြင်ရရုံနဲ့ တာတာ ကျေနပ်ပါတယ်။ ကံကြမ္မာက ဤဘဝဤမျှသာပါပဲလား သားညီရယ်။

"တူ ... တူ"

ဖုန်းသံကြောင့် တစ်ချက်လန့်သွားပြီး ကောက်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ရယ်မောသံတွေဆူညံရင်း ဘာသံမှ သဲသဲကွဲကွဲ မကြားရ။

"ဟယ်လို"

"ဟယ်လို ... တာတာလား"

"ဟုတ်တယ်"

"ငါ ... ဖေယျပါ"

"ဖေယျ"

"အေး ... ငါတို့ မနက်ဖြန်ည ရှိုးပွဲသွားကြည့်မလို့ အဲဒါ နင် လိုက်မှာလား။ နင့်အစ်ကိုတော့ ငါတို့ခွင့်တောင်းပေးပါ့မယ်"

"ရှိုးပွဲ ... ဘယ်သူ့ရှိုးပွဲလဲ"

"ဟာ ... နင် တော်တော်ပိန်းတာပဲ၊ Seven Star Memory Show လေ"

"ဘာရယ် ... ဒီပွဲ ... ဒီပွဲလား။ ငါ လက်မှတ်မရလို့ စိတ်ညစ်နေတာ"

"ညစ်မနေနဲ့။ ငါတို့ သူ့ဆီက လက်ဆောင်ရထားတာ၊ နင် လိုက်မယ်ဆို အဆင်သင့်ပြင်ထား။ ည ၉ နာရီ စမှာနော်"

"အေး ... အေး ... ကျေးဇူးတင်လိုက်တာ ဖေယျရယ်၊ တကယ်ပါ ... ငါ ဝမ်းသာလိုက်တာ"

"လျှော့ထားပါဦးဟာ ... နောက် ဒီထက်မက ပျော်စရာတွေ ကျန်သေးတယ်၊ ကဲ ... ဒါပဲနော်"

❃ ❃ ❃



## အခန်း (၂၃)

ပရိသတ်က ကျိတ်ကျိတ်တိုးစည်ကားနေ၏။ လူတွေထဲ ရောယောင်ရင်းဝင်ခဲ့တော့ ဖေယျကောင်မလေးစန္ဒီက သူမလက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားသဖြင့် သုံးယောက်ပူးတွဲကြီး ဖြစ်နေသည်။

"ဟီ ဟီ ... မတာတာ ဒီလိုဝတ်ထားတော့ သူ ဘယ်မှတ်မိတော့မှာလဲ"

"ဘာဖြစ်လဲ ... သူ့မသိအောင် လာပါတယ်ဆိုမှပဲ ဒီဒီရဲ့"

"တော်စမ်းပါ တာတာရာ ... နင် ဘယ်လောက်ပဲ ရုပ်ဖျက်ဖျက် သူက နင့်အရိပ်လေးမြင်တာနဲ့ သိမှာပဲ"

"ရှူး ... တိုးတိုးပြောပါ ဖေယျရဲ့၊ ငါ့ရဲ့လျှို့ဝှက်ချက်ကြီး လူတွေအကုန်သိကုန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဝတ်ကျေမဟုတ်သည့် ဂျင်းဘောင်းဘီကို ဆွဲချလိုက်ပြန်တင်လိုက်ဖြင့် ရှုပ်နေပြီး နေကာမျက်မှန်တပ်ထားသည့် မျက်နှာကို ခေါင်းစွပ်ဆွယ်တာအဝါကလေးဖြင့် အုပ်ထားပါ၏။ ဆောင်းတွင်းမို့ ချမ်းသည်ကို အကြောင်းပြဝတ်ခဲ့သော်လည်း ခုန်ပေါက်ပျော်မြူးကြမည့်သူတွေမို့ သူမလို ဘယ်သူမှဝတ်မလာကြ။ အများအားဖြင့် အဖြူ အနီ အပြာနှင့် အနက်တွေသာ ဝတ်လာကြသည်မို့ သူမ ဝတ်ထားသည့်အဝါရောင်က ထင်းနေ၏။ ဒုက္ခပါပဲ။ မသိစေချင်ဘူးဆိုမှ လူပုံအလယ် ထင်းနေရတယ်လို့။

ဘေးဘက်ထောင့်နားဆီမှ နေရာယူ ရပ်လိုက်စဉ် တက်သစ်စအဆိုတော်လေးဖြင့် Show ကို စဖွင့်၏။ အနေတော်သီချင်းများ သုံးလေးပုဒ်ဆိုအပြီးမှာ နာမည်ကြီးအဆိုတော်က ခုန်ပေါက်ရမည့် သီချင်းကို ငါးပုဒ်ခန့် သီဆိုပေးသွားသည်။ ဇေယျနှင့်စန္ဒီက လိုက်လံခုန်ပေါက်နေကြ၏။ လက်မှတ်ငါးစောင်ရသည်ကို ကျန်နှစ်စောင်က ယောက်ျားလေးနှစ်ယောက်ရသွားပြီး သူမအတွက် တစ်စောင်ထားပေးထားသည်မို့ ဇေယျကို ကျေးဇူးတင်လို့မဆုံးတော့။ ဇေယျရယ် … နင် သူငယ်ချင်းကောင်း ပီသပါပေတယ်။ တကယ်ပါ။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဆက်လက်ပြီး ဖျော်ဖြေဖို့ အလှည့်ကျတဲ့တေးသံရှင်ကတော့ နှလုံးသားမှာ ဒဏ်ရာရနေတဲ့ ညီလေးညိုပြါ"

"ဟေး"





ပြုံးအော်လိုက်သည့်အသံတို့ကြောင့် သူမနားကို ပိတ်လိုက်ရ၏။ ဘုရားရေ … သူ့အလှည့်တောင် ရောက်လာပါရောလား။ သူက အနောက်ဘက်တစ်နေရာမှ စင်ပေါ်တက်လာခဲ့၏။ အနည်းငယ်ရှည်နေသည့် ဆံပင်များနှင့် အဖြူရောင်တီရှပ်ကို ဂျင်းဘောင်းဘီဖြင့် ခပ်ရိုးရိုးပင် ဝတ်ထားပါသည်။ ပရိသတ်ကို ဝေ့ဝဲကြည့်လိုက်ပြီး ဦးညွှတ်ပြလိုက်၏။

"အားလုံးမင်္ဂလာပါ … ကျွန်တော် ညီလေးညိုပါ၊ ကျွန်တော် သီချင်းမဆိုခင် ကျွန်တော်ချစ်တဲ့ … ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်ကြီးကို ရင်ဖွင့်ပြချင်ပါတယ်"

"ပြောပါ … ပြောပါ"

"ကျွန်တော့်ဘဝမှာ ကျွန်တော်သိပ်ချစ်တဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့ပါတယ်၊ ကျွန်တော် သူ့ကို သိပ်ချစ်ခဲ့တာပါ၊ ဒါပေမဲ့ … သူက ကျွန်တော့်ကို ဒဏ်ရာတွေပေးခဲ့တယ်၊ ကျွန်တော့်ကို သူ ရက်စက်ခဲ့ပေမယ့် ကျွန်တော်ကတော့ သူ့ကို ချစ်သွားမှာပါပဲ၊ သူ့ကို တွေ့ရင် ပြောပေးပါဗျာ …၊ ကျွန်တော် သူ့ကို သိပ်ချစ်ပါတယ်လို့"

"ဘယ်သူလဲ … ပြောပါ ညီလေးညို … ပြောပါ"

သူက ပြောနေရင်း စင်ပေါ်မှာ ဒူးထောက်၍ ထိုင်ချလိုက်၏။ ပရိသတ်က ဆူညံနေရာမှ ငြိမ်သက်သွားသည်။ သူ့မျက်ဝန်းမှ မျက်ရည်တို့ ပေါက်ခနဲကြွေကျလာတော့၏။

"တွယ်တာ …၊ ကိုယ် မင်းကို သိပ် … ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



Intro က စတင်ဝင်လာ၏။ စီးရီး Title သီချင်း . . . **‘နှလုံးသားရဲ့ ထပ်ဆင့်ဒဏ်ရာ’** တုန်ယင်နေသည့် ရှိုက်သံဖြင့် သူ သီချင်းကို စတင်ဆိုတော့ ပရိသတ်က လက်မြှောက်၍ ဘယ်ညာ ယိမ်းလျက် အလိုက်သင့်လေး ကနေကြသည်။

သူမမျက်ဝန်းမှ မျက်ရည်တို့ အလိုလိုကျလာ၏။ သားညီ့ တာတာ့ကို ခွင့်လွှတ်ပါကွယ်။ တာတာ့ကြောင့် သားညီမျက်ရည်ကျ နေတာကို တာတာ မကြည့်ရက်ပါဘူး။ ခုဆိုရင် သားညီဟာ ပရိသတ် ရင်ထဲက အဆိုရှင်တစ်ဦး ဖြစ်နေပါပြီ။ တာတာ့လို အညာတရစာရေး သူလေးကို သားညီမေ့လိုက်တာ အကောင်းဆုံးပါပဲကွယ်။

သူမ၊ ဖေယျနှင့် စန္ဒီ့နောက်မှ အသာတိုးထွက်လာခဲ့၏။ လူအုပ်ကို ဘယ်လိုမှတိုး၍မရ။ တဖြည်းဖြည်းနှင့် လူအုပ်ကြားထဲ ရောသွားကာ ထွက်ပေါက်ပျောက်နေတော့သည်။ သူ့သီချင်းသံအဆုံး မှာ ပရိသတ်လက်ခုပ်သံက ဆူညံနေ၏။ နောက်တစ်ပုဒ် ဆက်ဆိုရန် ခဏတိတ်သွားချိန်၌ ဖေယျ၏အသံထွက်လာ၏။

“တာတာ . . . တာတာ့ ဘယ်ရောက်သွားလဲ တာတာ”

ကျွတ်စီကျွတ်စီအသံတို့က ဟိုဒီနေရာအနှံ့မှ ထွက်ပေါ်၏။ သူမရင်တွေ တုန်ခါဆောင့်ခုန်လာသည်။ ဘုရား . . . ဘုရား သူသိ သွားလို့ မဖြစ်လို့ပါ။ သူမြင်သွားလို့ မဖြစ်လို့ပါရှင်။

“တာတာတဲ့ . . . ညီလေးညို . . . ညီလေးညိုရဲ့တွယ်တာ ဒီမှာ ရှိနေတယ်”





“ဗျာ”

ဖေယျ၏လက်တစ်ဖက်က သူမလက်ကို ဆတ်ခနဲ ဆောင့် ဆွဲသွား၏။ အုတ်ရောရော ကျောက်ရောရော လူအုပ်ထဲမှ ရှေ့ဆုံးသို့ ရောက်လာတော့သည်။ သူက စင်ပေါ်ရပ်နေရာမှ ရှေ့သို့ရွှေ့လာခဲ့၏။ တွယ်တာ သူ့ရဲ့တာတာအစစ်ဖြစ်နေပါရောလား။ သူ ဒူးထောက်၍ သူမထံ လက်ကမ်းပေးလိုက်ပါသည်။

“သားညီ . . . တာတာ သားညီကို သိပ်ချစ်ပါတယ်”

“ဟေး”

သူ့လက်ထဲရှိ မိုက်မှတစ်ဆင့် တာတာ့အသံလေး ထွက်သွား ရသဖြင့် ပရိသတ်က ထိန်းမရအောင် အော်ဟစ်လိုက်ကြသည်။ သူ တအံ့တသြမျက်နှာဖြင့် သူမကို ငုံ့ကြည့်နေဆဲ။ တီးဝိုင်းက နောက် တစ်ပုဒ်ကို စတီးနေလေပြီ။ ဒုက္ခပါပဲ။ သုံးပုဒ်ပြီးအောင် ဆိုရမှာ၊ ခုမှ တစ်ပုဒ်ပဲပြီးသေးတာမို့ သူ ဘာမှမလုပ်တတ်ဘဲ ပျာယာခတ်နေ တော့သည်။ သီချင်းအစကို ပရိသတ်က စတင်ဆိုပြလိုက်တော့ နောက်ထပ်စာကြောင်းများကို သူဆက်ဆိုနေရ၏။

သူ့မျက်စိအောက်မှ အဝါရောင်အရိပ်လေး တရွေ့ရွေ့ ထွက် ခွာသွားပါရောလား။ တာတာ . . . ကိုယ့်ကို အိပ်မက်တွေ ထပ်ပေးပြီး မနှိပ်စက်ပါနဲ့လားကွယ်။ ခန်းမထဲမှာတော့ တီးလုံးသံ၊ သီချင်းသံ၊ ပရိသတ်အသံတို့ ဆူညံနေဆဲ။

❀



www.burmeseclassic.com

www.burmeseclassic.com



လသာဆောင်မှာ ရပ်နေရင်း ကောင်းကင်ကို မော့ကြည့်နေမိသည်။ တိမ်အချို့ကွယ်ထားမှုကြောင့် လရောင်က မှုန်ပျပျ။ အေးစိမ့်သည့် လေချိုတို့က တဖြူးဖြူးတိုက်ခတ်လာ၏။ စည်းနှောင်ထားခြင်းမရှိသည့် ကျောလယ်ခန့် ဆံနွယ်တို့က လေနှင့်အတူ လွင့်ပါသွားရသည်။ ဝတ်ထားသည့် အဖြူရောင်ဆွယ်တာလေးကို ရင်ဘတ်ဆွဲစေ့လိုက်၏။

ဝန်းကျင်တစ်ခွင်မှာ မှောင်နှင့်မည်းမည်း။ အိမ်ထဲရော ပတ်ဝန်းကျင်တစ်ဝိုက်ပါ မီးထွန်းညှိခြင်းမရှိဘဲ မှောင်ပိန်းနေ၏။ အဝေးမှ သံချောင်းခေါက်သံ (၁၂) ချက်ကို ကြားလိုက်ရသည်။ ဪ . . . (၁၂) နာရီတောင် ထိုးပါရောလား။ အခုဆို သူ ခန်းမထဲမှာပဲ သီချင်းတွေ အားရအောင်သီဆိုနေမှာပဲပေါ့။

မျက်ရည်တစ်စက်က ညာဘက်ပါးပြင်ပေါ် ခုန်ဆင်းချလာ၏။ ရှိုက်သံသဲ့သဲ့က လေထဲမှာ ဝဲပျံ့သွားရသည်။ ကျေနပ်ပါတော့ သားညီရယ်။ သားညီ သိပ်ကြားချင်ခဲ့တဲ့ စကားတစ်ခွန်းကို တာတာ ပြောခွင့်ရခဲ့ပါပြီ။ တာတာ ကျေနပ်ပါတယ်။ သားညီအပေါ်မှာ ထားရှိတဲ့ တာတာ့ချစ်ခြင်းတွေက အတ္တကင်းစင်ပါတယ်ကွယ်။

သားညီလိုအပ်လာချိန်မှာ ဖြည့်ဆည်းပေးခွင့်၊ သားညီ ဝမ်းနည်းနေချိန်မှာ နှစ်သိမ့်ပေးခွင့်ကိုပဲ တာတာ ရချင်ခဲ့တာပါ။ သားညီ လေိုချင်တော့တဲ့တစ်နေ့မှာ သားညီနဲ့ အဝေးဆုံးတစ်နေရာမှာ





သားညီကို လွမ်းဆွတ်တမ်းတနေရင်းနဲ့ တာတာ နေတတ်နေပါပြီ။

ယုံကြည်စေချင်ပါတယ် သားညီ။ တာတာဟာ အသက်ရှင်နေလျက် ဘဝမှာတောင် သားညီအတွက် အဖြည့်ခံလေးပဲဖြစ်ရပါစေရဲ့။ သားညီရဲ့အင်္ကျီရင်ဘတ်က ကြယ်သီးကလေးလို နှလုံးသားနဲ့ အနီးဆုံးမှာ နေခွင့်လေးသာ ရချင်ခဲ့တာပါ။

ဒါပေမဲ့ သားညီရယ် . . . တာတာဆိုတာ သားညီနဲ့ မသက်ဆိုင်တော့ပါဘူး။ သားညီကို ပိုင်ဆိုင်ခွင့်မရှိတော့တဲ့ ဘဝမှာ အတိတ်က ဖြစ်စဉ်တွေကို ပြန်တွေးအောက်မေ့ပြီး လွမ်းဆွေးနေပါရစေ။ ဒီအခွင့်ကလေးတစ်ခုကိုတော့ တာတာ့ကို ပိုင်ဆိုင်ခွင့်ပေးပါနော်။

တွယ်တာမောင်ဆိုတာ သားညီရဲ့ဘဝမှာ အချစ်ဆုံးဖြစ်ခဲ့တယ်ဆိုတဲ့စကားကို ပရိသတ်အလယ်မှာ ထုတ်ဖော်ပြောပြနေရင်းနဲ့ သားညီအပေါ်မှာ တာတာချစ်ခဲ့ရကျိုးနပ်ပါတယ် သားညီရယ်။

မျက်ရည်တို့က တားဆီးမရ ပြိုဆင်းလာသဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုချလိုက်၏။ တွယ်တာခြင်းဆိုတာ အလိုအလျောက်ဖြစ်တည်လာရင် လိမ်ညာလို့ ရပါ့မလား။ အမြစ်တွယ် စွဲမြဲနေခဲ့တဲ့ ချစ်ခြင်းရဲ့ရေသောက်မြစ်ကို ဘယ်သူမှ လာသတ်လို့ မရတော့တာကို သားညီ သိစေချင်ပါတယ်ကွယ်။

မျက်ရည်တို့ကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်းသုတ်သင်ဖယ်ရှားလိုက်ပြီး ခေါင်းကို မော့လိုက်တော့ ခြံဝမှာ ဖြူဖြူအရိပ်တစ်ခုကို မြင်လိုက်ရ၏။ ဘုရားရေ . . . ဘာများလဲ။ သေသေချာချာ ကြည့်နေ



www.burmeseclassic.com

ရင်မှာ တရွေ့ရွေ့လှမ်းလျှောက်လာနေသည့် လူရိပ်ကို မြင်တွေ့နေရတော့သည်။

သေချာပါတယ် ... ဒါဟာ ... တာတာ့ရဲ့သားညီပါ။ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည့် နှလုံးခုန်သံတို့ဖြင့် အိမ်ပေါ်ထပ်မှ ပြေးဆင်းလာခဲ့၏။ အိမ်ပေါက်ဝနား မရောက်ခင်မှာ ပြေးဖက်လိုက်သည့် သူ့ရင်ခွင်ထဲသို့ သူမ ခန္ဓာကိုယ်လေး နစ်မြုပ်သွားရတော့သည်။

တင်းကျပ်စွာ ပွေ့ဖက်ထားသည့် သူ့လက်များထဲမှ သူမ ရုန်းမထွက်မိ၊ အမှန်တကယ် ရုန်းထွက်ခွင့်ကိုလည်း သူမ လိုချင်တာမှ မဟုတ်တာလေ။ သူ့မျက်နှာကို မော့ကြည့်လိုက်တော့ သူက အချိုမြိန်ဆုံးအပြုံးကို ပြုံးပြလျက် သူမ၏ညာဘက်ပါးပြင်ထက်၌ နွေးခနဲ အထိအတွေ့ကို ခံစားလိုက်ရပါတော့သည်။

အို ... သားညီရယ်။ တာတာ့ရဲ့တိတ်တဆိတ် ချစ်ခြင်းတွေဟာ အိပ်မက်တစ်ခုဖြစ်နေရင်တောင် အဲဒီအိပ်မက်ထဲက မနိုးချင်တော့တာ အမှန်ပါ ...။

**လေးစားလျက်**

9th July 2007

PM 8:40

(Monday)

၂၀၀၇ ဖေဖော်ဝါရီလ

တွင် ဖတ်နိုင်ပါပြီ ...

# မမသန္ဒါမောင်

တိတ်တဆိတ်လေး

# ကြယ်စင်မှူးဝေ

အချစ်နှောင်ကြိုးလေး အဝေးဆုံးမှာ

# မိုးစက်ပွင့်

မောင်သာလျှင် ထာဝရ

# လှိုင်းကြာဖြူ

ကြယ်ပန်းတစ်စင်း လမင်းတာရာ

www.burmeseclassic.com